
www.burmeseclassic.com

စိတ်ကူးသစ်စာပေ

မောင်သူရိမိုး (သန်လျင်)

# လင်မုန်းဘုရင်မပန်ထွာ

(ပထမပိုင်း)



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။


### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စိတ်ကူးသစ်စာပေ




www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဖွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ) (၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ • ၈၃
ညိုမှိုင်း၊ မောင်(သန်လျင်)
လင်မှန်းဘုရင်မ ပန်ထွာ (ပထမပိုင်း)/
မောင်ညိုမှိုင်း(သန်လျင်)။–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၄၆–စာ ၊ ၁၃ စင်တီ × ၂၀ • ၅ စင်တီ။
(၁) လင်မှန်းဘုရင်မ ပန်ထွာ (ပထမပိုင်း)

[ ၁ ]

ကျွန်တော့်နားထဲမှာ တိုက်ဆင်တွေရဲ့ ကြောက်ခမန်းလိလိ ဟီးသံကို ကြားပြီး အလွန့်ကို အံ့သြနေတယ်ဗျာ။

ဒရကြမ်း ကဆုန်စိုင်းနေတဲ့ စစ်မြင်းကြီးတွေရဲ့ ခွာသံတွေဟာ စစ်သည်ရဲမက်တွေရဲ့ ဟစ်အော်ကြွေးကြော်သံတွေနဲ့ ကျွန်တော့်နားစည်ကို တွန်းတိုက်သွားခဲ့တယ်။

“ထန် . . .”

“ချွင် . . .”

“ကျား . . . ကျား”

“နောက်မဆုတ်နဲ့ . . . ရဲမက်တို့ . . . တက် . . . တက်”

ဓားခုတ်သံတွေ၊

ကြိုးဝါးသံတွေ၊ ဓားချင်း ထိခတ်သံတွေ၊

ရဲလံတွေကိုင်ထားတဲ့ စစ်မြင်းကြီးတွေက ဖုန်ထောင်းထောင်းထ ပြေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



လူလုံးကြီးတွေ ပူးကပ် ထပ်သွားပြီး နီရဲရဲသွေးတွေဟာ မြေပြင်မှာ စွန်းထင်းစီးမျောပက်စင်ကုန်တယ်။

ခေါင်းပြတ်တွေ၊ လက်ပြတ်ခြေပြတ်တွေဟာ လမ်းမကြီးပေါ်မှာ မြင်မကောင်း၊ ရှုမကောင်း သွေးသံရဲရဲနဲ့ ပြန့်ကျဲလို့ပါကလား။

အလို ...

ဒါ **စစ်ဖြစ်နေတာပါလား**။ ရက်ရက်စက်စက် သတ်ဖြတ်နေကြတာပါကလား။ မီးတွေ နေရာအနှံ့ လောင်နေတယ်။

ပြေးလွှားဟစ်ခေါ်သံတွေဟာ ကမ္ဘာပျက်သလို ပွက်ပွက်ညံနေတာပဲ။

ခန့်ညားထည်ဝါလှတဲ့နန်းတော်ကြီး မီးဟုန်းဟုန်းစွဲလောင်နေပြီ။

အလွန်လှပတဲ့ နန်းတော်ကြီး။ အဆောင်ဆောင် အခန်းခန်း စုလစ်မွမ်းချွန်တွေနဲ့ ခန့်ညားလွန်းလှတဲ့ ဗိသုကာလက်ရာမြောက် နန်းတော်ကြီး။

ဒီလောက်လှပတဲ့ နန်းတော်ကြီးကို သူတို့ ဘာလို့ မီးတိုက်ဖျက်ဆီးပစ်ရတာလဲ။

ဟိုမှာကြည့်စမ်း ...

ရေမတိုက်ဆင် စွယ်စုံကြီးက ရဲမက်တွေကို အစွယ်နဲ့ထိုး၊ နှာမောင်းနဲ့ရိုက်ပြီး ခြေထောက်နဲ့ နင်းခြေသတ်နေကြတာ။

ဒီမှာ တိုက်ဆင်ကြီးတစ်ကောင်ရဲ့ လက်ပတ်ထဲကို ဆင်ထိုးလှံသွား စူးဝင်လို့ နာကျင်စွာ အော်ရင်း မဲမဲမြင်ရာ တွေ့ရာမြင်ရာကို နင်းခြေနေတဲ့ မြင်ကွင်းက ကြောက်လန့်စရာ ကောင်းလိုက်ပါဘိ။

နားထဲမှာ အော်သံစူးစူးကို ကြားနေရတယ်။

သွေးတွေပေကျံနေတဲ့ ဓားရှည်ကိုင် မြင်းစီးသမားက အလွန်ချောမောလှပတဲ့ မိန်းမတစ်ယောက်ကို အော်ဟစ်ပြီး ပြောနေတာ။

"ဘုရင်မ ... ရထားပေါ်ကို တက်ပါ၊ အမြန်တက်ပါ"





ဗလကောင်းကောင်း မြင်းစီးလူရွယ်ရဲ့ဓားမှာ သွေးတွေ တစက်စက် စီးကျလို့။

သူဟာ ရန်သူတွေကို သွေးလူးဓားနဲ့ ဘယ်ပြန်ညာပြန် ခုတ်နေရင်းက စိုးရိမ်ကြီးစွာ ဟစ်အော်ပြီး လှည့်ပြောလိုက်တာ။

ဘုရင်မ ... တဲ့။

ဘုရင်မ ဘယ်သူပါလိမ့်။

ဘုရင်မဆိုသူဟာ ကြီးမားတဲ့ လေးကြီးကိုကိုင်ပြီး မြားတစ်စင်းပြီးတစ်စင်း ပစ်လွှတ်နေတယ်။

သူမရဲ့ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေဟာ မီးတောက်နဲ့ လေပြင်းအရှိန်ကြောင့် နောက်ကျောမှာ လွင့်မျောလို့။

သူမ ပစ်လွှတ်လိုက်တဲ့ မြားတိုင်းဟာ လေထုကိုဖောက်ခွဲပြီး တိုက်ဆင်ထက်က မင်းညီမင်းသားဖြစ်သူတွေရဲ့ လည်မျိုမှာ စူးဝင်သွားလေ့ရှိတာကို ကျွန်တော် အံ့ဖွယ်မြင်နေရသလို ...

တိုက်ဆင်ပေါ်က စူးစူးဝါးဝါးအော်ဟစ်ရင်း ပြုတ်ကျသွားတဲ့ ပုံရိပ်တွေကိုလည်း အထင်းသား မြင်နေရတယ်။

ဒီအချိန်မှာ မြင်းခြောက်ကောင်က ရထားတစ်စီးဟာ ဘုရင်မဆိုသူရဲ့အနီးကို ထိုးရပ်လိုက်တယ်။

"ဘုရင်မ ... ရထားပေါ်ကို တက်ပါ။ အမြန်တိမ်းရှောင်ပါ"

"မင်းပါလိုက်ခဲ့ ... သို့ဝ၊ မင်းမပါရင် ငါမသွားဘူး"

"ဘုရင်မ ရန်သူ့တပ်တွေက များလွန်းတယ်။ ကျွန်တော်မျိုးကို မငဲ့ ...."

"ထန် ..."

"ထန် ..."

"သေလဟ ... ဗိဿနိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



သျှိုဝဆိုသူ ဓားသမားဟာ ရင်ဆိုင်တိုက်နေရတဲ့ ရန်သူငါးဦးရဲ့ ဦးခေါင်းတွေကို ခုတ်ဖြတ်ပြီးနောက် ဘုရင်မဆိုသူရှိရာ ပြေးလာလို့ . . .

ဘုရင်မဆိုသူကို သူ့လက်မောင်းအိုးကြီးနှစ်ခုနဲ့ ဖွေ့ခနဲ ရထား ပေါ်ကို မ,တင်လိုက်ပြီး . . .

''ရထားထိန်း . . . ထွက် . . . မြန်မြန်ထွက်။ မင်းမျှော်တောင်ရှိရာကို လွတ်အောင်မောင်း''

''ဟဲ့ . . . ဟဲ့ . . . ပြေးလဟဲ့''

''ရွှမ်း . . . ရွှမ်း . . .''

''ဝရော . . . ဝရော . .''

''ဟီ . . . ဟာစ် . . . ဟာစ် . . .''

''သျှိုဝ . . . လာခဲ့ . . . လာခဲ့လို့ ငါ အမိန့်ပေးနေတယ်။ ရပ် . . ရပ် . . . မြင်းရထားကို အမြန်ရပ်လိုက်စမ်း''

ဘုရင်မက မြင်းရထားကို ရပ်ခိုင်းပြီး ရထားပေါ်က ခုန်ဆင်းမလို့ လုပ်နေလို့။

သျှိုဝ နောက်ဆုံးလက်ကျန် ရန်သူရဲ့ရင်ဝကို ဓားဦးနဲ့ထိုးသတ်ပြီး အနက်ရောင်ဒေါက်မြင့် မြင်းတစ်စီးပေါ် လွှားခနဲခုန်တက်လိုက်ကာ ရထား ရှိရာကို အပြင်းစိုင်းလာခဲ့လိုက်တယ်။

မြင်းခြောက်ကောင်ရဲ့ ခွန်းစိုင်းခွာသံတွေနဲ့အတူ ဖုန်လုံးကြီးတွေ က ပြေးလမ်းတစ်လျှောက်မှာ တလိပ်လိပ်တက်လို့။

ဒီအချိန်မှာ နောက်က ရန်သူဖြစ်ဟန်တူသူများက လေးမြားတွေ နဲ့ တန်းစီပြီး ဘုရင်မရဲ့ရထားပေါ်ကို ပိုင်းပစ်ကြတာ။

မြားတံတွေဟာ လေကိုခွဲပြီး ကျှိုင်းကောင်အုပ်လို ပြေးသွားတာ ကို ကျွန်တော် မြင်နေရပြီး ရင်တမမဖြစ်နေရဲ့။

''ဘုရင်မဆိုသူကို မထိမှန်ပါစေနဲ့''

''မြားချက်တွေလည်း လွဲချော်ပါစေ''





နောက်ကလည်း ရန်သူတွေ ဖြစ်ဟန်တူသူတွေက မြင်းတပ်နဲ့ အပြေးလိုက်ကြပါရောလား။ ဟာစ်အော်ကြိမ်းဝါးသံတွေကလည်း ညံနေတာ ပဲ။

ဒီအချိန်မှာ တစ်နေရာကနေ မြင်းတပ်တစ်ဖွဲ့က ကြားဖြတ်ဝင်ဟန့် ပြီး ဘုရင်မနောက် အပြင်းလိုက်နေတဲ့ မြင်းတပ်ကို တရကြမ်း ဝင်ရောက် ထိုးဖောက် တိုက်ခိုက်ကြပါကလား။

''ကျား . . .''

''ဗိသမုံးတဲ့ကွ . . . သေဟ . . .''

''ထန်း . . .''

''ဒုတ် . . .''

''အာ . . . အ . . . အ . . .''

သျှိုဝဆိုသူက သူ့မြင်းကြီးကို ပြန်လှည့် ဓားကိုမြှောက်ပြီး ခွန်းစိုင်း ဝင်လာလို့ ဝင်ခုတ်ပြန်ပါရောဗျ။

''သျှိုဝ . . . သျှိုဝ . . .''

''သျှိုဝ . . . ပြန်လာခဲ့ . . . ပြန် . . . လာ . . . ခဲ့ . . .''

''ဟေ့လူ . . . ဟေ့လူ . . . ဘုရင်မကို မထားခဲ့နဲ့လေဗျာ။ ပြန် လှည့်ပါ . . . မြင်းကို အမြန်ပြန်လှည့်ပါဗျ''

''ဟေ့လူ . . . သျှိုဝ . . . ဟေ့လူ . . .''

''ဆရာမှိုင်း . . . ဆရာမှိုင်း . . . ဘာတွေအော်နေတာလဲ။ ဘယ် သူ့ကို မြင်လို့လဲ''

''ဟင် . . . ကိုတင်ထွန်း''

''ဆရာမှိုင်းကို ကျွန်တော်တို့ ကြည့်နေတာ ကြာပြီ။ ဆရာမှိုင်း ထက်ကိုယမ်းပြီး 'သျှိုဝ . . . သျှိုဝ' နဲ့ အော်ဟစ်နေတယ်''

''ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွေးအမြင်တွေဟာ ကိုတင်ထွန်းရဲ့ အော်သံကြောင့် ပျောက်ကွယ်သွားခဲ့တယ်ဗျာ။

ဒါပေမဲ့ ကျွန်တော် အရပ်လေးမျက်နှာကို လိုက်ရှာကြည့်သေးတယ်။ ကျွန်တော့်မျက်စိရှေ့မှာ အမှန်တကယ် မြင်နေရတာလေ။

အခုကြည့်တော့ ဘာမှ မရှိတော့ဘူး။

မီးလောင်နေတဲ့ နန်းတော်ကြီး ဘယ်ရောက်သွားပါလိမ့်။ အလွန်လှတဲ့ ဘုရင်မနဲ့ မြင်းခြောက်ကောင်က ရထားရော ဘယ်ရောက်သွားပါလိမ့်။ အန္တရာယ်မှ ကင်းရဲ့လား။

ဟိုးအဝေးမှာ ဖုန်လုံးတွေတော့ လွင့်လို့။

''ဆရာမှိုင်း ... ဘာဖြစ်နေတာလဲဟင်''

''ကျွန်တော် သူတို့ကို မြင်မြင်နေလို့ဗျ''

''ဘယ်သူတွေတုံး ... ဆရာရဲ့''

''ဘုရင်မ''

''ဗျာ ... ဘုရင်မ ... ပန်ထွာဘုရင်မလား ... ဟုတ်လား''

''သျှိဝဆိုတဲ့ လူစွမ်းကောင်းကိုလည်း တိုက်ပွဲကြားမှာ မြင်နေရတယ်။ သူတို့ မြင်းခြောက်ကောင်က ရထားနဲ့ ဟိုးအရှေ့ရှူးရှူးကို ပြေးသွားကြတာ''

''ဟုတ်ရဲ့လား ... ဆရာ၊ ကျွန်တော်တို့ ဘာမှ မတွေ့ရပါလားဗျာ''

''သေချာတယ် ... ကိုတင်ထွန်း၊ ကျွန်တော် မျက်စိနဲ့ကို မြင်ရတာ။ ဗိဿနိုးနန်းတော်ကြီး မီးလောင်နေတာပါ မြင်ရတာဗျာ''

''ဆရာ ... ဆရာ အခုရပ်နေတာ ဗိဿနိုးမြို့ဟောင်းရဲ့ အုတ်ခုံပေါ်မှာလေ ဆရာ''

''ဟုတ်တယ် .. ကိုတင်ထွန်းပြောတာ မှန်ပါတယ်။ ကျွန်တော် အခုရပ်နေတာ ဗိဿနိုးမြို့ဟောင်းရဲ့ အုတ်ခုံပေါ်မှာပါ။





ဒီမှာ စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းတို့ အုပ်စုပါ ရောက်လာပြီး မေးလို့ ထုတ်ဝေသူကိုတင်ထွန်းက ပြောပြလိုက်ရော ...

''မောင်မှိုင်း ...''

''ဘာတုံးဗျာ''

''ပန်ထွာဘုရင်မကြီးကို တွေ့လိုက်တယ် ... ဟုတ်လား''

''ဟုတ်တယ် ... သျှိဝဆိုတဲ့လူပါ မြင်လိုက်ရတာ''

''မောင်ရင်က ဘယ်လိုမြင်ရလို့တုံး''

''သျှိဝဆိုတဲ့ ဗလကောင်းကောင်းလူက ဘုရင်မဆိုသူကို မြင်းခြောက်ကောင်က ရထားပေါ် ပွေ့တင်ပြီး ရထားကို မောင်းနှင်းတာ။ သူက မြင်းနက်ကြီးနဲ့ ဓားလွယ်ပြီး ရထားဘေးကနေ အပြင်းစိုင်းလိုက်နေတာ''

''ပြီးတော့ရော ... ငါ့လူရာ''

''ဗိဿနိုးနန်းတော်ကြီးကို လူအုပ်ကြီးက မီးနဲ့တိုက်လို့ နန်းတော်ကြီး မီးဟုန်းဟုန်းလောင်ပြီး လူတွေ -မီးလောင်သေကုန်ကြတာကို မြင်ရတာဗျ''

ကျွန်တော့်စကားဆုံးတော့ ကိုတင်ထွန်း၊ ထောင်မှူးကြီးသိန်းဝင်းနှင့် ကုက္ကိုခွရွာသားဦးစိစိန်တို့က ကျွန်တော့်ကိုကြည့်ပြီး ပြုံးစေ့စေ့လုပ်ရင်းက ..

''ဟုတ်ရဲ့လား ... ငါ့လူ မောင်မှိုင်းရာ''

''ဘုရားစူးရစေဗျာ ... ဟုတ်ပါတယ်ဆိုမှ''

''မောင်တင်ထွန်းရေ ... လူကလေး''

''ဗျာ ... အဖေကြီး''

''ရွာရိုးမသားလေးကလည်း လူကြားထဲရောက်ရင် ငါ့ကို အဖေကြီးလို့ခေါ်ပြန်ပြီ။ တယ် ... ငါလုပ်လိုက်ရ''



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ထွန်းက စိတ်ကူးသစ်စာပေက ထုတ်ဝေသူလေ။ ထောင်မှူးကြီးသိန်းဝင်းကလည်း လူကြားထဲရောက်ရင် ကိုတင်ထွန်းကို လူကလေးပဲ ခေါ်တယ်။

အဲဒီလိုခေါ်ရင် ကိုတင်ထွန်းက တလေးတစား အဖေကြီးလို့ ပြန်ခေါ်ရင် ထောင်မှူးကြီး နှာတင်းသွားပြီး ဆဲရော။

အမှန်က ထောင်မှူးကြီးသိန်းဝင်းကို အဖေကြီးလို့ ခေါ်လို့မရတော့ပါဘူးဗျာ။ ထောင်မှူးကြီးရဲ့ တစ်ဦးတည်းသော ချစ်သမီးလေးက သူ့ငွေသားလေးနဲ့ အိမ်ထောင်ကျပြီး တိုက်နဲ့ကားနဲ့ ဖြစ်နေဥစ္စာ။

သို့သော် ကိုတင်ထွန်းကလည်း အဖေကြီးလို့ ခေါ်ရတာကို အလွန်အရသာတွေ့တော့ လူထူရင် အဖေကြီးလို့ပဲ ခေါ်တာပေါ့။

''မောင်တင်ထွန်း ...''

''ဗျာ ... ထောင်မှူးကြီး''

''မင်းဆရာ မောင်ညိုမှိုင်းကို တောင်တွင်းကြီးကပြန်ရင် စိတ်ရောဂါဆေးရုံရယ်၊ မျက်စိဆေးရုံရယ် လိုက်ပို့လိုက်''

''ဘာဖြစ်လို့ ကျွန်တော်က ဆရာမှိုင်းကို စိတ်ရောဂါဆေးရုံ ပို့ရမှာလဲဗျ''

''မင်းဆရာ အမြင်မှောက်ပြီး ရူးကြောင်ကြောင် ဖြစ်သွားပြီကွ။ ဗိဿနိုးမြို့ဟောင်းမြေပေါ်မှာ ရပ်မိတာနဲ့ ဂမ္ဘီရစာရေးဆရာပီပီ ပန်ထွာဘုရင်မမြင်တယ်၊ တပ်မှူးသျှိဝ မြင်တယ်နဲ့။ သူတို့က လွန်ခဲ့ နှစ်ပေါင်းနှစ်ထောင်ကျော်က သေခဲ့တာ။ ငါတို့လည်း မမြင်ရ၊ ဟောဒီက ဗိဿနိုးမြို့သား ဦးစစ်စိန်လည်း မမြင်ရဘဲ သူပဲ မြင်ရပါတယ်ဆိုတော့ ငါ့လူ မင်း ယုံလား။ မင်းလည်း ပညာတတ်တစ်ယောက်။ မြို့ စင်ကာပူမှာ အမှိုက် ကောက်ခဲ့ဖူးတော့ ...''

''ဟော့လူ ... ခင်ဗျား ဘာပြောလိုက်တယ်ဗျ ... ဟင်''





''အဲ ... အဲ ... မင်းက စင်ကာပူတက္ကသိုလ်မှာလည်း ကျောင်းနေဖူးတယ်လို့ ပြောတာပါကွ။ လူလေးက ... ဘာကြားလို့တုံးဟ ... ဟေ''

''ခင်ဗျားနော် ... ခင်ဗျား အချင်းချင်းကို ကပ်သိပ်နေတယ်''

''ဒီတော့ ငါတို့သုံးယောက်ပဲ ရူးနေသလား ... မင်းရဲ့ဆရာ မောင်ညိုမှိုင်းပဲ ရူးနေ၊ စိတ်နောက်နေသလား ငါ့လူပဲ ပညာရှိအဖြစ်နဲ့ စဉ်းစားပေါ့ကွာ။ တောက် ... ခေါ်လာမိတာ မှားပြီထင်ပါရဲ့ ... လူကလေးရာ''

ကိုတင်ထွန်းက ထောင်မှူးကြီးသိန်းဝင်းအပြောကြောင့် တွေသွားပြီး ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေတယ်။

''ဆရာမှိုင်း ...''

''အေး ... ပြော''

''ပုံမှန်ပဲမဟုတ်လား ဆရာ''

''အေးလေ ... မောင်ရင်တို့၊ ခင်ဗျားတို့ကတော့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ရဲ့သဘော၊ ဝိညာဉ်ရှိတဲ့ မြို့တွေရဲ့သဘောကို နားမလည်တော့ ကျုပ်ပြောတာ မယုံဘူးပေါ့။ ကိုင်း ... ဘုန်းကြီးကျောင်းပဲ ပြန်ကြပါစို့ဗျာ''

သည့်နောက် ကျွန်တော်တို့ ဗိဿနိုးကျောင်း ဆရာတော်ရဲ့ ကျောင်းကို ပြန်ရောက်လာခဲ့ကြတယ်။

အဲဒီမှာ ညအိပ်တော့မှ ...

ဦးဇင်းတစ်ပါးနဲ့ ကပ္ပိယကြီးနှစ်ဦးတို့ရဲ့ ဗိဿနိုးဖြစ်ရပ်ဆန်းကြယ်တွေကို ကျွန်တော်တို့ အံ့ဖွယ် ကြားသိရတယ်။

''ဒီဗိဿနိုးဝန်းကျင်မှာ တော်ရုံရှင်ရဟန်း ကျောင်းနေရလို့ မရဘူး ဆရာ''

''ဘာဖြစ်လို့လဲ ... ဦးချစ်စရာ၊ ပြောပါဦး''



www.burmeseclassic.com

www.burmeseclassic.com



''ဗိဿနိုးတောစောင့်တွေက နှောင့်ယှက်လို့ပါ''

''တောစောင့်တွေက ဘာလို့ ရှင်ရဟန်း ကျောင်းနေလို့မရအောင် နှောင့်ယှက်ရတာတုံး ခင်ဗျ''

''ဟိုးရှေးရှေး ဘိုးဘွားမိဘများရဲ့ ကိုယ်တွေ့ပေါ့ဆရာ။ သူတို့ ပြောပုံအရ ကွယ်လွန်သွားပြီဖြစ်တဲ့ ဗိဿနိုးဘုရင်မကြီးရဲ့ ဘ၀အသစ်က ဒီ ဗိဿနိုး နန်းမြို့ဝန်းကျင်မှာ ရဟန်းကျောင်းနေတာကို မကြိုက်လို့ ဘုရင်မ ကြီးက ပရသားတွေနဲ့ နေလို့မရအောင် နှောင့်ယှက်တာလို့ ပြောကြတယ်။ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့အရတော့ ဟိုးအရင်က ဒီဝန်းကျင်မှာ ရဟန်း ကျောင်းဆောက်နေလို့ မရဘူး။ ဘုရင်မကြီးက သက်နံးဝတ်ကို အရမ်းမုန်းတီး နာကြည်းတာတဲ့ခင်ဗျာ။

''ဘယ်လိုကြောင့်များ ပန်ထွာဘုရင်မကြီး ဘ၀အသစ်က သက်နံး ဝတ်ကို မုန်းတီးနာကြည်းရတာတုံး . . . ဦးချစ်စရာ''

''အမှန်က ဗိဿနိုးနန်းမြို့နဲ့ ပန်ထွာပြည်ကြီး ပျက်စီးရတာ သက်နံးဝတ် ရှင်ယောင်ကြောင့်လို့ ဗိဿနိုးသမိုင်းမှာ ရှေးကတည်းက ရေး ပြောကြတာပေါ့။ အဲဒီရှင်ယောင်သက်နံးဝတ်ကြောင့် ပန်ထွာဘုရင်မကြီးရဲ့ တန်ခိုးကြီးလှတဲ့ မဟာအတုလစည်တော်ကြီး ပျက်စီးခဲ့ရပြီး ပန်ထွာလည်း သီရိခေတ္တရာတပ်တွေရဲ့ တိုက်ခိုက်ဖျက်ဆီးလို့ စစ်ရှုံးခဲ့ရတယ်။

ပိုရင်နာဖို့ကောင်းတာက ပန်ထွာဘုရင်မကြီးကို သီရိခေတ္တရာ ဘုရင် ဒွတ္တဘောင်မင်းကြီးက လက်ရသိမ်းလိုက်ပြီး မိဖုရားမြှောက်လိုက် တယ်။ ဒါကလည်း ဒွတ္တဘောင်မင်းကို ချစ်လို့မဟုတ်ဘူး ဆရာ။ ဒွတ္တ ဘောင်မင်းရဲ့ဘ၀ကို ဖျက်ဆီးပြီး တုံ့ပြန်ခံစားစေဖို့ သူမရဲ့ဘ၀ကို အနစ်နာ ခံပြီး ရင်းလိုက်ရတာ''

''စိတ်ဝင်စားစရာပဲဗျို့''

''ထောင်မှူးကြီးသိန်းဝင်းတော့ လုပ်စားဖို့ဇာတ်လမ်း ရသွားပြီ ပေါ့ကွာ . . . ဟေ . . . ဟေ့ . . .''

စိတ်ကူးသစ်စာပေ



''မောင်မှိုင်းရဲ့ ကိုရင်ကရော မကြုံစည်ဘူးတဲ့လား''

''ကြုံရတော့မှာပေါ့ဗျာ။ ဘာလို့လဲဆိုတော့ ကျုပ်က ပန်ထွာဘုရင်မ ကြီး စစ်ရထားပေါ် တက်သွားတာရော၊ ဆင်ပေါ်ကရန်သူကို သူ့လေးနဲ့ ပစ်တာရော ကျုပ်က ကိုယ်ကိုင်မြင်ခဲ့ရတာကိုးဗျ။ ရေးရမှာပေါ့''

''ရှုံးပြီ . . . ရှုံးပြီ၊ သွက်သွက်ခါအောင် ရှုံးပြီဟေ့''

ထောင်မှူးကြီးသိန်းဝင်းက ကျွန်တော့်ရဲ့ကျောကိုဖက်ပြီး သို့ကလို ပြောလိုက်ပေရဲ့ဗျာ။

သူကလည်း လျှင်တယ်ဗျ။

ရန်ကုန်လည်းပြန်ရောက်ရော ပန်ထွာဘုရင်မဆိုပြီး ဝတ္ထုတစ်အုပ် ချက်ချင်းရေးပြီး ဘော်ချက်ပါလေရော။

''ဆက်ပါဦး . . . ဦးချစ်စရာရဲ့။ စိန်ကောင်းကျောက်ကောင်း ရောင်း ဝယ်နေရင် ဆေးရိုးသည့်က ကန့်လန့်ကန့်လန့် ရှုပ်ပါ့ဗျာ''

''ကျွန်တော်တို့ ဗိဿနိုးဆရာတော်နဲ့ကျရော ဘုရင်မကြီး အိပ် မက်ထဲမှာ လာကန်တော့ရတဲ့ဘ၀ကို ရောက်ပါရောလား . . . ဆရာရယ်''

သည့်နောက် ကပ္ပိယကြီး ဦးချစ်စရာက မဟာသမ္မတ၊ စူဠာသမ္မတ မျက်မမြင်မင်းသားနှစ်ပါး။

ရွှေနံကိုင်ခေါ် စန္ဒမုခိဘီလူးမ။

ပြီး . . . ဂမ္ဘီရ ရှင်ရသေ့။

ဘီလူးမလက်ထဲက ငိုနေတဲ့ ပန်ထွာဆိုတဲ့ နို့စို့အရွယ် ကလေး မလေး။

မဟာအတုလရန်ပယ်စည်တော်ကြီး။

ရန်ပယ်ချောင်း။

မဟာဗိဿနိုးနတ်မင်းကြီး။

သီရိခေတ္တရာမင်း ဒွတ္တဘောင်။

နန္ဒင်းဆိုးဝတ် ရှင်ယောင်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး …ပျူရွှေဒဂါးများ၊ ပျူပုတီးစေ့များ၊ ရေလှိုင်းလုံးကြီးများ၊ တော်လည်းသံများ၊ မိုးကြိုးကြီး ပစ်ချသံများ။

တိုက်ဆင်တွေရဲ့အော်သံ။

စစ်ဆင်ဗုံမောင်းတီးသံ။

မိုးကြီးလေကြီးကျသံ။

ဖိန့်ဖိန့်တုန်အောင်မြည်လိုက်တဲ့ မဟာအတုလ စည်တော်ကြီးရဲ့ မြည်သံ။

ကပ္ပိယကြီးပြောနေတဲ့ စကားတွေထဲမှာ သျှိဝတဲ့။

တပ်မှူးသျှိဝ။

မြို့စားသျှိဝ။

သူရဲကောင်းသျှိဝ။

သစ္စာတရားကို စောင့်သိ၊ ရိုသေပြီး အသက်ပေးသွားတဲ့ သျှိဝ။

အဲဒီတပ်မှူး သူရဲကောင်းသျှိဝကို မနက်တုန်းက ဗိသနိုးမြို့ဟောင်းပေါ်ကနေ ကျွန်တော် အသေအချာ မြင်လိုက်ရတာလေ။

သူ့ဓားသွားမှာ သွေးတွေ စက်စက်ကျနေတာ။

ပြီး …ပန်ထွာတဲ့။ ဘုရင်မကြီးတဲ့။

ပြိုင်ဘက်မရှိ အလှတို့ရဲ့ အခေါင်အထွဋ်တဲ့။

ကျွန်တော် မငြင်းရဲဘူးဗျာ။

ကျွန်တော် လျှပ်တစ်ပြက်မြင်လိုက်ရတဲ့ စစ်ရထားပေါ်က ဆံပင်တွေ လေထဲလွင့်ပြီး လေးနဲ့မြားကို ကိုင်ထားတဲ့ မိန်းမပျိုရဲ့အလှကို ယှဉ်ပြဖို့အလှ ကျွန်တော် လုံးဝမမြင်ဘူး။

''ဗိသနိုးက အကျူးကျော်ခံရတာပါ ဆရာ။ သီရိခေတ္တရာက ကျူးကျော်သူပါ''

''ဒါဆို စစ်ပွဲကို ဒွတ္တဘောင်က စတင်ဖန်တီးလိုက်တာပေါ့''





''ဟုတ်တာပေါ့ …ဆရာ၊ သူက စစ်ကို စတင်မီးမွေးခဲ့တာပဲ။ ဒွတ္တဘောင်ရဲ့ ရာဇသံကိုသာ ပဋ္ဋင်းဖြူနဲ့ ပဋ္ဋင်းညိုဆိုတဲ့ တမန်နှစ်ဦးက ဗိသနိုးနန်းတွင်း ယူမလာခဲ့ရင် ဗိသနိုးဟာ ပုဂံဘုရားတွေလို ယနေ့တိုင် အထင်အရှား ကျန်ရစ်နေဦးမှာဗျ''

စစ်ပွဲ …။

စစ်ကို ဘာလို့ သူတို့ ဖြစ်ချင်ကြရတာလဲ။

ဘုန်းတန်ခိုးပြချင်လို့လား။

မနဥစ္စာအတွက်လား။ အင်ပါယာ ချဲ့ချင်လို့လား။

စစ်ပွဲကြီးတွေ ဖန်တီးပြီး လူသေတွေ၊ တိရစ္ဆာန်အသေတွေရဲ့ ကိုယ်ပေါ်မှာ မတ်တတ်ရပ်လို့ ဓားကိုမြှောက်ပြီး အောင်ပွဲခံရမှ မင်းကောရာဇ် စစ်စစ်လို့ ယူဆနေလို့လား။

စစ်ဟာ ကောင်းကျိုးလား၊ ဆိုးကျိုးလား။

ကျူးကျော်စစ်ကို ပြန်တွန်းပြန်တိုက်တာ …

တရားသောစစ်ပွဲတဲ့။

စစ်တိုက်တာ ရာဇပလ္လင် တည်မြဲရေးလား၊ သူ့ကျွန်မဖြစ်ရေး လား

စစ်ပွဲမှာကျတဲ့ သွေးတွေကို စစ်ဖန်တီးသူတွေ ကိုယ်ချင်းစာမိရဲ့ လား

စစ်ပွဲကို စတင်ဖန်တီးသူဟာ စစ်ရဲ့တရားခံတဲ့။

လူသတ်ဓားတွေကို ပန်းပွင့်တွေဖြစ်အောင် သူတို့မဖန်တီးနိုင်ကြ တော့ဘူးတဲ့လား။

ကျွန်တော် ဗိသနိုးမြို့ဟောင်းကနေ ရန်ကုန်ကို ပြန်ရောက် တော့ ပန်ထွာဘုရင်မရဲ့ဝိညာဉ် ပူးကပ်ပါလာခဲ့သလို ခံစားနေရတယ်။

ဘုရင်မကြီး ကျွန်တော့်ကို ဘာများပြောချင်လို့ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်နားထဲမှာ စစ်ပွဲရဲ့ တိုက်ခိုက်ထိုးခုတ် ဟစ်အော်သံတွေ ကြားနေရတယ်။

မြင်းခွာသံ၊ တိုက်ဆင်ဟီးသံ၊

ဓားချင်းထိခတ်သံ၊

မြားတွေ လေထုကို ခွဲထွက်သွားတဲ့အသံ။

ပြီး စစ်ပြေးဒုက္ခသည်တွေရဲ့ ငိုကြွေးသံ။

မီးလောင်ကုန်းတွေ . . .

မျက်ရည်အိုင်နဲ့ သွေးအိုင်တွေ၊ ဒူးထောက်ကန်တော့ တောင်း ပန်နေသူတွေ။

ကျွန်တော့်ရင်ထဲမှာ စစ်ရဲ့ အနိဋ္ဌာရုံဝေဒနာဆိုးတွေ ကြပ်တည်း စွာ ခံစားနေရတယ်။ ဒါနဲ့အတူ စာအုပ်ဗီရိုထဲက စာအုပ်တွေကို တစ်အုပ် ပြီးတစ်အုပ် ဆွဲထုတ်ပြီး အရူးတစ်ယောက်လို အငမ်းမရ လိုက်ဖတ်လိုက် တယ်။

မြန်မာရာဇဝင်သမိုင်း။

ပြည်ရွှေဆံတော်ဘုရားသမိုင်း။

တော ်င်တွင်းကြီးသမိုင်း။

ဗိသနိုးမြို့ဟောင်း တူးဖော်ချက်စာတမ်းများ။

ဆရာချစ်စံဝင်းရဲ့

ပျူတို့၏ ရှေးဦးမြို့ပြ အခင်းအကျင်း။

မြန်မာ့ကြေးခေတ်ယဉ်ကျေးမှု သုတေသနစာအုပ်။

မှန်နန်းရာဇဝင် . . .

ပြီးတော့ . . .

စာရေးဆရာကြီး နိုင်ဝင်းဆွေရဲ့ နာမည်ကျော် မဟူရာမျှော ဝတ္ထုရှည်။ စာရေးဆရာ သိဒ္ဓိစိုးရဲ့ ပန်ထွာဝတ္ထု။

ထောင်မှူးကြီးသိန်းဝင်းရဲ့ ပန်ထွာဘုရင်မဝတ္ထု။





အချိန်တွေ မည်မျှ ကုန်ဆုံးသွားသည်လည်း မသိဘူး။ မွှေးကြိုင် သင်းပျံ့တဲ့ ပန်းပေါင်းရည်ရနံ့မျိုး ရှူမိရလို့ ဖျတ်ခနဲလှည့်ကြည့်လိုက်ရော–

"ဟင် . . ."

အနီးမှာ ဒေဝဋ္ဌရာထက် အဆတစ်ရာမက ပိုလှသော ကိုယ်လုံး ကိုယ်ပေါက်နှင့် မိန်းမရွယ်တစ်ဦး။ မျက်နှာပေါ်မှာ ဇာပဝါကို ခေါင်းကအုပ်၍ ချထားလို့။ ကျွန်တော် အရမ်းအံ့သြသွားပြီး . . .

"ခင်ဗျား . . . ဘယ်သူလဲ ဟင်"

"သျှိဝ . . . မင်း . . . သခင်မကို မမှတ်မိတော့ဘူးလား . . . သျှိဝရယ်"

"ဗျာ . . . ခင်ဗျား . . . ခင်ဗျားက . . ."

"မောင်တော်သျှိဝကို အသက်နှင့်အမျှ ချစ်ခဲ့ရတဲ့ ပန်ထွာဘုရင်မ ဒါ . . . သျှိဝရယ်"

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# ၂

❑

ပန်ထွာဘုရင်မရဲ့ ရင်နင့်ကြေကွဲဖွယ်ရာဘဝကို ပြောမယ်ဆိုရင် တကောင်းပြည်က မျက်မမြင်ညီနောင်ကနေ အစပြုမှ ပန်ထွာရဲ့သမိုင်းကပြည့်စုံမှာပဲ။

ဒီလိုပဲ ...

သီရိခေတ္တရာပြည်ရှင် မဟာဒွတ္တဘောင်မင်းကြီးရဲ့ ဘဝကလည်း တကောင်းနန်းဟွင်းသားတွေကို အခြေခံပြီး ဖြစ်တည်တာဆိုတော့ တကောင်းကနေစမှ ပန်ထွာရဲ့ဘဝ ရုပ်လုံးပေါ်မှာပဲ။

ပန်ထွာဘုရင်မ ရင်ထဲမှာ ဘာကြောင့် အမုန်းနဲ့ နာကျည်းစိတ်လှိုင်းတံပိုး ထန်နေရတာလဲ။

အမုန်းက ကမ္ဘာမကျေအမုန်းလား ...

ဒူးထောက်ထောက် တောင်းပန်လျှင် ...

ကျေအေးလို့ရတဲ့ အမုန်းလား ...

အမုန်တကယ် ပန်ထွာဘုရင်မ အမုန်းကြီးရင့်သင့်သလား ...





ခွင့်လွှတ်လို့ရနိုင်တဲ့ အမုန်းရော ဖြစ်နိုင်ဖွယ်ရှိပါ့မလား ...

ကြည်လင်တည်ငြိမ်တဲ့ ရေပြင်ကို ခဲနဲ့ပေါက်ပြီး လှိုင်းဂယက်ထ၊ အနည်ထအောင် လုပ်တဲ့လူကရော အပြစ်ရှိသူလား၊ အပြစ်မဲ့သူလား၊ ရေကို နောက်အောင်၊ ကြာကိုကျိုးအောင်၊ ကမ်းကိုပြိုအောင် လုပ်ထားသည့် အလုန့်ဘဝကို ဖျက်ဆီးတာလား။ ကန်ရေပြင်ရဲ့ အလုန့်ဘဝကို ကြွနေအောင် ဆေးရောင် ခြယ်သတာလား။

ရာဇဝင်ဇာတ်လမ်း ဆန်းချင်တော့ ကြည့်ဦးဗျာ။ တကောင်းမင်းမှာ သားတော်နှစ်ပါး မွေးဖွားရရှိခဲ့တယ်။

သားတော်အကြီးက မဟာသမ္ဘဝ။

သားတော်အငယ်က စူဠာသမ္ဘဝ။

တကောင်းမင်းရဲ့ သားတော်ရင်းချာများ ဖြစ်ပါသော်လည်း ကံဆိုးချင်တော့ ညီနောင်နှစ်ပါးစလုံး မျက်မမြင် (မျက်စိမမြင်သူ)တွေ ဖြစ်နေပြီး တကောင်းမင်းကြီးမှာ အရှက်ရပါရောလားဗျာ။

နန်းတွင်းသမားတော်များနဲ့ ဆေးဝါးကုသပါသော်လည်း ပြန်အလင်းမရတော့ ရှက်တာပေါ့။ နောက်ဆုံး မျက်မမြင်သားတော်တို့သည် မင်္ဂလာရှိသော ရွှေနန်းတော်၏ အိမ်ရှေ့မင်းအဖြစ် မထိုက်တန်ဘူးဆိုပြီး ဖောင်ပေါ်တင် စားရေရိက္ခာအစုံထည့်ပြီး ဧရာဝတီမြစ်ထဲ မျှောလိုက်တယ်။

သို့သော် လူ့ဘဝဟာ အလွန့်ကို ဆန်းကြယ်တယ်ခင်ဗျ။ လူဖြစ်ခဲ့ရပါသော်လည်း ထီးနန်းမင်္ဂလာမဲ့လို့ဆိုပြီး သားနှစ်ယောက်ကို ဖောင်နဲ့မျှောပြီး စွန့်ပစ်တာ အလကားလူမဟုတ်ဘူးနော် ...

ရှင်ဘုရင်။

မေတ္တာ၊ ကရုဏာ၊ ဥပေက္ခာတရား ခေါင်းပါးလိုက်တာလို့ ဝေဖန်ချင်တယ်။ သုဒ္ဓေါဒနမင်းကြီးတို့ ရာဇဂြိုဟ်ခေတ်မှာရော အဲဒီဓလေ့ရှိခဲ့လား မသိဘူး ဟင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ ရွှေနန်းဓလေ့တွေဟာ ဗုဒ္ဓဘုရားရှင်ရဲ့ ဓမ္မတရားနဲ့ မဟပ်တာတွေ ရှိနေသလိုပဲ။

သည်မျက်မမြင် သားတော်နှစ်ပါးကို မျက်စိမမြင်ဘဲ မွေးအောင် တကောင်းမင်းရော လုပ်လို့ရလားဗျာ ဟင်။

အတိတ်ဘဝကုသိုလ်ကံ၊ အကုသိုလ်ကံကြောင့် ဖြစ်လာရတာ ဥစ္စာ။

ဒီခမည်းတော်နဲ့ ဒီမယ်တော်က မွေးတာပါ။ ကောက်ရတာလည်း မဟုတ်ဘူး။ ရေမျောကမ်းတင်တွေလည်း လုံးဝမဟုတ်ဘူး။ ဒါကြောင့် ရာဇဝင်ကိုဖတ်ရင် ရင်နာစရာတွေ တွေ့ရတယ်။ အဲဒါကြောင့်လည်း သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက ပြောခဲ့တာ။

ရာဇဝင်သမိုင်းသင်တာ မအ,အောင်လို့ သင်ရတာတဲ့။

ယနေ့ အတိတ်ရာဇဝင်သမိုင်းတွေကို ဖတ်ကြည့်ရင် မင်းဆိုးမင်းညစ်တွေလည်း တွေ့ရသလို၊ မိဖုရားဆိုးတွေလည်း တွေ့ရတယ်။

အဲဒီလို အဆိုးတွေမလုပ်မိဖို့ ရာဇဝင်သမိုင်းကို သင်နေရတာ။

ရာဇဝင်ထဲမှာ မင်းကောင်းမင်းမြတ်၊ သာသနာပြုမင်းလည်း တွေ့ရတယ်ဗျာ။ တိုင်းပြည် စည်ပင်သာယာဝပြောအောင် လုပ်ခဲ့တဲ့ မင်းတွေလည်း ရှိပါရဲ့ဗျာ။

အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ သာလွန်မင်းတရား၊ အနောက်ဘက်လွန်မင်း၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းတုန်းမင်း၊ ရှင်စောပု ဘုရင်မကြီး စသည့် မင်းကောင်းမင်းမြတ်တွေလည်း ရှိနေသေးလို့ တော်ပါသေးရဲ့ဗျာ။

အဖကိုသတ်တဲ့မင်း။

သားကိုသတ်တဲ့မင်း။

မိဖုရားကိုသတ်တဲ့မင်း။

နောင်တော်ကိုသတ်တဲ့မင်း။

စိတ်ကူးသစ်စာပေ



မိထွေးတော်မိဖုရားကိုသတ်တဲ့မင်း။

ဆွေတော်မျိုးတော်တွေအားလုံးကို သုတ်သင်ရာမှာ မသိချင်ယောင်ဆောင်တဲ့ မိဖုရား၊ အလိုတူတဲ့ မိဖုရား။

ရဟန်းသံဃာကို လိမ်ညာလှည့်ဖျား နှိပ်စက်တဲ့မင်း။

အလကားနေ စစ်တိုက်ပြီး အာဏာပါဝါပြချင်တဲ့မင်း။

အင် ...အတုယူစရာကောင်းတဲ့ ရှင်ဘုရင် (မင်း) သူတော်ကောင်းတွေ ရှိနေသလို ထာဝစဉ် နာမည်ပျက်သွားတဲ့ မင်းဆိုးမင်းညစ်တွေလည်း ရာဇဝင်အဆက်ဆက်မှာ ရှိခဲ့ပါသလား။

ကိုယ်ချင်းစာကြည့်မိတယ်ဗျာ။

တိုင်းသူပြည်သား ရဟန်းသံဃာများကို နှိပ်စက်ကလူပြုတဲ့ မင်းဆိုးမင်းညစ်ရဲ့လက်အောက်က တိုင်းသူပြည်သားတွေ ဘယ်လိုများ ရင်တုန်ပန်းတုန် စားမဝင်၊ အိပ်မပျော် ဖြစ်ကြလိမ့်မလဲဆိုတာ တွေးကြည့် မြင်ကြည့်ပြီး ရင်မောလိုက်ပါဘိဗျာ။

သမိုင်းရာဇဝင်ကို သင်ရတာ ဒီလို မြင်တတ်ဖို့၊ ကြည့်တတ်ဖို့ ခံစားတတ်ဖို့ သင်ရတာပဲဆိုတာ အခုမှ နားလည်သဘောပေါက်ရတယ်ဗျာ။

စောစောက မျက်မမြင်မင်းသားညီနောင် ကံဆိုးရာကနေ ရတ်ခြည်းကံကောင်းပုံလေးလည်း အလွန်ထူးဆန်းတယ်။

ရေလမ်းခရီးမှာ ဖောင်က ကမ်းနားသစ်ပင်နဲ့ ငြိပြီး ရှေ့သွားလို့ မရတော့ဘူး။ အဲဒီမှာ စန္ဒမုခီဘီလူးမက မျက်မမြင်ညီနောင်ရဲ့ မသိုးထမင်း မသိုးဟင်း (အခုခေတ်အခေါ်တော့ ထမင်းခြောက်လှော်တို့၊ ကရေကရာ ပေါက်ပေါက်ဆုပ်တို့၊ သစ်သီးဝလံတို့ပေါ့ဗျာ)။

ကြုံတုန်း ဒီနေရာကနေ သစ်သီးဝလံဆိုတဲ့စကား အဓိပ္ပာယ်လေး ရှင်းပြချင်သဗျ။ သစ်သီးနဲ့ ဝလံကို ပေါင်းပြီး သစ်သီးဝလံလို့ ခေါ်တာတဲ့ဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သစ်သီးဆိုတာက အပင်ပေါ်မှာ သီးတဲ့အသီးကို ခေါ်တာ။

ဥပမာ – ငှက်ပျောသီး၊ လိမ္မော်သီး၊ ပန်းသီး၊ မာလကာသီး။

ဝလံဆိုတာက နွယ်ပင်သဘောမျိုးပေါက်တဲ့ နွယ်ပင်ကအသီးကို ဝလံလို့ ခေါ်သတဲ့ခင်ဗျာ။ စပျစ်သီးတို့ ဘာတို့ပေါ့ဗျာ။

[အဲဒီ သစ်သီးဝလံဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ကျုပ် (ကျွန်တော်) တတ်လို့သိလို့ ပြောတာမဟုတ်ဘူးခင်ဗျ။

ဟိုကောင်ဗျာ . . . လူထုရင် အင်္ကျီအိတ်ထဲက တစ်သိန်းကျပ် ငွေစက္ကူထုပ်ကို ထုတ်ထုတ်ပြပြီး သောက်ကြီးသောက်ကျယ် လေတစ်လုံး၊ မိုးတစ်လုံးပြောတတ်တဲ့ ဝင်းနိုင် (ရွှေပြည်သာ) ဆိုတဲ့ ဖွတ်ကျားကောင်ပြောပြလို့ ကျွန်တော်တို့ ဖွတ်မိကျောင်းများသိပြီး ခုလိုဆင့်ပွား ရေးပြရတာပါ။]

အဲဒါ . . .

စန္ဒမုခီဘီလူးမက ဖောင်ပေါ် တိတ်တိတ်တက်ပြီး အစားအစာတွေ ခိုးစားတယ်။ ခမျာမှာ ပါလာတာ ထမင်း ခြောက်လှော်၊ ကြော်နဲ့ သစ်သီးဝလံ မသိုးထမင်း၊ မသိုးဟင်းရယ်။

နောက်တစ်ချက် စန္ဒမုခီဘီလူးမ လုပ်ပုံရယ် . . . ကြည့်စမ်း။

သင်းလုပ်ပေါက်က တယ်မဟုတ်ချင်ဘူးဘဲကိုး။

ကိုယ်က ဘီလူးပဲဥစ္စာ။ ဘီလူးစာတွေ အများကြီးပါဗျာ။ လူသားပြီး၊ သမင်၊ ဒရယ်၊ ချေငယ်၊ ဆိုင်၊ ဆတ်၊ ဖွတ်၊ ပုတတ်၊ မြွေ၊ ကျွတ်၊ တီကောင်၊ ဖားပြုပ်၊ တောက်တဲ့၊ ပုတ်သင်ညို စားစရာ အများကြီး။

အစိမ်းပဲ စားစား၊ ပြုတ်လို့ပဲ စားစား၊ မီးဖုတ်မီးကင်ပဲ စားစား။

သို့သော် ပြန်စဉ်းစားကြည့်တယ်။ ပါးစပ်ပြော ရာဇဝင်ထဲမှာတော့ ဘီလူးမနေတဲ့နေရာက စစ်ကိုင်း (စကု)လို့ ပြောတာပဲ။

စစ်ပင်ကြီးကိုင်းလို့ စစ်ကိုင်းတဲ့။

ဘီလူးမက ဆေးကုပေးတဲ့နေရာကို စကုမြို့လို့ ခေါ်ကြသတဲ့။

ထားပါတော့လေ။





ဘီလူးမဘက်က ပြန်စဉ်းစားရင် သူ့ခမျာလည်း သားစိမ်းငါးစိမ်း စားနေရတာကြာတော့ အကြော်၊ အလှော်၊ အကင်လေး ဝါးချင်ရှာမှာပေါ့။

ဘီလူးမက နေ့နေ့ညည ခိုးစားနေတော့ မသိုးထမင်း၊ မသိုးဟင်း ရိက္ခာက အလွန်လျော့နေတာပေါ့။ အဲဒါ မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝ မျက်မမြင်ညီနောင်အချင်းချင်း ပြန်မေးကြတယ်။

"ညီတော် . . ."

"မှန်ပါ . . . နောင်တော်ဘုရား၊ အမိန့်ရှိပါ ဘုရား"

"ငါတို့ရဲ့ရိက္ခာတွေ အလွန့်ကို လျော့သွားတယ်။ ညီတော်များ နောင်တော်အိပ်ပျော်နေခိုက် ယူစားသေးသလားကွယ်"

"ညီတော် လုံးဝမစားပါဘူး . . . နောင်တော်။ နောင်တော်မသိဘဲ ညီတော် ဘယ်တော့မှ ယူမစားပါဘူး . . . နောင်တော်"

"အိမ်း . . . ညီတော့်ကိုလည်း နောင်တော် ယုံကြည်ပါတယ်ကွယ်။ အကြောင်းရှိနေလို့ မေးရတာပါ။ ဒါဆိုရင် နောင်တော်တို့ရဲ့ မသိုးထမင်း၊ မသိုးဟင်းတွေကို တစ်စုံတစ်ဦးတော့ ခိုးစားနေပုံပဲကွယ်"

"ဘယ်လိုခိုးစားတယ် ထင်လို့တုံး . . . နောင်တော် ဟင် . . ."

"နောင်တော်တို့ညီနောင်ဟာ မျက်မမြင်ဖြစ်နေမှန်းကို သူခိုးက သိပုံရတယ်။ တို့ညီနောင် တစ်ပန်းကန်ထဲ လက်ဆုံစားနေတုန်း အလစ်ဝင်နှိုက်စားပုံရတယ်လို့ နောင်တော်ယူဆတယ်။ ဒါကြောင့် နံနက်စာသုံးဆောင်ရင် တို့ညီအစ်ကို စောင့်ဖမ်းရမယ် . . . ညီတော်"

"မှန်ပါပေ့ . . . နောင်တော်၊ စောင့်ဖမ်းကြတာပေါ့"

ဒါနဲ့ နံနက်စာ စားသောက်နေတုန်းမှာပဲ ဘီလူးမက ညီအစ်ကိုနှစ်ယောက် လက်အရုပ်မှာ အလစ်ဝင်အနှိုက်၊ ဒီမှာ မသင်္ကာဖွယ် ကိုယ်နဲ့ ရှုတာနဲ့ ညီနောင်နှစ်ပါး လှမ်းဖမ်းဆုပ်ကိုင်ရော သူစိမ်းတစ်ဦးရဲ့လက်မှန်း သိသွားကြတာကိုး။

သေချာအောင် နောင်တော် မဟာသမ္ဘဝက မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ညီတော့်လက်လားဟေ့"

"မဟုတ်ဘူး ... နောင်တော်၊ နောင်တော့်လက်ရော ... ဟုတ်လား"

"မဟုတ်ဘူး"

ဒီမှာပဲ ညီနောင်နှစ်ပါး ဓားလက်နက်ကိုယ်စီနဲ့ ရွယ်မိုးပြီး ဒေါသတကြီး မေးရော။

"ဟဲ့ ... ဒီလက်ပိုင်ရှင် ဘယ်သူတုံး နာမည်ပြောစမ်း။ မပြောရင် ငါ့ လက်သုံးတော်ဓားနဲ့ ပိုင်းလိုက်မယ်ဟဲ့နော်။ ပြောစမ်း ... ဘယ်သူလဲ"

ဘီလူးမ ရုန်းလို့မရရှာဘူး။ ဒီတော့ ပြောကြမယ်။ ဘီလူးမမှာ ဘုန်းတန်ခိုးရှိရဲ့သားနဲ့ အာဟာရမပြည့်ဝတဲ့ မျက်မမြင်ညီနောင်ရဲ့လက်ထဲက ဘာကြောင့် မရုန်းနိုင်ရတာလဲလို့။

အဖြေက ရှိပါတယ်ခင်ဗျ။

ဘုရင့်သားတော် နှစ်ပါးတို့သည် ဘဝကံကြွေးကြောင့် မျက်စိမမြင်ပါသော်လည်း ဘုန်းကံတန်ခိုးက ဘီလူးမထက် အများကြီးသာနေလို့ ရုန်းမရတာပါ။ အာဟာရဓာတ်နည်းပေမဲ့ သန်သေးတာပဲလေ။

"ပြောစမ်း ... နင် ဘယ်သူလဲ"

"ဘီလူးမပါ ... အရှင့်သား"

"ဟဲ့ ... ဘီလူး သူခိုးမ၊ နင့်နာမည် ဘယ်လိုခေါ်သတုံး"

"စန္ဒမုခိဘီလူးမလို့ခေါ်ပါ ... အရှင့်သား"

"နင် ဘာကြောင့် ငါတို့ညီနောင်ရဲ့ အစားအစာတွေကို နံနက်နေ့ည မကြာခဏ ခိုးစားရတာလဲ"

"မှန်ပါ ... အရှင့်သား၊ လူသားတွေစားတဲ့ အစားအစာကို မစားဖူးလို့ ခိုးစားမိကြောင်းပါ ... အရှင့်သားတို့"





"နင်ဟာ ငါတို့ညီနောင်ထံ ခွင့်မတောင်းဘဲ ခိုးစားသည့်အတွက် နင့်မှာအပြစ်ရှိတယ်။ ဒါကြောင့် နင့်ကို ခုပဲအဆုံးစီရင်ရမယ်။ ကိုင်း ..."

နောင်တော် မဟာသမ္ဘဝက ဓားကိုမြှောက်လိုက်ရော စန္ဒမုခိဘီလူးမက ငိုသံပါကြီးနဲ့ တောင်းပန်ပါလေရောတဲ့။

"အရှင့်သားတော်တို့ဘုရား ... ဘုရားကျွန်မ အမိုက်အမဲ ဘီလူးမကို မသတ်ပါနဲ့ဘုရား။ တောင်းပန်ပါတယ်ဘုရား"

"သတ်ရမယ်။ နင် သူခိုးမ။ ညီတော် ဘေးရှောင်နေ"

"အရှင့်သား ..."

"ဘာတုံး ... ဘီလူးသူခိုးမ၊ နင် အခု သေရမှာ ကြောက်နေသလား"

"အရှင့်သားတို့ဘုရား ... ဘုရားကျွန်မရဲ့အသက်ကို ချမ်းသာပေးရင် အရှင်တို့ အလိုဆန္ဒရှိရာကို ကျွန်တော်မျိုးမ အကုန်လုပ်ပေးပါ့မယ်ဘုရား"

"နင်က ဘာများ လုပ်ပေးနိုင်လို့တုံး ... ဘီလူးသူခိုးမရဲ့"

"အရှင့်သားများ အလိုရှိရာ ခိုင်းပါ ပြောပါ။ ကျွန်တော်မျိုးမ စန္ဒမုခိဘီလူးမ ရအောင် လုပ်ပေးပါ့မယ် ... အရှင့်သား"

ဒီမှာ မဟာသမ္ဘဝက မယုံဘူး။ ဒါကြောင့် မဖြစ်နိုင်ပါသော်လည်း ဖြစ်ချင်သည့်ဆန္ဒကို ပြောချလိုက်တယ်။

"စန္ဒမုခိ ..."

"အရှင့်သား ..."

"ဒါဆိုရင် ငါတို့ဘုရင့်သား မျက်မမြင်ညီနောင်ကို မျက်စိပြန်မြင် အလင်းရအောင် လုပ်ပေးနိုင်ရင် နင့်အသက်ကို ချမ်းသာပေးမယ်"

"ရှင် ... တ ... တကယ် ... ပြော ... တာ ... ပါ ... လား ... အရှင့်သား"

"ဒါ ငါတို့ရဲ့ သစ္စာစကားပဲ ... စန္ဒမုခိ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ . . . အရှင့်သားတို့၊ ဟောဟိုဘက်က တောထဲမှာ မျက်စိရောဂါကို ပျောက်ကင်းစေတဲ့ နတ်ဆေးမြစ် သစ်ဥများရှိပါတယ်။ သွားရောက်ရှာဖွေ ယူဆောင်ခွင့်ပေးပါ။ အဲဒီဆေးဝါးသစ်မြစ်များနဲ့ ကုသရင် မကြာချက်ချင်း အရှင့်သားတို့ မျက်စိနှစ်ကွင်း အလင်းရပါလိမ့်မည် . . အရှင့်သား"

"ဟုတ်ရဲ့လား . . . ဘီလူးမ"

"အမှန်ပါ . . . အရှင့်သား၊ ကျွန်တော်မျိုးမ မညာဝံ့ပါဘူး"

"နင် ငါတို့လက်က ထွက်ပြေးချင်လို့ ကလိန်ဉာဏ်ဆင်တာ မဟုတ်လား . . . စန္ဒမုခီ"

"မလိမ်ဝံ့ပါဘူး . . . အရှင့်သား၊ ကျွန်တော်မျိုးမ သစ္စာရည်သောက်ပြီး ဆေးသွားရှာလို့ ပြန်လာကုပေးပါ့မယ် . . . အရှင့်သား"

"ကောင်းပြီလေ . . . သို့သော် နင့်ကို ငါတို့မယုံဘူး။ ရော့ . . . ဟောဒီသောက်ရေကို သစ္စာပြုပြီးသောက်"

"သောက်ပါ့မယ် . . . အရှင့်သားတို့"

"ကိုင်း . . . လိုက်ဆို"

"ကျွန်မ စန္ဒမုခီဘီလူးမသည် . . ."

"ကျွန်မ စန္ဒမုခီဘီလူးမသည် . . ."

"တကောင်းဘုရင်၏သားတော် မျက်မမြင်မင်းသားနှစ်ပါး၏ အစာရေစာကို ခိုးယူစားမိ၍ အပြစ်ရှိပါသည်"

"တကောင်းဘုရင်၏သားတော် မျက်မမြင်မင်းသားနှစ်ပါး၏ အစာရေစာကို ခိုးယူစားမိ၍ အပြစ်ရှိပါသည်"

"ဤအပြစ်ကျေရန် အလို့ငှာ မင်းသားနှစ်ပါး၏မျက်စိကို ပြန်မြင် အလင်းရစေရန် တုံ့ပြန်ပေးဆပ်ပါမည်"

"ဤအပြစ်ကျေရန် အလို့ငှာ မင်းသားနှစ်ပါး၏မျက်စိကို ပြန်မြင် အလင်းရစေရန် တုံ့ပြန်ပေးဆပ်ပါမည်"





"ရောဂါကုသရန် ဆေးဝါးများ ရှာဖွေပြီး ပြန်လာခဲ့ပါမည်"

"ရောဂါကုသရန် ဆေးဝါးများ ရှာဖွေပြီး ပြန်လာခဲ့ပါမည်"

"ဤသစ္စာစကား ပျက်ယွင်းခဲ့ပါက . . . . . . . . . ."

"ဤသစ္စာစကား ပျက်ယွင်းခဲ့ပါက . . . . . . . . . ."

"နောင်ပွင့်တော်မူမည့် ဘုရားရှင်များကို ဖူးမြော်ခွင့်မရဘဲ ငရဲသို့ လားပါစေသတည်း"

"နောင်ပွင့်တော်မူမည့် ဘုရားရှင်များကို ဖူးမြော်ခွင့်မရဘဲ ငရဲသို့ လားပါစေသတည်း"

"ကိုင်း . . . သွားတော့။ ငါတို့ညီနောင် ဒီဖောင်တော်ပေါ်ကနေ နင့်အလာကို စောင့်နေမယ် . . . စန္ဒမုခီ"

စန္ဒမုခီဟာ ဘီလူးပင် ဖြစ်ပါသော်လည်း ကတိတည်ပါတယ်။ မကြာပါဘူး သစ်မြစ်ဆေးဝါးများ စီရင်ယူလာပြီး မဟာသမ္ဘဝမင်းသားနဲ့ စူဠာသမ္ဘဝမင်းသားညီနောင်တို့ရဲ့ မျက်စိကို သစ္စာဆိုပြီး နေ့စဉ် လိမ်းပေး ထိုက်ကျွေး ကုသပေးခဲ့တယ်။

မင်းသားညီနောင်တို့ရဲ့ ဘဝကံကြွေး ပေးဆပ်မှုကလည်း ကျေချိန်ရောက်၊ စန္ဒမုခီဘီလူးမကလည်း ကတိသစ္စာမှန်တော့ ဆေးဝါးများ ဆေးဝါးသိဒ္ဓိမြောက်ပြီး မျက်မမြင်ညီနောင်တို့ဟာ မကြာခင်မှာ မျက်စိ အလင်းပြန်မြင်ရပြီး ဝမ်းသာအားရ ပွေ့ဖက်ကြတယ်။

ပြီး တသိမ့်သိမ့် ကြည်နူးဝမ်းသာနေတဲ့ စန္ဒမုခီဘီလူးမကိုလည်း အနားတင် ဝမ်းသာလွန်းလို့ စားဖွယ်ရာများကို အလိုရှိသမျှ စားတော့လို့ ပြုရှာတယ်။

"အရှင့်သား . . . ဘုရားကျွန်မ တာဝန်လည်း ကျေပွန်ပြီးမြောက်ပြီး ကျွန်မနေထိုင်ရာ တောအုပ်ကို ပြန်ခွင့်ပြုပါ . . . အရှင့်သားတော်တို့"

"ကောင်းပါပြီ . . . ချစ်နှမ။ သင့်မှာ တည်ကြည်သောသစ္စာလည်း ရှိပါပေရဲ့၊ မြင့်မြတ်သော စိတ်ထားကောင်းလည်း ရှိပါပေရဲ့။ သင့်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် ငါတို့ညီနောင် စက္ခုနှစ်ကွင်း အလင်းရခဲ့ပါပြီ။ သင့်ကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်း မသိတော့ပါဘူး . . . နှမငယ်စန္ဒမုခီ။

အကယ်၍များ ကျွန်ုပ်တို့ညီနောင် ကောင်းစားခဲ့သည်ကို နှမငယ် စန္ဒမုခီ ကြားသိခဲ့ရပါက ကျုပ်တို့ထံကို လာလို့ရရင် လာခဲ့ပါ . . . နှမ။ ဒါမှမဟုတ် ကျုပ်တို့ကလည်း နှမတော် ဘဝကူးကောင်းဖို့ နှမကိုရည်စူးပြီး ကုသိုလ်ကောင်းမှုများပြုလို့ အမျှပေးဝေပါ့မယ်။ နှမလေး ကြားခဲ့ရင် သာဓုခေါ်ပါ . . . နှမ''

''ကောင်းလှပါပြီ . . . မောင်ကြီးတို့ရှင်။ မောင်ကြီးတို့ညီနောင် ရှေ့ခရီးမှာ အန္တရာယ်ကင်း ဘေးရှင်းပါစေလို့ နှမလေး ဆုတောင်းမေတ္တာများ ပို့သပါတယ်။ နှမလေးကို ပြန်ခွင့်ပြုပါ။ နှမလေး ဦးခိုက်ခဲ့ပါတယ်။ အရှင့်သား မောင်ကြီးတို့ရှင်''

စန္ဒမုခီဘီလူးမဟာ ဝမ်းနည်းသံလေးနဲ့ ဖောင်ပေါ်မှာ ညီအစ်ကို နှစ်ယောက်ကို ဦးခိုက်ကန်တော့တယ်။

''သာဓု . . . သာဓု . . . သာဓု . . . နှမတော် စန္ဒမုခီ ယနေ့မှစ၍ သူတော်ကောင်းတရား ပွားများပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သူ ဖြစ်ပါစေသတည်း''

စန္ဒမုခီဘီလူးမ ဖောင်ပေါ်ကနေ ဆင်းသွားပြီး ကမ်းပေါ်ကနေ ရပ်ငေးကြည့်လို့ပေါ့။ ညီနောင်နှစ်ပါးကတော့ ဖောင်နဲ့ငြိနေတဲ့ သစ်ပင်ကြီးရဲ့ အကိုင်းကို ဓား၊ သန်လျက်နဲ့ ခုတ်ပယ်ရှင်းပြီး ရှေ့ခရီးကို ပျော်ရွှင်စွာဆက်ခဲ့ကြတယ်။

စန္ဒမုခီ ဘီလူးမလေးကတော့ ရေစုန်အတိုင်း တရွေ့ရွေ့ထွက်ခွာသွားတဲ့ ဖောင်ပေါ်က မင်းသားနှစ်ပါးကို မြစ်ကမ်းပါးက ငေးကြည့်ပြီး ရင်ထဲမှာ ဝမ်းနည်းပက်လက်ဖြစ်ပြီး ကျန်ရစ်ခဲ့ရရှာတယ်။

✿ ✿ ✿

| ၃ |

❑

ကံကောင်းလာပြီဟေ့ ဆိုလည်း ကံကောင်းပုံကို တားလို့မရဘူး။ အဲဒါ အတိတ်ဘဝက ပြုခဲ့ဖူးတဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံနှင့်လည်း ကောင်းကျိုးပေးမှု၊ ဆိုးကျိုးပေးမှုက ဆက်နွယ်တယ်လို့ ဓမ္မတရားသဘော အရ သုံးသပ်လို့ရတယ်။

ကြည့်ကြစမ်းပါဗျာ . . .

မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ အလင်းပြန်မြင်ရတဲ့ မင်းသားညီနောင် ရယ် ဖခမည်းတော်ရှိရာ တကောင်းပြည်ကို မပြန်ကြဘူး။ မျက်စိနှစ်ကွင်း အလင်းပြန်ရပါပြီဘုရားလို့ ဖခင်ရော၊ မိခင်ရော အံ့သြသွားအောင် ပြန် မပြောကြဘူး။

မချစ်၊ မနှစ်သက်လို့ စွန့်ပစ် ရေမျှောခံရတာဥစ္စာ။

ခုဟာက အဖေနှင့်အမေ ဆေးကုပေးလို့ မျက်စိအမြင် ပြန်ကောင်း တာမဟုတ်ဘူးလေ။ ဟိုးရှေးရှေးဘဝဟောင်းက အကြောင်းကြောင်း ကြောင့် နှမလို၊ အစ်မလို၊ မိခင်လို၊ ချစ်ဇနီးမယားလို၊ ဆွေမျိုးတော်စပ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပုံရတဲ့ . . . စန္ဒမုခိဘီလူးမလေး၊ နှမ သူတော်ကောင်းလေးကြောင့် မျက်စိ ပြန်မြင်ရတာ။ အင်း . . . စန္ဒမုခိဘီလူးမသည် ဘီလူး (ဝေမာနိကပြိတ္တာမျိုး) မဟုတ်ဘဲ သူလိုကိုယ်လို လူသားစင်စစ်သာဖြစ်ခဲ့ရင် . . .

မျက်စိအလင်းရအောင်လုပ်ပေးတဲ့ ကျေးဇူးကိုထောက်ပြီး ဘဝကြင်ဖော်အဖြစ် ကျေးဇူးတုံ့ပြန်ချင်ပါရဲ့။

နှမလေး စန္ဒမုခိရေ . . .

မောင်ကြီးတို့က ဘဝခြား အသွင်မတူကြတော့ ကျေးဇူးရှင်နှမလေး ရောဝတီမြစ်ကမ်းနံဘေးမှာ မျက်ရည်ဝဲဝဲနှင့် ကျန်ရစ်ခဲ့ပေဦးပေါ့ . . . နှမလေးရယ်။

အဲဒါ တစ်နေရာရောက် ဖောင်ဆိုက်ပြီး နောင်အခါ သီရိခေတ္တရာ မြို့ဖြစ်လာမည့် 'သကျအင်း' ဝန်းကျင်ကို ရောက်လာပြီး ရသေ့ကြီးတစ်ပါးနဲ့ တွေ့ပါရောဗျာ။

''ဒကာတို့ညီနောင်က ဘယ်အရပ်က လာကြသတုံးကွယ်။ ရောက်တုန်းရောက်ခိုက် နားပါ၊ စားပါ။ ဟဲ့ . . . ဗေဒါရီ''

''ဘုရား . . . ဘရသေ့''

ဗေဒါရီဆိုတာ ရသေ့ကြီးရဲ့ မွေးစားသမီးပဲ။ ကျေးတောသူပီပီ လုံးကြီးပေါက်လှ တောင့်တောင့်တင်းတင်းမို့ မင်းသားညီနောင်ပင်ကြည့်ပြီး အံ့အားသင့်သွားကြတယ်။ မျက်စိမြင်ပြီးမှ ပထမဆုံးမြင်ရတဲ့ လူသားမိန်းမပေကိုး။

''ဘုရားတပည့်တော်နာမည်က မဟာသမ္ဘဝပါဘုရား''

''အေး . . . ဟိုတစ်ယောက်ကရောဟဲ့''

''ညီတော် စူဠသမ္ဘဝပါဘုရား''

''ဟဲ့ . . . ဒကာတို့ရဲ့၊ မင်းတို့အမည်များက ကျေးတောသားတောင်သူသားတို့ မှည့်လေ့ရှိတဲ့အမည် မဟုတ်ပါဘူး။ ဘယ်ကတုံး''





''မှန်လှပါ . . . ဘရသေ့၊ ကျွန်တော်မျိုးတို့သည် နဂိုက ရွှေနန်းမင်းညီမင်းသားများပါဘုရား။ တပည့်တော်တို့ရဲ့ ဖခမည်းတော်က တကောင်းဘုရင် သတိုးမဟာရာဇာပါဘုရား''

''ဟေ . . . သတိုးမဟာရာဇာရဲ့ သားတော်တွေ''

''မှန်ပါ ဘုရား''

''ဒါ . . . ဒါဆို မင်းတို့ညီနောင်ဟာ ငါ့ရဲ့ တူတော်အရင်းတွေပါလား . . . မောင်တို့''

''ခင်ဗျာ . . .''

''ဟင် . . .''

''တူတော်တို့ . . . ငါက တစ်ချိန်တုန်းက တကောင်းမင်း သတိုးမဟာရာဇာရဲ့ယောက်ဖတော် အိမ်ရှေ့မင်း ခေပဒူတပါပဲ''

''အို . . . ဦးရီးတော် . . . ခေပ . . . ဒူတ''

''မှန်ပေပေါ့ . . . သားတို့ရယ်။ ဦးရီးတော် အိမ်ရှေ့မင်းသား ဘဝတုန်းက တောထဲမှာ ဝက်ကြီးနောက် အမဲလိုက်ရင်း ခရီးလွန်သွားခဲ့တယ်။ နောက်ဆုံး တကောင်းကိုမပြန်ဘဲ ဒီမှာပဲ ရသေ့ရဟန်းပြုနေတာပဲ . . . တူတော်တို့ရဲ့။ ငါ့တူတော်များကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ။ နေပါဦး . . . တူတော်တို့ရဲ့ မင်းတို့ကရော ဒီတောကြီးမျက်မည်းထဲကို ဘာကြောင့် ရောက်လာခဲ့ရတာလဲ။

ဒီမှာပဲ . . . ညီနောင်နှစ်ပါးက သူတို့သည် အရွယ်ရောက်သည်ကို မျက်မမြင်သားတော်များဖြစ်နေလို့ ရွှေနန်းနှင့် မထိုက်တန်၍ ဖခမည်းတော်က ဖောင်မျှောစွန့်ပစ်ခံရပုံမှသည် စန္ဒမုခိဘီလူးမကြောင့် မျက်စိအလင်းပြန်ရပုံကို ပြောပြတော့ ဦးရီးတော် ခေပဒူတရသေ့လည်း အံ့သြဝမ်းသာဖြစ်ခဲ့၊ စိတ်မကောင်းလည်း ဖြစ်ခဲ့ရတယ်။

နောင်အခါ . . .



www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ မွေးစားသမီး ပေဒါရီလေး ရှိနေပြန်တော့ ရသေ့ရဟန်းနဲ့ မာတုဂါမသမီး အတူနေလို့ မသင့်ဘူးဆိုပြီး ပျူမိဖုရား နန်းခမ်းနဲ့တိုင်ပင်ပြီး မဟာသမ္ဘဝ အကြီးတူသားနဲ့ ပေဒါရီကို ထိမ်းမြားပေးလိုက်တယ်။ ကျေးတောသူမလေး ပေဒါရီလည်း ကံအလွန်ကောင်းပါတယ်။

တကောင်းနန်းရိုးမင်းသားနဲ့ တွေ့ပြီး မိဖုရားဖြစ်သွားရရှာတယ်။ အေးလေ . . . ပေဒါရီက မွေးစားဖခင်ရသေ့ကြီးကို ချီးရေ၊ သောက်ရေက အစ ဆွမ်းအထိ နေထိုင်လုပ်ကိုင် ကျွေးမွေးတာကိုး။

အဲဒါမှ ကံ,ကံရဲ့ အကျိုးပဲဗျ။

အခု ပျူမင်းသမီးရဲ့ စီစဉ်ပေးမှုကြောင့် မဟာသမ္ဘဝက မိဖုရားမြှောက်ပြီး ပျူလူမျိုးတို့ကို မင်းလုပ်အုပ်ချုပ်တယ်။ မြို့တော်ကို ရသေ့မြို့ လို့ အမည်ပေးတယ်။

ဒီလိုနဲ့ မိဖုရားပေဒါရီ အချိန်တန်တော့ သားတော်လေးတစ်ပါး ဖွားမြင်ခဲ့တယ်။

သားတော်လေးရဲ့နာမည်က 'ဒွတ္တဘောင်' တဲ့။

ဒီသားတော်ကလေးက ပေါ့သေးသေးမဟုတ်ဘူး။ တစ်ချိန်သော အခါ မြန်မာရာဇဝင်မှာ ဟိုးဟိုးကျော်တဲ့မင်း။

ဘုန်းတန်ခိုး အလွန်ကြီးမြတ်တော်မူတဲ့မင်း။

မျက်ခုံးနှစ်ခုကြားမှာ မှဲ့ရှင်တော်ပါပြီး ဘုန်းကြီးခဲ့တဲ့ မင်းပဲ။

ဗိဿနိုးဘုရင်မ ပန်ထွာကို မျက်ရည်ကျ၊ စိတ်နာအောင်လုပ်တဲ့ မင်းအဖြစ် ရာဇဝင်တွင်မယ့် မင်းလောင်းလေးပဲ။

သို့သော် မင်းလောင်းကို မွေးဖွားပြီး မကြာဘူးဗျာ . . . သူ့ဖခမည်းတော် မဟာသမ္ဘဝမင်း နတ်ရွာစံ ကံကုန်သွားရှာတယ်။

ဒီနေရာမှာ စဉ်းစားမိတာလေး ပြောချင်သယ်ဗျ။

စိတ်ကူးသစ်စာပေ



ဘုန်းကံကြီးမားတဲ့ သားတော်ကို မွေးပြီးရင် ဖခမည်းတော်သော်လည်းကောင်း၊ မိခင် မယ်တော်သော်လည်းကောင်း ကွယ်လွန်အနိစ္စရောက် ကံကုန်ကြတာမျိုး ရာဇဝင်မှာလည်း ရှိခဲ့ဖူးတယ်နော်။

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကိုမွေးဖွားပြီး (၇) ရက်အကြာမှာ မိခင် မယ်တော်မဟာမာယာဒေဝီ ကံကုန်ရရှာတယ်။

အနော်ရထာမင်းသားကို မွေးဖွားပြီးနောက်မှာ သူ့ခမည်းတော် ကွမ်းဆော်ကြောင်ဖြူ နန်းချခံရတယ်။ နန်းချပြီး ရှင်ဘုရင်လုပ်သူက ညောင်ဦးစောရဟန်းမင်းရဲ့သားတော် 'ကျည်စိုး' နဲ့ 'စုက္ကတေး'။ သူတို့က နန်းချပြီး အစဉ်အတိုင်း မင်းပြုခဲ့တာ။

နောင်တော့ နန်းလုသူ စုက္ကတေးမင်းကို ကြောင်ဖြူမင်းရဲ့သားတော် အနော်ရထာမင်းသားက မြင်းကပါအရပ်မှာ စီးချင်းထိုး အသေတိုက်ပြီး ပုဂံပြည်ကြီးကို မင်းပြုအုပ်ချုပ်ခဲ့တာ အထင်အရှား ကျော်ဇောခဲ့တယ်။

ဒီနေရာမှာ စုက္ကတေး၏ဖခင် ညောင်ဦးစောရဟန်းမင်းဆိုတာ ဘယ်လိုလူစားလဲလို့ သိရအောင် ပြောချင်ပါသေး ခင်ဗျ။

သက္ကရာဇ်တို (၂၁၁) နှစ်မှာ ပုဂံမြို့ကို ပျဉ်ပြားမင်းက တည်တယ်။ သက္ကရာဇ် (၂၁၀)မှာ တောင်တွင်းကြီးမြို့ကို 'ရမ္မဝတီ' လို့ သမုတ်တယ်တဲ့။

[နောက်ပိုင်းမှာ တောင်တွင်းကြီး၊ ဗိဿနိုးမြို့ဟောင်း ပန်ထွာဘုရင်မရဲ့ ဂမ္ဘီရဆန်တဲ့ ဖြစ်ရပ်ဆန်းကြယ်ကို ရေးသွားမှာပါ။ ဒါပေသည့် ရာဇဝင်သမိုင်းကို အရေးကြီးသမျှလေး သိရအောင် အကျဉ်းမျှရေးပြရတာကို နားလည်ပေးကြပါခင်ဗျာ]

ပျဉ်ပြားမင်းနောက် (၃)ယောက်မြောက်မှာ 'သိမ်းခိုမင်း' အုပ်ချုပ်တယ်။ သိမ်းခိုမင်းလည်း ကံဆိုးရှာတယ်။ တောကစားရင်း မျက်စိလည်သွားပါရော။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေကလည်းငတ်၊ ဆာလည်းဆာတော့ သခွားတောင်ယာခင်းတစ်ခုဝင်ပြီး သခွားသီး ခူးစားပါရောဗျို့။ အဲဒီမှာ သခွားခင်းပိုင်ရှင် တောင်သူကြီးက သူခိုးလို့စွပ်စွဲပြီး တူးရွင်းနဲ့ရိုက်လိုက်တာ ပုဂံပြည့်ရှင် သိမ်းခိုမင်းသေခြင်းဆိုးနဲ့ သေပါရော။

(နတ်ရွာစံတယ်လို့ မရေးချင်ဘူးဗျ။ ဘာလို့လဲဆိုတော့ သူလည်းရှင်ဘုရင်သူခိုး ဖြစ်နေလို့ပဲ။)

အဲဒီခေတ်တုန်းက ရှင်ဘုရင်ကိုသတ်ခဲ့ရင် သတ်ရဲတဲ့သူ ရှင်ဘုရင်လုပ်ရတဲ့ သဘောရှိတယ်။

ရှင်ဘုရင်သေတာ တိုင်းပြည်ကသိရင် ဆူပူမှာစိုးလို့ တောင်သူကြီးကို အရေးပေါ်နန်းတင်၊ ရှင်ဘုရင်လုပ်ရတယ်။ ဘွဲ့အမည်က ညောင်ဦးစောရဟန်းတဲ့ခင်ဗျာ။

အဲဒီ တောင်သူကြီးမင်း ညောင်ဦးစောရဟန်းက ကျည်စိုးနဲ့စုက္ကတေးသားတော်နှစ်ပါးကို မွေးတာ။

မျိုးမကောင်း၊ သန္ဓေမကောင်းတဲ့ ဘုရင့်သားတွေဗျာ။

ညောင်ဦးစောရဟန်းလွန်တော့ ပုဂံမှ ကွမ်းဆော်ကြောင်ဖြူမင်းမင်းပြုတယ်။ ညောင်ဦးစောရဟန်းလည်း ရာဇပလ္လင်နဲ့ မတန်တော့ နန်းစောင့်ကျောက်ရုပ်ပိပြီး သေခြင်းဆိုးနဲ့ သေရတာလို့ ပါးစပ်ရာဇဝင်မှာ ကြားရဖူးသဗျ။

ဝဋ်လည်တာပေါ့။

ရှင်ဘုရင် ကြမ္မာငင် ဝဋ်လည်တာပေါ့။

ကြောင်ဖြူမင်းက မင်းကောင်းမင်းမြတ်တဲ့။

အဲဒီမင်းကောင်းမင်းမြတ် (ကွမ်းဆော်) ကြောင်ဖြူမင်းကို ဟို ...လူလွန်မသား၊ မျိုးမကောင်းတဲ့ ညောင်ဦးစောရဟန်းရဲ့သား ကျည်စိုးနဲ့စုက္ကတေးက ပုန်ကန်နှန်းချတာ။

---

စိတ်ကူးသစ်စာပေ



စုက္ကတေးမျိုးကန်းက ပုဂံထီးနန်းကို မတန်မရာတက်၊ မင်းလုပ်သတဲ့။ ရှင်ဘုရင်တို့၊ သမ္မတမင်းတို့ဆိုတာ ဘုန်းကံရှိမှ အဌာရသ (၁၈) ပါးလည်း တတ်မှ၊ မင်းကျင့်တရား (၁၀)ပါးနှင့်လည်း ညီညွတ်မှ ရာဇပလ္လင်ပေါ်မှာ မင်းအဖြစ် ကြာရှည်တာလေ။

အဖေရှင်ဘုရင် ဖြစ်ခဲ့ဖူးတာနဲ့ သားလုပ်သူ စုက္ကတေးက ရှင်ဘုရင် အဓမ္မလုပ်တော့ နောက်ဆုံး ဘာဖြစ်လဲ။ ကြောင်ဖြူမင်းရဲ့သားအနော်ရထာနဲ့မြင်း စီးချင်းထိုးတာ လူရော၊ မြင်းရော၊ ကကြိုးရော အနော်ရထာရဲ့ လှံချက်မိပြီး မြင်းကပါချောင်းကကျ၊ သေခြင်းဆိုးနဲ့ သေရော မဟုတ်လား။

တရားရတယ်ဗျာ။

မင်း၊ သမ္မတဆိုတာ ဖြစ်ချင်တိုင်း ဖြစ်လို့မရဘူး။

မတော်တဆ မင်း၊ သမ္မတ ဖြစ်လာခဲ့ရင်လည်း ဘုန်းကံပညာအရည်အချင်းမရှိလို့ ခဏပဲ မင်းဖြစ်ရတယ်ဆိုတာ ရာဇဝင်မှာရော ကျွန်တော်တို့ မျက်မှောက်ခေတ်မှာပါ အထင်အရှား မျက်မြင်သက်သေ ရှိခဲ့ပြီးပါပြီဗျာ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၄|

❑

အခု ဒွတ္တဘောင်မင်းသားလေးကို မိဖုရားဗေဒါရီ မွေးဖွားပြီး မကြာမီမှာပဲ မဟာသမ္ဘဝမင်း နတ်ရွာစံတော်မူရှာတယ်။ မင်းမဲ့တော့ ရုဠ သမ္ဘဝက မရီးတော် ဗေဒါရီကိုပဲ မိဖုရားမြှောက်ပြီး မင်းပြုခဲ့တယ်။ အဲဒါ ရသေ့မြို့မှာ။

ရုဠာသမ္ဘဝမင်းလည်း ရသေ့မြို့မှာ ကောင်းစွာမင်းပြုပြီး နတ်ရွာစံ သွားရှာတယ်။ ဦးကြီး (ပထွေး) တော် ရုဠာသမ္ဘဝမင်းမရှိတော့ မဟာသမ္ဘဝ ရဲ့သားတော် ဒွတ္တဘောင်က ရသေ့မြို့ထီးနန်းမှာ မင်းပြုတော်မူတယ်။

ဒွတ္တဘောင်မင်းဟာ အလွန်ကို ဘုန်းတန်ခိုးကြီးတဲ့ မင်းတဲ့။

ထိုမင်းလက်ထက်မှာ သီရိခေတ္တရာပြည်ကြီးကို တည်တော်မူ တယ်။ ပြီး ဓမ္မသတ်ကျမ်းတစ်ခုကိုလည်း ဒွတ္တဘောင်မင်းကြီးလက်ထက် မှာပဲ ပြုစုတော်မူတယ်လို့ ဖတ်သိရတယ်ခင်ဗျ။

ရာဇဝင်မှာ ဒွတ္တဘောင်မင်းရိုးမင်းဆက် (၉)ယောက်နန်းစံတယ် လို့ မြန်မာရာဇဝင်မှာရေးထားတာ ဖတ်ရဖူးပါတယ်။





ဒွတ္တဘောင်မင်းကြီး ဘုန်းတန်ခိုးကြီးပုံကလည်း အံ့သြစရာကောင်း အောင် စိတ်ဝင်စားရပေသကိုးဗျာ။

ပထမတစ်ချက် –

မင်းကြီးရဲ့မျက်ခုံးနှစ်ခုကြားမှာ မဲ့ရှင်တော်ရှိတယ်။ မဲ့ရှင်ရဲ့သဘော က အသက်ဝင်တယ်။ မဲ့ရှင်တော်ကနေ ထူးဆန်းတဲ့အလင်း ရောင်များ ဖြစ်ပေါ်သတဲ့။ မဲ့ရှင်ပါသူဟာ ဘုန်းကံအလွန်ကြီးမားပြီး ကျော်စောထင်ရှား လေ့ရှိတယ်လို့ ပြောကြတယ်။

[ကျွန်တော်တို့ မျက်မှောက်ခေတ်မှာတော့ ကျိုက်ထိုဘုရားမှာ မဲ့ရှင် တော်ဘုရားခေါ် ကျိုက်ပေါ်လောဘုရားဟာလည်း မဲ့ရှင်တော်ရှိလို့ အနယ် နယ် အရပ်ရပ်က လာရောက်ဖူးမြော်ကြတာ ယနေ့အထိပဲ။

ကျိုက်ထီးရိုးကို ဘုရားဖူးသွားကြရင် ကျိုက်ထိုမြို့နယ်က ကျိုက် ပေါ်လောဘုရားကို မဖြစ်မနေ ဝင်ရောက်ဖူးမြော်ကြတယ်။

ကျွန်တော်တို့ မြန်မာမင်းတွေမှာ ဂမ္ဘီရဆန်တဲ့ ထူးခြားသော အကျိုး ပေးပစ္စည်းတွေ ပါလေ့ ရှိပါပကောလားဗျာ။

သထုံဘုရင် မနူဟာမင်းကြီးရဲ့အခံတွင်းမှာ ပါးစပ်ဟရင် အလင်း တောက်တဲ့ အာစက်ပါလို့ အနော်ရထာမင်းကြီး သထုံပြည်ကို လက်ရောက် သိမ်းပြီးနောက်ပိုင်း မနူဟာမင်းကို စိုးရိမ်တော်မူတယ်။

ရာဇဝင်အဆိုအရ သထုံဘုရင်မနူဟာကို ရွှေစည်းခုံဘုရားမှာ လှူတော်မူတယ်လို့ ရေးထားတာ ဖတ်ရဖူးတယ်ခင်ဗျ။

ဘုရားကို အလုပ်အကျွေးပြုသူသဘော တစ်နည်း ဘုရားပိုင်ဖြစ် သွားသလိုမျိုးပေါ့။

နောင်တော့ အနော်ရထာက မနူဟာမင်းရဲ့ အာခံတွင်းက အာ စက်အလင်းကို စိုးရိမ်လို့ မှူးမတ်များကို မေးတော်မူတယ်။

"မင်းကြီးတို့ . . . နန်းကျဘုရင် မနူဟာမင်းရဲ့ခံတွင်းက စကား ပြောတိုင်း စက်ရောင်လင်းတာ ဘာဖြစ်လို့တုံး . . . မင်းကြီးတို့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ ... ဘုန်းရှိတဲ့မင်းတို့မှာ ထူးထူးခြားခြား ပါတတ်တဲ့ အာစက်ပါဘုရား။ ဤအာစက်သည် ပြောလျှင် ပြောသည့်အတိုင်း ဖြစ်တတ်ပါသည်ဘုရား"

"စိုးရိမ်ဖွယ်ပါလား ... မင်းကြီးတို့"

"မှန်ပါဘုရား"

"မနူဟာရဲ့ခံတွင်းက အာစက်ရောင်ပျက်သုဉ်းအောင် မည်သို့ ပြုလုပ်လျှင် ဖြစ်နိုင်မှာပါလဲ ... မင်းကြီးတို့"

"မှန်ပါ ...။ ဘုရားဆွမ်းတော်စွန့်ပြီး ကျေးငှက်တိရစ္ဆာန်များဖို့ စွန့်တဲ့ ဆွမ်းတော်ကျန် ကျေးစွာ၊ ငှက်စာတို့ကို နေ့စဉ်မပျက် ကျွေးမွေးပါက ဘုန်းကံများနိမ့်၍ ခံတွင်းမှအာစက်များ ပျက်စီးပျောက်ကွယ်ပါလိမ့်မည် ဘုရား"

"ကောင်းပြီ ... ငါနှင့်ယှဉ် ဘုန်းပြိုင်သူသည် ပုဂံမှာ မရှိစေရ။ သင်တို့ အဆိုပြုချက်အတိုင်း ဘုရားဆွမ်းတော်ကျ ငှက်စားအစာများကို မနူဟာထံ နေ့စဉ် ပို့စေ"

"မနူဟာဘုရင်ဟာ အကျဉ်းစံဘဝပါ"

စကားတစ်ခွန်းလောက် မှားတာနဲ့ ဗုဒ္ဓသာသနာ ထွန်းကားစည် ပင်ပြီး ယဉ်ကျေးမှုတွေ တိုးတက်ဝေဆာတဲ့ သထုံမင်းနေပြည်တော်ကြီး ပျက်စီးလို့ သူပါ ပုဂံအနော်ရထာမင်းရဲ့သုံ့ပန်း ဖြစ်ခဲ့ရတာပါ။

အနော်ရထာမင်း ပုဂံပြည်ကို အုပ်ချုပ်နေတုန်းက ပုဂံနယ်တစ် ဝိုက်မှာ ဗုဒ္ဓသာသနာ မထွန်းကား မကြားဖူးကြသေးဘူး။

အရည်းကြီးရဟန်းသူယောင်တို့ရဲ့ တန္တရဝါဒ၊ မန္တရဝါဒ ကြီးစိုးနေ တယ်။ အရည်းကြီးခြောက်သောင်းကျော် ကြီးစိုးနေတယ်။

သမုတိရာဇ်မင်းလက်ထက်ကတည်းက အရည်းရဟန်းကိုးကွယ်မှု က ရှိနေတာ။ အနော်ရထာအုပ်စိုးချိန်မှာလည်း အားကောင်းတုန်းပဲ။





'အရည်း' ဆိုတဲ့ အဓိပ္ပာယ်ကို ကျောင်းသုံး မြန်မာရာဇဝင်မှာ အဓိပ္ပာယ်ဖွင့်ထားတာက ဒီလိုခင်ဗျ။

အရည်းက အရိယဟူသောပါဠိမှ လာသဖြင့် ဝိနယ–ဝိနည်း၊ ပစ္စယ –ပစ္စည်းဟု ပြန်သကဲ့သို့ မြန်မာမှု၌လည်း အရည်းခေါ်ဟန်တူတယ်လို့ ဆို ထားရဲ့ခင်ဗျာ။

ပုဂံရာဇဝင်ဟောင်းနဲ့ ရာဇဝံသ ဒီပကာကျမ်းမှာ 'အရဲ' လို့ ရေး သတဲ့။ အရည်းကြီးရဟန်းတို့ရဲ့ ရုပ်ပုံကို အနန္တသူရိယတည်ထားတဲ့ မင်းနန်သူဘုရား လိုဏ်မုခ်မှာ ပန်းချီရေးခြယ်ထားသည်ကို တွေ့ရသည် တဲ့။

ကျွန်တော်တို့ ပုဂံကိုရောက်တော့ ရာဇဝင်စာအုပ်မှာ ဆိုထား သည့်အတိုင်း မင်းနန်းသူရွာက မင်းနန်းသူဘုရားလိုဏ်အတွင်း ပုဂံခေတ် ဆေးရေးပန်းချီထဲက အရည်းကြီးတို့ရဲ့ရုပ်ပုံကို တွေ့ခဲ့ရတယ်။

'ရှေးစာဆိုတဲ့ အတိုင်းပါပဲခင်ဗျာ'

ရှေးအတီတေ ပုဂံပြည်တွင်
ဆံကေသာ လက်လေးသစ်
မုတ်ဆိတ်မွေး ဗရပျစ်နှင့်
မည်းညစ်သည့် စီဝရံ
တာတေလံ အကျင့်ဆိုးသော
ရှင်သိုးတကာ့ထိပ်ခေါင်ကြီး ရှင်မထီးနှင့် ...

လို့ စာဆိုခဲ့သည့်အတိုင်း ဆေးရေးပန်းချီမှာ တွေ့ခဲ့ရတယ်။

သူတို့ကို ရှိုရှိုသေသေ 'မထီး' လို့ခေါ်ရတယ်။ အရည်းကြီးတို့ နေတဲ့အရပ်က 'သမထီး' အရပ်တဲ့ခင်ဗျာ။ ယခု ပုဂံမြို့ဟောင်း တောင် ဘက်ယွန်းယွန်း မြန်မာတစ်တိုင်ကျော်အကွာမှာ ရှိခဲ့တယ်။ ရှေးကျောက်စာမှာ တော့ 'သစ်မတည်' လို့ ခေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရည်းခေါင်းဆောင် သုံးကျိပ်နှင့် တပည့်ခြောက်သောင်းတို့ အား

ကောင်းခဲ့တဲ့ အရပ်ပေါ့ခင်ဗျာ။

ရာဇဝင်အဆိုအရ 'သိုက်တိုင်မင်း' လက်ထက်ကနေ ညောင်ဦး စောရဟန်းမင်းနှင့်တကွ ပုဂံတစ်ပြည်လုံး အရည်းတို့အယူကို ဘာသာ အစစ်အမှန်အဖြစ် ယူကြသတဲ့။

သူ့အသက်ကိုသတ်ပြီး သူတို့စီရင်တဲ့ပရိတ်ကို ရွတ်ပါက အပြစ် လွတ်တယ်၊ ငရဲမကျဘူး။

ပိုဆိုးတာက ပန်းဦးလွှတ်တဲ့ အယူကို ဖန်တီးခဲ့ကြတာပဲ။

ပုဂံအဦးအစတုန်းက သမီးပျိုတစ်ဦး အိမ်ထောင်ပြုမယ်ကြံရင် ဦးစွာ အရည်းမထီးထံကို ညအိပ် မုံမောင်းတီးပြီး ပျော်ရွှင်စွာ ပို့ပေးရတယ်။ အရည်းကြီးရဟန်းက သူမရဲ့ အပျိုရည်ပန်းဦးကို ကျေနပ်အောင် ရယူတယ်။ မိုးလင်းရင် မိဘများက အပျိုရည်ပျက်တဲ့သမီးကို လာပြန်ခေါ်ပြီး အရည်း တို့သတ်မှတ်တဲ့ ရက်ကောင်းရက်မြတ်နေ့မှာ ချစ်သူသတို့သားနဲ့ တရားဝင် လက်ထပ်ရတယ်။ မျက်မှောက်ခေတ် အတွေးအခေါ်နဲ့ ပြန်စဉ်းစားရင် အလွန့်ကို ယုတ်မာတဲ့ အပြုအမူပဲဗျာ။ သို့သော် ဗုဒ္ဓရဲ့ တရားစစ် တရားမှန် မရရှိသေးတဲ့ ကာလဆိုတော့ ...

အရည်းကြီးတို့ ကာမမှု ကျူးလွန်သမျှကို ကုသိုလ်ရတယ်လို့ အရည်းကြီးပြောသည့်အတိုင်း ပုဂံသားတို့ လိုက်နာခဲ့ရတယ်။

အဲဒီ ကာမဂုဏ်အညွန့်ခူးစားတာကို ယဉ်ယဉ်ကျေးကျေး လှ ကြားကောင်းအောင် ပြောတဲ့စကားက ...

'ပန်းဦးလွှတ်' တယ်တဲ့။

'ပန်းဦးအလှူ' တဲ့။ ဖွီ ...။

လူမျိုးခြား ရာဇဝင်ဆရာတို့ အဆိုအရ အရည်းကြီးတို့ရဲ့ အယူ ဝါဒဟာ အိန္ဒိယပြည် မြောက်ပိုင်းကလာတဲ့ မဟာယာနခေါ် တိဗက်ဗုဒ္ဓဘာသာ ပျက်လို့လည်း ကျောင်းသုံးရာဇဝင်မှာ ဆိုထားသကိုး။

စိတ်ကူးသစ်စာပေ



ပုဂံကိုအုပ်ချုပ်တဲ့ အနော်ရထာဘုရင်လည်း အရည်းတို့ကို မနှစ် သက်သော်လည်း လက်ပိုက်ကြည့်နေရတယ်။

အရည်းတို့က ပွဲကျောင်းတွေဖွင့်၊ လက်ဝှေ့၊ နားပန်း၊ ဓားသိုင်း၊ ထုံးသိုင်း၊ တုတ်သိုင်း ပညာရပ်တွေ သင်ပေး။ တပည့်တွေ မွေးထားတော့ တိုက်ပွဲဝင်နိုင်သူ ခြောက်သောင်းကျော်ရှိ ဆိုပဲ။ ပုဂံသားတွေ မိစ္ဆာဒိဋ္ဌိအယူ တာ ပျောက်ချင်တော့ ...

တစ်နေ့ ... သုဝဏ္ဏဘူမိ သထုံပြည်က ဓမ္မဒဿီခေါ် ရဟန္တာ ရှင်အရဟံ ပုဂံကိုရောက်လာပြီး ဗုဒ္ဓဂေါတမရဲ့ သရဏဂုံအပါအဝင် တရား ဆောင်း၊ တရားမြတ်၊ တရားစစ် ဟောကြားတာကို နာကြားလိုက်ရရော–

ဘုရင်အနော်ရထာ လွန်စွာ ဝမ်းသာသွားတယ်။

"အရှင်ဘုရား ... အခု အရှင်ဘုရားဟောသည့် ပိဋကတ်သုံးပုံ ဆိုတာ မည်သည့်အရပ်မှာ ရှိပါသလဲ ဘုရား"

"မွန်လူမျိုးတို့ အုပ်ချုပ်မင်းလုပ်တဲ့ သထုံဘုရင် မနူဟာမင်းထံ မှာ ဘုရားဟော ပိဋကတ်သုံးပုံ ရှိပါတယ်။ လိုသမျှ သွားရောက်ပြောဆို ရယူပါ ... မင်းကြီး"

"မှန်ပါ ... ဝမ်းမြောက်ဝမ်းသာ ဖြစ်ရကြောင်းပါ ဘုရား"

သည့်နောက် သံတမန်တို့ကို စေပြီး သထုံဘုရင် မနူဟာမင်းထံ မှာ ပိဋကတ်သုံးပုံအနက် အချို့ကို ပြန်လှူပေးကမ်းပါရန် စေလွှတ်တော် မူတယ်။

သထုံဘုရင် မနူဟာသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည် မှန် ပါသော်လည်း မောက်မာတဲ့စကားကို တရားလက်လွတ် ပြောလိုက်မိပုံ တာ ..

"သံတမန်ကြီးတို့ ..."

"သင်တို့တိုင်းပြည်အမည်က မည်သို့ခေါ်သလဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ပေါက္ကံရာမဟုလည်း ခေါ်ပါသည် ... မင်းကြီး။ အရိမဒ္ဒနာလို့လည်း ခေါ်ပါသည် မင်းကြီး။ ပုဂံလို့လည်း ခေါ်ပါသည် အရှင်မင်းကြီး''

[ပုဂံဆိုသည့် ဝေါဟာရသည် ပုဂါမ၊ ပျူဂါမ မှ လာသည်။ ပျူရွာဟုလည်း ဆိုသည်။ ကလျာဏီကျောက်စာမှစ၍ ရှေးဟောင်းကျောက်စာများ၊ မှင်စာများမှာ (ပုဂါမ–နဂရ) လို့ ရေးကြသည်။ နောင်အခါ ပုဂံဟု ခေါ်ကြသည်။ ပုခန်းကို 'ပခန်း' ဟု ဖတ်သကဲ့သို့၊ ပုသိမ်ကို 'ပသိမ်' ဟု ဖတ် သကဲ့သို့၊ ပုဂံကို ပဂံ' လို့ ဖတ်ကြသည်။ အချို့က သမ္မုတိရာဇ်မင်း တည်ထောင်သည့် မြို့ကို 'ပေါက္ကံ' ခေါ်သည်တဲ့၊ ရွှေစည်းခုံဘုရားသမိုင်းလက်မှာ ပေါက်ပင်နှင့် ကန် ရှိသည်ဟန်ကြောင့် ပေါက္ကံခေါ်တွင် ... ဟုလည်း ရေးကြသည်။

ဝေါဟာရ၊ လိနတ္ထဒီပနီတွင် 'ပုဏ္ဏဂါမ'မှ 'ပုဏ္ဏဂံ' ၊ ထိုမှ 'ပုဂံ' ဖြစ်ကြောင်းဆိုသည်။ ပုဂံကား ပျူရွာ၊ ပျူမြို့။ ပုဂံမင်းကား ပျူမင်းဖြစ်သည်လို့ မဇ္ဈိမဒေသ မဟာဗောဓိရှိရာ ကျောက်စာမှာရေးတာလည်း ရှိပါသည်။ 'ပျူတစ်သိန်းမင်း' ဟုလည်း ခေါ်သည်။ ရွှေစည်းခုံသမိုင်းဟောင်း၌ 'ပေါက္ကံရာမ၊ အရိမဒ္ဒနာ၊ ပုဏ္ဏဂါမ၊ တမ္ပဝတီ၊ သီရိပစ္စယာ၊ သမ္မုဏ္ဏဂါမ၊ ပဏ္ဏုပလာသ၊ နာဂရုတ္တမ၊ ပရမပုရ၊ သမာဓိနာဂရ၊ တမ္ပဒေသ၊ ဝေလုကာရာမ၊ ပုဂံဟူ၍ (၁၃) ပါး ပြဆိုသည်ဟု ကျောင်းသုံးရာဇဝင် အောက်ခြေမှတ်စုမှာ ရေးသားထားပါသည်။ ထားဝယ်သားတို့သည် မြန်မာကို ပုဂံသားဟု ရှေးတုန်းက ခေါ်ကြသည်ဟုလည်း သိရသည်။]

''သင်တို့ ပေါက္ကံရာမဘုရင် နာမည်ကရော''

''အနော်ရထာမင်းကြီးဟု ခေါ်ပါသည် ... အရှင်မင်းမြတ်''

''သင်တို့ ပေါက္ကရာမ ပုဂံသားတွေသည် ရှေးဘိုးဘေး မင်းအဆက်ဆက်စပြီး ယခုပုဂံမင်း အနော်ရထာတိုင်အောင် မည်သို့သောဘာသာ ကိုးကွယ်အယူကို ဆည်းကပ်ကြသလဲ ... သံကြီး''





''မှန်ပါ ... သိုက်တိုင်မင်း၊ ညောင်ဦးစောရဟန်း မင်းမှသည် ပုဂံပြည့်ရှင် အနော်ရထာမင်းတို့ သာသနာတော်အစစ်အမှန်ကို မကြုံမကြားရပါသောကြောင့် အရည်းကြီးတို့ ဝါဒကိုသာလျှင် တိုင်းသူပြည်သားတို့ ကိုးကွယ်အားထားရဘာသာအဖြစ် ယုံမှတ်ကိုးကွယ်ခဲ့ရပါသည် အရှင်။ ယခုအခါ အရှင်မင်းကြီးရဲ့ မင်းနေပြည်တော်မှ ရှင်အရဟံရဟန်း ပုဂံရွှေနန်းတော်သို့ ကြွရောက်လာပြီးနောက် ဗုဒ္ဓဂေါတမ ဘုရားရှင်ရဲ့ တရားစစ်၊ တရားမှန်ကို နာကြားရပြီး သရဏဂုံ တည်ခဲ့ရပါသည် ဘုရား။ ဒါကြောင့် မင်းမှသည် တိုင်းသူပြည်သားများ အရှည်သဖြင့် ဗုဒ္ဓဂေါတမဘုရားရှင်ရဲ့ တရားစစ်တရားမှန် ဓမ္မစစ်တို့ကို ကိုးကွယ်နာယူပြီး ထေရဝါဒ အမျိုးကောင်းသားများ ဖြစ်လိုပါ၍ အရှင်မင်းကြီးထံမှ ရှိတော်မူသည့် ပိဋကတ်သုံးပုံအနက် အချို့ကို မျှဝေပေးပါရန် ပုဂံမင်း အနော်ရထာရဲ့ကိုယ်စားလာရောက်လျှောက်ထားရပါသည် ... အရှင်မင်းမြတ်''

''ဟား ... ဟား ... ဟား ... ဟား ... ဟား ... အရိုင်းအစိုင်းသား အရည်းကြီးကိုးကွယ်သူတွေက မြတ်ဗုဒ္ဓဘုရားရှင်ရဲ့ ပိဋကတ်သုံးပုံကို လိုချင်သတဲ့လားကွယ်။ ဟား ... ဟား ... ဟား ... ဟား ... မင်းတို့ဘုရင် အနော်ရထာကို ပြန်လျှောက်တင်လိုက်။ အရိုင်းအစိုင်း ပုဂံသားတွေနဲ့ ဘုရားရှင်ရဲ့ပိဋကတ်သုံးပုံ လုံးဝ မထိုက်တန်ဘူးလို့''

''အရှင် ...''

''ငါ့နန်းတော်ထဲကနေ ပုဂံသား အရိုင်းအစိုင်းတွေ ခုချက်ချင်းထွက်စေ''

မာနခက်ထန်တဲ့ စကားတစ်ခွန်း။

'ငါ ... ငါ' မာန်တက်တဲ့ စကားတစ်ခွန်းကြောင့် အနော်ရထာဘုရင် ဒေါသပေါက်ကွဲပြီး သက္ကရာဇ် (၄၁၉) ခုနှစ်မှာ သုဝဏ္ဏဘူမိသထုံပြည်ကို စစ်ချီတိုက်ခိုက်ခဲ့တာ သထုံမြို့ကြီး ပျက်ပါရောလားဟူ၍ မာန်ထတ်



www.burmeseclassic.com

www.burmeseclassic.com



မာနကြီးနေတဲ့ သထုံဘုရင် မြို့ရိုးပြစည်းကောင်းကောင်းနဲ့ နေ့ရက်ရှည်ကြာ အသေအကျေ ပြန်ခုခံခဲ့ပေမဲ့ . . .

ပုဂံအနော်ရထာမင်းရဲ့ သူရဲကောင်းများဖြစ်တဲ့ ကျန်စစ်သား၊ ငထွေရူး၊ ညောင်ဦးဖီး၊ ငလုံးလက်ဖယ်ရယ်၊ ဗျတ္တတို့ရဲ့ အစွမ်းကြောင့် သထုံပြည်ပျက်ပြီး မနူဟာမင်းကိုပါ အကျဉ်းသားအဖြစ် ပုဂံကို ခေါ်ပြီး မြင်းကပါအရပ်မှာ အလုပ်အကျွေးနဲ့ နေစေတယ်။

မနူဟာမင်းနဲ့အတူ ဓာတ်တော်မွေတော်၊ ပိဋကတ်တော်၊ ဆင်ဖြူ(၃၂)စီး၊ ဆင်မြင်း အလုံးအရင်း၊ ကျမ်းဂန်တတ်တဲ့ ရဟန်းသံဃာတော်များ၊ လက်မှုပညာသည်များကိုပါ ပုဂံကို ခေါ်ဆောင်ခဲ့ပြီး အရှည်ကြီး ခြောက်သောင်းကို သုတ်သင်ရှင်းလင်းကာ ဗုဒ္ဓသာသနာတော်ကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်ပြန့်ပွားအောင် ပြုတဲ့ သာသနာပြုမင်း ဖြစ်ခဲ့ရတယ်။

ဒီနေရာမှာ ဗုဒ္ဓဘုရားရှင်ရဲ့ ထေရဝါဒ ကိုးကွယ်သူစင်စစ် ဖြစ်ပါလျက်နဲ့ စကားပြော ရိုင်းစိုင်းမောက်မာမိလို့ သူ့ကျွန်ဘဝ ရောက်ခဲ့ရတာက သထုံဘုရင် မနူဟာပါ။

သူ့အာခံတွင်းက အာစက်ဝင်းဝင်းတောက်ခဲ့ပေမင့် သူဟာ ရာဇာဘုရင်မဟုတ်တော့ဘူး။ အနော်ရထာမင်းရဲ့ သုံ့ပန်း၊ ကျွန်။

အဲဒီ ဘုရားဆွမ်းကပ်ပြီး ကျိုးငှက်တိရစ္ဆာန်စားဖို့ ခွန့်ထားသည့် ဟင်း၊ ထမင်း၊ သစ်သီးဝလံ စားဖတ်များကို စားတော်အုပ်နဲ့ မင်းချင်းတို့က နန်းဘုရားမှာနေရတဲ့ မနူဟာ အကျဉ်းစံထံ ပို့ပေးကြတာပေါ့။

မနူဟာမင်းကလည်း ဘုရားဆွမ်းတော်ကျ ကြက်စာ၊ ငှက်စာ တိရစ္ဆာန်စားပြီးသားမှန်း မသိတော့ နေ့စဉ် စားတော်ခေါ်တာပေါ့ဗျာ။ အဲဒီဆွမ်းတော်ကျ စားပြီးချိန်ကစပြီး သထုံနန်းကျဘုရင် အကျဉ်းစံ မနူဟာရဲ့ အာခံတွင်းက ဝင်းဝင်းလက်လက်စက်တွေ ပျောက်ကုန်ပါရောလားဗျာ။





အာခံတွင်းက ဝင်းဝင်းလက်လက်နေတဲ့ မနူဟာဘုရင်ရဲ့ နောက်ဆုံးဘုန်းရောင်ပါ အခု ပျောက်ကွယ်သွားပြီ။

မနူဟာ နန်းကျဘုရင်ကလည်း ပညာမဲ့ဘုရင် မဟုတ်ဘူးလေ။

သဘောပေါက်သွားပြီ။ ဒါ ပုဂံဘုရင် အနော်ရထာမင်းရဲ့ လုပ်ကြံမှု။ သူ နောင်တလည်း ရတယ်၊ ဒေါသလည်း ဖြစ်ခဲ့ရတယ်။

ဒါကြောင့် ပါလာသည့် ကိုယ်ဝတ်ရတနာများကို ရောင်းချပြီး ပုဂံမြင်းကပါရွာမှာ ဘုရားတစ်ဆူတည်ခဲ့တယ်။ မနူဟာကောင်းမှုတဲ့။

ဘုရားရဲ့ဘွဲ့အမည်က မနူဟာဘုရားတဲ့။

ပုဂံမြင်းကပါကို ရောက်ရင် ကြည့်ဖြစ်၊ ဖူးဖြစ်အောင် ဖူးကြပါဗျာ။ မဖူးခင်မှာ ကျွန်တော်ရေးတဲ့ဇာတ်ကလေး မြည်းပြီး သွားကြည့်ရင် နန်းကျဘုရင် မနူဟာရဲ့ဘဝကို ကိုယ်ချင်းစာမိမှာပါ။

မနူဟာရဲ့ကောင်းမှုတော် ဗုဒ္ဓရုပ်ပွားတော်ကြီးဟာ အလွန်ကို ကြီးမားလှပါတယ်။ သို့သော် ရုပ်ပွားတော်ကြီးရဲ့ဦးခေါင်းက ခေါင်မိုးနဲ့ ထိနေသလို၊ ဒူးတော်၊ လက်တော်နှစ်ဖက်လည်း ဘေးအုတ်နံရံနဲ့ ထိနေပုံဟာ မနူဟာဘုရင်ရဲ့ ခံစားချက်ပဲ။ ဘုရားနှစ်ဆူစလုံး မွန်းကြပ်ပိတ်လှောင် စိတ်ဓာတ်ကျနေပုံပဲဗျာ။

နန်းကျဘုရင် မနူဟာက ပုဂံရဲ့သုံ့ပန်းအကျဉ်းသားဘဝမှာ စိတ်ရောကိုယ်ပါ ကျဉ်းကျပ်စိတ်ဆင်းရဲခဲ့ရတာကို မနူဟာကောင်းမှုတော်မှာ စိတ်ခံစားချက်ကို သရုပ်ဖော်ခဲ့တယ်။

မနူဟာရဲ့ စိတ်ခံစားချက်သရုပ်၊ အကျဉ်းဘုရား ပုံသဏ္ဌာန်ဟာ နောင် ခေတ်တိုင်းခေတ်တိုင်းမှာ သူ့ရဲ့ဘဝ ခံစားချက်ကို လူသိစေအောင် လုပ်ခဲ့တာပါပဲ။

မနူဟာဘုရင်ဟာ သူစိတ်ခံစားချက်ဘုရားကို တည်ပြီးနောက် အနော်ရထာဘုရင် ဖျက်ဆီးမှာစိုးလို့ထင်ရဲ့ ကျိန်စာ ရေးထိုးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကောင်းမှုကို ဖျက်စီးအံ့ကား ကမ္ဘာအဆက်ဆက် ဘုရားမဖူးရစေသော်။ ဘုရားတကာ ချွတ်၍မကျွတ် ပဉ္စနန္တရိယ်ငရဲကြီး၌ ခံစေလို့ ကျိန်ဆိုထားခဲ့လို့ အနော်ရထာလည်း မဖျက်ရဲရှာဘူးပေါ့လေ"

မနူဟာသည် မနူဟာဘုရားအပြင် နန်းဘုရားကို တည်ခဲ့တယ်။ နောင်တော့ အနော်ရထာမင်းက မနူဟာမင်းကို ရွှေစည်းခုံဘုရားမှာ လှူခဲ့တယ်တဲ့။ အနော်ရထာလည်း ရက်စက်တာပဲနော်။

အင်းလေ ... အာခံတွင်းက စက်ပဲပါပါ၊ သိကြားမင်းက လေးပဲဆက်ဆက်၊ ပျက်ချိန်တန်ရင် စကားတစ်ခွန်း အပြောမတတ်တာနဲ့ တိုင်းပြည်ပါ ပျက်ရတာပဲ။ ဒွတ္တဘောင်မင်းနဲ့ မန်ထွာဘုရင်မ ဘုန်းကံပျက်ရတာလည်း အပြောကြောင့် အပြုအမူများရာက စတာပဲ။

✿ ✿ ✿

[၅]

❑

ရှေးမင်းတို့ရဲ့ ဂမ္ဘီရဆန်တဲ့ ဘုန်းကံကြီးပုံကို ပြောပြီးရင် နောက်ဆုံး ဘုန်းကံလျှောချိန်ကိုလည်း သိရပြီး ဖြစ်ပါလိမ့်မယ်ခင်ဗျ။

ဒါကြောင့် ဂေါတမမြတ်စွာဘုရားရှင်က ကြိုဟောခဲ့တာပဲလေ။

အားလုံး သင်္ခါရတဲ့။ အနိစ္စတဲ့။

သို့သော် သူတို့ဘုန်းကံကြီးပုံက အလွန့်ကို ထူးဆန်းတယ်။ သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်လည်း ဘုန်းကံကြီးပုံ အလွန်ဆန်းတာပဲ။ ဒါနှင့်အတူ ဗိသနိုးဘုရင်မပန်ထွာလည်း ကြီးကျယ်သော ဂမ္ဘီရဘုန်းကံတွေနဲ့ ပြည့်စုံခဲ့တာပဲ။

သို့သော် ...

ရာဇာမင်းကေရာဇ်တို့ရဲ့ ဘုန်းပြိုင်ချင်တဲ့ စိတ်ဆန္ဒ၊ လက်အောက်ခံလိုချင်တဲ့ စိတ်ဆန္ဒ၊ မင်းပေါင်းတစ်ရာခစားရတဲ့ ထီးဖြူဆောင်းမင်းဖြစ်ချင်လို့ နယ်ပယ်ချဲ့တာကနေ နောက်ဆုံး ရာဇဝင်မှာ ချစ်သူမများကြဘဲ မုန်းသူတွေ များခဲ့ရတဲ့ဘဝကို မင်း၊ ရှင်ဘုရင်တွေ ခံစား ရရှိခဲ့ကြတယ်။

ခု ... ကြည့်စမ်း။

သူ့ထီး၊ သူ့နန်း၊ သူ့အချစ်၊ သူ့မေတ္တာနဲ့ စည်ပင်ဝပြောတဲ့ ဗိသနိုးမြို့ကြီး ဒွတ္တဘောင်မင်းကြောင့် ကြေမွပျက်စီးခဲ့ရပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဗိဿနိုးမြေပေါ်မှာ သွေးချောင်းတွေ စီးခဲ့ကြ။

ရန်ပယ်ချောင်းထဲမှာ လူသေအလောင်းတွေ ပုပ်ပွစီးမျော ကျိုးတသောသောနဲ့ လင်းတ တဆူဆူ ဖြစ်ခဲ့ရ။

စစ်နိုင်ရသူ ဒွတ္တဘောင်ရော၊ လွှန်စွာချောမောလှပတဲ့ ပန်ထွာဘုရင်မရဲ့အချစ်ကို ရခဲ့လို့လား။

ပန်ထွာဘုရင်မကရော ဘုန်းရှင်ကံရှင် ဒွတ္တဘောင်ကို ဘယ်လိုချစ်ပြခဲ့တုံး။

ဘုရင်မရဲ့အချစ်က သီရိခေတ္တရာမှာ ကျောက်စာ ထူခဲ့လို့လား။

သူမက ဘယ်သူ့ကို ချစ်ခဲ့ရတာလဲ။

စစ်နိုင်ရင် ငြိမ်းချမ်းရေးစစ်စစ် ရရဲ့လား။

စစ်နိုင်ရင် အချစ်စစ်၊ အချစ်မှန်ရော ရခဲ့ပါရဲ့လား။

ဘုန်းရှင်၊ ကံရှင် သီရိခေတ္တရာပြည့်ရှင်မင်းကြီး ဒွတ္တဘောင်။

အရှင်မင်းကြီး ချစ်မြတ်နိုးလွန်းလို့ ချစ်သူပန်ထွာမိဖုရားကြီးကို ရည်စူးပြီး အမှတ်တရတည်ခဲ့တဲ့ မင်းပေါင်းစုတည်ဘုရားကိုရော သွားလေသူ ပန်ထွာဘုရင်မကြီးရဲ့ ဝိညာဉ်တော်က လာရောက်ဖူးမြော်ပါရဲ့လား ... မင်းကြီးခင်ဗျာ။

နောင် နှစ်ပေါင်းများစွာ အမုန်းတွေ ရင့်သန်ထွားကျိုင်းခဲ့ရတဲ့ ဘဝ၊ အခု သင်တို့ဘဝပြောင်း ဝိညာဉ်တွေကရော ပရလောကမှာ ပြန်ဆုံကြသေးရဲ့လား။

အရှင်မင်းကြီးကရော မိဖုရားဝိညာဉ်ရှေ့မှာ ဒူးထောက်ပြီး သစ္စာတိုင်ရတုတို့၊ မင်းပေါင်းစုတည် ဘုရားတိုင်ရတုတို့၊ လွမ်းရစ်ဝေသီစွာ ရွတ်ပြခဲ့ပြီးပါပြီလား။

ပန်ထွာဘုရင်မကြီးရဲ့ ဝိညာဉ်ဘဝသစ်ကရော မင်းကြီးရဲ့ ရင်ကွဲဆို့နစ် အချစ်ရတုကဗျာရွတ်သံကို နားဆင်ရင်း အရှင်မင်းကြီးကို ပြုံးတော်မူပြခဲ့လား။

ခွင့်လွှတ်သနားခြင်း၊ ကရုဏာတော်မြတ်ကို မင်းကြီးရဲ့ အရှင်မင်းကြီးရဲ့ ဝိညာဉ်တော်ဘဝသစ် ရင်ညွန့်ပေါ်မှာ တယုတယ စိုက်ပျိုးပေးခဲ့ရဲ့လား။





မင်းကြီးရဲ့ ရွှေလက်ကို ဖယောင်းလက်နုနုနဲ့ တယုတယကိုင်ဆုပ်ပြီး အရှင်ရဲ့ နဖူးပြင်ပေါ်မှာ အနမ်းလရောင်ကို ရေးဖွဲ့ပါပြီလား။

မင်းမြတ်အရှင် ဒွတ္တဘောင်။

ဘုန်းကံအင်အား စွမ်းပကားဖြင့်လည်းကောင်း၊

သေးသိမ်စုပ်ပွဲ့သည့် စစ်မဟာဗျူဟာ အားဖြင့်သော်လည်းကောင်း၊ သေစေတတ်သော လက်နက်များရဲ့ အားကိုးနှင့်သော်လည်းကောင်း တိုင်းပြည်တစ်ပြည်ကို မီးလောင်တိုက်သွင်း သွေးမျက်ရည်ကျ အနိုင်ရချင် ရခဲ့ပါမည်။

သို့သော် ပျက်စီးယိုယွင်း စစ်တလင်းကြေမွ သွေးမျက်ရည် အိုင်ထွန်းခဲ့ရတဲ့ စစ်ရှုံးသူ တိုင်းသူပြည်သားတို့ရဲ့ အချစ်ကို သင် ကမ္ဘာတည်သည့်တိုင် ရလိမ့်မည်မဟုတ်။

သည် ရက်စက်ခြင်းနှင့် အမုန်း၊ အညိုးအတေး၊ ကလဲ့စားတို့ရဲ့ ဘဝဖြစ်စဉ်တွေကို နောင်းလူတွေကရော ဩဘာလက်ခုပ်တီး ကောင်းချီးပေးမည်လို့ရော အရှင် စဉ်းစားဖူးခဲ့ရဲ့လား။

ဒီအတွေးတွေကို ကျွန်တော် ပြည်၊ သီရိခေတ္တရာကို ရောက်တုန်းကလည်း တွေးကြည့်မိတယ်။

အခု ကျွန်တော် ပန်ထွာဘုရင်မကြီး လွှမ်းခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ဝန်းကျင်ခန့်က ဘုရင်မကြီးလုပ် အုပ်ချုပ်ခဲ့တဲ့၊ ခေါင်းချခဲ့တဲ့ ဗိဿနိုးမြို့ဟောင်း နန်းတော်ရာကို ခြေချမိနေပါပြီ။

စောစောက ခံစားချက်အတွေးတွေကို ဗိဿနိုးမြို့ဟောင်းအပြန်မှာ ကျွန်တော် တွေးနေမိတယ်။

ဒွတ္တဘောင်ကို ပန်ထွာဘုရင်မ ဘာကြောင့် မုန်းရတာလဲ။

ဟုတ်ပေပေါ့ဗျာ .. စစ်နိုင်ဘုရင်ဆိုတာ ရန်သူဘုရင်မ၊ ရန်သူ့မိဖုရားကို လက်ရသိမ်းပိုက်ချင် သိမ်းပိုက်နိုင်မယ်။

သို့သော် စစ်ရှုံးဘုရင်မ မိဖုရားတို့ရဲ့အချစ်ကို သူတို့ မရနိုင်ဘူး။ ဘုရင်မင်းခေါင်ရဲ့ မိဖုရားကို စစ်ပွဲမှာ မွန်ဘုရင် လက်ရဖမ်းမိပြီး မိဖုရား

www.burmeseclassic.com



မြှောက်ခဲ့တယ်။ ဒီလိုပဲ မွန်မင်း ရာဇာဓိရာဇ်ရဲ့ သမီးတော်ကို စစ်ပွဲမှာ အင်းဝဘုရင်မင်းခေါင် လက်ရဖမ်းမိပြီး သိမ်းပိုက်ခဲ့တယ်။

အဲဒီမိန်းမသားတို့ရဲ့ ကာမတဏှာကို အာဏာလက်နက်ကြောင့် ရချင်ရခဲ့မယ်။ သူမတို့ရင်ထဲက အချစ်ကို အဲဒီမင်းကြောဇ်ကြီးတွေ မရခဲ့ဘူး။

ဒါ စစ်ကြောင့်ဖြစ်ခဲ့ရတဲ့ ...

ချစ်သောသူနှင့် ကွေကွင်းရသော ဒုက္ခဆင်းရဲ။

မချစ် မနှစ်သက်သူနှင့် ပေါင်းရသော ဒုက္ခဆင်းရဲ။

သီရိခေတ္တရာပြည့်ရှင်မင်းမှာ မှဲ့ရှင်တော်ပါပြီး ဘုန်းကံကြီးမားခဲ့တယ်။ သူက ခမည်းတော် မဟာသမ္ဘဝမင်း တည်ခဲ့တဲ့ ရသေ့မြို့ကို ချဲ့ပြီး သီရိခေတ္တရာမြို့ တည်ခဲ့သည့်မင်း။

ကြက်ပျံမကျ စည်ကားခဲ့တဲ့ နေပြည်တော်ကြီး။

ဒွတ္တဘောင်မင်းကြီး မည်မျှ ဘုန်းကံကြီးမားသည်လည်းဆိုရင် ဂဠုန်မင်းက လူသာမန်မင်းယောက်ျားတို့ လေးညို့တင်မပစ်နိုင်တဲ့ သံလေးသံမြားကို ဆက်သထားတယ်။ သိကြားမင်းက ဆက်သထားတဲ့ အရိန္ဒမာလှံပျံရယ်၊ သီလဝန်ဓားရယ် ရှိတယ်။

သီလဝန်ဓားဟာ ဆင်လည်ပင်းကို တစ်ချက်တည်းနဲ့ ပြတ်စေတဲ့ဓားပဲ။ နတ်စစ်သည်များလည်း ဆက်ထားဆိုပဲ။

ဒါ့အပြင် အဲဒီလို လက်နက်ဆန်းတွေရှိတာတောင် ဗိသနိုးပြည်ကို လွယ်လွယ်နဲ့ တိုက်လို့မရဘူး။

ဘယ်ရမှာလဲ။ ပန်ထွာဘုရင်မကလည်း ဘုန်းရှင်ကံရှင် ဘုရင်မကိုး။

ကောင်းပြီ ... ဘုန်းရှင် ကံရှင်နှစ်ဦးတို့ရဲ့ စစ်ပွဲကို သိရအောင် ပန်ထွာဘုရင်မဆိုတာ ဘယ်လိုလူစားမျိုးလည်း သိရအောင် ရာဇဝင်ကို တူးဆွ ကြည့်ကြရအောင်ခင်ဗျာ။

✿ ✿ ✿

[၆]

❑

ဒါ ဇာတ်အစမှာ ဖော်ပြခဲ့တဲ့အတိုင်း စန္ဒမုခီဘီလူးမရဲ့လက်ကို ...သားတို့ ဆုပ်ကိုင်ဖမ်းမိထားတော့ ဘီလူးမ ရုန်းလို့မရဘူး။

မျက်မမြင်မင်းသားညီနောင်ကလည်း မျက်စိမမြင်ပေမယ့် လူ...သားတို့ရဲ့ ဘုန်းကံရှိသေးတာကိုး ခင်ဗျာ။

တိုတိုပြောကြပါစို့ဗျာ ...

စာဖတ်သူတို့လည်း ရှေ့က သိခဲ့ပြီးပါပြီ။ စန္ဒမုခီဘီလူးမက သစ္စာ...ိုး ဆေးကုပေးလို့ မဟာသမ္ဘဝနဲ့စူဠသမ္ဘဝ မင်းသားမျက်မမြင်ညီနောင် ...ီနှစ်ကွင်း ပြန်အလင်းရတယ်။

[ဒါကြောင့် ပြောတာပေါ့။ မြန်မာနိုင်ငံမှာ ပထမဦးဆုံး မျက်စိ...ကုဆရာဝန်ဟာ စန္ဒမုခီဘီလူးမပါဆို။

မြန်မာလူမျိုးထဲမှာ အဖေအရင်းကိုသတ်တာ လူမိုက်ပဲ ... သိလား ...သား။ ဗိမ္ဗိသာရမင်းကြီးရဲ့သားတော် အဇာတသတ်မင်းသား။

---
စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်က အဖေအရင်းပြန်သတ်တဲ့ လူမိုက်တွေက ဖခင်နေမကောင်းတုန်း ခေါင်းအုံးနဲ့ဖိသတ်တယ်။ အဲဒါ အိမ်ရှေ့မင်းသား 'နရသူ'နောင်တော့ ကုလားကျမင်းလို့ ခေါ်တာပေါ့။

နောက်တစ်ယောက်က အနောက်ဘက်လွှန်မင်း (ခေါ်) မဟာဓမ္မရာဇာကို သူ့သားတော် မင်းရဲဒိဗ္ဗက သတ်လိုက်တာပဲ။

ငရဲက ပြန်မလွှတ်သေးတဲ့ အဇာတသတ်နောက်လိုက်တွေ အများကြီးပါဗျာ။]

မျက်စိနှစ်ကွင်း အလင်းရတော့ ဝမ်းသာလွန်းလို့ စန္ဒမုခီဘီလူးမကို စားဖွယ် မသိုးထမင်း၊ မသိုးဟင်းများကျွေးပြီး ပြန်လွှတ်လိုက်တယ်။

အဲဒီမှာ ဂမ္ဘီရဆန်းကြယ်ဖြစ်ရတာက စန္ဒမုခီဘီလူးမ။

လူပျိုမင်းသား မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝတို့ရဲ့ လက်ဆုပ်ကိုင်ခံရလို့ အပျိုစင် စန္ဒမုခီဘီလူးမ သာယာမိန်းမော ရာဂစိတ်ဖြစ်ပြီး မကြာခင် ကိုယ်ဝန်ရပါရောတဲ့ဗျာ။

ထောင်မှူးကြီးသိန်းဝင်းရေးတဲ့ ပန်ထွာဘုရင်မ စာအုပ်ထဲမှာတော့ စစ်ကိုင်းအရပ်က ရွှေနံကိုင်အမည်ရှိတဲ့ ဘီလူးမ အစာခိုးစားလို့ လက်ကိုဖမ်းကိုင် ယူမိသွားတာတဲ့။

ပြောရရင် ကျွန်တော်တို့ မြန်မာရာဇဝင်တွေက ဒဏ္ဍာရီဆန်လွန်းအားကြီးတယ်ခင်ဗျ။ သို့သော် အဲဒီ ဒဏ္ဍာရီပုံပြင်တွေကို အခြေခံအစပြုပြီး တရွေ့ရွေ့နှင့် လက်တွေ့ကျတာတွေ ဖြစ်လာတယ်။

အဲဒီလို ဒဏ္ဍာရီသမိုင်းကို အင်္ဂလိပ်လို Myth လို့ ခေါ်တယ်။ အဓိပ္ပာယ်က ဒဏ္ဍာရီပုံပြင်၊ ဒဏ္ဍာရီ – အစုအဝေး စိတ်ကူးယဉ်ခြင်း။

ဥပမာ – ရွှေတိဂုံဘုရားသမိုင်း။

ဗိသနိုးမြို့ဟောင်းသမိုင်း စသည်လို့ပေါ့ဗျာ။ ဒဏ္ဍာရီပုံပြင်တွေနှင့် နွယ်နေတယ်။

---
စိတ်ကူးသစ်စာပေ



ထားတော့ . . . ကျွန်တော်ကတော့ လူပြောများတဲ့ စန္ဒမုခီဘီလူးမလို့ပဲ ရေးချင်ပါတယ်။ ထောင်မှူးကြီးသိန်းဝင်းနဲ့ ဘီလူးမအမည်ကိစ္စ ကွဲလွဲနေရင် နှစ်သက်တာကိုပဲ ယူကြပါလို့ မေတ္တာရပ်ခံပါရစေ။

မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝ မျက်မမြင်ညီနောင်ကို ဆေးကုပေးတာ၊ စန္ဒမုခီဘီလူးမ သေချာတာ များပါတယ်။

ကျွန်တော်တို့ စာရေးဆရာများလို ကလောင်မည်လွဲ ရှိနေရင်တော့ မသိဘူးပေါ့ဗျာ။ ရွာတွေမှာရှိ မဟုတ်လားဗျာ။

ဟဲ့ . . . ခွေးမ၊ နင့်နာမည်အရင်းက ဘယ်လိုခေါ်တုံးဟဲ့။

ဟုတ်ကဲ့ . . . ကျွန်မနာမည်အရင်းက မချိုမာအေးတဲ့။

အဲလို ဘီလူးမအမည် ကွဲနေ ရောလားမသိဘူးဗျ။ အဲဒီ လူမင်းသားညီနောင်ရဲ့ လက်နဲ့ အသားချင်းထိမိရော တပ်မက်မှု တဏှာရာဂစိတ်ဖြစ်ပြီး ဘီလူးမမှာ ကိုယ်ဝန်ရှိဆိုပဲ။

အချိန်တန်တော့ ဝမ်းဗိုက်ထဲက သန္ဓေသားက လှုပ်ရှားလာပါရော။

"အလို . . . ငါ့ဝမ်းကြာတိုက်မှာ အရှင့်သားတို့အပေါ် တပ်မက်ခင်မင်မှုရသော တဏှာဖြစ်စိတ်နဲ့ ကိုယ်ဝန်စွဲနေပါပေါ့လား"

ဘီလူးမ အရမ်းဝမ်းသာသွားပြီ။ မျက်စိထဲမှာ ချစ်သူမင်းသားညီနောင်ချောမောသူတို့မျက်နှာကို ပြန်မြင်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရတယ်။

"မောင်တော်တို့ရယ် . . . ကျွန်မမှာ အရှင့်သားတို့ သန္ဓေသားလောင်းကို လွယ်ထားရပါပြီ . . . မောင်တော်တို့"

အရှင့်သား မောင်တော်နှစ်ပါးနောက်ကို ပြေးလိုက်ပြီး ဟောဒီမှာ မောင်တော်တို့ ရင်သွေးပါလို့ ပြောချင်လိုက်တာ။

ဩော် . . . သူမရဲ့ဘဝက လူသားစင်စစ်မဟုတ်။

---
စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးမ …

ဘီလူးစည်းကမ်းသတ်ချက်နဲ့ နယ်ကျော်သွားလို့ မရဘူး။ ရပြန်ရင်လည်း မောင်တော်တို့နဲ့ အတူနေပါရစေဘုရားလို့ ပြောလို့မရတဲ့ဘဝ။

စန္ဒမုခီ (ရွှေနံကိုင်) ရင်ထဲမှာ ဝမ်းနည်းလို့လာခဲ့တယ်။

ဗျာ …

လူနဲ့ တိရစ္ဆာန်တို့ကို အဖိုနဲ့အမတို့ရဲ့ သဘောသဘာဝက တူတဲ့ မေထုန်ပြုမှ ကံသင့်ရင် သန္ဓေတည်တယ်လို့ ခေတ်သစ်ဆေးပညာက ဆိုထားမဟုတ်လားဗျာ။

ဒီနေရာမှာ ခေတ်သစ်ဆေးပညာထက် ပိုပြီး နက်နဲသိမ်မွေ့တဲ့ ရှေးမြန်မာကြီးတို့ အသိအမှတ်ပြုခဲ့တဲ့ သန္ဓေတည်ပုံအကြောင်း ဗဟုသုတအဖြစ် ဖော်ပြချင်သေးသဗျာ။

ဘဝရဲ့ အစတည်နေမှု လေးပါးရှိတယ်။

(၁) ဥပပတ် ပဋိသန္ဓေ – ကိုယ်ထင်ရှား ဘွားခနဲဖြစ်ပေါ်လာသော နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ ပဋိသန္ဓေမျိုး။

(၂) သံသေဒဇ ပဋိသန္ဓေ – အညှိကိုစွဲ၍ အလွန်သေးငယ်စွာမှ တဖြည်းဖြည်း ကြီးပွားရသည့် ပိုးလောက် စသောသန္ဓေမျိုး။

(၃) အဏ္ဍဇ ပဋိသန္ဓေ – ဥခွံအတွင်း၌ နေရသည့် ကြက်၊ ငှက် စသည့် ပဋိသန္ဓေမျိုး။

(၄) ဇလာဗုဇ ပဋိသန္ဓေ – မိခင်၏သားအိမ်၌ နေရသော လူ၊ ခွေး၊ ကျွဲ၊ နွား စသည့် ပဋိသန္ဓေမျိုးရယ်လို့ လေးမျိုးရှိတယ်။

အထူးမှတ်သားရမှာက အဏ္ဍဇပဋိသန္ဓေနဲ့ ဇလာဗုဇပဋိသန္ဓေ (၂) မျိုးကိုပေါင်းပြီး 'ဂဗ္ဘသေယျပဋိသန္ဓေ' လို့ခေါ်တယ်။

ရွှတ်ဖတ်ကြဖူးမှာပါ။





မေတ္တသုတ်ရဲ့ နောက်ဆုံးအပိုဒ်မှာ 'နဟိဇာတု ဂဗ္ဘသေယျ ပုနရေတိ' တဲ့။ အဲဒီ ဂဗ္ဘသေယျဆိုတာ အမိဝမ်းတွင်း ပဋိသန္ဓေနေရခြင်း၊ နောက်ထပ်ကေန် မဖြစ်နိုင်တော့ ……လို့ အဓိပ္ပာယ်ရှိတာ။

နောက်တစ်ချက် ကိုယ်ဝန်ပဋိသန္ဓေ တည်နိုင်ခြင်းကလည်း (၃) ပါး ရှိသေးတယ်။

(၁) မိဘနှစ်ပါးတို့သည် မေထုန်အားဖြင့် စည်းဝေးပေါင်းသင်းခြင်း။

(၂) ပဋိသန္ဓေယူမည့် သတ္တဝါ၏ စုတည်ဆဲဖြစ်ခြင်း။

(၃) မိခင်၏ ပေါ်ပြီးဆဲ ဥတုသမယနှင့် ကြုံခြင်း

စတဲ့ သုံးပါးနဲ့ ညီညွတ်မှ ပဋိသန္ဓေတည်တာ။ အဲဒီထဲက တစ်ပါးပါးလိုအပ်ရင် ပဋိသန္ဓေမတည်ဘူး။

ဒါကြောင့် ရှေးပညာရှိတွေ ပြောကြတာဗျ။ ဗြဟ္မပြည်က ပစ်ချလိုက်တဲ့ အပ်တစ်စင်းနဲ့ လူ့ပြည်က ထောင်ထားတဲ့ အပ်တစ်စင်း အဖျားချင်း ထိချင်ထိမယ်၊

လူ့ဘဝမှာ လူဖြစ်ရဖို့က မလွယ်ဘူးတဲ့။ ရခဲလှတဲ့ လူ့ဘဝသန္ဓေသားကို အချို့သော မိခင်မိုက်တွေက လူ့လောကထဲ မရောက်ရအောင် သန္ဓေသားကို ဖျက်ချကြတယ်။

စဉ်းစားကြည့်စမ်းဗျာ …

ပျက်စီးသွားတဲ့ လူ သန္ဓေသားလေး နောက်တစ်ဖန် သူ လူပြန်ဖြစ်ဖို့ အဝေးကြီးဝေးသွားပြီ မဟုတ်လားဗျာ။

ကြည့်စမ်း …စန္ဒမုခီ (ရွှေနံကိုင်) ဆိုပါစို့ဗျာ။ ဘီလူးမတောင် သားကိုယ်ဝန်လေး လွယ်ထားရလို့ အပျော်ကြီးပျော်ပြီး ဝမ်းသာနေလိုက်တာဗျာ။ ခေတ်သစ်မိန်းမမိုက်အချို့နဲ့ ကွာပါ့ဗျာ။

ရှိသေးတယ်ဗျ။

ကိုယ်ဝန်သန္ဓေတည်နိုင်ပုံ နောက်ထပ် (၇) ပါး။



www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား မဖြဲ၊ တစ်ရံတစ်ဆစ် အကြောင်းအားလျော်စွာ တည်ယူနိုင်ခြင်းတို့တည်းလို့ ဆိုထားသည်၊ ဝိနည်း အဋ္ဌကထာလာ ကိုယ်ဝန်တည်ပုံများ ခင်ဗျ။

(၁) ရာဂစိတ်နှင့် ကိုယ်လက်သုံးသပ် ပွေ့ဖက်သာယာသဖြင့် သန္ဓေတည်နိုင်သည်။

(၂) ရာဂစိတ်နှင့် အဝတ်ပုဆိုးတို့ကို ကိုယ်တွယ်သာယာသဖြင့် တည်နိုင်သည်။

(၃) ရာဂစိတ်နှင့် သုက်သွေးကျင်ငယ်ကို စုပ်ယူသွတ်သွင်းသဖြင့် တည်နိုင်သည်။

(၄) ရာဂစိတ်နှင့် ချက်ကိုသုံးသပ်သဖြင့် တည်နိုင်သည်။

(၅) ရာဂစိတ်နှင့် စိန်းစိန်းကြည့်သဖြင့် တည်နိုင်သည်။

(၆) ရာဂစိတ်နှင့် အနံ့ကိုနမ်းရှူသဖြင့် တည်နိုင်သည်။

(၇) ရာဂစိတ်နှင့် အသံကို နားထောင်သာယာသဖြင့် ပဋိသန္ဓေ တည်နိုင်သည် …

လို့ ဝိနည်းအဋ္ဌကထာမှာ ဆိုထားတော့ ဘီလူးမ မျက်မဖြင်ညီနောင်ရဲ့ အဆုပ်အကိုင် အထိအတွေ့ အပေါ် ရာဂနှင့်သာယာပြီး ပဋိသန္ဓေတည်ရတာ မြန်မာနည်းနဲ့တော့ အဓိပ္ပာယ်ရှိနေတာပဲ။

'စိတ်'ပေါ့ဗျာ။ စိတ်အာရုံရဲ့ အစွမ်း၊ အစွဲ၊ ပါဝါ (Power) ပေါ့။

အဲဒီ ခုနစ်ပါးထဲမှာမှ 'အဇ္ဈာစာရ' ခေါ် နှစ်ဦးစုံ ကာမမှုပြုခြင်း တစ်ပါးပါ ပေါင်းလိုက်ရင် ကိုယ်ဝန်သန္ဓေတည်နိုင်ခြင်း (၈)ပါးဖြစ်သွားတယ်။

မှတ်ဖို့လင်္ကာလေးကတော့ –

'အဇ္ဈာစာရ၊ သံသဂ္ဂနှင့် စောဠသုစိ၊ နာဘိရူပ၊ သဒ္ဒဂန္ဓာ' ဤ (၈) ဖြာကြောင့် စွဲလာကိုယ်ဝန် ဖြစ်သည်မှန်၏တဲ့။





ဟော … အခု ဝမ်းကြာတိုက် ပဋိသန္ဓေသား ရင့်မာလှုပ်ရှားနေပြီ။ မကြာခင် မွေးဖွားရတော့မယ်။ ငါ ဘယ်အရပ်မှာ မီးဖွားရမှာလဲ။

မီးဖွားရမည့်ဝန်းကျင်က ကန္တာရဆူးပင်တွေ၊ ရှား၊ ထနောင်းတွေ ပေါက်နေတဲ့ ခြောက်သွေ့ကုန်းကြီး၊ တောနက်ကြီး။

နွေခေါင်ခေါင်မို့ ထနောင်းနဲ့ ရှားက ရိုးတံကျဲကျဲ။

နေရှိန်ကလည်း လမ်းလျှောက်နေရတာကိုက မီးလောင်ပြင်ကုန်း လမ်းလျှောက်နေရသလို ပင်ပန်းလှပြီ။

အို … ငါ့ရင်သွေးကို မြေကြီး ကုန်းမာမာခေါင်၊ နေပူခြစ်ခြစ်အောက်မှာ မမွေးဘူး။ အမိုး၊ အရိပ်ရှိတဲ့ ဂူမှာ မွေးမယ်ဟဲ့။ သို့ကလို ကြံ့းဆိုးရင်း အမိုး၊ အရိပ်ကို ဖွဲ့နပဲကြီးစွာ ကိုယ်ဝန်ရင့်မာလွယ်ပြီး လိုက်ရှာခဲ့လိုက်တာ။

နောင်အခါ ဗိဿနိုးပြည်ဖြစ်လာမည့် အရပ်အနီးက လူသံကြားအရပ်ကို အကူအညီတောင်းဖို့ လာရင်း ကမ္ဘဇလေလှုပ်ခတ်လို့ သစ်ပင်ရိပ်အောက်မှာပဲ အံကြိတ်မီးဖွားချလိုက်ရတယ်။

အို … ကြည့်စမ်းကွယ်။

သမီးမိန်းကလေးပါလား။ ဘုရားရေ … လူသားစင်စစ် ချစ်စရာဖွေးဖွေးဥဥ၊ နုနုကလေး။ ငါ့လို အသားကြမ်းကြမ်း၊ နှုတ်ခမ်းထူထူ၊ သွားကြီးကြီး၊ မျက်လုံးပြူးပြူး၊ ဘီလူးမျိုး မဟုတ်ပါလား။

ဝမ်းသာလိုက်တာ။ ရင်ထဲမှာ ပီတိလှိုင်းတံပိုးတွေ သည်းလာလိုက်တာ။ စောစောက အူပြတ်ဝမ်းကွဲ ဖြစ်ခဲ့ရတဲ့ဒဏ်တွေ ချက်ချင်းပျောက်သွားပြီ။ အမောတွေ ပြေသွားရပါပြီ။ သားတို့ရုပ်ရည် သီတာမည်သားအကြည်ချမ်းမြ တစ်ပေါက်ကလေး ကျရုံမျှနှင့် မိဘတို့ဝမ်း ငြိမ်းစတမ်းတဲ့အမေ့ အာဝေနိကဒုက္ခတွေ သမီးရဲ့မျက်နှာကို မြင်ရုံမျှနှင့် ငြိမ်းချမ်းသွားပါပြီ သမီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်တော် မဟာသမ္မဝတို့များ သူတို့ရဲ့ရင်သွေးလေးကို ခုနေ မြန်းခနဲ မြင်လိုက်ရရင် အရမ်း အံ့ဩသွားမှာပဲ။ သမီးလေး ဖွေးဥမလေး ရယ်။ ငါ့သမီးလေး ဟောဒီ ဘီလူးမကြီးရဲ့ ဝမ်းကြာတိုက်က မွေးခဲ့ပေမင့် ငါ့သမီး ဖွေးဥလေးက အညတရမျိုးရိုးမဟုတ်ဘူး . . . သမီးလေးရဲ့။ ငါ့သမီးလေးက မင်းသွေးစပ်တဲ့မျိုးရိုးပါ . . . သမီးလေးရယ်။ အမေ့သမီးလေး အားမငယ်နဲ့နော် . . . သမီး။ သမီးကို ဟောဒီအမေ ဘီလူးမ မယ်ရုပ်ဆိုးကြီး လူဖြစ်ကြီးပြင်းအောင် ဒုက္ခခံမွေးမယ်။ အပျိုစင်အရွယ်ရောက်ရင် သမီး ဖခမည်းတော်ရှိရာအရပ်ကို စုံစမ်းပြီး အမေ ရောက်အောင်ပို့ပေးမယ်။ စိတ်ချနေပါ . . . သမီးလေးရယ်။ ငါ့သမီး တောချုံတောင်ကြားက ကျေးတောသူ အရိုင်းမလေး လုံးဝ မဖြစ်စေရဘူး။ ကြားလား . . . သမီးလေး။

"အဲ့ . . ."

"ငဲ . . . ငဲ . . . အူဝဲ . . . အူဝဲ . . . ငဲ"

"အလို . . . သမီးလေး ငိုနေတယ်။ ဟယ် . . . သမီးငိုသံလေးက အမေ့နားထဲမှာ ဆည်းလည်းသံလိုပဲ။ ရင်အေး သာယာလိုက်ပါဘိ သမီးလေးရယ်။ ဘာလဲဟင် . . . သမီးလေး ဘာလို့ ငိုရတာလဲ။ နို့ဆာလို့ ငိုတာထင်ရဲ့။ ဟုတ်လား . . . သမီး။ အို . . . အို . . . မငိုပါနဲ့ အမေ့ချစ်သမီးလေးရယ်။ အမေ့သမီးလေးကို နို့ချိုတိုက်မှာပေါ့။ ကဲ . . . ကဲ . . . အားရပါးရ စို့စမ်းကွယ်"

ဘီလူးမက အသံသည်းသည်း ဟစ်ငိုနေတဲ့ လူသားသမီး ဖွေးဥနုထွေးလေးကို ပွေ့ပြီး သူမရဲ့နို့သီးနဲ့ ပါးစပ် တေ့ပေးလိုက်တယ်။

"အဲ့ . . . ငဲ . . . ငဲ . . . ဝဲ"

"အူဝဲ . . . အူဝဲ . . . ငဲ . . . ဝဲ . . . ဝဲ"

ကလေးက အမေဘီလူးမကြီးရဲ့နို့ကြမ်းကြီးကို မစို့သေးဘဲ အသံခြစ်ရှသာ ဟစ်လို့ငို။ အမေဘီလူးမကြီးကလည်း ကလေးရဲ့ပါးစပ်နားကို တေ့ပြီး နို့ကြည်ရည်ကို ညှစ်ချပေး။





"မငိုပါနဲ့ . . . သမီးလေးရယ်။ တိတ် . . . တိတ် . . . သမီးလေးရယ်။ စို့ . . . စို့ . . . နောက်နေ့တွေကျရင် အမေ ပုခက်လေးလုပ်ပြီး သမီးကို ပုခက်ထည့်လွှဲ အမေ သီချင်းတွေဆိုပြီး ချော့သိပ်မယ်။ သိလား . . . သမီး"

ခက်တာက ကလေးပေါက်စလေးကငို။

အမေဘီလူးမကလည်း ပွေ့ပြီး အိုအိုအေးအေးနဲ့ သမီးချော့နေတုန်းမှာပဲ . . .

ကံကြမ္မာမုန်တိုင်းက ကဆုန်စိုင်းလာပါလေရောဗျာ။

ဘီလူးမ စန္ဒမုခီ (ရွှေနံ့ကိုင်) ကလေးချော့နေတဲ့ တောအုပ်ရဲ့ မလှမ်းမကမ်းမှာ ရသေ့ကြီး သတိုးဓမ္မရာဇာ ကမ္ဘဋ္ဌာန်းတရား စီးဖြန်းနေတာ။

"ငဲ . . . အူဝဲ . . . အူဝဲ . . . ငဲ . . . ငဲ"

"ငဲ . . . အဲ့ . . . အဲ့ . . . ငဲ . . . ငဲ"

ကလေးပေါက်စလေး စူးစူးခြစ်ခြစ် အော်ငိုသံကြောင့် ရသေ့ကြီး သတိုးဓမ္မရာဇာ ကမ္ဘဋ္ဌာန်းအာရုံ စူးစိုက်လို့ မရတာနဲ့ တရားအလုပ်ကိုရပ်ပြီး စဉ်းစားလိုက်တယ်။

'ဒီတောခြေဝန်းကျင်မှာ ငါ ကမ္ဘဋ္ဌာန်းတရားများ ပွားများအားထုတ်လာတာ ကာလ အတန်ကြာပြီ။ လူကြီးသံလည်း မကြားရဖူး၊ ကလေးသံလည်း မကြားရဖူးပါလျက် အခု ကလေးငိုသံ ကြားနေရတယ်။ မဟုတ်မှလွဲရော ငါ ကမ္ဘဋ္ဌာန်းတရားပွားနေတာ မလိုသူ တောစိုးတွေကများ နှောင့်ယှက်နေရော့လား။ မဖြစ်နိုင်ပါဘူးလေ၊ ငါ ဒီအရပ်မှာ ဘာဝနာပြုနေတာ ကြာပြီပဲဥစ္စာ။ အကြောင်းအကျိုးသိရအောင် လိုက်ကြည့်ဦးမှပါပဲ။

အဲဒါ ကမ္ဘဋ္ဌာန်းဖြုတ်ပြီး စိပ်ပုတီး ညာလက်ကကိုင်လို့ ကမ္ဘဋ္ဌာန်းကျောင်းဝန်းကျင် တောစပ်အနှံ့ကို လိုက်ရှာလိုက်ရော။

'ဟော . . . တွေ့ပါပြီကော။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ဘီလူးမရဲ့ လက်ထဲမှာ လူသားကလေးငယ်လေး။

ခြေရောလက်ရော ရှန်းကန်အော်ဟစ်ပြီး ငိုနေပါကလား။ ဘီလူးမက ကလေးကို မျက်လုံးရဲရဲကြီးနဲ့ အာသာငမ်းငမ်း ကြည့်လို့။

ကေန္တ ဘီလူးမ တစ်ရွာရွာထဲက သားသည်မိခင်ရဲ့ကလေးကို ခိုးယူလာပြီး စားမလို့ လုပ်နေတာ ဖြစ်မှာပဲ။

ဒီကိစ္စက ငါ ဥပေက္ခာပြုလို့မဖြစ်ဘူး။ ငါ့မန္တန်အစွမ်းနဲ့ လူသားစားဘီလူးမကို ခြောက်လှန့်လိုက်မယ်။

"ဦး . . . ဒေါရုန် ဗဈောင်း

ဦး . . . ဒေါရုနာ ဗဈောင်း

ဦး . . . ယက္ခနီ ဗဈောင်း

ဦး . . . ယက္ခနာ ဗဈောင်း

ဩောင်း . . . ဩောင်း . . . ဟယ် . . . ဘီလူးမ . . . စောရ သူခိုးမ နင် ကလေးကိုချပြီးပြေးလော့။ ဩောင်း . . . ဩောင်း"

"အား . . . အိုး . . . အမယ်လေး . . . လေး . . ."

သမာဓိအားကောင်းတဲ့ ရှင်ရသေ့ကြီးရဲ့ မိစ္ဆာနှင်မန္တန်ကြောင့် ဘီလူးမစန္ဒမုခီ (ရွှေနံကိုင်)ရဲ့ ခြေဖဝါးနှစ်ဖက်အောက် မြေကြီးက မီးပူသလို ပူလာလို့ ဘီလူးမ သမီးပိုက်ရင်း နောက်ကို လန့်ပြီးဆုတ်လိုက်တယ်။

"ဟဲ့ . . . ဘီလူးစောရမ၊ နင် လူသားကလေးကို မစားရဘူး။ အန္တရာယ်မပြုရဘူး။ ခုချက်ချင်း ကလေးကို ချခဲ့"

"အို . . . ရှင်ရသေ့၊ ဒါ . . . ဒါ . . . ကျွန်တော်မျိုးမ ရွာထဲက ခိုးယူလာတဲ့ကလေး မဟုတ်ပါဘူး . . . ရှင်ရသေ့ရယ်။ ဒါ . . . ဒါ . . . ကျွန်မ ဝမ်းနဲ့လွယ်မွေးရတဲ့ သမီးပါရှင် . . . အား . . . အား . . . ပူလိုက်တာ"





"တယ် . . . ဘီလူးသူခိုးမ ရှင်ရသေ့တောင် လိမ်ညာသေးတယ်။ ကိုင်း . . . သိကြရောပေါ့ဟယ်"

"ဦး . . . သရတိတ် . . . နှိမ်ဆရာနှိမ်ဟဲ့ . . . ဩောင်း . . . ဩောင်း"

"အား . . . အ . . . အ . . . ပူလှချည်ရဲ့ ဘုရား . . . ရှင် . . . ရှင်ရသေ့"

"ဦး . . . သဗ္ဗေ ပုဗ္ဗောပုံ . . . နင့်အတတ် နင်ထိဟဲ့ . . . ဦး"

"ဦး . . . . . . . . . . ."

"ဩောင်း . . . နမော . . . ဒူဝေ . . . ဩောင်း . . ."

ရှင်ရသေ့ကြီးက ဘီလူးသူခိုး လူသားစားမည်မှတ်ပြီး ဘီလူးပြေးစုတ်ပြေးမန္တန်တွေကို ဆက်တိုက်ရွတ်လိုက်ရော . . .

ဘီလူးမခြေဖဝါးက မြေပြင်ဟာ မီးကျည်မီးခဲပူသလို ဘီလူးမရဲ့ ခြေဖဝါးကို ပူလောင်ကာ ခန္ဓာကိုယ်အထက်ကို တရွေ့ရွေ့တက်ပြီး ပူလောင်ပြင်းပြတဲ့ဝေဒနာကို ခံစားနေရပါရော။

"ရှင် . . . ရသေ့ . . . တောင်းပန်ပါ . . . တယ် . . . ဘုရား"

"ကလေးကို ချခဲ့ . . . ဘီလူးမ"

"ရှင်ရသေ့ဘုရား . . . ဒါ . . . ဒါ . . . ကျွန်မရဲ့သမီး ရင်သွေးအရင်းခေါက်ခေါက်ပါ ဘုရား။ အမယ်လေး . . . မန္တန်မရွတ်ပါနဲ့ ရှင်ရသေ့ရဲ့၊ ပူလွန်းလို့ပါဘုရား . . . အား . . . အား . . . သမီး . . . သမီး"

"နင်က ခုထိ ငါ့ကိုညာတုန်း ခေါင်းမာတုန်းပဲကိုး။ ဘီလူးမက လူမွေးရတယ်လို့ ငါ မကြားဖူးဘူး။ ဒီလောက်ခေါင်းမာလှတဲ့ မိစ္ဆာဘီလူးမ

ဦး . . . တရုန . . . ကုဗာရီ . . . သွာဟ . . . သွား . . . ဩောင်း . . . ဦး . . . ဩောင်း . . . ဩောင်း . . . ဩောင်း . . . ကလေးချပြီး . . . ပြေးဟာ ဩောင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



“အမယ်လေး ... ပူလှချည်ရဲ့ ... မဖြစ်ဘူး ... မဖြစ်ဘူး ... ရှင်ရသေ့ရဲ့ မန္တန်အစွမ်းကြောင့် ငါ့ခန္ဓာကိုယ် လောင်မီးကျရတော့မယ်။ ကြာရင် ငါ့သမီးလေးခန္ဓာကိုယ်ပါ လောင်မီးကျပြီး မီးကျွမ်းသေရလိမ့်မယ်။ ကိုင်း ... သမီးရေ ... အမေ့သမီးလေးရဲ့ ... ဟီး ... ဟီး ... အမေသမီးကို မလွှဲသာလို့ စွန့်ထားခဲ့ရတော့မယ် ... သမီးရဲ့ ... ဟီး ... မျက်မှောက်ဘဝမှာ အမေနဲ့သမီး အချိန်ခဏလေး အတူနေခဲ့ရပြီး စွန့်ထားခဲ့ရမှာမို့ အမေရင်ကွဲရချည်ပေါ့ ... သမီးရဲ့ ... ဟီး ... ကိုင်း ... ကိုင်း ... ကိုးလလွယ် ဝမ်းမှာထား သွေးတစ်စက်စက် မျက်ရည်စက်လက်နဲ့ မွေးခဲ့ရတဲ့သမီး။ ကံကြမ္မာမီးအပူမြိုက်ပြီမို့ ကံဆိုးမအမေ ဘီလူးမကြီး ရင်ထဲတလှိုက်လှိုက်နဲ့ အမေ့သမီးကို ကျောက်ဖျာပေါ်တင်ခဲ့ ... အမေရင်ကွဲနဲ့ နောက်ပြန်ပြေးပြီ ... သမီးရေ ... သမီးရဲ့ ...”

မိခင်ဘီလူးမကြီး စန္ဒမုခိ(ရွှေနံကိုင်) ဟာ သူ့သမီးလေးကို ကျောက်ဖျာပေါ်မှာ အသာတင်ပြီး မျက်ရည်စိုရွှဲနဲ့ အဝေးကို ပြေးရတော့တာပဲ။

သူမပြေးရာ မြေပြင်အောက်ကနေ ရှင်ရသေ့ရဲ့ မန္တန်အစွမ်းကြောင့် မြေပူမီးက လိုက်ဟပ်နေသကိုး။

ပြေးလိုက် ရပ်လိုက်။

“သမီးရေ ... သမီး ...”

“အမေ့သမီးလေးရဲ့”

ရင်ကွဲသံနဲ့ အော်ခေါ်လိုက်၊ မြေကြီးပူလို့ ပြေးလိုက်နဲ့ နောက်ဆုံး မိတဆိုး ဖတဆိုး ရှုမငြီး ချစ်သမီးကို ထားခဲ့ရပြီး ရွှေနံကိုင် (စန္ဒမုခိ)ဘီလူးမ မူလ နေရာဌာနကို ပြေးခဲ့ရလေရဲ့။

✿ ✿ ✿

## |၇|

❑

ရွှေနံကိုင် (စန္ဒမုခိ)ဘီလူးမ ထွက်ပြေးတော့မှ ခြေမြှောက်လက်မြှောက် ခြစ်ခြစ်တူးတူး အော်ငိုနေတဲ့ ကလေးကို ကျောက်တုံးပေါ်က အကောက်ချီမွေ့လိုက်ရော ...

“အို ... ချစ်စရာ သမီးမိန်းကလေးပါလား”

“မငိုပါနဲ့ ကလေးရယ်၊ သမီး ... ဘရသေ့ထံကို ရောက်ပါပြီ။ ဥပါဒ်အန္တရာယ်ဆိုးတွေ ကင်းစင်ပါပြီ။ ပိုင်ရှင်မိဘ မပေါ်လာသေးရင်တော့ ကလေးကို ဘရသေ့ပဲ လူဖြစ်အောင် မွေးပေးရမှာပေါ့။ ခုတော့ ...”

“အင်း ... ခုတော့ ငါ့တာဝန် ဖြစ်ခဲ့ရပြီပေါ့လေ”

သမုဒယမကင်းတဲ့ လူရသေ့။

သံယောဇဉ်မကုန်သေးတဲ့ ရှင်ရသေ့ လူ့ကလေး ဒုက္ခသည်ကို ကယ်ရတဲ့ဘဝ။ အလို ... ကလေးသူငယ် ပေါက်စလေးက ရှင်ရသေ့ လက်ထဲရောက် အငိုတိတ်သွားလို့ပါကလား။ ပြီး .. သူ့လက်ညှိုးကလေးကို စုပ်ရင်း တပြွတ်ပြွတ်စုပ် မျက်လုံးကြည်ကြည်လေးနဲ့ မော့ကြည့်လို့။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တော်ပါသေးရဲ့ ... သမီးလေးရယ်၊ ဘရသေ့ဘ မတွေ့ခဲ့ရင် ဟို ... ရက်စက်ကြမ်းကြုတ်တဲ့ ဘီလူးမရဲ့အစာဖြစ်ရေ ကလေးရဲ့ ... နော်"

တစ်နေ့သောအခါမှာ ဗိသနိုးနိုင်ငံတော်ကြီးရဲ့ ဘုရင်မကြီးဖြ လာမည့် ဘုရင်မလောင်းကလေးပါ။

သို့သော် သည်ကလေးရဲ့ အနာဂတ်ကို ရှင်ရသေ့လည်း မသိဘူ မိခင် ဘီလူးမကြီးလည်း မသိခဲ့ဘူး။

ရှင်ရသေ့က မေတ္တာ၊ ကရုဏာရှင်ဖြစ်တော့ ကလေးမလေး ရသေ့ကျောင်းသခ်မ်းရှိရာကို သယ်ဆောင်လာခဲ့တယ်။

ခက်တာက ရှင်ရသေ့ကြီးနေတဲ့ ရသေ့ကျောင်း ဝန်းကျင်မှာ မရှိဘူး။ အိမ်မရှိဘူး။ ကိုယ်၌ကလည်း ဆွမ်းအတွက် သစ်သီးဝလံများ ဖွေဘုဉ်းပေးပြီး တရားကျင့်နေရတာ။

"အင်း ... ငါ့တာဝန် ဖြစ်ချေပြီ။ ကလေးကလည်း သနားစ ချစ်စရာလေး။ သူ့အတွက် သောက်စို့ဖို့နို့ချို ငါ ဘယ်ကရှာရပါ့မလဲ။

ဟုတ်ပြီ ... ငါ စဉ်းစားလို့ ရပြီဟေ့။ ဟိုး ... ရောဝတီအနီး ကြက်တင်းတောင်အရပ် (ရသေ့မြို့) မှာ ခေပဒုတ ရသေ့ရဟန်းကြီးလည် ခုလိုပဲ သမီးမိန်းကလေးတစ်ဦး ကောက်ရ စောင့်ရှောက်ခဲ့ရဖူးတာ သမင်မကာမွေးဝဲ့ကလေး။ ခေပဒုတဖခင်ရသေ့ကြီးလည်း သစ္စာဆိုလို တော့ လက်ညှိုးက နို့ချိုများထွက်ကျပြီး ကလေးကို သောက်စို့ကြီးပြင် ခဲ့တာ။ အခု မိန်းကလေး ကြီးပြင်းလိမ္မာပြီး ဗေဒါရီလို့ အမည်ရနေပြီပဲ။

ကိုင်း ... ငါလည်း ခေပဒုတ ရသေ့ရဟန်းကြီးလိုပဲ သစ္စာပြ မှာပဲ။ ဤတော၊ ဤတောင်၊ ဤမြေကြီးကို ပိုင်စိုး စောင့်ရှောက်ကြ သော ရုက္ခစိုး၊ ဘုမ္မစိုး၊ တောင်ပိုင်ကြီးတို့ ... ကျွန်ုပ်သည် အမိအဖ ကင်းဝေးနေသည့် ဤကလေးရဲ့ အသက်ချမ်းသာကို ပြုမည်ဖြစ်ပါသေ ကြောင့် ဤကလေး အသက်ရှည်စေခြင်းအကျိုးငှာ ... ဤမှန်သော





သစ္စာစကားကြောင့် ကျွန်ုပ်၏ ဘယ်၊ ညာ လက်ညှိုးအစုံမှ ကလေးနို့စို့ ရောက်တိုင်း အာဟာရဖြစ်စေမည့် နို့ချို၊ နို့ဓမ္မး၊ နို့မွှေးတို့ စေးပျစ်ဖြိုင်ဖြိုင် ထွက်ပါစေသတည်း။ တောပိုင်၊ တောင်ပိုင်နတ်ကြီးများ၊ သမ္မာဒေဝ နတ် ကောင်းနတ်မြတ်များ ... ကျွန်ုပ်၏ သစ္စာအဓိဋ္ဌာန်ပါရမီကို ဖြည့်ပေးကြ ကုန်။ နတ်မင်းကြီးများ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ နို့ချိုလည်း အချိန်မှစ၍ ဤလက်ညှိုးမှ ဖြိုင်ဖြိုင်စီးကျပါစေသတည်း"

ကြည့်စမ်း ... အံ့သြစရာ ကောင်းလိုက်တာဗျာ။

ရသေ့ကြီးရဲ့ လက်ညှိုးကနေ ဖြူစေးနို့ရည်တွေ စီးကျလာလိုက် ဝမ်းသာလိုက်ရတာ။

"ငါ သစ္စာမှန်လို့ လက်ညှိုးက နို့ချိုထွက်ခဲ့ပြီ။ ကိုင်း ... ကလေး ... သမီးလေး အားရပါးရ စို့လိုက်စမ်းပါ ... ကလေးရယ်"

ကလေးမွေးစလေးရဲ့ ပါးစပ်ထဲကို နို့ထွက်လက်ညှိုးကို တေ့ပေး ချစ်စရာ ချစ်စရာကလေး ဖြူဖြူတုတ်ကလေးရယ် တပြွတ်ပြွတ်စုပ်လိုက် လိုက်၊ ပြီး သူ့နှုတ်ခမ်းနှစ်ခုကို စုပြီး ပြွတ်ပြွတ် လုပ်လိုက်။

"စို့စမ်းပါဦး ... သမီးရယ်၊ ငါ့သမီး ကံကြီးလိုက်တာ။ စို့ ... ... ဝအောင် အားရပါးရ စို့ဟဲ့"

ကလေးကလေးကလည်း လည်လိုက်ပုံနှယ်ဗျာ ... သူ့ရဲ့လက် တစ်ကစ်ကလေးနဲ့ ရသေ့ကြီးရဲ့ နို့ထွက်လက်ကို ကိုင်ပြီး ပြွတ်ပြွတ်နဲ့ လိုက်တာရယ်။

အင်း ... ဒုက္ခမီးတစ်မျိုးတော့ တစ်မျိုးပဲ။

သမုဒယမီး တစ်မျိုးတော့ တစ်မျိုးပဲ။

မိမိရင်ကလွယ်၍ မွေးခဲ့ရသော သားသမီးတော့မဟုတ်။ ခုတော့ လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ကလေးကို ဝါးဖတ်တော် ကစီခွံပြီး လူဖြစ်အောင် ကျွေးရဦးမှာပါကလား။

ဒါနဲ့ ရသေ့ကြီးကလိုရမည်ရ ကလေးမလေးရဲ့ လက်ပေါ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပေါ်က လက္ခဏာအရေးအကြောင်းတွေကို စူးစိုက်ဖြန့်ကြည့်လို
ရော ...

အလို.. လက်ဖဝါးနှစ်ဖက်ပေါ်မှာ သရဖူအုပ်ဆောင်းနဲ့ သန်လျ
လက္ခဏာအထူးကို မြင်လိုက်ရပြီး အံ့အားသင့်ချိန်မှာတော့ ...

အမေအရင်း ...

စန္ဒမုခီ (ရွှေနံ့ကိုင်) တစ်ယောက်မှာတော့ မျက်ရည်စို့ရွဲ ဝမ်းနည်
ပက်လက်နဲ့ အစာမျှ မရှာနိုင်၊ မစားနိုင်ဘဲ သမီးဖေါနဲ့ နွမ်းလျနေပြီး သ
ကိုလွမ်းလို့ ငိုရတာလည်း နေ့စဉ် ညစဉ်ရယ်။

သူမရဲ့ ရင်ဘတ်နဲ့ လက်ဖဝါးမှာ စွဲကျန်ရစ်ခဲ့တဲ့ သမီးလေ
ကိုယ်ငွေ့လေးကို နမ်းရှိုက်ရင်း၊ သမီးကိုထားရစ်ခဲ့ရတဲ့အရပ် မျှော်ကြ
ရင်း ...

တလိမ့်လိမ့် စီးကျခဲ့ရတဲ့မျက်ရည်၊

မောင်တော်တို့ရယ် ...အဲဒီမျက်ရည်ရဲ့ ရာဇဝင်ကို ဟောဒီ
စန္ဒမုခီဘီလူးမ သက်သေနဲ့ စာတင်ခဲ့ပါမယ်။

သမီးရေ ...

အမေဘီလူးမကြီးရဲ့ မေတ္တာငွေ့ဟာ ကမ္ဘာတည်သည့်တိုင် သ
ရဲ့ကိုယ်ပေါ်မှာ ပတ်ခြုံလွှမ်းရစ်နေမှာပါ ...သမီးရယ်။

တစ်နေ့ ...

အမေဘီလူးမကြီးနဲ့ သမီးလေး ပြန်ဆုံတဲ့နေ့ကျရင်လေ ...

အမေ့သမီးလေးရဲ့ နူးညက်ဝင်းမွတ်ပါးပြင်ပေါ်ကို အမေ အ
မိုးတွေ သည်းကြီးမည်းကြီး ရွာချပစ်မယ် ...သိလား။

လှိုင်းထန်ရင် မကြောက်ပါနဲ့ ...သမီးရယ်။ အဲဒါ အမေဘီလူ
ကြီး နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့ရတဲ့ အနမ်းပင်လယ်တော
သွားတာပါ ...သမီးရယ် နော်။

✿ ✿ ✿

|၈|

❑

ရှင်ရသေ့ရဲ့ ကျောင်းသခ်မ်းမှာပဲ သူမ အရွယ်ရောက်လာခဲ့ရ
တယ်။ အပျိုဖော်ဝင်ပြီးစ ဝင်းဝင်းသစ်သစ်၊ ရွှန်းရွှန်းလစ်လစ် အလှ
တလေး။

ကျေးတောသူ ဆင်းရဲမလေး။

ရသေ့ကြီး သွားရင်းလာရင်း တောစပ်တောပြင်မှ ကောက်ရလာ
တဲ့ ပံ့သကူ အကျီဟောင်းလေးတွေ သမီးကို ပေးရတယ်။

မလုံမလဲ အစုတ်အနွမ်း အကျီထဘီလေးနဲ့ ငါ့သမီးလေး။ ချစ်စရာ
အရွယ်ရောက်လာပါကလား။ အင်း ...ငါ့မွေးစားသမီးပင် ဖြစ်ပါသော်
လည်း သမီးသည် မာတုဂါမပါကလား။

မာတုဂါမ သမီးအပျိုကလေးနှင့် ငါမွေးစားအဖေ ရှင်ရသေ့ အတူ
နေသော် ဝိနည်းနှင့် မလျော်ညီ၊ အပြစ် ဖြစ်ပါလိမ့်မည်။ အင်း ...ငါ
ဘယ်လိုလုပ်ရပါ့မလဲ။

မတော်တဆ ခရီးသွားလာသူများ မြင်သွားလျှင် ငါ့ကို အဲ့ရဲ့
အပြောဟ်စကား ဆိုကြရော့မယ်။

www.burmeseclassic.com



မျက်စိအောက်မှာ ကြီးပြင်းလာတဲ့ သမီးအလိမ္မာလေးကိုလည်း ဟဲ့ . . . သမီး၊ နင် ငါနဲ့ဝေးရာကို သွားတော့လို့လည်း ငါအဖေ မနှင်ရက်။

ခက်ပါကလား . . . ခက်ပါကလား။

ကျောင်းသခ်မ်းမှာ အိပ်ချိန်ကလွဲလို့ အချိန်ပြည့်မရှိရအောင် ငါကြံမှ ဖြစ်မှာပါကလား။

သည့်နောက် မီးမဖုတ်ရသေးတဲ့ အိုးစိမ်းတွေကိုပြပြီး . . .

''ဟဲ့ . . . သမီး မိပန်''

''ရှင် . . . အဖ''

သမီးလေးကို 'မိပန်'လို့ နာမည်ပေးထားရတယ်။ တောစိုးတောင်စိုးတို့ကို လက်ညှိုးမှာနှို့ထွက်အောင် သစ္စာပြုတောင်းပန်ရာက လက်ညှိုးကနို့ရလို့ 'မိပန်' လို့ နာမည်ပေးထားတာလေဗျာ။

လှလိုက်တဲ့ နာမည်လေးဗျာ။

မိပန်၊ မပန် . . . အဖျားဆွတ်ခေါ်ရင် ပန်ပန် ပေါ့။

''သမီး . . . ညည်းကို ဖရသေ့ အလုပ်ခိုင်းစရာ ရှိတယ်ကွယ်''

''ခိုင်းလေ . . . အဖ''

''သမီး အရွယ်ရောက်လာပြီ။ အလုပ်မျိုးစုံကို လုပ်နိုင်ဖို့ အရေးကြီးသကွယ် . . . မိပန်ရယ်''

''မှန်ပါ . . . အဖ''

''ဟောဟိုက မြေအိုးတွေကိုယူပြီး ရေကန်က ရေကိုခပ်လို့ စိုက်ခင်းလေးတွေလည်း လောင်း၊ ချိုးရေအိုးအားလုံးကိုလည်း နေ့တိုင်း ရေပြည့်စမ်း . . . သမီး''

''ဟုတ်ကဲ့ . . . အဖ . . . စားခင်း၊ စိုက်ခင်းလေးတွေကို ရေများများလောင်းပေးရင် တအားသီးမှာ . . . အဖရဲ့။ ဒါဆို ခုပဲ သမီး ရေခပ်ပြီး အခင်းတွေကို လောင်းလိုက်မယ်နော် . . . အဖ''

စိတ်ကူးသစ်စာပေ



''အေး . . . အေး . . . လုပ် . . . လုပ် . . . သမီး၊ ငါ့သမီးလေး လိမ္မာလိုက်ပါဘိကွယ်။ သမီးရေခပ်နေတုန်း အဖေကြီး တရားမှတ်လိုက်ဦးမယ်။ သွား . . . သွား . . . သမီးရေ''

ဒါနဲ့ မိပန် မြေအိုးတွေဆင့်ထားတဲ့ အပုံက မြေအိုးကြီး (သောက်ရေအိုး) တစ်လုံး မ,ယူ ခါးတစ်ခွင်ပြီး ရှားနဲ့ထနောင်းတို့ ဘယ်ညာတန်းစီနေတဲ့ မြေသားတောလမ်းလေးအတိုင်း ချောင်းရေစပ်ရှိရာကို လာခဲ့လိုက်တယ်။

လမ်းတစ်လျှောက် ထနောင်းပင်ပေါ်က ချိုးကူသံလေးကလည်း နားဝင်ချိုလိုက်တာ။ ချိုးကူသံကို နားခံရင်း တစ်ချက်တစ်ချက် စဉ်းစားလိုက်သေးတယ်။

'ငါ့အမေက ဘယ်သူလဲ'

'ငါ့အမေက ဘယ်မှာနေလဲ'

'ငါ့အမေ ရှိသေးလား'

'အမေက ငါ့ကို ဘာလို့လာမတွေ့တာလဲ'

'အဖရသေ့ကြီးကို မေးတော့လည်း မမေးပါနဲ့ သမီးရယ် . . . တဲ့။ ငါပဲအဖေ၊ ငါပဲ အမေပေါ့တဲ့။ အေးလေ . . . အမေမရှိတော့လို့ နေမှာပေါ့။ ခဏခဏ မေးပြန်ရင်လည်း အဖရသေ့ကြီး စိတ်မကောင်း ဖြစ်နေပါလိမ့်မယ်လေ။ ငါ မမေးတော့ပါဘူး'

သည့်နောက် ချောင်းထဲကရေကို ပါလာတဲ့အိုးနဲ့ ရေနှစ်ခပ်ပြီး မ,လိုက်ရော . . .

''ခွမ်း . . .''

''ဟယ် . . . ရေအိုးကွဲသွားပြီ။ ငါ အက်နေတဲ့အိုးကိုမှ ယူလာမိလို့ပါရဲ့။ မဖြစ်ဘူး . . . နောက်တစ်အိုး အမြန်သွားယူမှ''

ဒါနဲ့ အပြေးလှမ်းလာပြီး မအက်တဲ့အိုးတစ်လုံး ယူလို့ ရေခပ်ပြန်ပြည်း ရေဝင်လို့ မ,လိုက်ရင် ခွမ်းခနဲ ကွဲသွားပြန်ရောဗျာ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ခေါက်တုံ့ခေါက်ပြန် ရေအိုး တစ်အိုးပြီးတစ်အိုး ယူယူခပ်လိုက်တာ ရေဝင်တိုင်း ကွဲပြီး စိတ်ညစ်လို့ ရေစပ်မှာ ထိုင်ငိုပြီး ...

"မဟုတ်မှလွဲရော ... ဒီအရပ်မှာ စောင့်နေကြတဲ့ တောစောင့် တောင်စောင့်နတ်တွေ နှောင့်ယှက်လို့သာ ငါ့အိုးအကောင်းတွေ ကွဲကုန်နေမှာပဲ။ အင့် ... ဟီး ..."

"ဒီမှာ ... တောစောင့်နတ်မင်းတို့ရဲ့ ... ကျွန်မက ရှင်တို့ကို စော်စော်ကားကား ဘာများပြောလို့တုံး၊ ပြုလို့တုံး ... ဟီး ..."

"ခုတော့တော် ... အိုးအကောင်းတွေက ရေပြည့်မှ ကွဲရတယ်လို့တော် ... ဟီး ... ရှင်တို့နှောင့်ယှက်လို့ ကွဲတာနေမှာပဲ ... ဟီး ... ဟီး ..."

ရသေ့ကြီးသမီး မိပန်ကတော့ တောစောင့်နတ်တွေ နှောင့်ယှက်လို့ အိုးတွေကွဲရတာလို့ ထင်မှားစွပ်စွဲပြီး ရေစပ်မှာ ပြောပြောငိုပါရော။

ဘဝကံကြမ္မာ အချိုးပြောင်းချင်တော့ ...

မျက်ရည်က ရွှေဖြစ်တဲ့ဘဝကို ရောက်ပါရောလားဗျာ။

ဒီလို တောစောင့်နတ်တွေကို အထင်မှားစွပ်စွဲပြီး သနားစဖွယ် ငိုနေတဲ့ ကျေးတောသူမလေး မိပန်ရဲ့အဖြစ်ကို ဒီတောအုပ်ကြီး တာဝန်ယူစောင့်ကြပ်ရတဲ့ ဗိဿနိုးနတ်မင်းကြီး ကြားသွားပါရောဗျာ။

ဗိဿနိုးနတ်မင်းကြီးက မျက်ရည်စို့ရွှဲနဲ့ အိုးကွဲတွေ ရေထဲ ဒေါသတကြီးလွှင့်ပစ်၊ ရေရွှတ်နေတဲ့ ရသေ့ကြီးသမီး မိပန်ကိုကြည့်ပြီး ...

"အင်း ... ဘဝဟောင်းက ငါ့နှမလေးကတော့ လက်သည်တရားခံအစစ်မသိဘဲ ငါတို့တောစောင့်နတ်တွေကို အပြစ်ဖို့နေပါပကော။ အိုးတွေ တစ်လုံးပြီးတစ်လုံး ကွဲအောင်လုပ်တာက သူ့မွေးစားအဖေ ရှင်ရသေ့။ အထင်လွဲခံရတော့ ငါတို့နတ်တွေ။ အင်း ... အင်း ... နှမလေး မိပန်၊ ငါ့နှမ ... နင်ကတော့ ငါ့ကို ဘဝဟောင်းက တော်စပ်ခဲ့ဖူးတဲ့





အစ်ကိုမှန်း မသိပေဘူး။ ငါ့နှမလေး ရှေးဘဝ ပါရမီကံကြောင့် နင့်ကိုငါ ကူညီလမ်းပြ ထောက်ပံ့ရတော့မှာပဲ။ သို့သော် ငါ့သဘောနဲ့ငါ လုပ်လို့တော့ မရဘူး။ ခုချက်ချင်း တာဝတိံသာတက်ပြီး ဘိုးတော်သိကြားမင်းကို အသိပေး၊ ခွင့်ပြုချက် ရယူမှပဲ။

သို့ကလို စဉ်းစားပြောဆိုပြီး ဗိဿနိုးနတ်မင်းကြီးဟာ ဘိုးတော်သိကြားမင်းထံ ဝင်ရောက်ခစားပြီး ရသေ့ကြီးရဲ့မွေးစားသမီး မိပန်လေး ရေခပ်ရင် အိုးကွဲအောင်ဖန်တီးတဲ့ ရသေ့ကြီးနဲ့ မိပန်ရဲ့ဘဝကို သနားစဖွယ် ထင်ပြတယ်။

သိကြားမင်းကလည်း လူ့ပြည် တောနက်ရေစပ်မှာ ထိုင်ငိုနေတဲ့ မိပန်ရဲ့ဘဝကို သိကြားမင်းတို့ရဲ့ တန်ခိုးနဲ့ သိနေတယ်။

ဒီကလေးမလေးသည် ပေါ့ပေါ့သေးသေး သာမန်ညောင်ညပါရမီနှင့်ကလေးမဟုတ်မှန်း သိလိုက်ရရော ...

"ဗိဿနိုးနတ်မင်းကြီး ..."

"ဘုရား ... ဘိုးတော်သိကြားမင်း"

"အဲဒီရသေ့ကြီးရဲ့ မွေးစားသမီး ဟောဟိုရေစပ်မှာငိုနေတဲ့ကလေးလေး ရှေးရှေးတုန်းဘဝများက ပါရမီကုသိုလ်ကောင်းများ ပြုခဲ့သူတွေပဲ ... ဗိဿနိုးနတ်မင်းကြီးရဲ့"

"သိပါရစေ ... အရှင်သိကြားမင်း၊ မိန့်တော်မူပါဘုရား"

"ဤမိန်းကလေးသည် ဟိုး ကဿပမြတ်စွာဘုရားရှင် သာသနာတော်အတွင်းကာလတုန်းက လက်ယာတော်ရုံအရှင်မြတ်ကြီး နွှေအခါ ကိုယ်တော်စပ်ပူလောင်နေတုန်း ပေရွက်ယပ်တောင်လှူခဲ့သည့် ကုသိုလ်ရှင်မိန်းကလေးပေပေ။ ဤသို့ လက်ယာတော်ရုံအရှင်မြတ်ကြီးကို ပေရွက်ယပ်တောင် ကပ်လှူဒါန်းခဲ့ဖူးသည့် အကျိုးဆက်ကတော့ ကနက်ထီးနန်းနှင့် မင်းခမ်းကြီးအောင် စံပြင်း တင့်တယ်စွာစံနေရမည့် ဘဝပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့အတူ သူမ ထီးနန်းစိုက်ရာ အရပ်ဒေသတွေမှာ မစိုက်မပျိုးရပဲနှင့် ပေပင်တို့ ပေါက်ရောက်ခြံရံရလိမ့်မည်။ ဘ၀ထိုထိုတို့၌ အလိုရှိတိုင်း ပြည့်စုံရပေမည်။ ကူညီပေရှော့ ... နတ်မင်းကြီး"

"အမိန့်တော်မြတ်အတိုင်းပါ ... သိကြားမင်း"

သိကြားမင်းရဲ့ မိန့်တော်စကားအရ ဗိဿနိုးနတ်မင်းကြီးရဲ့ ဘ၀ဟောင်းက နုမလေး ဤမိပန်သည် ထီးနန်းကနက်နဲ့ နေရမည်ဆိုတာ သိရပြီး ၀မ်းသာလိုက်ရတာ။

ငါ့နုမလေး ရှေးကပြုခဲ့သည့် ကုသိုလ်အကျိုးတို့ ပေးရရန် အချိန်ဆိုက်ပြီပဲ။ ငါ့ကိုလည်း လိုသမျှစောင့်ရှောက်လို့ ဘိုးတော်သိကြားမင်းက အမိန့်တော်ချခဲ့ပြီ။

ဒီမှာပဲ ဗိဿနိုးနတ်မင်းကြီးက မီးမဖုတ်ရသေးတဲ့ အိုးပင်ဖြစ်သော်လည်း ရေထိသော် မကွဲ၊ မပျက်မစီးနိုင်သည့် အိုးကောင်းအိုးပေါင်းတစ်သိန်းကို တောတစ်နေရာမှာ ထပ်ထပ်ပြီး ဖန်ဆင်းထားလိုက်တာ။ အိုးတောင်ငယ် အတိုင်းပါပဲတဲ့ဗျာ။

အဲဒီအရပ်ကို အိုးသိန်းတောင်လို့ ဟိုတုန်းက ခေါ်တယ်။

ခုလည်း အိုးသိန်းတောင်လို့ ခေါ်ကြတယ်။

ပြီး ... မျက်ရည်စို့ရွှဲဖြစ်နေတဲ့ မိပန်ရဲ့ရှေ့မှာ ကိုယ်ထင်ပြလိုက်ရော မိပန် အံ့သြကြောက်လန့်သွားပြီး ထပြေးမလို့အလုပ် ...

"နုမ ..."

"ရှင် ... ရှင် ..."

"မစိုးရိမ်၊ မကြောက်လန့်ပါနဲ့ ... နုမလေး မိပန်။ ငါသည် သင်အပြစ်တင်နေတဲ့ တောစောင့်နတ်မင်း ဗိဿနိုးပါပဲ ... နုမ"

"အို ... ဘုရား ... ဘုရား ... ဟို ... ဟို ... ကျွန်မ ရေအိုးတွေကွဲကုန်လို့ စိတ်ညစ်ညစ်နဲ့ ပြောမိပြောရာ ပြော ..."





"ကိစ္စမရှိပါဘူး ... နုမငယ်။ ဟော ဟိုမှာ သင်အလိုရှိတဲ့ မကွဲမပျက်တဲ့ အိုးပုံကြီး လှမ်းကြည့်လိုက်စမ်းပါ"

"ဟယ် ... အိုးတွေ အိုးတွေ တောင်ပုံရာပုံပဲ နော် ... နော်"

"ဟုတ်တာပေ့ါ ... နုမရဲ့ ဘုန်းကံ၊ ပညာ၊ သီလ၊ ပါရမီတွေကြောင့် တွေ့မြင်ရရှိတာပဲ။ နုမလေး ... ကြိုက်သလို သုံးပေရှော့"

"ဟို ... ဟို ... နတ် ... နတ်မင်းကြီး ရှင်"

"ပြော ... နုမငယ်"

"ဟို ... ဟိုလေ ... စောစောတုန်းက စိတ်ဆိုးလို့ ပြောခဲ့မိတာ ဟိုလေ ... ဟိုလေ ... ဗိဿနိုးနတ်မင်းကြီး စိတ် ... မ ... မ ... ဆိုး"

"မဆိုးပါဘူး ... နုမရယ်၊ နုမလေးက အဖေရသေ့ကြီးကို ရိုသေစွာလုပ်ကျွေးခဲ့သူ၊ ပြီး ... ရှေးကုသိုလ်ပါရမီအကျိုးပေး ရှိခဲ့သူပါ။ မကြာခင်မှာ နုမလေးသည် ဗိဿနိုးဆိုတဲ့မြို့မှာ ဘုရင်မကြီး ဖြစ်ရဦးမှာပါ ... နုမ"

"အို ... ဟုတ်နိုင်ပါ့မလား ... ဗိဿနိုးနတ်မင်းကြီးရယ်။ ကျွန်မ အညတရ ကျေးတော ..."

"ရပ်ပါ ... နုမ၊ ဒီနေ့ ဒီအချိန်ကစ၍ ငါသည် ကျေးတောသူဟုတ်။ မြင့်မြတ်သောမျိုးရိုးမှ လာသူဖြစ်ပြီး မကြာခင် တိုင်းပြည်အုပ်ချုပ်ခြင်းလုပ်ရမည့်သူ ဧကန်ဖြစ်ပေသည်လို့ နှလုံးသွင်းပြီး မေတ္တာဘာ၀နာအမှုကို နေ့နေ့ညည ပြုပေတော့။ နုမလေး ... ဒီအရပ်မှာ လုံး၀ မပူပန်နှင့်။ အကြောင်းရှိသည်နှင့် ငါ ဗိဿနိုးနတ်မင်း သင့်ကို ဘေးဥပါဒ်အန္တရာယ်မရှိအောင် စောင့်ရှောက်ကူညီပါ့မယ် ... နုမ။ ကိုင်း ... ငါ့ကို ခွင့်ပြုတော့"

မိပန် ဗိဿနိုးနတ်မင်းကြီးကို လက်အုပ်ချီပြီး ရင်ထဲမှာ တအိမ့်အိမ့် တလှိုက်လှိုက် ဖြစ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီ ဗိသနိုးနတ်မင်းကြီးဟာ ဘဝဟောင်းက ငါနဲ့ မောင်နှမ တော်စပ်ဖူးတယ်လို့ ငါသိနေသလိုပဲ။ ငါ့အစ်ကိုများ ထင်ပါရဲ့။

''နှမ ...''

''မောင်ကြီး ... အို ...''

''ခေါ်ပါ ... နှမရယ်၊ မင်းသည် ဟိုဘဝက ငါ့ရဲ့ အချစ်ဆုံးနှမ လေးပါ။ မင်းမြင်ရင် သိပါ့မလားလို့ စိုးထင့်နေတာ။ ခုတော့ နှမလေး မောင်ကြီးကို သိပြီပေါ့။ ကိုင်း ... နှမလေး၊ မင်းဖခင် ရှင်ရသေ့ထံမှာ ရနိုင် သမျှပညာကို သင်ကြားကွယ်။ မင်းဟာ အညတရမဟုတ်ဘူး။ မင်းသည် များမကြာခင်မှာ ဗိသနိုးမြို့ကြီးကို စိုးမိုးအုပ်ချုပ်ရတဲ့ ဘုရင်မကြီးဖြစ်လိမ့် မယ်။ မောင်ကြီးလည်း အဌာရသ (၁၈)ရပ် တတ်သိတဲ့ပုဂ္ဂိုလ်တွေ ခေါ်လာ ပြီး နှမလေးကို တတ်အပ်သည့်ပညာများ သင်ကြားပေးမယ်။ ငါ အညတရ မဟုတ်ဘူး။။ မင်းမျိုးမင်းနွယ်ဘုရင်မလို့ ရင်ထဲမှာ စွဲမှတ်သန္နိဌာန် ချထား ကြားလား ... နှမ''

''ဟုတ် ... ဟုတ်ကဲ့ပါ ... မောင်ကြီး ... ဗိသနိုးနတ်မင်း ကြီးရှင်''

ဒီနေ့ မိပန် ရေအပြည့်ပါအိုးရွက်ပြီး ဖခင်ရသေ့ကျောင်း ပြန်လာ တာကို မြင်လိုက်ရရော ဖခင်ရသေ့ကြီး အံ့သြသွားပါရောဗျာ။

တမင် နေကုန်အောင် ရေဝင်တာနဲ့ ဖျက်ခနဲကွဲစေတဲ့ အိုးတွေ ကို သူ ပြုလုပ်ပေးခဲ့ပါလျက် ဘာကြောင့် အိုးမကွဲဘဲ ရေအပြည့်ရွက်လာ နိုင်ရတာတုံး။ သမီးမိပန်ရွက်လာတဲ့ အိုးကလည်း မီးမဖုတ်ရသေးတဲ့ အိုး ဖြူဉစွာ။ ဘယ်လိုဖြစ်ပါလိမ့်။

''မိပန် ...''

''ရှင် ... အဖ''

''ဒီနေ့ အိုးမကွဲဘူးလား ... သမီး''





''လုံးဝမကွဲဘူး ... အဖရေ။ နောက်နေ့လည်း ရေအိုးကွဲစရာ အကြောင်း မရှိတော့ဘူး ... အဖရဲ့ ... သိလား''

''ဟော ... ပြစမ်း ... နင့်ရေအိုး''

မိပန် ရေသွန်ပြီး လာပြသည့်အိုးကို ကြည့်လိုက်တော့ သူ(ရသေ့ ကြီး) လုပ်ပေးထားတဲ့ အိုးမျိုးမဟုတ်ဘူး။

ခုတွေ့ရသည့်အိုးက မီးမဖုတ်ရသေးပေမင့် ပါးပေါ့ပြီး ခေါက် ကြည့်ရင် ထန်ထန်နဲ့ မြည်နေတယ်။ မာလိုက်တဲ့ အိုးနှယ်ဗျာ ... ဒါ ဦးလက်ရာ အိုးမဟုတ်ဘူး။ ဒါနဲ့ အိုး မာ,မမာသိရအောင် မြေပြင်ကို ပစ် ထွတ်ချလိုက်ရော ...

''ဒေါင် ...''

''ဟင် ...''

''ဟယ် ... မကွဲပါလား။ ဟဲ့ ... မိပန်''

''ဘုရား ...''

''ဒါ ငါလုပ်ပေးတဲ့ အိုးမဟုတ်ဘူး။ ဒါ ဘယ်ကရတဲ့အိုးလဲ။ မှန် မှန်ပြောစမ်း''

''အဖ ...''

''မြန်မြန်ပြောစမ်းပါ ... သမီးရဲ့၊ ငါ စိုးရိမ်လွန်းလို့ပါဟဲ့''

''အဖလုပ်ပေးတဲ့ အိုးတွေက ဘာလို့ အလုံးတိုင်း ရေထည့်ရင် ကွဲတွဲသွားရတာလဲဟင် ... အဖ''

''မိပန် ... ဒီရေအိုးအမာစား လက်ရာကောင်းကောင်း နင့်ကို ဘယ်သူပေးသတုံး။ မြန်မြန်ပြောလေ''

ဒီမှာပဲ လိမ်ညာမပြောတတ်တဲ့ မိပန်က သူ့ဘဝဟောင်းက မောင် နှမအရင်းတော်စပ်ခဲ့တဲ့ ဒီတောကြီးကို စောင့်ကြပ်ရသည့် ဗိသနိုးနတ်မင်း ကြီးနှင့်တွေ့ပြီး သုံးလို့မကုန်နိုင်အောင် အိုးတောင်ကြီး ဖန်တီးလုပ်ပေးသည့် အကြောင်း ပြောပြလိုက်ရော ...



www.burmeseclassic.com

www.burmeseclassic.com



"မိပန် ..."

"ဘုရား ..."

"နင် ငါ့အဖေကို လုပ်ကြံဖန်တီး ပြောနေတာလားဟင် သမီး"

"လာ ... အဖရသေ့ ... လာ"

မိပန် အဖရသေ့ကြီးကို ခေါ်လာပြီး ဗိဿနိုးနတ်မင်းကြီး ဖန်ဆင်းပြုလုပ်ပေးခဲ့တဲ့ အိုးအထပ်ထပ် တောင်ငယ်တစ်ခုစာမျှကို လက်ညှိုးထိုးပြလိုက်ရော အိုးတောင်ကိုကြည့်ပြီး ဖခင်ရသေ့ကြီး လွန်စွာ အံ့ဩသွားရပြီးနောက် ...

"သမီး ..."

"ဘုရား"

"အံ့ဖွယ်ထူးကဲ ဖြစ်ရပ်ပါပဲ ... သမီးရယ်၊ ဟိုလေ ... သမီးကို ဗိဿနိုးနတ်မင်းကြီးက ဘာများ ထပ်ပြောသွားသေးလဲ ဟင် ... သမီး"

မယုံနိုင်စရာဖြစ်နေလို့ ထပ်မေးလို့ မိပန်က ဖခင်ရသေ့ကြီး နားနားကပ်ပြီး တိုးတိုးလေး ပြောလိုက်တယ်။

"ဗိဿနိုးကို အုပ်ချုပ်ရတဲ့ ဘုရင်မ တစ်နေ့ဖြစ်လိမ့်မယ်တဲ့ ... အဖ"

"ဗုဒ္ဓေါ ..."

✿ ✿ ✿

|၉|

❑

တစ်ည ရသေ့ကြီး ကမ္မဋ္ဌာန်းတရားမှတ်ရှုပြီး တောစိုးတောင်စိုး နတ်များကို မေတ္တာပို့သတယ်။ သည့်နောက် အိပ်ပျော်သွားခဲ့တယ်။

"ရသေ့ကြီး ... ရသေ့ကြီး ..."

"ရှင်ရသေ့ ... ရှင်ရသေ့ ..."

"ဟဲ့ ... ငါ့ကို နှိုးနေတာ ဘယ်သူတုံး"

ရသေ့ကြီး ကြည့်လိုက်တော့ အုပ်ဆောင်းနဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး၊ အဝတ်အစားများကလည်း ပြိုးပြိုးလက်လက် ဖိတ်ဖိတ်တောက်လို့။

"သင် ဘယ်သူတုံး"

"ကျွန်ုပ်ကတော့ ဒီတောအုပ်ကြီးကို ကြည့်ရှု တာဝန်ယူနေရတဲ့ ဗိဿနိုးနတ်မင်းကြီးပါ ... ရှင်ရသေ့"

"ဗိဿနိုးနတ်မင်းကြီး ... ဟုတ်လား"

"မှန်ပါ ... ရှင်ရသေ့"

"နတ်မင်းကြီး ဘာကိစ္စနဲ့ ကျွန်ုပ်ထံ ရောက်လာတာတုံး"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်ရသေ့ကို အထူးစကား ပြောစရာရှိလို့ပါ ... ရှင်ရသေ့”

“အထူးစကား ...။ နေပါဦး ... ဗိဿနိုးနတ်မင်းကြီးရဲ့။ အထူးစကားဆိုတာက ဘယ်လိုစကားမျိုးပါလို့မ်ဗျာ”

“ရသေ့ကြီး ... ရသေ့ကြီး မွေးစားသမီးရဲ့ လက္ခဏာကို သိပါသလား”

“သိပါတယ်။ သူမရဲ့ ဘယ် ညာ လက်ဝါးပြင်ပေါ်မှာ သရဖူနဲ့ သန်လျက်ပုံ၊ မွေးရာပါလက္ခဏာသင်္ကေတတွေ ပါနေတာပဲ နတ်မင်းကြီး”

“မွေးစားသမီးပေပဲလေ”

“ဗိ ... ဿ ... နိုး ... နတ် ... မင်း”

ရသေ့ကြီးက ဒေါသတကြီး အော်လိုက်သလို အသံထွက်သွားတယ်။

“ရှင် ... ရသေ့ ... ဘယ်လိုကြောင့် ဒေါသကြီးရတာတုံး”

“ဘာကြောင့် မိပန်ကို ငါ့မွေးစားသမီးလို့ သင်နတ်မင်းကြီး ပြောနေရတာတုံး ... ပြော”

“ရှင်ရသေ့ ...”

“ပြောပါ ... ပြောစမ်းပါ”

“ဒါဖြင့် မိပန်အမည်ရှိ ကလေးမဟာ ရှင်ရသေ့ရဲ့သမီး အရင်းခေါက်ခေါက် ဟုတ်ပါသလား အမှန်အတိုင်းပြောပါ ... ရှင်ရသေ့”

ရသေ့ကြီး ညာရခက်သွားတယ်။

လိမ်ညာပြောပြန်ရင်လည်း မုသာဝါဒကံ ထိုက်ရဦးမယ်။

“ဆိတ်ဆိတ်နေတာ ဝန်ခံတာပါလား ... ရသေ့ကြီး”

“ကျုပ် မညာချင်ပါဘူး ... နတ်မင်းကြီး။ မိပန်ဟာ ကျုပ်ရဲ့ မွေးစားသမီးပါ”

“ဒါဆို မိပန်လေးရဲ့ မိခင်အရင်းကရော ... ရသေ့ကြီး”





“အဲဒါ ကျုပ်မသိဘူး။ ဘီလူးမတစ်ယောက် ကလေးကို ပွေ့ယူထားတာတွေ့လို့ ကျုပ် ကလေးအသက်ကို စိုးရိမ်ပြီး မန္တန်နဲ့ နှင်မောင်းထွက်ပြေးစေပြီး ကလေးကို အရွယ်ရောက်အောင် မွေးခဲ့တာ”

“ရသေ့ကြီး ... ကျွန်ုပ် မိပန်ရဲ့အမေအရင်း အဖေအရင်းကို သိပါတယ်”

“ဟုတ်လား ... ဗိဿနိုးနတ်မင်းကြီး၊ သိရင်ပြောစမ်းပါ ... နတ်မင်းကြီးရယ်။ သမီးကလည်း သူ့အမေနဲ့အဖေကို အရမ်းသိချင် မြင်ချင်နေလို့ပါ ... နတ်မင်းကြီးရယ်”

“မကြာခင် သိခွင့်ရမှာပါ ... ရှင်ရသေ့။ အခိုက်အတန့်လေးပဲ စောင့်ပါ။ ဒါနဲ့ ကလေးမရဲ့ လက်ဖဝါးပေါ်က သရဖူနဲ့ သန်လျက် မွေးရာပါ အမှတ်လက္ခဏာရဲ့အဓိပ္ပာယ်က ဘာကိုခေါ်ပါသလဲ ... ရှင်ရသေ့”

“ဝေဒ (၄)ပုံပါ လက္ခဏာအဟောအရ ပြောရရင် လက်ဝါးပေါ်မှာ သရဖူပါရင် မိဖုရားဖြစ်ရသလို၊ သန်လျက်ပါ ပါခဲ့ရင် ဘုရင်မကြီးဖြစ်ရတတ်တယ်လို့ ဆိုပါတယ် ... ဗိဿနိုး”

“မှန်လိုက်လေ ... ရှင်ရသေ့ရယ်။ သူမသည် မျှားမကြာမီမှာပဲ ယောဒီ ရှားတောဒေသမှာ ဘုရင်မကြီး ဧကန်မုချဖြစ်ရတော့မှာပါ ... ရှင်ရသေ့”

ကြားရသည့်စကားကြောင့် ရှင်ရသေ့ကြီး အံ့ဩသွားတယ်။

“နတ်မင်းကြီး ...”

“ရှင်ရသေ့”

“သေချာပါရဲ့လား ... နတ်မင်းကြီးရယ် ဟင်”

“အလွန်သေချာပေပေါ့ ... ရှင်ရသေ့ရယ်၊ သိကြားမင်းကိုယ်တိုင်က ဒီကလေးမကို ထီးနန်းစိုးစံသည့် ဘုရင်မကြီးဖြစ်အောင် ကျွန်ုပ်တို့အား ဆုံးကာ ဝိုင်းကူရမယ်လို့ အမိန့်ချထားပါတယ်။ ရှေးဘဝတုန်းက ကဿပဘုရားရှင်လက်ထက်တော်မှာ လက်ယာတော်ရံ အရှင်သူမြတ်ကြီး ပူအိုက်



www.burmeseclassic.com

www.burmeseclassic.com



ရွာ နေရစဉ်မှာ မိပန်ဖြစ်လာရတဲ့ ရှင်ရသေ့ရဲ့ မွေးစားသမီးက ပေယပ်လှူပြီး ဆုမွန်ကောင်းများ တောင်းခဲ့ဖူးတယ်လို့ သိကြားမင်းက ပြောပြတယ်။

ဒါကြောင့် ဟောဒီ ရှားကုန်း၊ ဆူးရစ်၊ ထနောင်းကုန်းဒေသမှာ ပေပင်တွေ အလိုလိုပေါက်ရပြီး ကနက်ထီးနန်းနဲ့ပြည့်စုံသည့် ဘုရင်မကြီး ဖြစ်လိမ့်မယ်လို့ အနာဂတ်နိမိတ်ကိုလည်း ပြောခဲ့တယ်။ ရှင်ရသေ့ရဲ့ မွေးစားသမီးသည် ဘုရင်မအလောင်းအလျာ ကေန်ဖြစ်တယ်။ မကြာခင် သူမကို ထီးနန်းအပ်ရတော့မယ်။ ဒီ ကြားကာလမှာ ရှင်ရသေ့ကိုယ်တိုင် မင်းလောင်းမင်း လျာတို့ တတ်အပ်သိအပ်သည့် စာပေပညာ၊ ဗဟုသုတတို့ကို သင်ကြားချီးမြှောက်ပါ … ရှင်ရသေ့။

ထီးနန်းကနက် အသင့်ဖြစ်ပြီးတာနဲ့ ဘုရင်မရဲ့ အသုံးအဆောင်များ စီရင်ပြီး နန်းသိမ်းရန်အတွက် ကျွန်ုပ်တို့ မှူးမတ်စစ်သူကြီး အခြံအရံများနှင့် လာရောက်ပင့်ခေါ်မည်။ သက်သေအနေဖြင့် မြင့်မြတ်သူတို့ ဝတ်ဆင်ရသော အဝတ်တန်ဆာနှင့် လက်ဝတ်ရတနာအချို့ကို ထားခဲ့ပါမည်။ အရှင်ရသေ့က တတ်သိလိမ္မာစေမည့် ပညာရပ်များကိုသာ ကြိုတင်၍ သင်ကြားပေးပါတော့ … ရှင်ရသေ့''

ဗိဿနိုးနတ်မင်းကြီးဟာ ပါးစပ်က သို့ကလို စကားဆန်းများကို ပြောဆိုပြီး ရွှေရောင်သေတ္တာကြီးတစ်လုံးကို ကျောင်းသခ်မ်းကြမ်းခင်းမှာ ထားရစ်ပြီး ပျောက်ကွယ်သွားခဲ့တယ်။

ရှင်ရသေ့ အရုဏ်မိုးသောက်လို့ ထရော …

သေတ္တာထဲမှ မင်းမိန်းမတို့သာလျှင် ဝတ်ဆင်အပ်သည့် အင်္ကျီ ထဘီ၊ အဆင်တန်ဆာ၊ အဖိုးတန်နှင့်အတူ လည်ဆွဲရတနာကတစ်ခုနှင့် ပျံခြေတော် နယားခေါင်းပုံပါရွှေလက်ကောက်၊ ပုတီးရောင်စုံ၊ အဆန်းအကြယ်တို့ကို တွေ့လိုက်ရရော …

''ဘုရားရေ …''

''ညက ငါမြင်မက်သည့် အိပ်မက်သည် အမှန်တကယ်ကို ဗိဿနိုးနတ်မင်းကြီး လာရောက်အသိပေးခဲ့သည့် ရှေးနိမိတ်စကားနှင့် သက်သေခံ





မင်းခန်းဝင် ပစ္စည်းများပါလားဆိုတာ သိရပြီး သမီးမိပန်အတွက် အလွန်ကို ဝမ်းသာအားရ ဖြစ်ခဲ့ရတယ်။

သည့်နောက် …

အဖိုးတန် အဆင်တန်ဆာတို့ကို လုံခြုံစွာ သိမ်းဆည်းပြီးနောက် သမီးမိပန်ကို ပျူဘာသာစကား၊ ဗုဒ္ဓစာပေနှင့် ဝိဇ္ဇာသိပ္ပံ၊ ဂမ္ဘီရပညာရပ်များကို စူးစူးစိုက်စိုက် နှေ့စဉ် သင်ကြားပေးခဲ့လိုက်တယ်။

ဒါနှင့်အတူ …

ကျောင်းသခ်မ်းရှိရာအရပ်ကို အဒ္ဓါရသအတတ်များ ကျွမ်းကျင်နှံ့စပ်သည့် ပျူလူကြီးများကို နတ်မင်းကြီးက လမ်းပြပို့ဆောင်ပေးခဲ့တယ်။ ရှေး ပျူလူကြီးများထံကနေ ဓားခုတ်၊ လှံထိုးအတတ်၊ လေးမြားအတတ်၊ အုပ်ချုပ်ရေးအတတ်၊ သေနင်္ဂဗျူဟာအတတ် စသည်တို့ကို အဖရှင်ရသေ့ကြီးရဲ့ အမိန့်နဲ့ရော၊ ဘဝဟောင်းက အစ်ကိုတော်စပ်ခဲ့ရဖူးတဲ့ ဗိဿနိုး နတ်မင်းကြီးတို့ အဆုံးအမနှင့်ပါ သင်ယူခဲ့ရာ …

ပါရမီဉာဏ်ကလည်း ကောင်းတော့ အဒ္ဓါရသအတတ်တို့ကို မကြာပါဘူး ကျွမ်းကျင်တတ်မြောက်ခဲ့ရတယ်။

အဲဒီမှာ မိပန် ဓားရေး၊ လှံရေး၊ မြားရေး လေ့ကျင့်ဖော်တစ်ဦးကို ရရှိခဲ့တယ်။

သူ့အမည်က 'သျှိဝ'။

ဓားရေး၊ လှံရေး၊ မြားရေးမှာ တစ်ဖက်ကမ်းခတ်မျှ ကျွမ်းကျင်ခဲ့သူပဲ။ အရပ်မြင့်မြင့်၊ ရင်အုပ်ကားကားမောက်မောက်၊ မေးရိုးထင်းထင်း၊ ဆတ်မောင်းကြွက်သား၊ ခြေသလုံးကြွက်သား အဖုအထစ်နဲ့ ကျောက်ဆစ်ရုပ်လို လူသားယောကျ်ားတစ်ဦး။

ဒီအတိုက်အခိုက်တွေကို ဦးဆောင်သင်ပေးတာက အမတ်ကြီး ဘိုးသညာဒီပက။

''သမီး …''



www.burmeseclassic.com

www.burmeseclassic.com



''ရှင် ... အဘိုး''

''ဟောဒီလူရွယ်နာမည်က သျှိဝ'' တဲ့။

''ဟုတ် ... ရှင့်''

''သူက အခုတည်နေတဲ့ ဗိသနိုးမြို့ကြီးအရပ်က သူရဲကောင်းတစ်ဦးပဲ။ သမီးကို အိပ်ချိန်ကလွဲပြီးရင် အနီးကပ် စောင့်ရှောက်ပေးမည့် ကိုယ်ရံတော်တပ်မှူးပဲ ... သမီး''

''ဟုတ် ... ရှင့်''

''သျှိဝ ...''

''အမတ်ကြီးဘုရား ...''

သျှိဝဆိုတဲ့ အားကောင်းမောင်းသန်၊ ပျိုရွယ်နုမျစ် လူငယ်က မားရှည်ကိုဆုပ်ကိုင် ဒူးထောက်ပြီး အမတ်ကြီး ပညာဒီပကကို လေးစားစွာ အရိုအသေပေးနေတယ်။

''ဒီသခင်မကို မှတ်ထား''

''မှန်ပါ ... အမတ်ကြီးဘုရား''

''သူ့ကို ဘယ်နေရာရောက်ရောက်၊ ဘယ်အရပ်၊ ဘယ်ဌာနကို ရောက်ရောက် သခင်မလို့ ရိုရိုသေသေခေါ်ရမယ်''

''မှန်ပါ့ ... အမတ်ကြီးဘုရား''

''သမီးကလည်း သမီးရဲ့ ကိုယ်ရံတော်တပ်မှူးကို သျှိဝ၊ ဒါမှမဟုတ် တပ်မှူးလို့ ခေါ်ရမယ်။ သူငယ်ချင်းပေါင်း မပေါင်းရဘူး။ တပ်မှူးသျှိဝဟာ သမီးရဲ့ လက်အောက်ငယ်သား၊ နားလည်လား''

''မှန်ပါ့ ... အဘိုး''

''သျှိဝ ...''

''မှန်ပါ့''

''ဒီအရှင်မသည် တစ်နေ့မှာ ဗိသနိုးမြို့ကြီးကို အုပ်စိုးမည့် ပန်ထွာဘုရင်မ အလောင်းအလျာပဲ။ ပန်ထွာဘုရင်မ အလောင်းအလျာကို မရိုမသေ မခန့်မညား လုပ်ခဲ့ရင် ဘယ်လိုအပြစ်ကို ခံစားရမလဲ .. သျှိဝ''





''သေဒဏ်ပါ ... အမတ်ကြီးဘုရား''

''ပန်ထွာဘုရင်မလောင်းကို မှဲ့တစ်ပေါက်မစွန်းအောင် တပ်မှူးက လေ့မမကွာက စောင့်ရှောက်ရမယ်။ သခင်မအတွက် မင်း ထာဝစဉ် အသက်ပေး စောင့်ရှောက်ရမယ်။ ကြားလား''

''မှန်ပါ ... အမတ်ကြီးဘုရား''

''သမီး ...''

''အမိန့်ရှိပါ အဘိုး''

''ဒီနေ့ ဒီအချိန်ကစပြီး သမီးကိုယ်သမီး ပန်ထွာဘုရင်မအလောင်းအလျာလို့ မှတ်ထား''

''မှန်ပါ့ အဘိုး''

''အဘိုးတို့၊ ဗိသနိုးနတ်မင်းကြီးတို့နဲ့ အမှုလုပ်တွေ သမီးနန်းဆိုင်ဖို့ ဗိသနိုးမြို့နဲ့ နန်းတော်ကြီးကို အင်နဲ့အားနဲ့ တည်ဆောက်နေကြတယ်။ ဒါကြောင့် သမီး ဘုရင်မများသိအပ်တဲ့ ပညာရပ်တွေကို အဘိုးခေါ်ထားပေးတဲ့ ပညာရှင်များထံမှာ မမေ့မလျော့ ဆည်းပူးပါ။ မှတ်မိလား''

''မှန်ပါ့ အဘိုး''

''ဒီနေ့ ဒီအချိန်ကစပြီး သမီးရဲ့ဖခင် ရှင်ရသေ့ကြီးအတွက် ဆွမ်းရော သမီးစားဖို့ရောကို ခါတိုင်းလို သမီးရှာဖွေချက်ပြုတ်စရာ မလိုတော့ဘူး စားတော်ကဲ ယောကျ်ား၊ မိန်းမ အမှုလုပ်တော်များက အသင့်ချက်ပြုတ်စီမံပေးလိမ့်မယ်။ သမီး ဘယ်လိုနေထိုင် စားသောက်ရမယ်ဆိုတာကို အထိန်းတော်ကြီးများက သင်ကြားပေးတဲ့အတိုင်း ပြုမူစားသောက်နေထိုင်ပေတော့''

''မှန်ပါ့ အဘိုး''

''သမီးကို အဘိုးမေးမယ်''

''မေးပါ အဘိုး''

''ဒီကနေ့ သမီးသည် ကျေးတောသူမ မိပန်လား၊ ဗိသနိုးမြို့ကြီးကိုအုပ်ချုပ်မဲ့ ပန်ထွာဘုရင်မလား''



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟို ..."

"ရဲရဲဝံ့ဝံ့ ယုံယုံကြည်ကြည် ဖြေပါသမီး"

"ဟို ... ပန်ထွာ ... ဟို ... ပန်ထွာ ... ဘ ... ဘ ... ရင်မ ... ပါ ... အဘိုး"

"ဟုတ်ပြီ ...။ မင်းကျင့်တရား (၁၀)ပါးကိုရော သင်ယူနေပြီ မဟုတ်လား"

"မှန်ပါ့ အဘိုး"

"ဒီကနေ့ကစပြီး လေယူလေသိမ်း အပြုအမူ လေ့စရိုက်တို့ကို မင်းခမ်းမင်းနားနှင့်အညီ လေ့ကျင့်ပြုမူပေတော့"

"အဘိုးရဲ့ အမိန့်တော်အတိုင်း ပြုမူဆောင်ရွက်ပါ့မည် အဘိုး"

"ကိုင်း ... ပင်ပန်းသွားပြီ။ ချိုးရေတော်သုံးဖို့ ပြင်တော့။ ဟဲ့ .. ချိုးရေတော်ထိန်းတို့ ..."

"ဘုရား ... ဘိုးဘိုး"

"မင်းတို့သခင်မ ချိုးရေတော်သုံးမယ်။ အားလုံး အသင့်စီမံပြီး ကြပြီလား ဟဲ့ ... မယ်ရွှေလိပ်တို့၊ မယ်ငွေလိပ်တို့ရဲ့"

"အသင့်ပါ ... ဘိုးဘိုးဘုရား"

"ကိုင်း ... သမီး ချိုးရေတော်သုံးဖို့ သွားတော့"

"သခင်မဘုရား ..."

ဒီမှာပဲ ချိုးရေတော်ကိုင် မယ်ရွှေလိပ်၊ မယ်ငွေလိပ်တို့က ဝတ်ထဲ တော်အသစ်များနဲ့ အသင့်ခစားနေကြသည်။

"ကြွတော်မူပါ ... အရှင်မဘုရား"

မိပန် မယ်ရွှေလိပ်နှင့် မယ်ငွေလိပ်တို့ ရှေ့ဆောင်ကာ ရေချိုးခန်း ကို လိုက်ပါသွားခဲ့တယ်။

"တပ်မှူးသျှိဝ ..."

"အမိန့်ရှိပါ ... အမတ်ကြီးဘုရား"





"မင်းမှာလည်း တာဝန်ကြီးသွားပြီနော်။ ဘုရင်မရဲ့ အနီးအနား ကို ခွင့်ပြုချက်မရဘဲ မည်သူမျှ မချဉ်းကပ်စေရဘူး။ အဲဒါ မင်း သတိရှိရ မယ် ...ကြားလား"

"မှန်ပါ ... အမတ်ကြီးဘုရား၊ ကျွန်တော်မျိုး ပန်ထွာဘုရင်မ အတွက် အသက်နှင့်ရင်း၍ တာဝန်ထမ်းဆောင်ပါမည်ဘုရား"

"သာဓု ... သာဓု ... သာဓု ... အင်း ... အင်း ... ဟောဒီ အရပ်ဒေသမှာ ဟိုးတစ်ချိန်တစ်ခါ ကာလများတုန်း မင်းဆက်ပေါင်း ကိုး ဆက်တိတိ အုပ်ချုပ်ခဲ့ဖူးသကွယ့်။ ဒုတ္တသူရမင်း၊ ဒုတ္တကျော်မင်း၊ သတိုး ပြောင်မင်းတို့ (၉) ဆက် အုပ်ချုပ်ခဲ့တယ်လို့ ကျောက်စာကမ္ပည်းစိုက်ထူထား တာရှိတယ်။ အိမ်း ... သတိုးပြောင်မင်း နတ်ရွာစံပြီးနောက် ဆက်လက် စိုးစံတဲ့မင်း မရှိတော့ဘဲ မင်းဆက်ပြတ်ကြလို့ ထီးနန်းပျောက်ကွယ်ပြီး နှစ် (၁၃၀၀) ကျော် တောမြက်စည်ကား၊ ပပြားချုံနွယ်၊ သက်ငယ်သမန်း၊ ဆူး ခရောင်းကြမ်းတို့၊ မောက်လျှန်းပေါ်များပြီး နန်းစကားပါ ပျက်သုဉ်းခဲ့ရတယ်။ ခုတော့ ဒီအရပ်မှာ တောင်သူပျူများနဲ့ ကရင်လူမျိုးတို့သာ ဆင်းရဲပင်ပန်း ကြီးစွာ လုပ်ကိုင်စားသောက် နေထိုင်ကြတယ်။ အခု ဗိဿနိုးနတ်မင်းကြီး တို့ ကောင်းမှုကြောင့် ဗိဿနိုးဆိုတဲ့ ထီးကနက်စိုက်ရာ မြို့ကြီးဖြစ်ပေ တော့မယ်။ မင်းတို့၊ ငါတို့ မင်းသစ်ကို ရဲရဲဝံ့ဝံ့ သစ္စာရှိရှိ ပိုင်းရံကြပေတော့ တပ်မှူး"

"မှန်ပါ ... ဦးခွေးဆံမြည့် အသက်ပေး၍ တာဝန်ထမ်းဆောင် ပါ့မည် ... အမတ်ကြီးဘုရား'

✿ ✿ ✿

www.burmeseclassic.com

[ ၁၀ ]

❑

ကြည့်စမ်း . . . နှစ်ပေါင်းတစ်ထောင်ကျော် မင်းဆက်ပြတ်နေတဲ့ ရှားထနောင်း၊ ကန္တာရကုန်းလွင်ပေါ်မှာ စတုရန်းတာ (၄၀၀၀)ကျော် ကျယ်ဝန်းတဲ့ နန်းတော်ကြီး။

ပျူတို့၏ အနုပညာလက်ရာမြောက် အပြောက်အမွန်း အထူအဆစ် လက်ရာနဲ့ ခိုင်ခံ့တဲ့ ဗိဿနိုးနန်းတော်ကြီးရယ် . . .

တန်ဆောင်းပြအိုးတွေကလည်း လေးဘက်လေးတန်မှာ ခန့်ညားလိုက်ပါဘိ။ မြို့ရိုးကလည်း သဲကျောက်တွေနဲ့ သရိုးကိုင်စီပြီး ရန်သူဝင်လို့မရအောင် အမြင့်ကြီးကို ထုထည်ကြီးစွာ ပြုလုပ်ထားတာ။

မြို့ရိုးလေးဘက် ကျုံးတွေရံထားတယ်။

ရေကျုံးဆိုလည်း ရေအပြည့်ရှိနေပြီး ငါး၊ မိကျောင်းတွေက လူးလွန့်ကွန့်မြူးတူးနေတာ။

ဒီရေကျုံးကိုဖြတ်ဖို့က အသားစားမိကျောင်းတွေနဲ့ သတ်ပုတ်ပြီးမှ နိုင်မှ ဖြတ်လို့ရတယ်။

ညွန်ကျုံး . . .





ရွံ့ညွန်တွေက ဗွက်စေးလပိုင် လိုက်နေတာ။ လူဖြစ်စေ၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း ဖြစ်စေ နင်းမိတာနဲ့ ရွံ့နွံထဲကို ဝါးတစ်ပြန်မက နစ်ဝင်ပြီး ဘယ်လိုမှ အသက်ပြန်ရှင်စရာမရှိဘူး။

ကျုံးခြောက် . . .

နက်ရှိုင်းလှတဲ့ ကုန်းခြောက်နက်ကျုံးပဲ။ ဟိုးအောက်ခြေမှာ ကျောက်ဆူးချွန်တွေ၊ သံမယ်နအချွန်တွေ၊ အဆိပ်ပြင်းလှတဲ့ ဆူးပင်တွေနဲ့ မြွေဆိုး၊ ကင်းဆိုးတွေက ရှိနေတာ။

ကျုံးကို ဖြတ်မယ်ဆိုရင် သစ်သားခင်းပျဉ်ကြီးတွေကို ကြိုးစက်ကြီးနဲ့ ကျုံးပေါ်ကနေ တဖြည်းဖြည်း ချပေးမှ ချောက်နက်ကြီးပေါ်ကို လူ၊ ဆင်၊ မြင်း၊ သတ္တဝါတွေ ဖြတ်လို့ရတယ်။

ဒါကလည်း အရေးပေါ် ရန်သူကို တိုက်ရတော့မှ ကိုယ့်တပ်သားတွေကူးဖို့ အသင့်လုပ်ပြီး လျှို့ဝှက်ထားတဲ့ တံတားအရှင်တွေ။ အဲဒီ ပျဉ်ထူ တံတားကြီးတွေက မြို့ရိုးနဲ့နံရံကြားမှာ လျှို့ဝှက်စွာ ထားရှိတာဆိုတော့ . .

မင်းကြီးတွေ၊ စစ်သူကြီးတွေ၊ အစောင့်တွေကလွဲရင် ဘယ်သူမှ မသိကြဘူး။ ဟိုဘက်နဲ့ဒီဘက်ကို ကြိုးပစ်ကူးချိတ်ဖို့ မလွယ်ဘူး။ မြို့ရိုးကလည်း အမြင့်ကြီးလေ။

ခုန်ကူးဖို့တော့ မစဉ်းစားနဲ့။

ဒီကျုံးသုံးတန်ကို အပြေးသန်တဲ့မြင်းနဲ့တောင် ခုန်ဖြတ်ဖို့ မလွယ်ဘူး။ သိန္ဓောမြင်း၊ နတ်မြင်းပျံကိုစီးပြီး ကူးမှသာ ရနိုင်လိမ့်မယ်။

ကျုံးချောက်ထဲကို လူဖြစ်စေ၊ ကျွဲ၊ နွားဖြစ်စေ ကျသွားတာနဲ့ ကြီးမားတဲ့ မြွေကြီးတွေရယ်၊ မြွေဆိုးတွေပေါ့။ လူ့ပေါင်လုံးမကကြီးတဲ့ မြွေကြီးတွေ၊ စပါးကြီး၊ စပါးအုံး၊ တောကြီးမြွေဟောက်၊ ငန်းပုပ် စသည့် မြွေဆိုးကြီးတွေက ကျလာတဲ့သားကောင်ကို စားမျိုဖို့ အသင့်ပဲ။

ပိုဆိုးတာက အဆိပ်ပြင်းတဲ့ ဧရာမပုရွက်ဆိတ်ကြီးတွေပဲ။ တစ်ကောင်တစ်ကောင်ကို လက်သီးဆုပ်မကကြီးတဲ့ ပုရွက်မည်းကြီးတွေရဲ့ ခါမှာ နွားတစ်ကောင်ကို ပစ်ချပြီး စမ်းကြည့်တာ။

www.burmeseclassic.com



နွားဝဝကြီးတစ်ကောင်ဟာ ခဏအတွင်းမှာပဲ အရိုးကျသွားတ ကို အံ့ဖွယ် မြင်လိုက်ရတယ်။ တစ်ခါတစ်ခါ အဆိပ်ရှိ သတ္တဝါချင်း မာ သံ၊ ကိုက်သံ၊ အစာလုသံတွေဟာ ကြောက်ခမန်းလိလိ ကြားရတယ်။

အဲဒီ ကျုံးချောက်ထဲက သားရဲအဆိပ်ကောင်တွေကို ရန်သူရယ် တိုင်းပြည်သစ္စာဖောက်သူတွေရယ်ကို အပြစ်ပေးတဲ့အနေနဲ့ အဲဒီ မိစ္ဆာ ချောက်ထဲ ပစ်ချစီရင်ရန် ရည်ရွယ်ထားတာ။

ပြောရရင် ...

ဗိဿနိုးနတ်မင်းကြီးဟာ သိကြားမင်းရဲ့ မိန့်မှာချက်အရပါ နှင့် ဘဝဟောင်းက မောင်နှမတော်စပ်ခဲ့ဖူးတဲ့ မပန် (ပန်ထွာ) အတွ ဘယ်လိုရန်သူမျိုးမှ ဝင်လို့မရနိုင်တဲ့ ဗိဿနိုးမြို့ကြီးကို ကြီးကျယ်ခမ်းန စွာ တည်ဆောက်ပေးခဲ့တယ်။

သည့်နောက် ဗိဿနိုးမြို့ကို ရေစီးသန်တဲ့ ရန်ပယ်ချောင်းနဲ့ ဝ ပေးလိုက်တယ်။

ဘယ်လိုရန်သူမျိုးမဆို ဝင်လာလို့ရတာ တစ်နေရာပဲရှိတယ်။ ဒါက ရန်ပယ်ချောင်းပဲ။

ဗိဿနိုးနတ်မင်းကြီးက သိကြားမင်းထံ တင်လျှောက်တယ်။

"သိကြားမင်း ... ပန်ထွာမင်းသမီး ဘုရင်မအဖြစ် အုပ်ချုပ်စိုး ဖို့ ဗိဿနိုးနန်းတော်ကြီးကို အခိုင်အမာ စီစဉ်ပြီးပါပြီ ... သိကြားမင်း"

"ဗိဿနိုးနတ်မင်းကြီး ပန်ထွာဘုရင်မ နန်းထိုင်မည့်မြို့တော် မည်သို့ ဘွဲ့နာမည်ပေးမည်နည်း"

"အကျွန်ုပ် ဗိဿနိုးနတ်မင်းကြီးကိုယ်တိုင် ဦးဆောင်ကြီးကြ ညွှန်ကြားပြီး တည်ဆောက်ခဲ့သည်မို့ နောင်အရှည်သဖြင့် တည်ရှိစေ ဗိဿနိုးမြို့ဟု အမည်တပ်ပါမည် ... သိကြားမင်း"

"ဗိဿနိုးနတ်မင်း ..."

"အမိန့်ရှိပါ ... သိကြားမင်း"

"ဗိဿနိုးမြို့ကို ရန်သူတို့ အကယ်၍များ သွားချီတက်တိုက် လာပါက ကာကွယ်ရန် ရန်မျိုးနိုင် မဟာအတုလစည်တော်ကြီးကို ငါ ညွှ





ံး မဟာအတုလရန်ပယ်အမည်ရှိ စည်တော်ကြီးသည် အလွန်ပင် တန်ခိုး ဒ္ဓိရှိသော စည်တော်ကြီးဖြစ်သည်"

"ရန်မျိုးနိုင် မဟာအတုလ စည်တော်ကြီးကို မည်သို့ အသုံးပြုရ ည်ကို အမိန့်ရှိတော်မူပါ ... သိကြားမင်း"

"ဤ ရန်မျိုးနိုင် မဟာအတုလ စည်တော်ကြီးကို ရန်သူတို့လာ င်သည့်ဘက်သို့ မျက်နှာမူပြီး စင်မြင့်နှင့် သန့်ရှင်းစင်ကြယ်စွာ ထားရမည်။ ဤစည်တော်ကို အရေးမကြုံဘဲနှင့် မတီးခတ်ရ။ အရေးကြုံ၍ ရန်သူတို့ တက်တိုက်ခိုက်လာရင် ဤ ရန်မျိုးနိုင် မဟာအတုလစည်တော်ကြီးကို အမွှေး သာတို့ ပက်ဖျန်းပြီး ဂါထာမန္တာန်များရွတ်လို့ တီးခတ်ပါက ... ဟို ဆောင်ညိုတောင်တန်းကနေမိုးကြီးသည်းထန်စွာ ရွာသွန်းပြီး ရန်ပယ်ချောင်း ကို ရေကြီးရေလျှံလို့ အိမ်လုံးရွယ်တမျှ လှိုင်းတံပိုးများထကာ ရန်သူတို့ကို အလုံးနဲ့သယ်ဆောင် သေကျေပျက်စီးစေလိမ့်မည်။

အဲဒီ ဂန္ဓိရစည်တော်ကြီးသည် အင်းကြီးနံဘေးက ပိတ်ဆို့နေ သည့် ကျောက်လိုဏ်ထဲမှာ ပန်ထွာဘုရင်မအတွက် အသင့်ရှိနေပြီး ကျောက် ကို နတ်မင်းကြီးဖယ်ရှား၍ ဘုရင်မထံကို ပို့ဆောင်ပါ။ ပန်ထွာဘုရင်မ အတွက် ဗိဿနိုးနတ်မင်းကို ငါ ပေးအပ်သည်။ ရှာဖွေယူဆောင်သွား လော့"

"ကျေးဇူးကြီးမြတ်လှပါသည် ... အရှင်သိကြားမင်း"

သည့်နောက် ဗိဿနိုးနတ်မင်းကြီးဟာ သိကြားမင်းညွှန်ပြသည့် က်လိုဏ်ဂူထဲက ရန်ပယ်မဟာအတုလစည်တော်ကြီးကို ယူဆောင် ခန်းမစင်မြင့်သီးသန့်လုပ်ပြီး ပျိုလက်ရာမြောက် ထမ်းပိုးကြီးနှင့် စည် တော်ကြီးကို ချိတ်ဆွဲထားလိုက်တယ်။

စည်တော်ကြီးရှိရာ နန်းပြင်အခန်းကို သီးသန့်တံခါးပိတ်ထားပြီး နေရာမှာ လုံ့ရည်ကိုင် ပျိုတပ်သား လုံခြုံရေးဗိုလ်ငယ်တစ်ဦးနှင့် ဓားရှည် လုံခြုံရေးတပ်သား (၅)ဦး အစောင့်ချထားပြီး အကြီးအမှူးတစ်ယောက်ကို ရောညပါ အလှည့်နှင့် အုပ်ချုပ်စောင့်ရှောက်စေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အတုလမဟာစည်တော်ကြီးရဲ့ မျက်နှာ၀ သားရေပြင်ပေါ်မှာ ထားသည့် ဂမ္ဘီရအင်းကွက်များက စည်ရဲ့မျက်နှာပြင်ပေါ်မှာ ‘၀’ သဏ္ဍာန် ၀ိုင်းနေလို့။ စည်ကြီးရဲ့ ကိုယ်ထည်မှာလည်း နတ်ဘီလူး ရုပ် တွေကို ရွှေချထားလို့။

ပြီး ... ပျူအက္ခရာနှင့် အများသိစေဖို့ စာထိုးထားတယ်။

မဟာအတုလစည်တော်ကြီးတဲ့။

ဒီ သားရေစည်မျက်နှာပေါ်က အင်းတွေရဲ့အစွမ်းကို ရေးထား ကြေးပုရပိုက်ကို ဖတ်ပြီး ဗိဿနိုးနတ်မင်းကြီး အလွန်ကို အံ့သြနေတယ်။

သိကြားမင်းညွှန်ပြပေးထားတဲ့ ရန်ပယ်စည်တော်ကြီးမို့ ရန်ပယ် ရန်နိုင်မှာကို ယုံကြည်တယ်။

ဒါနှင့်အတူ ဘုရင်မ အချိန်တန်ရင် ရေကစားပျော်ပါးဖို့ အင်းကြီး တစ်ခုလည်း ပြန်လည်ပြုပြင် စီရင်ပေးထားတယ်။ ဖောင်တော်နှင့် သွား ရအောင် ဖောင်မျှောလမ်းကို တင့်တယ်စွာ လုပ်ပေးတယ်။

အဲဒီအင်းကြီးကို ဖောင်တော်ပေါက်အင်းလို့လည်း ခေါ်တယ် ပေပင်ကြီးတွေကလည်း ထူးခြားကြီးမားစွာ ပေါက်လို့။ ဗိဿနိုးမြို့နန်းတော် ကြီးကို ဘုရင်မနေရာအဆောင်၊ မင်းမှူးမတ်တို့ တရားစီရင်ရာအဆော ရာဇပလ္လင်၊ ဘုရားခန်း၊ စက်တော်ခေါ်ရန်အခန်း၊

အပျိုတော်များနေရန်အခန်း၊

စားတော်ခေါ်ရန်အခန်း၊

မြို့တွင်းမှာ စားရေရိက္ခာစုဆောင်းသည့် ကျီများ၊

ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ကို ထားရန် တင်းကုတ်နေရာများ၊

ပန်းမျိုးစုံ ရန့်သင်းပျံ့နေသည့် ဥယျာဉ်တော်တို့ကို အသင့်စီ ပြီးနောက် ပညာရှိမင်း၊ ပုဏ္ဏား၊ မှူးမတ်များအပါအ၀င် ရှင်ရသေ့တို့ စု၀ေးတိုင်ပင်စေပြီး ပန်ထွာဘုရင်မဘွဲ့မည် နာမတော်တပ် အခမ်းအနာ နှင့် ထီးနန်းအပ်အခမ်းအနားကြီးကို ခန့်ညားထည်၀ါစွာ ကျင်းပပြုလုပ် စီစဉ်ဆောင်ရွက်တော်မူခဲ့တယ်။

✿ ✿ ✿

[ ၁၁ ]

❑

နေရာက မြားရေးလေ့ကျင့်တဲ့ ကွင်းနေရာပါ။

တစ်ချိန်တစ်ခါတုန်းက ရှင်ရသေ့ရဲ့ ကျောင်းသခ်မ်းနေရာ၀န်းကျင် ဟာ မိပန်နဲ့ ဖခင်ရှင်ရသေ့တို့ သားအဖနှစ်ဦးပဲ ရှိတဲ့နေရာပါ။

သို့သော် ...

သူမရဲ့ ရှေးကုသိုလ်ကောင်းကျိုးပေးချိန်ကြောင့် ဗိဿနိုးနတ်မင်း ကြီးရဲ့ ကူညီစောင့်ရှောက်မှုကြောင့် ပန်ထွာဘုရင်မလောင်းလျာ ဖြစ်လာ သည့် အချိန်ကစလို့ ဒီနေရာ၀န်းကျင်ဟာ မိပန်အတွက် စစ်ရေးလေ့ကျင့် ကွင်းနဲ့ ယာယီတဲနန်းနေရာပဲပေါ့။

ဒီနေရာမှာ မြင်းစခန်းလည်း ရှိတယ်။

ရေချိုတွင်းလည်းရှိတယ်။ စိမ်းစိုနေတဲ့ သစ်သီး၀လံ စိုက်ခင်း တွေလည်း ရှိတယ်။

မိပန် လေးနှင့်မြားကို ကိုင်ပြီး မြားပစ်ကွင်းမှာ လေ့ကျင့်ဖို့ ပြင် နေတယ်လေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိပန်ကိုင်တဲ့လေးက 'ပိုလ်' (၂၀၀၀) နိုင်တဲ့ လေးပဲ။ လေးနှင့် လေးပစ်ခတ်ခြင်းအကြောင်းကို စစ်သူကြီး 'ယောဘ'က သူမကို နေ့စဉ် သင်ကြားပေးလို့ နားစွဲနေတယ်။

"မိပန် ..."

"ရှင် ... ဘစစ်သူကြီး"

"သမီး မှတ်ထားရမှာက ကိုယ်ကိုင်တဲ့ လေးအကြောင်းကိုသာ မကဘူး၊ ရှေးရှေးတုန်းက နာမည်ကျော်လေးအကြောင်းတွေကိုလည်း သိထားရမယ်"

"မှန်ပါ ... ဘစစ်သူကြီး၊ ဒါထက် ဘစစ်သူကြီးရယ် ... အခု သမီး ကိုင်တွယ်ပစ်ခတ်နေတဲ့ လေးက ဘာလေးလဲဟင်"

"ဒဏ္ဍမနုလေးလို့ ခေါ်တယ်။ ဒီလေးကိုင်းကို ထန်းပင်အသားရဲ့ အပေါ်ယံအမာသားနဲ့ လုပ်ထားတာ။ လေးကျစ်တယ်။ အနှစ်ရှိတယ်။ သူ့ကို ပိုလ်ခြေ (၂၀၀၀) နိုင်တဲ့လေးလို့ခေါ်တယ် ပန်"

"ဗိုလ်ခြေနှစ်ထောင်"

"မဟုတ်ဘူး ပိုလ်ခြေ (၂၀၀၀) လို့ခေါ်တာ။ ဘစစ်သူကြီးတို့ ဒီ ထန်းကျောသားလေးကို လေးညှို့တင်ပြီးတော့ ညှို့ရဲ့အလယ်မှာ ပိုလ် (၂၀၀၀) အလေးချိန်စီးတဲ့ဝန်ကိုချည်ပြီး လေးကိုင်းကို မ,ထားရတယ်။ အလေးချိန် ပိုလ်(၂၀၀၀) မြေကနေ လွတ်တဲ့ကာလ လေးကိုင်းနဲ့လေးညှို့ မြားတစ်ပြန်ခန့်သာ ကွာဟနေရင် အဲဒီလေးကို ပိုလ် (၂၀၀၀) နိုင်တဲ့လေး လို့ ခေါ်တယ်။

(မှတ်ချက် ။ တစ်ပိုလ်မှာ လေးကျပ်သားရှိသည်။ ပိုလ် (၂၀၀၀) ဆိုလျှင် ပိဿာချိန် (၄၀၀) ဖြစ်သည်။)

ပြီး မြားတစ်ပြန်ထက်ကျယ်နေရင် အဲဒါ လေးပျော့တယ်လို့ ခေါ် တယ်။ လေးပျော့ရင် ပစ်အားမကောင်းဘူး။ ထိချက်မနာဘူး။ တစ်ခါ မြား တစ်ချောင်း တစ်ပြန်မျှ မကျယ်ပြန်ရင်လည်း လေးမာတယ်လို့ ခေါ်ထား





လေးမာပြန်ရင်လည်း အားစိုက်မှုများပြီး လေး ထုံနေရောကွယ့် သမီးရဲ့။ ဒီ ထန်းသားလေးကို ဘတို့ ပျူလူမျိုးတွေသာ မကဘူး ... ဟိုး ... မဇ္ဈိမ တိုင်းပြည် ဒေသတွေမှာလည်း လွန်ခဲ့သည့်ကာလများက အများဆုံး ကိုင် ဆောင်သုံးစွဲခဲ့သည့် လေးပဲ။

နောက်လေးတစ်မျိုးက ဗိုလ် (၁၀၀၀) တင်ရတဲ့လေး။ ရှေးတုန်း က အဲဒီလေးမျိုးကို 'သဟဿထာမ' လေးလို့ခေါ်တယ်။ မဟာဇနက္ကမင်း သားတို့၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားတို့ ကိုင်တဲ့လေးဟာ လက်နက် ကိုင် ဗိုလ်ခြေယောကျ်ား (၁၀၀၀) တင်မှချမှ ရသည့်လေးပဲ။ (လက်နက်ကို ဓိဋ္ဌိလို လေးဟုခေါ်ပြီး မြန်မာလို ဗိုလ်ခေါ်သည်။ ဗိုလ် (၁၀၀၀) တင်မှချ မှ ရမည့်လေးဟု ခေါ်သည်။)

နောက် လေးလက်နက်တစ်မျိုးက 'သဟဿဗာဟု' လေးတဲ့။ ဆက်မောင်း (၁၀၀၀)၊ လက်နက်ကိုင် (၅၀၀) တင်မှချမှရတဲ့လေးကို ခေါ် တာကွယ့်။

သမီးပန်ရဲ့မြားက ပိုလ်ခြေ (၂၀၀၀) ဝန် ခံနိုင်တဲ့ လေးမြားပဲ။ မြားလက်နက်အကြောင်း သိပြီးရင် မြားပစ်နည်း၊ မြားရေးကိုလည်း သမီးပန် သိထားရမယ်"

"ပြောပြပါ ... ဘယောဘ"

"စစ်သူကြီး ယောဘက မြားရေးတွေကို ဆက်လက်ရှင်းပြတယ်။ မြားရေး (၁၂) ရေးကို ဗုဒ္ဓဝင်မှာ ဆိုထားတာက ...

(၁) သရပဋိဗာဟနမြားရေး

မြားကို မြားချင်းခတ်မိအောင် ပစ်နည်း။

(၂) စက္ကဓိဝမြားရေး

မြားပတ်လည် လက်ထဲသို့ဝင်လာအောင် ပစ်နည်း။

(၃) သရလဋ္ဌိမြားရေး

မြားနွယ်ကဲ့သို့ ကျအောင် ပစ်နည်း။



www.burmeseclassic.com

www.burmeseclassic.com



(၄) သရရဇ္ဇမြားရေး

ကြိုးကဲ့သို့ကျအောင် ပစ်သည့်မြားရေး။

(၅) ဘရဝေမိမြားရေး

မြားကိုမြားချင်း ဖောက်ထွင်းသွားအောင် ပစ်နည်း။

(၆) သရပါသာဒမြားရေး

မြားကို ပြာသာဒ်ကဲ့သို့ ကျအောင်ပစ်နည်း။

(၇) သရမဏ္ဍပမြားရေး

မြားမဏ္ဍပ်ကဲ့သို့ ကျအောင်ပစ်နည်း။

(၈) သရသောပါဒကမြားရေး

မြားစောင်းတန်းကဲ့သို့ ဖြစ်ပေါ်အောင်ပစ်နည်း။

(၉) သရပါကာရမြားရေး

မြားတံတိုင်းကဲ့သို့ကျအောင် ပစ်နည်း။

(၁၀) သရပေါက္ခရဏီမြားရေး

မြားလေးထောင့်ကန်ကဲ့သို့ ကျအောင်ပစ်နည်း။

(၁၁) သရပဒုမ္မာမြားရေး

ပဒုမ္မာကြာပွင့်ကဲ့သို့ ဖြစ်အောင်ပစ်နည်း။

(၁၂) သရဝဿကမြားရေး

မြားမိုးရွာသကဲ့သို့ ကျအောင်ပစ်နည်း . . .

ရယ်လို့ မြားရေး (၁၂) ပါး ရှိခဲ့ဖူးတယ်။ နောက်ပြီး မဟာဝင်လေးပစ်နည်း (၆)ပါးမှာ သားကောင်ရဲ့ အမွေးတစ်ပင်ကို ထိအောင်ပစ်ရတဲ့ 'ဝါလဝေဒိ' မြားရေး။ ညဥ့်သန်းခေါင် မိုးမှောင်ကျချိန် ကောင်းကင်ထက်ကအော်သွားတဲ့ ငှက်မြည်သံကိုနာခံပြီး မှန်အောင်ပစ်ချနိုင်တဲ့ 'သဒ္ဒဝေဒိ' မြားရေး။ ရေအနက်မှာ ကူးခတ်သွားလာနေတဲ့ လိပ်၊ ငါး၊ မိကျောင်းရေအောင်းသတ္တဝါတို့ကို လှုပ်ရှားနေစဉ်မှာပဲ ထိမှန်အောင်ပစ်ရတဲ့ 'ဥဒကဝေဒိ' မြားရေး . . . စသည့်မြားရေးတွေ ရှိသေးတယ်။ အဲဒီထဲက အဓိကမြားရေးတွေကို သမီးပန် တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားရမယ်''





မှန်ပေပေ့။

ကိုယ်က ဗိဿနိုးမြို့ကြီးကို အုပ်ချုပ်ရမည့် ဘုရင်မအလောင်းအလျာပါလို့ မောင်တော် ဗိဿနိုးနတ်မင်းကြီးက ဖခင်ရသေ့ကိုရော၊ သူ့မကိုပါ အတိအကျပြောခဲ့တာ။

ဒါကြောင့် ပန် ဓားရေး၊ လှံရေး၊ မြားရေးတွေကို အပင်ပန်းခံပြီး နှစ်တကျ သင်ယူနေတာ။ အဘိုးအမတ်ကြီး ပညာဒီပက အဘစစ်သူကြီးသာဘတို့နဲ့ တည်ဆောက်ပြီးစ သစ်လွင်ခမ်းနားလှပတဲ့ ဗိဿနိုးနန်းမြို့ကြီးကို မြင်းစီးပြီး အနှံ့ လိုက်ကြည့်ခဲ့ဖူးတယ်။

အဘိုးအမတ်ကြီး ပညာဒီပက ပြောသလိုပါပဲလား။

မြို့တော်ရပ်ပညာရပ် (၇) ပါးနဲ့ ပြည့်စုံအပ်ဖွယ်ပါတကား။

- ရန်သူတို့ဖျက်စီးရန်မလွယ်သည့် ခိုင်ခံ့သော တံတိုင်းမြို့ရိုး။
- ကျယ်ဝန်းသည့် ကျုံး၊ မြောင်း။
- ကျယ်ဝန်းသော သူရဲပြေး၊ ပစ်ပေါက်၊ ကာပါ၊ ကတုတ်။
- ထက်မြက်ပြင်းထန်စူးရှသည့် လက်နက်ခဲယမ်းမီးကျောက်၊
- ရဲမက်၊ ဗိုလ်ပါစစ်သည်၊ ယာဉ်ရထားအများ။
- လိမ္မာပါးနပ်သော တံခါးစောင့် ကင်းတပ်။
- မြင့်သော အုတ်တံတိုင်း။

မြို့ကြီးတစ်ခုရဲ့ အင်္ဂါရပ် ပြည့်စုံနေတာပဲ။ စစ်ယာဉ်တွေ၊ စစ်မြင်းတွေ ချီတက်လှုပ်ရှား စစ်ကစားနေတာကို မြင်ခဲ့ရတယ်။ ဓားလှံလေးမြားတို့နဲ့ အရောင်တလက်လက် စစ်လက်နက်တွေကိုလည်း မြင်ခဲ့ရတယ်။

နှစ်ပေါင်းတစ်ထောင်ကျော် မင်းမဲ့ခဲ့တဲ့နေရာမှာ ဗိဿနိုးမြို့ကြီးကို ဗိဿနိုးနတ်မင်းကြီး ဦးဆောင်တည်ခဲ့ပါပြီ။ စားရေရိက္ခာ ကျီတိုက်ကြီးတွေ၊ ကုန်လှောင်ရုံကြီးတွေနဲ့အတူ အလုပ်အကျွေးတို့ကိုလည်း ပြည့်ပြည့်စုံစုံ မြင်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဘုရင်မကြီးလုပ်ပြီး ဗိသနိုးမြို့တော်ကြီးကို အုပ်ချုပ်ရမှာ"

"သမီးက ဗိသနိုးနတ်မင်းကြီးရဲ့ နှမတော်အရင်း"

"သိကြားမင်းကိုယ်တိုင် မဟာအတုလရန်ပယ်စည်တော်ကြီး ချီးမြှင့်ခြင်းခံထားရတဲ့ ဘုရင်မ"

"အထူးသဖြင့် လေးအတတ်၊ ဓားရေးအတတ်ကို ယှဉ်ပြိုင်ဘက်တွေထက် ပိုပြီး တတ်ကျွမ်းနေရမယ်။ သိလား"

ပန်ထွာ မြားတစ်ချောင်းကို ထုတ်ပြီး လေးညှို့ပေါ်တင်လိုက်တယ်။ မြားရင်းက နှာခေါင်းရှေ့မှာ။ မြားဦးနဲ့ တစ်တန်းတည်း ကျရောက်ချိန်မှာ အသက်ကို တဝရှူလိုက်ပြီး ငံ့ထားရာက ပိုလ် (၂၀၀၀) လေးညှို့ကို လွှတ်လိုက်တယ်။

"ဒေါင် ..."

"ဗိုး ..."

"ဗိုး ..."

"စွပ် ..."

သူမရဲ့မြားချက်က ဟိုးတမြင့်မှာ တွဲလောင်းစွဲထားတဲ့ သစ်သီးကို ထိမှန်ပြီး ထက်ပိုင်းပြတ်ကျသွားတယ်။

"တပ်မှူးသျှိဝ ..."

"မှန်ပါ ... သခင်မကြီး"

"ကောင်းကင်ပေါ်ကို သစ်သီးတစ်လုံး မြှောက်လိုက်"

"မှန်ပါ ... သခင်မ"

ကိုယ်ရံတော်တပ်မှူး သျှိဝက လွယ်ထားသည့် သားရေလွယ်အိတ်ထဲက လက်သီးဆုပ်ခန့်ရှိသော သစ်သီးတစ်လုံးကို နှစ်ပြန်ကျော်အ[illegible]ခန့်ထိအောင် မြှောက်တင်လိုက်တယ်။

သို့သော် ...





ပန်ထွာသခင်မ လေးက မြားကိုမလွှတ်ဘဲ ကြည့်နေလိုက်လို့ ကိုယ်ရံတော်တပ်မှူး သျှိဝက ကောင်းကင်က ကျလာနေတဲ့ သစ်သီးကို အမြန်လှမ်းဖမ်းလိုက်ရတယ်။

"သခင်မ ... ဘာလို့ မြားနဲ့ မပစ်ပါလဲ ဘုရား"

"သျှိဝ ... မောင်မင်းမြှောက်တင်တာ နိမ့်လွန်းတယ်ကွယ်။ မောင်မင်းလက်တစ်ဆုံး အားကုန်မြှောက်ပါ ... သျှိဝ"

ကိုယ်ရံတော်သျှိဝ အံ့သြသွားတယ်။

မိမိရဲ့ခွန်အား လက်တစ်ဆုံးမြှောက်တင်လိုက်ရင် ဟိုးမိုးပေါ် သုံးလေးပြန် မြင့်သွားမှာရယ်။ အဲဒီလောက်အမြင့်မှာ တက်ကျဖြစ်နေတဲ့ လက်သီးဆုပ်ခန့် သစ်သီးကို သခင်မက ထိအောင်ပစ်နိုင်မှာတဲ့လား။

သျှိဝ မယုံချင်ပါဘူး။

သို့သော် သူမက မိမိရဲ့ အရှင်သခင်ပါ။

ကိုယ်က သူမရဲ့ ကိုယ်ရံတော် သက်တော်စောင့်တပ်မှူး။

နိုင်းသမျှကို ငြင်းခွင့်မရှိဘူး။ အထွန့်တက်ခွင့်မရှိဘူး။ ခုနေ သူမ အမိန့်ပေးသမျှ မလုပ်ခဲ့ရင် အပါးတော်ကနေ မောင်းနှင်ထုတ်လည်း ရတယ်။ ဘုရင်မလောင်းရဲ့ အမိန့်ကို မနာခံလို့ အကျဉ်းချထားလိုက်ဆိုရင်လည်း [illegible]တ်သာ။

"မှန်ပါ ... မြင့်မြင့်မြှောက်ပါပြီ သခင်မ"

"ကျွား ..."

"ဗိုး ... ဗိုး ... ဗိုး ..."

သျှိဝ သန်မာဖုထစ်နေတဲ့ ညာလက်မောင်းနဲ့ သစ်သီးကို လေထဲ ကောင်းကင်ပေါ် အားကုန် မြှောက်တင်လိုက်တယ်။ သစ်သီးက သခင်မရဲ့ ခေါင်းအထက်ကနေ မြင့်မြင့်တက်သွားပြီး လေထဲမှာ ပျောက်ကွယ်သွား[illegible] ...

"ဒေါင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး . . ."

"ဝိုး . . ."

တောင်ပံပြင်းတဲ့ ပိတုန်းတစ်ကောင် 'ဝိုး' အသံပေးပြီး တက်သွားသလို သခင်မလက်ထဲက မြားတစ်ချောင်း ကောင်းကင်ပေါ် ပျံတက်သွားတယ်။

တစ်ငံ့အကြာမှာ သျှိုဝပစ်လိုက်တဲ့သစ်သီး လေထဲကနေ မြား မစူးဘဲပြန်ကျလာလို့ ကိုယ်ရံတော်သျှိုဝက အမြန်ပြေး ဖမ်းယူလိုက်တယ်။

သခင်မက သူ့ကိုယ်သူ တယ်အထင်ကြီးသကိုး။

ဒီမှာပဲ သခင်မပန်ထွာကလည်း ပြန်စိုက်ကျလာတဲ့ မြားတံကို ဘယ်လက်နဲ့ ဖမ်းလိုက်တယ်။ နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆင့် သစ်သီးနဲ့ မြားကို ပြန်ဖမ်းဆုပ်မိကြတာ။

"သျှိုဝ . . ."

"သခင်မဘုရား"

"ငါ့မြားချက် ဘယ့်နှယ်ရှိသလဲ . . . မောင်မင်း"

"ဟို . . . ဟို . . . မြားကတခြား၊ သစ်သီးကတခြား ပြန်ကျလာတာ မဟုတ်ဘူးလား . . . သခင်မဘုရား"

"ဟတ်လား . . . ဒါဆို ငါ့မြားချက် လွဲသွားရော့သလား ကိုယ်ရံတော်တပ်မှူး . . . သျှိုဝရယ်။ မောင်မင်းလက်ထဲက သစ်သီးကို ပြန်စစ်ဆေးကြည့်စမ်း . . . သျှိုဝ"

ဒါနဲ့ ကိုယ်ရံတော်တပ်မှူးသျှိုဝ သူ့လက်ထဲက သစ်သီးကို ပြန်ကြည့်လိုက်ရော . . .

"ဟင် . . ."

အလိုလေး . . . သစ်သီးရဲ့ကိုယ်ထည်ကို မြားက ဖောက်ဝင် ထွင်းချင်းထွက်သွားတော့ မြားဝင်ပေါက်နဲ့ ထွက်ပေါက် ကျန်ရစ်နေတာကို သျှိုဝ အံ့ဖွယ်မြင်လိုက်ရပြီး . . .





သစ်သီးကို နေရောင်မှာ ထောင်ကြည့်လိုက်ရော . . .

ဟုတ်ပါ့ . . .

ဒိုးယိုပေါက်ကနေ အလင်းရောင်ကို မြင်နေရတယ်။ အံ့ဖွယ်ကောင်းလိုက်ပါဘိ။ ဒီမြားချက်မျိုးကို မိမိသျှိုဝပင် မပစ်နိုင်ခဲ့။

ပိုပြီး အံ့ဩဖို့ကောင်းတာကို ကိုယ်ရံတော်သျှိုဝ တစ်ညကြုံလိုက်ရတယ်။

ဒီတုန်းက . . .

သခင်မ ပန်ထွာမင်းသမီး ယာယီတဲတန်းမှာ အိပ်စက်နေချိန်၊ လှေမ်းမကမ်းမှာ မိမိနှင့် အစောင့်တပ်သား (၅) ဦး ကင်းစောင့်နေတဲ့ အချိန် . . .

"ဂီး . . . ဂစ် . . . ဂစ် . . ."

"ဂီး . . . ဂစ် . . . ဂစ် . . ."

"ဂီး . . . ဂစ် . . . ဂစ် . . ."

"တပ်မှူး . . . တပ်မှူး . . ."

"ရှူး . . . တိုးတိုး . . . ယက္ခ . . . သခင်မ နိုးသွားမယ် . . ရှူး"

"ကောင်းကင်မှာ မကောင်းဆိုးဝါးငှက် လူးလူးလာလာ အော်နေတယ် . . . တပ်မှူး"

အဲဒီငှက်ကို ငှက်ဆိုး၊ မကောင်းဆိုးဝါးကောင်လို့ ခေါ်တယ်။ ဒီငှက်ဆိုးကောင် အိမ်ခေါ်မိုးပေါ်၊ နန်းတော်ပေါ်၊ ကျောင်းဇရပ်ပေါ်က ပြန်ပြီးအော်ရင် နိမိတ်မကောင်းဘူးလို့ အယူရှိကြတာကိုး။

"ဂီး . . . ဂီး . . . ဂစ် . . . ဂစ် . . ."

"သခင်မ ကြားသွား၊ နိုးသွားရင် မကောင်းဘူး . . . ယက္ခ"

"ဘယ်လိုမောင်းနှင်မလဲ . . . တပ်မှူး"

"နေ . . . နေ . . . ငါလုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးသျှိဝ မြားတစ်ချောင်းရဲ့ မြားဦးမှာ လောင်စာအဆီစွတ် အဝတ်စကို မီးရှို့ပြီး လူးလာခေါက်ပြန်အော်နေတဲ့ ငှက်ဆိုးကောင်ရှိရာကို မြားပစ်တင် ခြောက်လှန့်လိုက်တယ်။

တက်လာတဲ့မီးများ အရောင်ကြောင့် ငှက်ဆိုး ကွေ့ပြန်သွား မယ့် မကြာဘူး၊ လာပြန်အော်နေပြန်ရော။

ဒါနဲ့ နောက်ထပ် မီးမြားတစ်ချောင်းပစ်ပြီး လှန့်လည်း ငှက်ဆို က လုံးဝလှည့်မပြေးဘဲ ဒီမိုးကောင်းကင်ဝန်းကျင်မှာပဲ အသံစူးစူးနဲ့ ကြ သီးထဖွယ် အော်နေပြန်တယ်။

သခင်မ ကြားသွား၊ နိုးသွားရင် ကိုယ့်အပြစ်၊ ကိုယ့်တာဝန်ပဲ။

သခင်မ အိပ်ပျော်နေချိန်မှာ အနီးဝန်းကျင် ဘာသားကောင် အ-ာ်ပြုခွင့်မရှိဘူး။ အကယ်လို့သာ သခင်မနိုးသွားရင် အားလုံး အပြစ်ဒ ခံရတော့မယ်။

ယက္ခနဲ့ အဂ္ဂတို့ အစောင့်နှစ်ဦးလည်း အောက်ကနေ မီးတုတ် ညှိပြီး လှန့်ပေမယ့် ဖွဲကြီးလှတဲ့ငှက်ဆိုးက လုံးဝကို အဝေးကို မပြန်ဘူး နှစ်ဦးစလုံး သခင်မ နိုးမှာ လန့်နေကြပြီ။

သျှိဝ တတိယမြောက် မီးမြားကို ပစ်ဖို့ လေးညှို့နဲ့ ဆွဲတင်လို ချိန်မှာပဲ ...

"သျှိဝ ... ရပ်လိုက်"

"ဟင် ... သခင်မကြီးဘုရား"

သုံးဦးစလုံး ဆီမီးတိုင် အလင်းရောင်အောက်မှာ အမြန် ဒူးထော လက်အုပ်ချီ ခစားလိုက်ရင်း ပန်ထွာသခင်မက လေးနှင့်မြားကို ကိုင် နားစွင့်လို့ရယ်။ ကောင်းကင်မှာ ငှက်မိစ္ဆာကောင်က လူးလာပျံလို့။

"သခင်မ ... ကြားတယ်။ မင်းတို့ မီးမြားနဲ့ ခြောက်လှန့်မော ထုတ်တာလည်း သိတယ်။ ဒီမိစ္ဆာကောင်ငှက်ဆိုးက ငါရှိနေတဲ့ နယ်မြေ ပမာမခန့် လာလုပ်တာကိုး။ မီးတိုင်တွေ အားလုံးငြိမ်းလိုက်"

စိတ်ကူးသစ်စာပေ



"မှန်ပါ ... ဘုရင်မ"

မီးတိုင်အားလုံးကို မီးငြိမ်းသတ်လိုက်တယ်။ ဘုရင်မရဲ့ ယာယီ ဲနန်းဝန်းကျင်ဟာ ပိန်းပိတ်မှောင်သွားတယ်။ ကောင်းကင်မှာလည်း ကွယ်ညမို့ ကြယ်ရောင်မှုပင်မရှိဘဲ မည်းမှောင်နေတယ်။

"ဂီး ... ဂီး ..."

"ဂစ် ... ဂစ် ... ဂီး ... ဂီး ..."

ပန်ထွာသခင်မ မှောင်ကြီးမည်းမည်းထဲမှာ လေးညှို့ပေါ် မြားဝါး မြားတစ်ချောင်း တင်ပြီး ငှက်ဆိုးအော်သံကြားရာကို လိုက်ချိန်လိုက် ယ်။

"ဂီး ... ဂစ် ... ဂစ် ..."

"ဝီး ..."

"ဖောင်း ..."

"ဂီး ... အစ် ... အစ် ..."

"ဘုတ်"

မိစ္ဆာငှက်ဆိုးကို မြားမှန်ပြီး စူးစူးအစ်အစ်အော်ကာ မြေပြင်ပြုတ် သွားတဲ့အသံနှင့် အတောင်ခတ် လူးလွန့်ငြိမ်သက်သွားသံကို အားလုံး ကြားလိုက်ရတယ်။

သျှိဝတို့ အသက်ပင် ဝံ့ဝံ့မရှူရဲကြဘူး။ ဒီမှာ ဘုရင်မပန်ထွာရဲ့ သံ ထွက်လာခဲ့တယ်။

"သျှိဝ ... မီးတိုင်တွေ ထွန်းညှိလိုက်"

"မှန်ပါ ... သခင်မ"

မီးတိုင်တွေကို ချက်ချင်း ထွန်းညှိလိုက်တော့ ဝန်းကျင်တစ်ခုလုံး ထိန်သွားပြီး အရာရာကို မြင်ကွင်းရှင်းသွားတယ်။

"သျှိဝ ..."

"အမိန့်ရှိပါ ... သခင်မ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မိစ္ဆာငှက်ကို မီးရှို့ပြာချပြီး မသန့်ရေနဲ့လောင်းလို့ မြေကြီးထဲမြှုပ် လိုက်"

"မှန်ပါ ... သခင်မ၊ အမိန့်တော်အတိုင်း ခုချက်ချင်း ဆောင် ရွက်ပါ့မယ် ... သခင်မ"

ပန်ထွာသခင်မ လက်စွဲတော် 'ဒဠ္ဌမန' ထန်းသားလေးကို ကိုင် ပြီး စက်ရာခန်းကို ပြန်ကြွသွားခဲ့တယ်။

သျှိဝ မီးတိုင်တစ်တိုင်ကိုင်ပြီး ဓားဆွဲလို့ မိစ္ဆာငှက်ရှိရာကို သွား ကြည့်တော့ ကြက်ဖကြီးတစ်ကောင်နီးပါး။ ကြီးမားလှတဲ့ နှုတ်သီးကောက် ကောက်၊ မျက်စိပြူးပြူး ငှက်မိစ္ဆာ (ငှက်ဆိုး) ကို မြားစိုက်လျက်တန်းလန်း နဲ့ သေနေတာကို အံ့ဖွယ်မြင်လိုက်ရတယ်။

အံ့ဩစရာကောင်းလိုက်တာ။

မိမိတို့ မီးမြားနဲ့ ခြောက်လှန့်မောင်းနှင်လို့မရတဲ့ ငှက်ဆိုးမိစ္ဆာကြီး ကို ပန်ထွာသခင်မက လုံးဝ မီးမှောင်ချပြီး ငှက်ဆိုးအော်သံကြားရာကို ချိန်ရွယ်ပစ်လိုက်တာ ...

အဲဒီမြားချက်ဟာ ဟုတ်ပေပြီပဲ။

စစ်သူကြီးယောဘ တစ်ခါ မိန့်ကြားတဲ့မြားချက်။

မိုးမှောင်ကျနေတဲ့ ညဥ့်သန်းခေါင်လိုအချိန်မှာ ကောင်းကင်ထ ငှက်သံကို နားစွင့်ပြီး ပစ်တဲ့ မြားရေး။

သဒ္ဒဝေဒီမြားရေး။

✿ ✿ ✿

[ ၁၂ ]

❑

မြို့ရွှေနန်းတော်တို့ရဲ့ အင်္ဂါရပ်နဲ့အညီ ဗိဿနိုးမြို့ကြီးနဲ့ ဗိဿနိုး နန်းတော်ကြီးကို စီရင်ပြီးမြောက်ပါပြီ။

နတ်တို့စီရင်သည့် ရတနာမျိုးတို့နှင့် စီရင်အပ်သော ရာဇပလ္လင် လည်း အသင့်ရှိနေပါပြီ။

အမတ်ကြီးတို့၏ ဂုဏ်အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသည့် အမတ် (၁၄) ဦးတို့ကိုလည်း သူကနေရာနှင့်သူ နေရာချထားပြီးပါပြီ။

(၁) မန္တိနီ ... သင်းတိုင်ပင်အမတ်ကြီး၊

(၂) သေနာနီ ... စစ်သူကြီး၊ ဗိုလ်မှူးအမတ်၊

(၃) အက္ခဒဿော ... တရားဝန်ကြီးအမတ်၊

(၄) ဒေါ်ဝါရိကော ... တံခါးမှူးအမတ်၊

(၅) အကနိဋ္ဌော ... ကိုယ်ရံတော်ဗိုလ်မှူးအမတ်၊

(၆) မလ္လကော ... လက်ပန်းသည်လက်ဝှေ့သတ် အမတ်၊

(၇) သောဝကော ... မင်းခစားအဆောင်တော်မြဲအမတ်၊

(၈) ဂေရညိကော ... ရွှေတိုက်စိုး၊ ငွေတိုက်တော်မှူးအမတ်၊



www.burmeseclassic.com

www.burmeseclassic.com



(၉) အဓိကတော ... ကလန်ခေါ် တစ်ရွာတည်းကို ကြီးကဲသောအမတ်၊

(၁၀) ဂေါပေါ ... သံပျင်ခေါ် မြို့သူကြီးခေါ် ရွာအများကို ကြီးကဲရသောအမတ်၊

(၁၁) ဓရော ... သူလျှိုစုံထောက်အမတ်၊

(၁၂) ဒူတော ... တမန်တော်အမတ်၊

(၁၃) ဂဏကော ... ဂဏန်းဟူးရား စာရင်းစစ်ဆေးရသောအမတ်

(၁၄) လေခဏော ... စာရေးတော်ကြီးအမတ် ...

စသည့် မင်းနေပြည်တော်မှာ ရှိရမည့် မှူးမတ်တို့ကို အသီးသီး နေရာချပြီးနောက် နေ့ကောင်းရက်မြတ် မင်္ဂလာအချိန်သို့ ရောက်သောအခါ ဘုရင်မတို့ဆင်ယင်အပ်သော အဖိုးတန် ပျူဘုရင်မ အဝတ်တန်ဆာ ဒွါရာ နှင့် သရဖူတို့ကိုလည်းကောင်း၊

ပန်းထိမ်ပညာရှင်တို့ လက်ရာမြောက်စွာ ပြုလုပ်သည့် ရွှေလည်ဆွဲရတနာ၊ ပျူရောင်စုံပုတီးများ၊ နယ်ားခံရွှေလက်ကောက်များ၊ ရွှေလက်စီး၊ ရွှေခြေနန်း စသည့် အဆောင်အယောင်တို့ကို ဝတ်ဆင်စေပြီး ...

ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က မင်္ဂလာရေစင်သွန်းပြီးနောက် မင်္ဂလာ ငွေခရုသံများ ပြိုင်တူမှုတ်လို့ အဘိသိက်မင်္ဂလာ ရာဇထီးနန်းကို အပ်တော်မူတယ်။

ဗိဿနိုးနန်းတော်အတွင်းမှာလည်း မှူးမျိုး၊ မတ်မျိုး (၁၄) မျိုး အစုံအလင်နှင့် မြင်ရသူတိုင်း ချီးမွမ်းလေးစား အံ့သြဖွယ်၊ ရာဇအဘိသိက် မင်္ဂလာအခမ်းအနားကြီးကို အတီးအမှုတ်၊ ပျူဂီတပညာရှင်များ၊ ပျူကချေသည်များ၊ ပျူအဆိုကျော်များနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့တယ်။





ရာဇပလ္လင်ထက်က အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်း၊ မဟာမင်းသရဖူနှင့် တင့်တယ်ပျိုမျစ်၊ ကျက်သရေရှိလှတဲ့ ပန်ထွာဘုရင်မ ရဲ့ ငွေလဝန်းမျက်နှာတော်ကို မော်ဖူးရင်း ကိုယ်ရံတော်တပ်မှူးလေးသျှိဝ ရင်ထဲမှာ ပီတိတွေနဲ့ လှိုင်းထနေရဲ့။

ပြီးနောက် ... ပုဏ္ဏားတော်ကြီး သုမင်္ဂလာ စိန္တာက မှူးမတ် သူဌေး၊ သူကြွယ်တို့အား ကြေညာတော်မူတယ်။

"မင်္ဂလာဘုန်းကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူသော ပန်ထွာ ဘုရင်မကြီးအား ဘာလေးထောင်ကျော် ကျယ်ဝန်းပြီး နန်းရွှေမြို့တော်တို့ ၏ အင်္ဂါ၊ မင်္ဂလာခုနစ်ပါးနှင့် ပြည့်စုံတော်မူသည့် မဟာဗိဿနိုး နန်းရွှေ မြို့တော်ကြီးကို တည်ထောင်ပြီးပါပြီ။ သတိုးမင်းပြောင် လက်ထက်မှစ၍ မင်းဆက်ပြတ်ခဲ့သည့်ဒေသမှာမှာ ယခု ဗိဿနိုးမြို့သစ် ဖြစ်ခဲ့ပြီးပြီမို့ ယနေ့ အချိန်မှစ၍ သီရိသုမင်္ဂလာ မဟာပန်ထွာဘုရင်မကြီး ရွှေနန်းထိုင်မင်းလုပ် အုပ်ချုပ်စိုးစံတော်မူပြီး ဖြစ်ပါကြောင်း ... အမိန့်တော် ...

"တူ ... ဟူ ... ဟူ ... ဟူ ..."

"တူ ... ဟူ ... ဟူ ... တူ ..."

"တူ ... ဟူ ... တူ ... တူ ..."

မင်္ဂလာငွေခရုတို့ရဲ့ သံပြိုင်မှုတ်သံက ဗိဿနိုးရွှေနန်းတော်ကြီး ရဲ့ ဖိတ်ဖိတ်လက် ခန်းမကြီးထဲမှာ ပဲ့တင်လှိုင်နေတယ်။

"ယနေ့ ယခုအချိန်အခါတော်မှ အစပြု၍ ပုဏ္ဏားပညာရှိများ မှူးမတ်၊ စစ်သူကြီး၊ သူဌေးသူကြွယ်၊ လယ်ယာလုပ်ကိုင် ဆင်းရဲသားများ အားလုံး ပန်ထွာဘုရင်မကြီးရဲ့ အမိန့်တော်ကို နာခံ၍ ပန်ထွာဘုရင်မကြီး ကြီးစိုးအုပ်ချုပ်စိုးစံရာ မဟာဗိဿနိုးမြို့တော်ကြီးကိုလည်းကောင်း၊ ပန်ထွာ ဘုရင်မကြီးကိုလည်းကောင်း ရိုသေလေးစား၊ အလုပ်အကျွေးသမှုပြုကြရ မည်။ ဘုရင်မရဲ့ နိုင်ငံတော်ကို သစ္စာစောင့်သိ စောင့်ရှောက်ရမည် ... အမိန့်တော်"



www.burmeseclassic.com

www.burmeseclassic.com



"တူ ... ဟူ ... ဟူ ... ဟူ ..."

"တူ ... ဟူ ... ဟူ ... ဟူ ..."

"တူ ... တူ ..."

"မဟာဗိဿနိုးမြို့တော်ကြီးရဲ့ အလုပ်အကျွေးများ ဖြစ်ကြတဲ့ မင်းပုဏ္ဏား၊ မှူးမတ်၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များ၊ ဆွေတော်မျိုးတော်များနှင့် ကျေးတော်ကျွန်တော်မျိုးတို့အား နေရောင်တနူန်း ရွှေဘုန်းတော် ကြီးမားမြင့်မြတ်လှပါသော သီရိပရ၀၊ သုတိမင်္ဂလ မဟာပန်ထွာဘုရင်မကြီးမှ ရွှေနန်းသိမ်း မင်္ဂလာစကားတော်အား မိန့်ကြားတော်မူပါ ... ဘုရင်မကြီးဘုရား"

ရာဇပလ္လင်ထက်မှ ပန်ထွာဘုရင်မကြီးက နန်းသိမ်းမင်္ဂလာစကားကို မိန့်ကြားတော်မူတယ်။

"ခမည်းတော် ရှင်ရသေ့ကြီးအားလည်းကောင်း၊ ဗိဿနိုးနတ်မင်းကြီးအားလည်းကောင်း၊ ဘိုးတော် သိကြားမင်းအားလည်းကောင်း ရှိသေစွာ လက်အုပ်ချီမိုး၍ ကန်တော့ပါ၏ ..."

"ကျွန်ုပ်သည် ဤပန်ထွာနိုင်ငံတော်ကြီး၏ ဘုရင်မကြီးအဖြစ် မင်းလုပ်အုပ်ချုပ်သည့် အချိန်ကစ၍ မင်းကျင့်တရား(၁၀)ပါးဖြစ်သည့် ဒါန အလှူပေးခြင်း၊ သီလ၊ ငါးပါးသီလ၊ ဆယ်ပါးသီလကို ဆောက်တည်ခြင်း။ ပရိစာဂ – ပေးကမ်းချီးမြှင့်ခြင်း၊ မဒ္ဒဝ – ကိုယ်, နှုတ် နူးညံ့သိမ်မွေ့ခြင်း။ ဥပေါသထ–အဋ္ဌင်္ဂသီလ စောင့်သုံးရခြင်း၊ အက္ကောဓ – အမျက်မထွက်ရခြင်း။ အဝိဟေသ – ရဟန်းရှင်လူ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း၊ အဝိဟိံသန– ပြည်သူလူထုတို့ကို အခွန်အတုပ်အမျိုးမျိုးဖြင့် မညှဉ်းဆဲရခြင်း၊ ခန္တီ – သည်းခံရခြင်း၊ သမ္မာပဋိပန္န–ဖြောင့်မတ်မှန်ကန်စွာ ပြုကျင့်ရခြင်း စသည့် မင်းကောင်းမင်းမြတ်တို့ ပြုမူကျင့်ကြံရမည့် မင်းကျင့်တရားဆယ်ပါးနှင့်အညီ ပြုမူကျင့်ကြံ အုပ်ချုပ်သွားမည်ဖြစ်ပါတယ် ... မင်းကြီးတို့။ ကျွန်ုပ်သည်





ငယ်ရွယ်သူ မင်းမျိုးမင်းလွင်ဘုရင်မ ဖြစ်သည့်အတွက် မင်းကြီးတို့ကလည်း ဖခင် ရှင်ရသေ့နှင့်အတူ ဝိုင်းဝန်းထိန်းမ သွန်သင်ပေးပါလို့ မိန့်ကြားချင်ပါတယ်။

ယခုအခါ တိုင်းပြည်တစ်ပြည်ရဲ့ အင်္ဂါ (၇) ရပ်ဖြစ်တဲ့ ပြည့်ရှင်မင်း သမ္မတရှိရခြင်း၊ ဝန်ကြီးသံကြီး မင်းတိုင်ပင်အမတ်များရှိရခြင်း၊ စစ်မက်ကူညီရေး မဟာမိတ်မင်းများရှိရခြင်း၊ စားနပ်ရိက္ခာ ရွှေငွေဘဏ္ဍာများရှိရခြင်း၊ ကျုံးမြောင်းခံတပ် နယ်စပ်တံတိုင်း တောင်တောတို့ရှိရခြင်း၊ ကျယ်ပြန့်သော တိုင်းနိုင်ငံတော်ဖြစ်ရခြင်း၊ စစ်သည်ဗိုလ်ပါ စစ်အင်္ဂါစုံ ကြည်း ရေ လေ ရှိရခြင်း စသည့် အင်္ဂါရပ် (၇) ဖြာမှာ စစ်မက်ကူညီရေး မဟာမိတ်မင်းများရှိရခြင်း အချက်တစ်ချက်ကလွဲရင် ဗိဿနိုးနိုင်ငံတော်ကြီးမှာ ပြည့်စုံပါပြီ။

တိုင်းပြည်ရဲ့ ပြည့်ရတနာ (၉)ပါးဖြစ်သော ပြည့်ဦးကင်း၊ ပြည့်ခွန်၊ ပြည့်မျက်စိ၊ ပြည့်၏နား၊ ပြည့်အစွယ်၊ ပြည်ကြီးမျက်နှာ၊ ပြည့်ခံကိုက်၊ ပြည့်ခြေ၊ ပြည့်လက် စသည်တို့ကိုလည်း ကာကွယ်စောင့်ရှောက်ပြုစုမျိုးထောင်ပြီး ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်စီမံသွားမည်ဆိုတာကို မင်းမှူးသတ်များရှေ့မှာ ကျွန်ုပ် ပန်ထွာဘုရင်မ ကတိပြုပါတယ်။

"သာဓု ... သာဓု ... သာဓု ..."

ဖခင် ရှင်ရသေ့နှင့်တကွ မင်းပရိသတ်အားလုံးတို့ဟာ ပန်ထွာဘုရင်မရဲ့ မိန့်မှာမင်္ဂလာစကားအဆုံးမှာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြတော့ရဲ့။

"အမှန်ပါပဲလေ"

ဗိဿနိုးဘုရင်မကြီးခေါ် ပန်ထွာဘုရင်မကြီးရဲ့ ရွှေလက်ထက်တော်မှာ တိုင်းပြည်ဟာ စားရေရိက္ခာ ပေါကြွယ်ဝပြီး နယ်လေးရပ်ကို ကျော်စောထင်ရှားစေခဲ့တာပါပဲ။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ရဲ့ဘ၀ဆိုတာ အတိတ်ဘ၀က ပြုခဲ့တဲ့ ကုသိုလ်ကံအား ကောင်းချိန် မျက်မှောက်မှာ အကျိုးပေးအားကောင်းပြီး ဘုန်းသမ္ဘာရှိ ဟိုးဟိုးကျော်ခဲ့ပေမင့် . . .

အနိစ္စ၀ရ သခါရလောကကြီးမှာ ဘယ်အရာမှ ခိုင်မြဲတည်တံ့ခြင်း မရှိကြပါဘူး။ ဖြစ်ပြီးရင် ပျက်ရတာ သဘာ၀ဓမ္မတရားပါ။

ဖြစ်ပြီးရင် ပျက်တာ အနိစ္စပါ။

နိဗ္ဗာန်ချမ်းသာကလွဲရင် ဘယ်အရာမှ ပြီးပြည့်စုံတဲ့ သုခချမ်းသာ မဟုတ်ပါဘူး။ ဘုန်းကံမြင့်ချိန်နဲ့ ဘုန်းကံလျှော့ကျချိန်ဆိုတာ လူ့ဘ၀မှာ ဒွန်တွဲနေတဲ့ တရားပါ။ ကျွန်တော်တို့ မြန်မာရာဇ၀င်မှာ ပြန်ကြည့်စမ်း လေ။

သိကြားမင်းက အရိန္ဒမာလှံနဲ့ ရွှေကြိမ်စကြာ ချီးမြှင့်ခဲ့ရတဲ့ အနော (ခေါ်) အနော်ရထာမင်းကြီး။

အနော်ရထာမင်းကြီးရဲ့ ဘုန်းကံရှိန်ကြောင့်၊ ပထမ မြန်မာနိုင် တော်ကြီး ကြီးကျယ်ထင်ရှားခဲ့တာ အားလုံးအသိပါ . . . သာသနာ မင်းကြီးပါ။

ရွှေစည်းခုံဘုရားကို တည်ခဲ့သည့်မင်း။

မန္တလေးတောင်ထိပ်က မြတ်စောညီနောင်နှင့် ရွှေကြက်ယ ဘုရားနှစ်ဆူကို တရုတ်ပြည်က အပြန် တည်ခဲ့တဲ့မင်းပါ။

ရေပြင်ကို ကြိမ်စကြာနဲ့ရိုက်လိုက်ရင် ရေနဂါးမင်းတောင် လ အုပ်ချီပြီး ခစားရတဲ့မင်းပါ။

ရာပြုမြို့၊ ထောင်ပြုမြို့၊ သိန်းပြုမြို့ စသည် ဦးစွာပြုလုပ်ခဲ့ မင်းကြီးပါ။ သိန်းပြုမြို့များမှာ လက်နက်ကိုင်ပေါင်း (၇၆၂၁၄၀) စည်းကြ ရတယ်။ လေးရာပြုမြို့မှာဆိုရင် တစ်အိမ်ကို ငွေတစ်မူး၊ ဒိုင်းကိုင် (၅ လေးသား (၈၀)၊ လှံသား (၅၀)၊ အမြောက်မီးစာကိုင် (၉၀)၊ ၀န်ထမ်း (၅

စိတ်ကူးသစ်စာပေ



စုစုပေါင်း လက်နက်ကိုင် (၄၀၀) စည်းကြပ်လိုက်ရတယ်။ ရာပြု၊ ထောင်ပြု မြို့များစွာကို လက်နက်နိုင်ငံတော်အဖြစ် စလုပ်ခဲ့တဲ့ မင်းပါ။

လေးရာပြုမြို့မှာဆိုရင် တစ်အိမ်ကို ငွေတစ်မူး၊ ဒိုင်းကိုင် (၅၀)၊ လေးသား (၈၀)၊ လှံသား (၅၀)၊ အမြောက်မီးစာကိုင် (၉၀)၊ ၀န်ထမ်း (၅၀) စုစုပေါင်း လက်နက်ကိုင် (၄၀၀) စည်းကြပ်လိုက်ရတယ်။

မင်းကြီးဟာ လယ်တွင်း တစ်ဆယ့်တစ်ရွာကို တည်ခဲ့တယ်။

ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံ၊ ပနံ၊ မက္ခရာ၊ ဆဖြက်သာ၊ သင်တောင်၊ တမုတ်ဆိုး၊ ခံလူး . . . အဲဒီရွာ ဆယ့်တစ်ရွာကို ယယ်အခြေပြုလုပ်ဖို့ ဖွဲ့ခဲ့တယ်။

ကျောက်ဆည်နယ်ကို ရေလွှဲကိုးခရိုင်လို့ ခေါ်တယ်။

နောက်ထပ် ရေလွှဲငါးခရိုင်က ရမည်းသင်း၊ ပက်ပိုင်၊ ပြကောင်၊ တောင်ညို၊ တမြင်ဆန်း တို့ဖြစ်တယ်။ လယ်တွင်းခရိုင်တွေ အုပ်စိုးရတဲ့ မင်းမှ ဘုန်းကြီးတဲ့မင်းလို့ ခေါ်ကြတာကိုး။

ဟော . . . ဘုန်းရှိန်လျှော့ကျချိန်ရောက်ရော . . .

အနော်ရထာမင်း တိုင်းခန်းလှည့်လည်ရာက အပြန်၊ ပုဂံကို အရောက် မြို့တွင်း၀င်မည်ကာ ရှိသေးတယ်။

သက္ကရာဇ် (၄၂၁) ခုနှစ်မှာ အောင်သာမြစ်ခြေအရပ်မှာ ကျွဲရိုင်း တစ်စု ရွာမှာ လူနေလို့မရအောင် ၀င်ရောက်ဖျက်ဆီးသောင်းကျန်းနေတာ ကို ရွာသူကြီးများက လာလျှောက်ထားရော။

ငါကိုယ်တော်တိုင် တိုက်မယ်လို့ မိန့်ပါရော။

ကျွန်စစ်သားအမျိုးပြုတဲ့ သူရဲကောင်းလေးယောက်ကို ထိုတာ၀န် ပေး နှိမ်နင်းခိုင်းရင် ရရဲ့သားနဲ့ ကိုယ်တော်တိုင် နှိမ်နင်းမယ်ဆိုပြီး ကျွဲရိုင်း အုပ်ဆိုးသွမ်းရာ အောင်သာမြစ်ခြေကို ဆင်ချွန်းဖွင့်၀င်သွားပါရော။

ကျွဲရိုင်းအုပ်က အလွန်ကို ဆိုးသွမ်းတာကလား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခြားသော ကျွဲရိုင်းများကို တစ်ကောင်ပြီးတစ်ကောင် ပစ်လွှတ်နှိမ်နင်းနိုင်ပေမင့် ...

တစ်ကောင်သောကျွဲရိုင်းက မင်္ဂလာဆင်တော်ဦးအနှိမ့်မှာ ဆင်ဦးကင်းပေါ် ခုန်တက်ပြီး ခတ်လိုက်တာ။ ဘုန်းကြီးစွာသော မင်းခမျာ ဆင်တော်ထက်မှာပဲ နတ်ရွာစံတော်မူခဲ့ရှာတယ်။

နောက် မင်းတစ်ပါးက ...

ကျန်စစ်သားမင်းရဲ့ မြေးတော် အလောင်းစည်သူမင်းပဲ။

သက္ကရာဇ် (၄၅၄–၅၂၉) နှစ်အထိ စိုးစံတော်မူတဲ့ အလွန်ကို ဘုန်းကြီးသော မင်းဖြစ်တယ်လို့ ရာဇဝင်အစောင်စောင်မှာ ဆိုခဲ့ကြတယ်။

မင်းဖြစ်ပြီးနောက် ကရဝိက်မင်္ဂလာဖောင်တော်နဲ့ တိုင်းခန်းလှည့်ခဲ့လိုက်တာ ပုသိမ်သဘော်ဆိပ်ကနေ မာလာယုကျွန်း (မလေးကျွန်းဆွယ်)၊ သီဟိုဠ်ကျွန်း၊ ဇမ္ဗူဒီပါကျွန်းအထိ ရောက်ခဲ့သတဲ့။

ကုန်းလမ်းခရီးမှာ ဆိုလျှင်လည်း တရုတ်ပြည်ကိုလည်း ရောက်တယ်လို့ ဆိုတယ်။ အိန္ဒိယပြည်ကမ်းရိုးကိုရောက်တော့ ပဋိက္ကရားကုလားမင်းက အလောင်းစည်သူမင်းကို သမီးဆက်တယ်။

နေပြည်တော်မှာ ကြာကြာမနေဘူး။

တိုင်းခန်းလှည့်ပြီး တိုင်းသူပြည်သားတို့ရဲ့ အရေးကို ပြုမူဆောင်ရွက်တော်မူတယ်တဲ့။

မဟာဗောဓိရှိရာ မဇ္ဈိမဒေသ ကျောက်စာမှာ အလောင်းစည်သူမင်းကြီးကို (ပျူတစ်သိန်းမင်း) လို့ ရေးထိုးခေါ်ဆိုတာရှိတယ်။

လယ်ပယ်ဖွဲ့တယ်။

ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ စီရင်တယ်။

တစ်နိုင်ငံလုံးကို တစ်ပြေးတစ်ညီကည်း ဖြစ်စေလိုလို့ အလေးချိန် ကျပ်၊ မူး၊ ပဲ၊ တင်း၊ ခွဲ၊ စိတ်၊ စရွတ်၊ ပြည်၊ ခွက်၊ စလယ် တို့ကို တစ်ချက် လွှတ်အမိန့်နဲ့ စီရင်တော်မူတယ်။

စိတ်ကူးသစ်စာပေ



ဘေးလောင်း၊ ဘိုးလောင်းတော်တို့ကို ပြစ်မှားမိလို့ မျက်စိကွယ်ရပါရောလား။ အဲဒါ ဘိုးဘေးမင်းတို့ရဲ့ ရွှေရုပ်တုတွေသွန်းပြီး တောင်းပန်တော့မှ မျက်စိ ပြန်အလင်းရခဲ့တယ်။

သို့သော် ဘုန်းကံလျှော့ချိန်ရောက်တော့ ...

မင်းကြီး မကျန်းမာလို့ အိပ်ရာသလွန်မှာ အမောဖောက်နေတုန်း သူ့သားတော် နရသူ (နောင်ကုလားကျမင်း) က မျက်နှာကို ခေါင်းအုံးနဲ့ ဖိသတ်လို့ အသက်ရှူကြပ် နတ်ရွာစံရတယ်တဲ့။

ပြောချင်တာက ...

မတည်မြဲတဲ့ အနိစ္စသဘောဟာ အချိန်မရွေးတာကို ပြောချင်တာ ဒါ ဖြစ်ပြီးရင် ပျက်တာပဲ။ အားလုံး သခါရပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၁၃ ]

❑

ပန်ထွာဘုရင်မကြီးရဲ့ ဘုန်းကံရှိန်က အလွန်ကြီးမားချိန်ရောက်နေပြီလေ။ ရန်တွေကိုပယ်ရှားနိုင်တဲ့ မဟာအတုလစည်တော်ကြီးလည်း ရှိနေပြီ။

"အဘိုး ..."

"အမိန့်ရှိပါ ... အရှင်မ"

"ဒီ မဟာအတုလစည်တော်ရဲ့အစွမ်းကို ပြောပြပါဦး .. အဘိုး"

ပန်ထွာဘုရင်မက လူကြီးနှစ်ယောက် လက်နှစ်စုံဆက်မှ အဝန်းရှိပြီး စည်သားရေရဲ့မျက်နှာပြင်ပေါ်မှာ အင်းကွက်များနဲ့ ထူးဆန်းလှသည့် အက္ခရာစာလုံးများကို ကြည့်ပြီး သက်တော်ရှည်အမတ်ကြီး အဘိုးမဟာဒီပကကို မေးတယ်။

"ဘုရင်မကြီးရဲ့ ဘုန်းကံကြောင့် သိကြားမင်းကိုယ်တိုင် ဗိဿနိုးနတ်မင်းကြီးကတစ်ဆင့် ချီးမြှင့်ပေးကမ်းတဲ့ စည်တော်ကြီးပါ ... ဘုရား"

"အဘိုး ..."





"အမိန့်ရှိပါ ဘုရင်မကြီးဘုရား"

"အဘိုးရယ် ... သမီး ပန်ထွာသခင်မသည် အဘိုးသက်တော်ရှည်အမတ်ကြီးရဲ့ ဆုံးမသွန်သင်မှုအောက်မှာ အရွယ်ရောက် ပညာစုံသင်ယူပြီး ဘုရင်မဖြစ်ခဲ့ရသူပါ ... အဘိုး။ ဒါကြောင့် သမီးကို ဘုရင်မကြီးလို့ မခေါ်ဘဲ သမီးလို့ခေါ်ရင် မသင့်ပေဘူးလား ... အဘိုးရယ် ... ဟင်"

"မှန်ပါ ... တစ်ချိန်တုန်းကတော့ ဟုတ်ပါတယ် ဘုရား။ ယခုအချိန်မှာတော့ ဗိဿနိုးနိုင်ငံတော်ကြီးကို စိုးမိုးအုပ်ချုပ်နေသည့် ဘုရင်မကြီးဖြစ်နေသည်မို့ ထီးနန်းထုံးစံခလေ့အရ ..."

"အဘိုး ..."

"ဘုရား"

"နောင်ကို သမီးကို သမီးလို့ ခေါ်ရင်လည်းခေါ်ပါ။ ဒါမှမဟုတ်ရင်လည်း သခင်မလို့ ခေါ်နိုင်ပါတယ် ... အဘိုး။ ဘုရင်မကြီးဘုရားဆိုတာကို မခေါ်ပါနဲ့ ... အဘိုးရယ် နော်"

"မှန်ပါ ... ဘုရင်မကြီး"

"ဟော ... အဘိုးက ပြောရင်းကနေ ခေါ်ပြန်ပြီ"

"အဲ ... အဲ ... သည်းခံပါ ... သမီး ... အဲ ... သခင်မ"

"သည်လိုမှပေါ့ ... အဘိုးရဲ့။ ဂုဏဝုတ္တိ၊ ဝယဝုတ္တိဂုဏ်ကိုတော့ သမီးတို့ ဥပေက္ခာပြုလို့ မရသေးဘူးလေ ... အဘိုးရယ်။ ဒါနဲ့ ဟောဒီကြီးကျယ်မြင့်မြတ်လှတဲ့ မဟာအတုလစည်တော်ကြီးအကြောင်း ပြန်ပြောပါဦး ... အဘိုးရဲ့"

"ဒီလိုပါ ... သခင်မ၊ ဗိဿနိုးနတ်မင်းကြီးသည် သခင်မရဲ့ ရှေးဘဝဟောင်းက အစ်ကိုတော်ဆိုတာတော့ သိပြီးရောပေါ့ ... သခင်မ"

"သိပြီးပါပြီ ... သခင်မ အပျိုဖော်ဝင်စအရွယ်က အဘိုးပေးခဲ့လွယ်တဲ့ ရေအိုးတွေနဲ့ ရေခပ်ပြီး အိုးကွဲလို့ စိတ်ညစ်ငိုနေတုန်း ဗိဿနိုးနတ်မင်းကြီး ရောက်လာပြီး အလွန်ခိုင်ခံ့တဲ့ အိုးဖြူတစ်သိန်း ဖန်ဆင်းပေး



www.burmeseclassic.com

www.burmeseclassic.com



တုန်းက မောင်ကြီး ဗိသနိုးနတ်မင်းက သူနဲ့ မောင်နှမ တော်စပ်ခဲ့ဖူးတယ်လို့ ပြောပါတယ် . . . အဘိုးရဲ့"

"မှန်ပါ . . . နှမတော်ပန်ထွာရဲ့ နောင်လာမည့် အနာဂတ်ကို ကြိုသိမြင်နေတော့ မောင်တော် ဗိသနိုးနတ်မင်းက သိကြားမင်းကို ကူညီဖို့လျှောက်ထားတော့ သိကြားမင်းကလည်း သခင်မရဲ့ ဟိုး . . . ကဿပဘုရားရှင်လက်ထက် ပေယပ်လှူဖူးသည့် ကုသိုလ်ပုည၊ သီလပါရမီကို ဖြည့်ရန် အချိန်ရောက်ပြီဆိုပြီး ကူညီဖို့ အမိန့်ချမှတ်တော် မူပေတယ်လို့ ဗိသနိုးနတ်မင်းကြီးက သခင်မရဲ့ဖခင် ရှင်ရသေ့ကိုရော၊ ကျွန်ုပ်တို့ကိုရော ပြောပြခဲ့ပါတယ် . . . သခင်မ။ ဒါကြောင့် သခင်မမောင်ကြီး ဗိသနိုးက မြို့အင်္ဂါ (၇)ရပ်နဲ့ ညီညွတ်တဲ့ ဗိသနိုးနေပြည်တော်ကြီးကို နတ်အစွမ်း၊ လူပညာရှင်အစွမ်းများနဲ့ တည်ဆောက်ပေးပါတယ် . . . သခင်မ"

"ဗိသနိုးမြို့ဆိုတဲ့အမည်က . . ."

"အဲဒါ ဗိသနိုးနတ်မင်းကြီးကိုယ်တိုင် ဦးဆောင်လမ်းညွှန်တည်ခဲ့လို့ ဗိသနိုးမြို့လို့ တည်ခဲ့တာပါ။ သခင်မကိုယ်လည်း ဗိသနိုးမြို့ပြနိုင်ငံတော်မှာ ပန်ထွာဘုရင်မအမည်ခံပြီး အုပ်ချုပ်ရမည့်အကြောင်းကိုလည်း ဟိုးလွန်ခဲ့သည့် ကာလကတည်းက သခင်မရဲ့ဖခင် ရှင်ရသေ့ကို နတ်မင်းကြီးက ကြိုတင်လျှောက်ထားပြီး နောက်ဆုံး ပန်ထွာဘုရင်မကြီးအဆင့်ရောက်အောင် ကျွန်တော်မျိုးတို့ပါ ဝိုင်းဝန်းစောင့်ရှောက်ရတာပါ သခင်မ။ အဲဒီမှာ သခင်မဘုန်းကံကြောင့် သိကြားမင်းက 'ရန်ပယ် မဟာအတုလစည်တော်ကြီး' ကို ညွှန်ပြပေးအပ်တဲ့အတွက် အခုမြင်ရသည့် မဟာအတုလစည်တော်ကြီးကို လုံခြုံသန့်ပြန့်စွာ သီးသီးသန့်သန့် ထားရခြင်းဖြစ်ပါတယ် . . . သခင်မ"

ပန်ထွာသခင်မက၊ သိကြားမင်းလမ်းညွှန်းပေးတဲ့ မဟာအတုလစည်တော်ကြီးကို နှသွယ်လှပ လက်ချောင်းများနှင့် ယုယစွာ ပွတ်သပ်ကြည့်ရင်းက . . .





"ဘိုးဘိုး . . ."

"အမိန့်ရှိပါ သခင်မ"

"သိကြားမင်းချီးမြှင့်တဲ့ ဒီမဟာအတုလစည်တော်ကြီးကို ဘယ်လိုအသုံးပြုရမှာလဲ။ စည်တော်ကြီးရဲ့ တန်ခိုးသိဒ္ဓိအစွမ်းကလည်း ဘယ်လိုရှိတယ်ဆိုတာ အဘိုးတို့ သိလား ဟင်"

"မှန်ပါ . . . ကျွန်တော်မျိုးတို့ရော ဖခင် ရှင်ရသေ့ကြီးပါ သိပါတယ် . . . သခင်မ"

"ကြေးပုရပိုက်အဆိုအရ ပြောရရင် အတုလစည်တော်ကြီးရဲ့ အစွမ်းကတော့ မတော်လို့များ ဗိသနိုးနိုင်ငံတော်များ ဖျက်ဆီးမည့်ရန်သူများ ဝိုင်းရံလာရင် . . ."

"ဆက်ပြောလေ . . . ဘိုးဘိုးရဲ့"

"သခင်မ . . ."

"ဘိုးဘိုး . . ."

"ကျွန်တော်မျိုးတို့နိုင်ငံကို ရန်သူတွေဝင်မယ်ဆိုရင် ဘယ်အရပ်ကနေ ဝင်မယ်လို့ ထင်ပါသလဲ . . . သခင်မ"

"အောက်ဖက် ရန်ပယ်အရပ်ကနေ ရန်သူချီတက်လာမှာပေါ့"

"မှန်ပေပေါ့ . . . သခင်မ၊ ရန်သူဟာ . . . ဟိုး . . . သီရိခေတ္တရာကနေ ကုန်းလမ်းခရီးနဲ့ ချီလာနိုင်တယ်။ အဲဒီလို ချီလာရင်း ဦးစွာ ရန်ပယ်ချောင်းကို ဖြတ်ရလိမ့်မယ်။ ရန်ပယ်ချောင်းရဲ့ရေက ဟိုးမြစ်ကြီး (ဧရာ) နဲ့ ရေလမ်းဆက်နေပါတယ် . . . သခင်မ။ ဘယ်လိုရန်သူတွေဖြစ်ဖြစ် ရန်ပယ်ချောင်းဝန်းကျင်ကို ချဉ်းကပ်လာတာနဲ့ ဟောဒီသိကြားမင်းပေးတဲ့ မဟာအတုလစည်တော်ကြီး အင်းစောင့်တွေကို အမွှေးနံ့သာ၊ ပန်း၊ သစ်သီးစားဖွယ်တို့ ဒါနပြုဆုတောင်းပြီး သုံးကြိမ်သုံးခါ တီးခတ်လိုက်ရင် ဟိုးအောင်ညိုတောင်တန်း တွေဘက်ကနေ မိုးကြီး သည်းထန်စွာရွာလို့ ချောင်းတခိုး

www.burmeseclassic.com



ကြီး လျှောင်တော်လဲသလို လှိုင်းကြွ ရေလှုံ့ ရေစီးကြောင်းကြီးအောက်မှာ ရန်သူတွေ မျောပါအသက်ပျောက်ရမယ်လို့ ကြေးပုရပိုက်မှာ ရေးထားပါတယ် … သခင်မ။ ဒါ အတုလစည့်တော်ကြီးရဲ့ အစွမ်းပါဘုရား''

''အို … ကျေးဇူးကြီးလှပါကလား … မောင်ကြီး ဗိဿနိုးနတ်မင်းကြီးနဲ့ ဘိုးတော်သိကြားမင်းတို့ရယ်။ စိတ်ချတော်မူပါ … ကျေးဇူးရှင်ကြီးတို့ ဘုရား။ ကျွန်တော်မျိုးမ ဗိဿနိုးနန်းတော်နဲ့ ဗိဿနိုးနိုင်ငံတော်ကြီးကို မပျက်စီး၊ မပျောက်သုဉ်းရအောင် ကာကွယ်ပါ့မည်လို့ အဓိဋ္ဌာန်ပြုပါတယ်ဘုရား''

ပြောရင်းကနေ ဗိဿနိုးနတ်မင်း မောင်ကြီးနဲ့ ဘိုးတော်သိကြားမင်းတို့ကို ရည်စူးရည်မှန်းလို့ ကန်တော့လိုက်တယ်။

ဘုရင်မဖြစ်သည့်အချိန်ကစပြီး ကျေးဇူးရှိခဲ့သူများ၊ ကျေးဇူးရှင်များရဲ့ အကျိုးကိုလည်း ဆောင်ရွက်ခဲ့တယ်။

ဖခင် ရှင်ရသေ့ကိုလည်း မြို့ဦးအရပ်မှာ အုတ်ကျောင်းတော်ကြီးတစ်ဆောင် ကျကျနန ဆောက်လုပ်လှူဒါန်းတော်မူတယ်။

ဒါနှင့်အတူ …

ကျေးဇူးတော်ရှင် မောင်တော်ကြီး ဗိဿနိုးနတ်မင်းကြီး လိုအပ်သည့်အခါ နေထိုင်စေဖို့ ဗိဿနိုးမြို့တော်ကြီးရဲ့ တောင်ဘက်အရပ်မှာ လှပတဲ့ဥယျာဉ်ကြီး စိုက်ပျိုးပြီး အဆောင်အယောင် အခန့်အညား အုတ်တိုက်ကြီးနဲ့ ပူဇော်ကိုးကွယ်ထားတယ်။

ဗိဿနိုးနတ်မင်းကြီးကတော့ ပန်ထွာဘုရင်မလက်ထဲကို ဗိဿနိုးထီးနန်းအပ်ပြီးနောက် သူအုပ်ချုပ်ရတဲ့ အရပ်ဒေသမှာပဲ အနေများပြီး လိုအပ်လို့ သတိပေးရန်ရှိမှ၊ နှမတော် ပန်ထွာဘုရင်မ အလိုရှိမှပဲ ကြွရောက်တော့တယ်။

သို့သော် …

ပန်ထွာဘုရင်မ မကြာခဏ စဉ်းစားခဲ့ဖူးတာ ရှိတယ်လေ။

စိတ်ကူးသစ်စာပေ



ဟိုးငယ်စဉ် ဆင်းရဲနွမ်းပါးဘဝနဲ့ ဖခင်ရသေ့ကြီးအနီး ဝတ်ကြီးဝတ်ငယ်ပြုတုန်းက မေးခဲ့ဖူးတဲ့ စကားရှိတယ်။

''အဖ ရသေ့ကြီးဘုရား''

''ဘာတုံးကွယ် … သမီး မိပန်''

''ဘုရားကျွန်မရဲ့ မွေးသမိခင်အမေက ဘယ်သူပါလဲ ဘုရား။ အမေ ဘယ်အရပ်မှာ နေပါသလဲ။ အခုရော သက်ရှိထင်ရှား ရှိပါသေးလား … အဖရသေ့ကြီးဘုရား''

''မမေးပါနဲ့ဦး … သမီးရယ်၊ တစ်နေ့တော့ ဖရသေ့ကြီး ပြောပြမှာပေါ့ … ကလေးရယ်။ ခု သမီးက အရွယ်ငယ်သေး ကလေးဘဝရှိသေးလို့ပါ''

လို့ ရယ်လို့ပဲ ပြောခဲ့တယ်။

''ငါ အမေမိခင်မရှိဘဲနဲ့ ဘာကြောင့် တောခေါင်ခေါင်က ဘရသေ့ထံမှာ လူဖြစ်ခဲ့ရတာလဲ။

ငါဟာ အမေ၊ မိခင်ရဲ့ နို့အိမ်ကစီးကျတဲ့ နို့ချိုကို မစို့ရဘဲ ဘာကြောင့် အဘရသေ့ကြီးရဲ့ လက်ညှိုးကစီးကျတဲ့နို့ရည်ကို ထူးဆန်းစွာသောက်စို့ပြီး လူလားမြောက်ခဲ့ရတာလဲ။

အဖရသေ့ကြီးက အမေ့အကြောင်းမေးရင် မကြိုက်ချင်ဘူး။

မဟုတ်မှလွဲရော မိခင်အမေများ ကွယ်လွန်အနိစ္စ ရောက်သွားလို့များလား။ ဒါမှမဟုတ် အမေနဲ့ ဖခင်ရသေ့ကြီးတို့ သူမကိုမွေးပြီး အချင်းချင်းစကားများရာကနေ ဒီ ရှားတော၊ ကန္တာရတော၊ ထနောင်းတောခေါင်ခေါင်လူမနီး သူမနီး အရပ်မှာ လျှို့ဝှက်စွာ လာရောက် ဖာတ်မြုပ်နေထိုင်ခဲ့ရောသလား။

ပန်ထွာရဲ့ ပျိုရွယ်မှုဘဝတစ်လျှောက်လုံး အိပ်ရာဝင်တိုင်း အိပ်မပျော်နိုင်လောက်အောင် စဉ်းစားခဲ့ရတဲ့ အတွေးတွေ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



အခု ငါသည် ဗိဿနိုးနိုင်ငံတော်ကိုအုပ်စိုးရသည့် ပန်ထွာဘုရင်မကြီးလည်း ဖြစ်နေပြီ။

ငါ့အမေ (မယ်တော်) အကြောင်းကို ဖခင်ရသေ့ကြီးအပါအဝင် သက်တော်ရှည် အမတ်ကြီးတို့ ဘာကြောင့် ဖွင့်ဟမပြောကြတာလဲ။

ငါ့အမေအကြောင်း ငါသိရမှဖြစ်မယ်။

နောင်အခါ ငါပန်ထွာဘုရင်မကြီးရဲ့ မယ်တော်အမည်ကို ရှေးလူ နောင်းလူတို့ မသိကြဘူးဆိုရင် ပန်ထွာရဲ့ရာဇဝင် မပြည့်မစုံဖြစ်တော့မယ်။

သည့်နောက် ကိုယ်ရံတော်တပ်မှူးသျှိဝနှင့် အပါးတော်မြဲများ၊ ရံရွေတော်များနှင့် ဖခင်ရသေ့ကြီး သီတင်းသုံးနေထိုင်ရာ မြို့ဦးကျောင်းရှိရာကို မြင်းခြောက်ကောင်က ရထားနှင့် ရောက်လာခဲ့တယ်။ ကျောင်းရှေ့ ရောက်တော့ . . .

"သျှိဝ . . ."

"ဘုရား . . . သခင်မ အမိန့်ရှိပါ ဘုရား"

"အဖရသေ့ကြီးကို သွားလျှောက်တင်ချေ။ သမီးတော်ပန်ထွာ ဖူးမြော်ရန် ရောက်ရှိပါသည်လို့"

"မှန်ပါ . . . သခင်မဘုရား"

သျှိဝ ဒေါင်းကောင်းမောင်းသန် မြင်းနက်ကြီးကို တစ်နေရာမှာ ချည်ထားပြီး ကျောင်းသခ်မ်းထဲကို ဝင်ရောက်လို့ ရှင်ရသေ့ကို ဦးချ ကန်တော့လိုက်တယ်။

"ကိုယ်ရံတော်သျှိဝ . . . ဘာအကြောင်းရှိလို့ ငါ့ကျောင်း လာ သတုံး"

"မှန်ပါ . . . ဘုရား၊ ပန်ထွာဘုရင်မကြီးက စားဖွယ်သစ်သီးများ လာရောက်လှူဒါန်းရင်း ဖခင်ရသေ့ကို ဖူးမြော်ရန် ကျောင်းရှေ့မှာ ရောက် တော်မူပါသည် ဘုရား"

"သမီးတော် . . . ပန်ထွာဒကာမကြီးလား . . . ဝင်ခဲ့ပါလေ"





ကိုယ်ရံတော်သျှိဝက ပြန်လျှောက်ပြီးတဲ့အခါ ဘုရင်မက သစ်သီး ထည့်ထားတဲ့ ပျူကြေးလင်ပန်းကို ဖခင်ရသေ့ကြီးအား ဆက်ကပ် လှူဒါန်း တော်မူတယ်။

"သမီးတော် . . . ဒကာမကြီး၊ ကျန်းခံ့သာလို့ မာတော်မူပါရဲ့ လား"

"ကျန်းခံ့ပါသည် . . . ဘုရား၊ အဖရှင်ရသေ့ကြီးလည်း ကျန်းခံ့သာ မာတော်မူပါရဲ့လားဘုရား"

"ကျန်းမာပါတယ် . . . ဒကာမကြီး၊ ဒကာမကြီး လာရခြင်းမှာ ရော သီးသန့်လျှောက်တင်စရာ ပါသေးသလားကွယ်"

"မှန်လှပါ . . . ဘုရား၊ မေးလျှောက်ရန်စကား ပါကြောင်းပါ . . ဘုရား"

"မေးလျှောက်ပါ သမီး ဒကာမကြီး"

"သမီးတော် ငယ်စဉ်ဘဝကစပြီး သိချင်လှန်းတဲ့ အကြောင်းပါ ဘုရား"

"ဘာများပါလိမ့် . . . ဒကာမကြီးရယ်"

"သမီးတော် ခုဆိုရင် ဗိဿနိုးနိုင်ငံရဲ့ ဘုရင်မကြီးလည်း ဖြစ်နေ ပါပြီဘုရား။ ဘုရင်မကြီးဖြစ်ရခြင်းသည်လည်း ဖခင်ရသေ့ကြီးရဲ့ ကျွေးမွေး ပြုစု စောင့်ရှောက်သင်ကြားပေးခြင်းကြောင့်ပါ ဘုရား"

"အေးလေ . . . သမီးရယ်၊ ဒါ ဖခင်တိုင်း လုံ့လပြုရမည့် ဖခင် ကျင့်ဝတ်ပဲကိုး . . . ဒကာမကြီးရယ်။ ဒကာမကြီးတို့လည်း အချိန်တန်လို့ ကိုယ့်အိမ်ဦးနတ်နဲ့ တူစုံနေကြပြီးရင် သားတော်သမီးတော်တွေ မွေးဖွားပြီး အရသေ့ ပြုစုစောင့်ရှောက် ကျွေးမွေးသလို မိဘဝတ်များကို ပြန်ပြုရမှာ ပေါ့ . . . သမီးဘုရင်မကြီးရယ်"

"အဖဘုရား . . ."

"ပြော . . . သမီးတော်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော်ရဲ့မယ်တော်က ဘယ်သူပါလဲ ဘုရား။ မယ်တော်ရဲ့ အမည်ကိုလည်း သိပါရစေ ဘုရား။ မယ်တော်များ သက်ရှိထင်ရှား ရှိနေပါရင်လည်း သားသမီးဝတ်နဲ့ ပြန်လည်ပြုစုပါရစေ ဘုရား"

"ဟူး ..."

သမီးတော်ဘုရင်မကြီးရဲ့ မမျှော်လင့်တဲ့ အမေးစကားကို ကြားရရော ဖခင်ရှင်ရသေ့ကြီး အံ့အားသင့်သွားရာက သက်ပြင်းအမော လေပူတွေမှုတ်လို့ အဝေးတစ်နေရာကို ငေးမောနေတယ်။

"အဖဘုရား ..."

"အိမ်း ..."

"အမှန်အတိုင်း ပြောပြတော်မူပါလား ဘုရား။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သည့် ဘုရင်မကြီးဖြစ်ပါလျက်ကယ်နဲ့ ကိုယ့်မွေးသမိခင်ရဲ့ အမည်နာမကိုမျှ မသိဘူးဆိုရင် မင်းရာဇဝင်၊ လူရာဇဝင်မှာ အလွန်ရှက်ဖွယ်လိ ဖြစ်ရပါမည် ဘုရား။ ဒါကြောင့် သမီးတော်ကို ငဲ့ညှာသနားသောအားဖြင့် မယ်မယ်ရဲ့အမည်နဲ့ နေရပ်ကို ညွှန်ပြပြောဆိုတော်မူပါ ဘုရား"

"သမီး ...ငါတို့ ရသေ့ရဟန်းဆိုတာ မုသားစကား ပြောခွင့် မရှိပါဘူး သမီး။ အမှန်အတိုင်းပြောရရင် တစ်နေ့သောအခါမှာ ရက်စက်ကြမ်းကြုတ်တဲ့ ဘီလူးမရဲ့လက်ထဲမှာ အသံကုန်အော်ဟစ်ငိုနေတဲ့ ကလေးတစ်ဦးကိုမြင်ရပြီး ဘီလူးမရဲ့အစာဖြစ်မှာစိုးလို့ ဟောဒီဖခင် ရှင်ရသေ့ကြီးက ကလေးအသက်ရှင်ရေးအတွက် မန္တန်များရွတ်ဖတ်ပြီး ဘီလူးမကို နှင်ခဲ့ရပါတယ် ...သမီး။ ဘီလူးမက ကလေးကိုချပြီးပြေးမှ ဖခင်ရသေ့ကြီး ကောက်ယူမွေးစားခဲ့ရပါတယ်။ ပြီး ...သစ္စာအဓိဋ္ဌာန်ပြုလို့ ကလေးရဲ့ လက်ညှိုးကစီးကျတဲ့နို့ချို တိုက်ကျွေးပြီး အရွယ်ရောက်အောင် မွေးမြူခဲ့ပါတယ်။ အဲဒီ ကလေးကတော့ ဟောဒီ ပန်ထွာဘုရင်မကြီးဖြစ်နေတဲ့ ... သမီးပါပဲကွယ်"

"အင့် ..."





ကြားရသည့်စကားများကြောင့် ပန်ထွာဘုရင်မ ဝမ်းနည်းပြီး ရှိုက်ငိုလိုက်တယ်။ ဒါနှင့်အတူ မျက်ရည်ဥတွေကလည်း တလိမ့်လိမ့် စီးကျလာတယ်။ ဖခင်ရသေ့ကြီးသည်လည်း သူမရဲ့ ဖခင်အရင်းမဟုတ်၊ မွေးစားဖခင် ကျေးဇူးရှင်မှန်း သိရပြီး ဝမ်းသာဝမ်းနည်း ဖြစ်ခဲ့ရတယ်။

"သမီး ...ဒကာမကြီး"

"ဘုရား"

"သမီးဒကာမကြီးကို အဖရသေ့ကြီး လမ်းညွှန်ပေးနိုင်တာ တစ်ချက်တော့ ရှိတယ်ကွယ်"

"မှန်ပါ ...အမိန့်ရှိပါ အဖ"

"ဗိဿနိုးနတ်မင်းကြီးသည် သမီးဒကာမကြီးနှင့် ဟိုးဘဝဟောင်းက မောင်ကြီးနှမတော်စပ်ခဲ့တယ်လို့ သမီးလည်းပြောဖူးတယ်၊ အဖရသေ့ကို ဗိဿနိုးနတ်မင်းကြီးကလည်း လျှောက်ထားဖူးတယ်။ သမီး ဒီလို ဘုရင်မကြီးဖြစ်ရတာလည်း သမီးမောင်ကြီးနတ်မင်းရဲ့ ကျေးဇူး အဓိကပဲ။ သူကတော့ဖြင့် တောစိုးတောင်စိုး ...ဒီအရပ်ကို အုပ်ချုပ်ရတဲ့ တန်ခိုးရှင်နတ်မင်းဖြစ်တော့ သူ့ကို မေးလျှောက်ရင်ဖြင့် သမီးရဲ့မယ်မယ်အကြောင်း သိနိုင်ကောင်းတယ်လို့ ယူဆရတာပဲ ...သမီးရဲ့"

"မှန်ပါ့ ဘုရား၊ ကျေးဇူးရှင် အဖရှင်ရသေ့ ခွင့်ပြုပါက သမီးတော်၊ မောင်တော် ဗိဿနိုးနတ်မင်းကြီးထံမှာ မေးမြန်းလျှောက်ထားကြည့်ပါမယ် ဘုရား။ မည်သို့ပင်ရှိစေကာမူ အဖ ရသေ့ကြီးသာလျှင် ကျွေးမွေးစောင့်ရှောက် ကျေးဇူးရှိခဲ့တာမို့ နန်းတော်ဦးမှာ ဘုရားတစ်ဆူ၊ ဂူတစ်လုံး သဖွယ် တင်ထားကိုးကွယ်၍ အဆုံးအမတို့ကို သမီးတော် နာယူပါ့မယ် ဘုရား"

"သာဓု ...သာဓု ...သာဓု ...သမီးတော်။ သမီးတော်ရဲ့ ဘုန်းကံ ပါရမီတို့ကြောင့် အမျိုးမြတ်သူ မိခင်ဖခင်တို့အား သိကြားသိမြင်ပါစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com



''ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ . . . အရှင်ဘုရား''

မွေးသဖခင် ရှင်ရသေ့ကြီးကျောင်းက ပြန်လာပြီးနောက် စိတ်မြန်လက်မြန်ရှိလှတဲ့ ပန်ထွာဘုရင်မဟာ အလွန်မွှေးကြိုင်လှပတဲ့ အင်ကြင်းပန်းများအပါအဝင် အဝါရောင်ရှိတဲ့ ပန်းပွင့်ပန်းခိုင်တို့၊ အမွှေးနံ့သာတို့ကို ယူဆောင်ပြီး မြို့အရှေ့တောင်ဘက်က ဗိဿနိုးနတ်မင်းကြီး နေထိုင်တဲ့ အင်ကြင်းဥယျာဉ်ရှိရာကို မြင်းရထားနဲ့ စိုင်းလာခဲ့လိုက်တယ်။

အင်ကြင်းဥယျာဉ်ဟာ ရှားပါးလှတဲ့ အင်ကြင်းပန်းတွေ၊ ရိုးညှာတံမှာ ဝေဝေစီစီဖူးပွင့်ပြီး ရနံ့တွေ သင်းပျံ့ကြိုင်လှိုင်နေတဲ့ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ဥယျာဉ်ပါ။

ဥယျာဉ်တော်အလယ်က ရေကန်မှာ ကြာတွေပွင့်နေပြီး အရောင်အသွေးလှတဲ့ ငှက်တွေက ကြာပွင့်ဝတ်ဆံတွေကို စားလိုက်၊ ရေထဲမှာ လူးလာငုပ်လျှိုးနဲ့ ပျော်နေကြတယ်။

ဦးစွာ ကိုယ်ရံတော် တပ်မှူးသျှိုဝက ဗိဿနိုးနတ်မင်းကြီးရဲ့ အဆောင်အတွင်းမှာ မသက်ာဖွယ် ရန်သူရှိမရှိ ခေါးဆွဲကိုင်ပြီး ဦးစွာ စစ်ဆေးလိုက်တယ်။ အန္တရာယ်ပြုနိုင်သူ မရှိတော့မှ ဘုရင်မကို ဝင်ဖို့လျှောက်တင်လိုက်တယ်။

ပန်ထွာ ကျေးဇူးရှင်ဗိဿနိုးနတ်မင်းကြီးရဲ့ ကျောင်းထဲကို ဝင်ရောက်ပြီး ဗိဿနိုးနတ်မင်းကြီး ရုပ်တုကို ပန်း၊ အမွှေး၊ နံ့သာများနှင့် ပက်ဖျန်း လှူဒါန်းပူဇော်လိုက်တယ်။

သည့်နောက် ဆီမီးတိုင်များကို ထွန်းညှိပူဇော်လိုက်တော့ နတ်မင်းကြီးရဲ့ ခန်းမဟာ လင်းထိန်ပြီး အမွှေးနံ့သာရနံ့တွေနဲ့ ထုံကြိုင်နေရဲ့။

ဒီမှာ ပန်ထွာဘုရင်မက နတ်မင်းကြီးကိုယ်စားပြု ရုပ်တုရှေ့မှာ ဒူးထောက်လက်အုပ်ချီပြီး မေတ္တာရပ်ခံ တောင်းဆိုလိုက်တယ်။

''မောင်ကြီး ဗိဿနိုးနတ်မင်းကြီးရှင့် . . . နှမတော် ပန်ထွာဘုရင်မသည် အရေးကြီးသော ပုစ္ဆာတစ်ခု၏အဖြေကို သိလိုပါသောကြောင့်





မောင်ကြီး ဗိဿနိုးနတ်မင်း ဤမဂ်လာစံကျောင်းတော်ရှိရာသို့ ကြွရောက်တော်မူပါ . . . မောင်ကြီးရှင့်''

ပန်ထွာက သုံးကြိမ်သုံးခါ ရွတ်ဆိုဖိတ်ခေါ်ပြီး အမွှေးနံ့သာမီးတိုင်များကို လက်နဲ့ကိုင်ကာ . . .

ဗိဿနိုးနတ်မင်းကို ပင့်ဖိတ်တယ်။ ဒေဝတာ ပူဇာလင်္ကာတို့ကို ဘာသာနှင့် ငြိမ့်ညောင်းသာယာ သီဆိုလိုက်တယ်။

ပန်ထွာရဲ့ ပျူနတ်ပင့်လင်္ကာရွတ်သံကို ကျောင်းရှေ့ပေါက်မှာ စောင့်နေတဲ့ ကိုယ်ရံတော်တပ်မှူး သျှိုဝကြားရတော့ ရင်ထဲမှာ ငြိမ့်ငြိမ့် ဖြစ်သွားတယ်။

ရန်ပယ်ချောင်းရဲ့ သာယာငြိမ့်ငြိမ့် ရေစီးသံလို . . .။

ရောင်စုံငှက်တွေက ပျူစောင်းဗျတ်ကိုတီးပြီး သီချင်းသီဆိုနေသလို ထင်ယောင်နေမိတယ်။

''ငါတို့ဘုရင်မကြီး ပန်ထွာဟာ လက်ရုံးရည်ရော၊ နှလုံးရည်ရော ကောင်းသူပါကလား''

''ငါတို့ဘုရင်မကြီးသာ ဗျတ်စောင်းကိုတီးပြီး ပျူမြို့တော်ဖွဲ့သီချင်းကိုလည်းကောင်း၊ ဒါမှမဟုတ် သူမရဲ့ အလှဖွဲ့သီထားတဲ့ သိင်္ဂါရချစ်စရာ အလှဖွဲ့သီချင်းကိုများ ကိုယ်တိုင်ဆိုတီးကလိုက်ရင် . . .။

ဟိုး . . . မိုးကောင်းကင်ပေါ်က နတ်သား၊ နတ်သမီးတွေ ကကြိုးရောက်ရှိရာ ပန်ထွာအလှဘုရင်မရဲ့ ရှေ့မှောက်မှာ အခစားရောက်ကုန်မှာ ပဲ။

''ငါတို့ပန်ထွာဘုရင်မရဲ့ တင်းပြည့်မို့ဖောင်း ရင်အလှ၊ သိမ်ကျစ်တဲ့ခါး၊ မို့ထွားအိစို၊ နုပျိုနေတဲ့ တင်သားအလှ၊ တုတ်ခိုင်ပြည့်ဖြိုးတဲ့ခြေအလှ၊ မြင်ရုံမျှနှင့် ညွတ်ကျရတဲ့ မျက်နှာတော်အလှနဲ့ အပြုံးကို နတ်သားတွေ မြင်လိုက်ကြရင်လား . . .။



www.burmeseclassic.com

www.burmeseclassic.com



ပန်ထွာအလှဖွဲ့ကဗျာသည် မိုးကောင်းကင် တာဝတိံသာထက်မှာ ပ

ပျံနေမှာပဲ။

ပန်ထွာဘုရင်မ အလှဘွဲ့ သီချင်းတွေဟာ နတ်ပြည်အရပ်

အထပ်ထပ်မှာ အပြိုင်ရေးစပ် တီးခတ်သီဆိုကြမှာ မုချမလွဲပဲ။

ခုပဲကြည့် ...

ဗိဿနိုးရွှေနိုင်ငံကြီးမှာ ဗိဿနိုးဘုရင်မကြီးခေါ် ပန်ထွာဘုရ

ကြီးရဲ့ ဘုန်းတော်ဘွဲ့၊ အလှဘွဲ့ သီချင်းတွေကို ပျူဂီတပညာရှင်

သီချင်းရေးဆရာတွေက ရေးဖွဲ့ဂုဏ်ပြု တီးမှုတ်ကြရလို့၊

ဗိဿနိုးနိုင်ငံသား ကလေးလူကြီးများ နှုတ်ဖျားမှာ ပန်ထွာဘုရ

အလှဘွဲ့သီချင်းတွေ အသီးသီး ပွင့်နေတယ်။

သူ့ရွှေ၊ သူကြွယ်၊ မင်းစိုးရာဇာကြားမှာ ပန်ထွာအလှဘွဲ့သီချင်

ဘုန်းတော်ဘွဲ့ကဗျာတွေက ရှင်သန်ခုန်ပေါက် မြူးကြွနေလေရဲ့။

''လပုဏ္ဏမီရဲ့ အေးမြတဲ့ မေတ္တာကို ... ပန်ထွာဘုရင်မရဲ့ မျက်

မပေါ်မှာ ခြယ်သထားတယ်''

''သူရိယနေမင်းရဲ့မျက်စောင်း စူးရှခြင်းသည်လည်း ... ပန်

နတ်မိမယ်ရဲ့ ခြေတော်ရင်းမှာ ... ပန်းပွင့်ဖြစ်သွားရတယ် ...''

''ပန်ထွာရဲ့အလှကို သီဆိုဖို့ ငါတို့ နံနက်၊ နေ့၊ ည အလ

စကားလုံးတွေကို ရွေးချယ်တန်ဆာဆင်ကြပေမယ့် ပဥ္စသီခနတ်သာ

ဖွဲ့သီသံစဉ်တို့သည်ပင်လျှင် ဘုရင်မရဲ့ ခြေဖျားခန့်ကိုမျှ ဂုဏ်ပြုနိုင်

ရှိပါလိမ့်မယ်''

''ငါတို့ဘုရင်မ ... ငါတို့သခင်မရဲ့ အလှဖွဲ့ဖို့ ...

စောင်းကြိုးကို ခိုင်ခိုင်ကျစ်ကြပါ ...

သံစဉ်ကို ဆန်းသစ်စွာ ကွန့်မြူးပါ ...

ငါတို့သခင်မ ငြိမ်းချမ်းစွာ အိပ်ပျော်ဖို့ ...

လှပစွာ နိုးထဖို့ ...





ပြိုင်ဘက်ကင်းတဲ့ သီချင်းတွေနဲ့ ယပ်ခပ်ပေးကြပါစို့ ...''

ကြည့်စမ်း ... ပျူစာဆိုတွေဟာ ငါတို့ဘုရင်မကြီးကို ကဗျာသီချင်းနဲ့

တင်လိုက်ပုံနှယ် ရင်သိမ့်သိမ့်တုန် ချစ်ခင်လေးစားစရာပါပဲ။

ဟော ...

ငါတို့သခင်မပန်ထွာရဲ့ ဒေဝတာသီချင်းပူဇော်သံ တိတ်သွားပြီ။ ငါ

သွားကြည့်ရင် ကောင်းပါ့မလား။

အို ... ငါက ဘုရင်မရဲ့ ကျေးကျွန်ဥစ္စာ။

အရှင်သခင်မရဲ့ ဒေဝတာပူဇာကို တိတ်တဆိတ် သွားချောင်းသင့်ပါ့

သား။ ပြီး ငါက ဘုရင်မ သခင်မရဲ့ ယုံကြည်စိတ်ချ အားကိုးရတဲ့ ကိုယ်ရံ

တပ်မှူးလေ။

ဗိဿနိုးဘုရင်မကို စော်ကားသလို အပြုအမူမျိုး ပြုလို့မဖြစ်ဘူး။

ရင်မသိသွားရင်လည်း ငါ့ရဲ့ ယောက်ျားကောင်းတန်ဖိုးဟာ မြေပြင်ပေါ်ကို

င်းလုံးကျွတ်ကျသွားနိုင်တယ်။

ဗိဿနိုးကျောင်းတော်ကြီးဟာ ငြိမ်းချမ်းနယ်မြေပါ။

ဒါကြောင့် သျှိဝ စိတ်ချစွာပဲ ကျောင်းရှေ့က အင်ကြင်းပင်အောက်

မားလွှယ်ပိုက်ပြီး စောင့်နေမိတော့တယ်။

မကြာလိုက်ပါဘူးလေ။

ဗိဿနိုးနတ်မင်းကြီးကို ချီးကျူးပူဇော်တဲ့ ဒေဝတာ၊ ပူဇာသီချင်း

သုံးမှာ ဗိဿနိုးနတ်ရုပ်တုထံက စကားသံကို ကြားရတယ်။

''နှမတော် ... ပန်ထွာ''

''မောင်ကြီး ဗိဿနိုးနတ်မင်းပါလားဘုရား''

''မှန်ပေပေါ့ ... နှမတော်၊ ဒါနဲ့ ဘယ်လိုအကြောင်းကြောင့် နှမ

တော်ဘုရင်မကြီး မောင်ကြီးကို ပင့်ခေါ်ရတုံးကွယ်။ မိန့်ပါဦး ... နှမကလေး

ယ်''



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ပန်ထွာဘုရင်မက သူမရဲ့မိခင်အရင်း မည်သူဖြစ်သည်ကို
လို၍ ဖခင်ရသေ့ကြီးကို ငယ်စဉ်ကနေ ယနေ့တိုင်မေးရာမှ . . . ရသေ့
ဘီလူးမှလက်မှ ရယူမွေးစားခဲ့ရသည့် ဘဝဖြစ်စဉ်များကို ပြန်ပြောပြ
ဗိသနိုးနတ်မင်းက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတယ်။

"ဖခင်ရှင်ရသေ့ကလည်း မွေးစားအဖေဆိုတာ သိရပြီးပါပြီ . .
မောင်ကြီးဗိသနိုး။ နှမလေးသည် ပန်ထွာတိုင်းပြည်၊ အုပ်ချုပ်မင်း
နေသည့် ဘုရင်မကြီးဖြစ်လျက်ကယ်နဲ့ ယနေ့တိုင် ဖခင်အရင်း၊ မိခင်အ
ကို မသိရ၊ မမြင်ရတဲ့ဘဝဟာ အလွန့်ကို သိမ်ငယ်စရာကောင်းတဲ့ ဘ
မောင်ကြီးဗိသနိုးရယ်။

တစ်ချိန်ချိန်မှာ ထီးဆောင်းမင်းချင်း ချစ်ကြည်ရင်းနှီးကြလို့ ဘုရ
ရဲ့ ဆွေတော်မျိုးတော်ရာဇဝင်ကို သိလို၍ မေးပါက မဖြေနိုင်ပါလျှင် . .
အနုံညာတ အညတရ . . . အမျိုးနိမ့်ကလာတဲ့ ဘုရင်မပါလို့များ ပြက်ရ
ကဲ့ရဲ့ ရှုတ်ချကြပါလျှင် အကျိုးနည်း၊ အရှက်မရပေဘူးလား . . . မောင်
ရယ် ဟင် . . .။ ဒါကြောင့် ဖခင်ရသေ့ကြီးက ဒီအပိုင်နယ်မြေကို
ရောက်ရတဲ့ မောင်ကြီးဗိသနိုးနတ်မင်းကို မေးပါလို့ လမ်းညွှန်တာကြေ
ယခုလို ပင့်ဖိတ်မေးမြန်းရခြင်းပါ . . . မောင်ကြီးရယ်"

ဗိသနိုးနတ်မင်းကြီးသည် မျက်ရည်စမ်းစမ်းနှင့် ဝမ်းနည်းစွာ
နေသည့် ဘဝဟောင်းက တော်စပ်ခဲ့ရတဲ့ နှမလေး ဘုရင်မကိုကြည့်
က . . .

"နှမတော် . . ."

"မောင်ကြီးဗိသနိုး"

"နှမတော်မှာ အဖေအမေအရင်းခေါက်ခေါက် ရှိတယ်"

"ဟင် . . . သူ . . . သူတို့ သက်ရှိ . . . ထင် . . . ထင်ရှား
ရှိသေးလားဟင်"

"နှမရဲ့ ခမည်းတော်များကတော့ မရှိတော့ဘူး"





"မယ်မယ်ကရော ရှိသေးလားဟင် . . . မောင်ကြီး"

"မင်းရဲ့မယ်မယ် ရှိသေးတယ်"

"အို . . . မောင်ကြီးဗိသနိုးရဲ့ မယ်မယ်တစ်ယောက်ပဲ ကျန်ရစ်နေရင်လည်း မယ်မယ့်ကို တွေ့ပါရစေဘုရား။ မယ်မယ့်ကို တွေ့ပါရစေဘုရား"

"နှမလေး . . ."

"မောင်ကြီး"

"နှမလေးရဲ့မယ်မယ် ဘယ်သူလဲဆိုတာကို ပြောပြရင် နှမလေး ထိတ်လန့်စိုးရွံ့ မုန်းတီးသွားမှာလား ဟင် . . . နှမ"

"အို . . . မောင်ကြီးရယ်၊ မယ်မယ်ဟာ နူနူရွဲ့ရွဲ့ ဆင်းရဲချမ်းသာ ဘယ်လိုဘဝမျိုး ဖြစ်နေပါစေ၊ နှမလေးကို လူဖြစ်အောင်မွေးခဲ့တဲ့ ကျေးဇူးရှိနေတော့ . . . မယ်မယ်ဘာပဲဖြစ်ဖြစ် ခုပဲတွေ့ပါရစေ . . မောင်ကြီးရယ်"

"ဟူး . . . ပန်ထွာ"

"ရှင် . . . မောင်ကြီး"

"နှမလေးရဲ့မိခင်အရင်းက . . ."

" . . . . . . "

"ဘီလူးမ"

"ရှင် . . . ဟုတ်ရဲ့လား . . . မောင်ကြီးရယ်၊ မောင်ကြီး ကျွန်မကို ကျီစားနေတာလား ဟင် . . . မောင်ကြီး ဟင်လို့"

"ဒါကြောင့် မင်းမွေးစားဖခင် ရသေ့ကြီးလည်း သိရင် ပြောရက်မှာမဟုတ်ဘူး။ မောင်ကြီးလည်း မပြောချင်ပါဘူးကွယ်။ အခု နှမလေး စိတ်ညစ်အုံ့သြသွားပြီမဟုတ်လား . . .။ နှမလေး . . . မင်းရဲ့ မိခင်ဘီလူးမကြီးကို အလိုမရှိတော့ဘူး မဟုတ်လား"

"မောင် . . . မောင်ကြီး ရှင့်"

"ပြောပါ . . . နှမလေး . . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန် ... မ ... ကျွန်မကို အမေဘီလူးမကြီးက ဘယ်လို ကျွန်မလူသားစစ်စစ်ကို မွေးခဲ့ရတာလဲ ဟင်။ အဲဒါရော ... မောင်ကြီး သိလား။ သိရင် ယုတ္တိရှိရှိပြောပါဦး ... မောင်ကြီးရဲ့ ... ဟီး ... ဟီး ... အင့် ..."

"မငိုပါနဲ့ ... နှမရယ် ... နှမရဲ့အမေ မိခင်ဘီလူးမကြီးသည် လူသားစင်စစ် မဟုတ်ပေသော်လည်း သူတော်ကောင်း ဘီလူးမကြီးပါ ... နှမ။ ငါ့နှမလေး မျက်ရည်သုတ်ပြီး နားထောင်ပါနော်။

ဟိုးလွန်ခဲ့တဲ့ တစ်ချိန်က တကောင်းဘုရင် သတိုးမဟာရာဇာရဲ့ မိဖုရားကြီးဟာ မျက်မမြင်သားတော်နှစ်ပါးကို မွေးဖွားခဲ့ပေမင့် အရွယ်ရောက်တော့ မျက်စိလုံးဝပြန်မမြင်လို့ ဖခင် တကောင်းဘုရင်က အဲဒီ မျက်မမြင် သားတော်နှစ်ပါးကို ထီးနန်းနဲ့ မသင့်တော်ဘူးဆိုပြီး မသိုးထမင်း၊ မသိုးဟင်းနဲ့ ဖောင်ပေါ်တင်လို့ ဧရာဝတီမြစ်စဉ်အတိုင်း စွန့်မျှောလိုက်တယ်။ အဲဒီမှာ ဖောင်က စစ်ပင်ရဲ့ အကိုင်းနဲ့ငြိပြီး ကမ်းစပ်မှာ ဖောင်ဆိုက်နေတုန်း စန္ဒမုခီ အမည်ရှိ ဘီလူးမ (မှတ်ချက် ။ ။ တောင်တွင်းကြီးသမိုင်း ဒုတိယပိုင်းမှာတော့ ရွှေနံ့ကိုင်ဘီလူးမဟု ရေးသားထားပါ၍ သင့်သလို မှတ်ယူပါရန် တင်ပြအပ်ပါသည်။)

စန္ဒမုခီဘီလူးမက မျက်မမြင်မင်းသားညီနောင်ဖြစ်တဲ့ မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝတို့ရဲ့ စားရေရိက္ခာကို နေ့စဉ်ခိုးစားရာက တစ်နေ့ လက်ဆုပ်လက်ကိုင် ဖမ်းမိပြီး သတ်မယ်လုပ်ရော စန္ဒမုခီ (ရွှေနံ့ကိုင်) ဘီလူးမက 'အသက်ကိုတော့ မသတ်ပါနဲ့၊ အလိုရှိရာခိုင်းပါ လုပ်ပေးပါ့မယ်'ဝန်ခံကတိပြုရှာတယ်။ မင်းသားညီနောင်က ဒါဆို ငါတို့မျက်စိ မမြင်ရတာကို မြင်ရအောင် ကုပေးပါလို့ပြောတော့ ဘီလူးမကလည်း လူသားလူချော မင်းသားညီနောင်ကို သံယောဇဉ်ဖြစ်ပြီး တောထဲက နတ်ဆေးနတ်မြစ်၊ ဆေးဥအမြစ်နဲ့ နေ့စဉ် ကုသပေးလိုက်တာ။ ကံကောင်းပြီး ဘုန်းရှိတဲ့ မင်းလောင်းများဖြစ်တော့ ဘီလူးမကုသပေးတဲ့ မျက်စိနှစ်ကွင်း အလင်းပြန်ရသွားခဲ့ကြတယ်။





ကျေးဇူးရှင်ဘီလူးမကိုလည်း စားဖွယ်အဝတ်အစားများပေးအပ်ပြီး ကျေးဇူးပြုပြီး လိုရာခရီး ဖောင်နဲ့ ဆက်လက်ထွက်ခွာသွားခဲ့ကြတယ်။

တိုတိုပြောပါစို့ ... နှမလေးရယ် ...

စန္ဒမုခီဘီလူးမလေးဟာ လူမင်းသား ညီနောင်တို့နဲ့ လက်ချင်းကိုယ်ချင်း ထိတွေ့မိရာက ရာဂစိတ်မှာ သာယာစွဲလမ်းပြီး မျှားမကြာမီပင် ဘီလူးမမှာ ကိုယ်ဝန်ရရှိသွားခဲ့တယ်။

(မှတ်ချက် ။ ။ ဇင်းပဋိသန္ဓေမျိုး ဖြစ်ပေါ်ပုံကို ရှေ့ခန်းမှာ ရေးပြခဲ့ပြီး ဖြစ်ပါသည်။)

စန္ဒမုခီဘီလူးမမျာလည်း လူသားနှစ်ဦးအပေါ်မှာ ရာဂစိတ်နှင့် ထိတွေ့စွဲလမ်းရာက ကိုယ်ဝန်ရမှန်းလည်းသိရော ဝမ်းသာသွားခဲ့ပြီး ကိုယ်ဝန်ရင့်မာလို့ မွေးဖွားချိန်ဖြစ်ချင်လို့ နေရာဂူကောင်းရှာရင်း မင်းမွေးစားဖခင် ရသေ့ကြီးကျောင်းနဲ့ မလှမ်းမကမ်းမှာ ရုတ်တရက် မီးဖွားရောကွယ်။ လှမိန်းတာလေး ... ချစ်စရာလေး။ မိခင်ဘီလူးမကြီး ဝမ်းသာလွန်းလို့ နို့တိုက်တယ်။ ကလေးက နို့မစို့ဘဲ ကျွက်ကျွက်ညံအောင် အော်ငိုပါရောလား။

အဲဒီငိုသံကို တရားထိုင်နေတဲ့ ရသေ့ကြီး ဘိုးမေတ္တာကြားလို့ လာကြည့်တော့ ဘီလူးမလက်ထဲမှာ လူးလွန့်အော်ဟစ်နေတဲ့ လူသားကလေးမြင်ပြီး ဘီလူးမ ကလေးခိုးလာပြီး စားဖို့လုပ်တယ်မှတ်လို့ မန္တန်တွေရွတ် ဘီလူးမကို နှင်တော့တာပဲ။ ဘီလူးမလည်း ငိုကာယိုကာ အမျိုးမျိုးပြောဆိုမေတ္တာရပ်ခံပေမင့် မရဘူး။ နောက်ဆုံး ကလေးကို ကျောက်ဖျာပေါ် အသာအယာ ချထားရစ်ပြီး မျက်ရည်စို့ရွှဲ ဝမ်းနည်းပက်လက်နဲ့ နောက်ဆုတ်လှည့်ကြည့် ပြေးရတော့တယ်။

အဲဒီကလေးမလေးကို ရှင်ရသေ့ကြီး ကောက်ယူမွေးစား၊ သစ္စာဆို နို့လက်ညှိုးတိုက် မွေးခဲ့တာပဲ။ သူမရဲ့အမည်ကို မိပန်လို့ အမည်ပေးခဲ့တယ်။ အခုတော့ ပန်ထွာဘုရင်မကြီး မင်းပဲပေါ့"

"အင့် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... ဟီး ..."

ပန်ထွာ မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ချုံးပွဲချလို့ ငိုတယ်လေ။

"စန္ဒမုခီ (ရွှေနံ့ကိုင်) ဘီလူးမကြီးခမျာ သူ့ရင်နဲ့ လွယ်မွေးခဲ့ရတဲ့ သမီးကို လွမ်းဆွတ်သတိရပြီး နေ့စဉ် ငိုလို့ သူ့သမီးရှိရာအရပ်ကို လှမ်းမျှော်ကြည့်ရင်း ငိုရတာ ရက်ပေါင်း မနည်းခဲ့ဘူးပေါ့ ... ကလေးရယ်"

"အင့် ... အင့် ..."

"ရသေ့ကြီးရဲ့ မန္တန်တန်ခိုးကြောင့် သူ့သမီးအရင်း ဖြစ်တဲ့ ပန်ထွာ အနီးကပ်လို့ မရရှာဘူး။ သူ့သမီး မင်း ရေခပ်လာတာကို မြင်လည်း သမီးလို့ မခေါ်ရဲပြန်ဘူး။ မိခင်ဘီလူးမကြီးရဲ့ ရုပ်သွင်ကို မြင်ရရင် သူ့သမီး လန့်သွားမယ်။ ငါ မင်းအမေပါလို့ ပြောလည်း ယုံမှာမဟုတ်ဘူးဆိုပြီး ငါ့နှမလေး မသိလို့သာပါကွယ်။ ငါ့နှမလေး သူ့သမီးပန်ထွာကို ဘေးဥပါဒ် အန္တရာယ်ကင်းဖို့ မင်းအမေ ဘီလူးမကြီးစန္ဒမုခီဟာ မောင်ကြီး ဗိဿနိုး နတ်မင်းကို နေ့စဉ်တိုင်တည်ပြီး နှမလေးကို မေတ္တာပို့သပေးတယ်။ ဘယ်လို သားရဲတိရစ္ဆာန်မှ အနီးကပ် အန္တရာယ်ပြုလို့မရအောင် တိတ်တခိုး မနီးမဝေးကနေ စောင့်ရှောက်ပေးခဲ့တယ်။ ပြီး ရှာလို့ရတဲ့ အဝတ်အစားလေး တွေ သမီးလုပ်သူ ထွေး၊ မောင်၊ ယူ လို့ ရအောင် ရေစပ်မှာ ချထားပေး တယ်။

"နှမလေး ... သတိရ မှတ်မိမလားမသိဘူး။ နှမလေး ရေဆိပ် က အပြန်မှာ မြွေငန်းကြီးတစ်ကောင် ပေါက်မလို့လုပ်တာ"

"မှတ်မိတယ် ... မောင်ကြီးရဲ့၊ မြွေငန်းကြီးက ပါးပျဉ်းတင် လက်နှစ်ဖက်ပိုင်းလောက် ကြီးတာ။ အဲဒီတုန်းက နှမလေးတော့ သေပြီဆို ပြီး 'အမေ' လို့ တ,ပြီး အော်လိုက်တာ။ အံ့ဩစရာကောင်းလိုက်တာ .. မောင်ကြီးရယ်၊ ငန်းမြွေကြီးရဲ့အမြီးကို အားသန်တဲ့ တစ်စုံတစ်ဦးက ဆွဲယူ လွှင့်ပစ်လိုက်သလိုပဲ တရွတ်တိုက် လူးလွန့်ပါသွားတယ်။ ပါးစပ်ကလည်း





ဒေါသတကြီး မှုတ်လို့။ နှမလေး မြင်လိုက်ရတာ မြွေဆိုးကြီးကို လွှင့်ပစ် လိုက်တာပဲ။ ဘယ်သူမှန်း မသိဘူး"

"အေး ... အဲဒါ နှမလေးရဲ့အမေ ဘီလူးမကြီးက မြွေဆိုးကြီး ကို အမြီးကဆွဲယူပြီး လွှင့်ပစ်လိုက်တာပဲကွယ့်"

"အို ... အဲလို ... ဟုတ်လား"

"နှမလေးက ယောင်လန့်ပြီး 'အမေ'လို့ ခေါ်လိုက်တိုင်း မင်း အမေ ဘီလူးမကြီး သမီးဇောနဲ့ မလှမ်းမကမ်းကို ရောက်လာလေ့ရှိတာ။ မောင်ကြီးအသိပါ ... နှမလေးရယ်။ ကိုင်း ... နှမလေး ဘဝချင်းခြားနေ တဲ့ မင်းအမေ ဘီလူးမကြီးကို မင်း အမေလို့ မခေါ်ချင်တော့ဘူးပေါ့ ... ဟုတ်လား ဟင် ... ဟင်လို့"

"ဟင့် ... ဟီး ..."

"မောင်ကြီး ..."

"ပြော ... နှမလေး"

"ကျွန် ... မ ... ကျွန်မ ... အမေ ... ဘီ ... လူးမ ... မ ကြီးကို တွေ့ချင်ပါပြီ ... မောင်ကြီး ဘုရား"

"ဟော ... ဟုတ်ရဲ့လား ... နှမရယ် ... ဟင်"

"မွေးအမေအစစ်လို့ မောင်ကြီး ဗိဿနိုးက သက်သေခံပြီးဥစ္စာ မောင်ကြီးရယ်။ အမေ့ကို မမြင်ရပေမင့် အမေဘီလူးမကြီးရဲ့ မေတ္တာနဲ့ အကြိမ်ကြိမ် အန္တရာယ်ဆိုးတွေက ဘေးမသီ ရန်မခအောင် ကယ်တာကို ကျွန်မ သဘောပေါက်ရပါပြီ ... မောင်ကြီးရယ်။ ဘယ်သူ ဘာပြောပြော ကျွန်မအမေဟာ ဘီလူးမပဲဖြစ်ဖြစ်၊ တစ္ဆေမကြီးပဲဖြစ်ဖြစ်၊ မွေးအမေပါ .. မောင်ကြီး။ အမေ့ကြောင့် ကျွန်မ လူဖြစ်ခဲ့ရတာပါ။ ကျွန်မအမေ ဘီလူးမ ကြီးကို ကျေးဇူးမကန်းရက်ပါဘူး ... မောင်ကြီးရယ်။ ကျွန်မ အမေ့ကို တွေ့ပါရစေ ... မောင်ကြီးရယ် ... နော် ... နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . . . ကောင်းပါပြီ . . . ငါ့နှမ၊ မိဘကျေးဇူး သိတတ်သူပေပဲ။ ဒါကြောင့် မောင်ကြီး မင်းအမေကို ခေါ်ပေးပါ့မယ်။ နှမလေး လက်အုပ်ချီပြီး မျက်စိမှိတ်လို့ အမေ့ကို အာရုံပြုထား"

ပန်ထွာ ဒူးထောက်ပြီး လက်အုပ်ချီလို့ အမေ သမီးရှိရာ ကြွတော်မူပါ အမေလို့ ဆုတောင်းနေလိုက်တယ်။

"ကိုင်း . . . စန္ဒမုခီ (ရွှေနံကိုင်) ရေ . . . နင် တွေ့ချင်လှတဲ့ နင့်သမီး ပန်ထွာ ငါ့ရှေ့မှာ ရောက်နေပါပြီ"

"သမီးလုပ်သူကလည်း အမေကိုတွေ့ပြီး မွေးကျေးဇူး ဆပ်ချင်ပါသတဲ့။ ဟဲ့ . . . စန္ဒမုခီ . . . လူအသွင်ဖန်ဆင်းပြီး ခုချက်ချင်း နင့်သမီးဘုရင်မပန်ထွာရှေ့မှောက် ရောက်စေ"

တန်ခိုးကြီးလှတဲ့ ဗိသနိုးနတ်မင်းကြီးရဲ့ အမိန့်ကြောင့် စန္ဒမုခီ (ရွှေနံကိုင်) ပန်ထွာရဲ့ရှေ့မှာ လူသားအသွင်နဲ့ ရပ်လျက်ရောက်နေတယ်။

သူမ သမီးလုပ်သူ ဘုရင်မကြီးရဲ့ရှေ့မှာ ရပ်ရင်း ချောမောလှပကျက်သရေရှိလှတဲ့ သမီးကိုကြည့်ပြီး ဝမ်းသာပီတိမျက်ရည်များ ပါးပြင် ပေါ်တလိမ့်လိမ့်စီးကျလာတယ်။

"ပန်ထွာ . . . နှမလေး"

"ရှင် . . . မောင်ကြီးနတ်မင်း"

"နှမလေးတွေ့ချင်တဲ့အမေ နှမလေးရဲ့ရှေ့မှာ ရောက်နေပါပြီ။ မျက်လုံးဖွင့်ပြီး ကြည့်ပေရော့ . . . နှမ"

ပန်ထွာမျက်စိကို ဖြည်းဖြည်းချင်း ဖွင့်လိုက်တယ်။

ရင်ထဲမှာလည်း တလှပ်လှပ် တုန်ခါလို့။

အမေ့ကို တွေ့ရတော့မယ်။

အမေက ဘီလူးမကြီးတဲ့၊ အရုပ်ဆိုးမတဲ့။

အို . . . အရုပ်ဆိုးဆိုး၊ အကျည်းတန်တန် ငါ့ကို ကိုးလလွယ်ပြီး ခဲရာခဲဆစ် မွေးခဲ့တဲ့အမေ။





အမေဟာ အမေပဲ။

အမေ့ကို ငါ မစော်ကားဘူး။

အမေ့ကို ငါ မရှိုင်းပျဘူး။

ငါ အမျိုးယုတ် အမျိုးညံ့ မဟုတ်ဘူးဆိုတာ သိပြီးပြီ။ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ပြီး ကြည့်လိုက်တော့ . . .

အလို . . .

အလွန်ချောမောလှပတဲ့ မိန်းမကြီးတစ်ဦး။

နဖူးပြင်ပေါ်မှာ မျက်နှာအုပ်ဆောင်းလေးအုပ်လို့။

နက်မှောင်ရှည်လျားလှတဲ့ ဆံပင်တွေက မိန်းမချောကြီးရဲ့ ကျောနောက်ကနေ ကျနေတာ ဒူးခွက်ကျော်ရောပဲပါလား။

အသားအရည်ကလည်း ငွမ်းသားလို ဖြူနုလို့။

ကျက်သရေရှိလိုက်တာ။ ပြုံးနေတဲ့အပြုံးက ငါ့ရဲ့ရင်ထဲကို စီးမျောလာပုံ မြန်လိုက်တာ။ ပန်ထွာ မျက်စိရှေ့က မိန်းမချော မိန်းမသန့်ကြီးကို ကြည့်ပြီး ကြည်နူးနေတုန်းမှာပဲ . . .

"သမီး . . ."

"ဟင် . . ."

"သမီးပန်ထွာ . . . အမေလေ . . . အမေ စန္ဒမုခီပါ သမီး"

"ရှင် . . . အို . . အမေ . . . အမေ . . . အမေ . . ."

ပန်ထွာ အံ့သြဝမ်းသာနှင့် အမေရဲ့ခြေအစုံကိုဖက်၊ အမေ့လက်ကို အားရပါးရ ဆုပ်ကိုင်ရင်းက မျက်ရည်တွေ စီးကျပြီး . . .

"အမေ . . ."

"အမေ . . ."

"အမေ . . ."

"သမီး . . . ငါ့သမီးလေး . . . ချစ်စရာကောင်းလိုက်ပါဘိ . . . သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒမုခီ သမီးလေးပန်ထွာရဲ့ ကိုယ်လုံးကို ပွေ့ဖက်ပြီး မျက်ရည်စိုပါးနှင့် ပါးချင်းကပ်ထားလိုက်တယ်။

အမေနှင့် သမီးတို့ရဲ့ သမုဒယ မျက်ရည်မြစ်နှစ်စင်း ပါးနှစ်ခုကြားမှာ တသွင်သွင် တသိမ့်သိမ့် စီးမျောသွားကြတယ်။

သားအမိနှစ်ဦးတို့ ကြင်နာမှု အနမ်းတွေဟာ တစ်ခဏမျှနှင့် ပွင့်ကြွေ လွင့်ကြွေ မသွားခဲ့ကြပါဘူးလေ။

နောင်တစ်နေ့သောအခါမှာ . . .

''ချစ်သမီး ပန်ထွာဘုရင်မကြီးရဲ့ အသက်မဲ့ လှပတဲ့ခန္ဓာကိုယ်ကို ပွေ့ပိုက်ပြီး ကျမျက်ရည်ချောင်းဖြစ်အောင် ငိုကြွေးရင်း ရင်ကွဲရတာ ဟောဒီ အမေပါ . . . သမီးရယ်။

အမေ့ရဲ့ ပူနွေးနွေး မျက်ရည်စက်တွေဟာ ကမ္ဘာတည်သရွေ့ ဟောဒီက အမေ့သမီး ပန်ထွာဘုရင်မကြီးကို ရင်ကွဲမတတ်ချစ်ခဲ့ရတဲ့ အချစ်တွေဆိုတာ အမေ ကမ္ပည်းရေးထိုးခဲ့ပါ့မယ် . . . သမီးရယ်''

✿ ✿ ✿

[ ၁၄ ]

❑

အမေဘီလူးမကြီးက ချောမောလှပတဲ့ လူသားရုပ်သွင်ကို ဖန်ဆင်းပြီး သမီးပန်ထွာကို ပွေ့ပိုက်နမ်းဖက်တယ်။

''သမီး . . .''

''ရှင် . . . မယ်မယ်''

''သမီးပန်ထွာဘုရင်မကြီးရဲ့ အမေဟာ စန္ဒမုခီဘီလူးမလို့ သိသားရင် သမီးကျေနပ်ပါ . . . သမီးရယ်။ အမေက ဝေမာနိကပြိတ္တာအုပ်စုဖြစ်နေတော့ ငါ့သမီးရှိရာကို အမေ မကြာခဏလာတွေ့လို့ မဖြစ်ဘူး . . . သမီးရဲ့။ တော်ကြာ နန်းတွင်းသူ နန်းတွင်းသားတွေက ပြောပြောဆိုဆိုရှိလာရင် အမေ့သမီးအတွက် မကောင်းဘူး။ အမေ့မှာက အထက်နတ်မင်းကြီးတွေ တာဝန်ချ အပိုင်စားပေးတဲ့ နေရာမှာပဲ နေခွင့်ရှိတယ် . . . သမီးရယ်။ သွားချင်လာချင်ရင်လည်း တောပိုင်နတ်မင်းကြီးများ ခွင့်ပြုမှ အမေသွားလို့လာလို့ ရတယ်။ အမေ့သမီးကို အနီးကပ် မစောင့်ရှောက်နိုင်ပေမင့်



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ မွေးစားအဖေ ရှင်ရသေ့ကြီးက သမီးကို အနီးကပ် စောင့်ရှောက်ပါလိမ့်မယ်။ အမေ့သမီးဘုရင်မကြီး နားလည်ပေးနော် ... သမီး''

အမေ ဘီလူးမကြီးက သမီးရဲ့မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ပြောတော့ ပန်ထွာက မျက်ရည်စို့ရွှဲနဲ့ ခေါင်းညိတ်ရရှာတယ်။

''မယ်မယ် ...''

''သမီးပန်ထွာ ... ပြောလေ ... သမီး ပြော''

''ဒါဆိုရင် မယ်မယ် လာချင်တဲ့အခါ လာလို့ နားလို့ရအောင် မယ်မယ်နဲ့သမီးနဲ့လည်း တွေ့လို့ရအောင် အင်းကန်ကြီးရဲ့ထောင့်မှာ သမီး အုတ်ဂူကြီး လှလှပပ လုပ်ပေးထားမယ်။ မယ်မယ်စားဖို့ အသားငါးတွေလည်း အသင့်လုပ်ပေးထားမယ်ဆိုရင် မယ်မယ်လက်ခံမှာလားဟင် ... ပြောလေ ... မယ်မယ်''

''အေးပါ ... သမီးရယ်၊ အမေ့သမီး အလိမ္မာလေးနဲ့ တွေ့ခွင့်ရတာ မြင်ခွင့်ရတာကို အမေ ဗိသနိုးနတ်မင်းကြီးကိုရော၊ ရှင်ရသေ့ကိုရော ကျေးဇူးတင်လိုက်တာ ... သမီးရယ်။ ကောင်းပါပြီလေ ... ငါ့သမီး ကျေနပ်ရအောင် အင်းကန်ကြီးထောင့်က သမီးရဲ့ကောင်းမှု မယ်မယ်ဂူရှိရာကို လာခွင့်ရရင် အမေလာခဲ့မယ်နော် ... သမီး။ ကိုင်း ... အမေ့ကို ပြန်ခွင့်ပြုပါဦး ... သမီးရယ်''

''မယ်မယ် ...''

''မငိုပါနဲ့ ... သမီးရယ်၊ အမေ နားလည်ပါတယ်နော်။ မျက်ရည်တွေ သုတ်လိုက်ပါဦး''

''မယ်မယ့်ကို သမီး ဦးတော်တင် ...''

''အို ... အို ... သမီး ... သမီး ... မလုပ် ... မလုပ်နဲ့''

ပန်ထွာဘုရင် သမီးလုပ်သူက မိခင်ဘီလူးမကြီး ပြန်တော့မှာနဲ့ ကန်တော့မလို့ လက်အုပ်ချီလိုက်ရော ...

မိခင်ဘီလူးမကြီးက ပန်ထွာရဲ့လက်အစုံကို ဆုပ်ကိုင်ပြီး ပျာယာသလဲ တားလိုက်တယ်။

---

စိတ်ကူးသစ်စာပေ



''မယ်မယ် ... မယ်မယ့်ကို သမီး ကန်တော့မလို့ဟာ ဘာလို့တားရတာလဲဟင် ... မယ်မယ် မကြိုက်လို့လားဟင် ... မယ်မယ် ... ဟင်လို့''

''မ ... မဟုတ်ရပါဘူး ... သမီးရယ်။ သမီးက ဗိသနိုးဘုရင်မကြီး၊ ပန်ထွာဘုရင်မကြီး၊ ဘုန်းရှင်ကံရှင်မကြီးလေ။ သိကြားမင်းကတောင် အတုလစည်တော်ကြီး ချီးမြှင့်ရတဲ့ ဘုန်းကံရှင်ဘုရင်မကြီးပါ ... သမီးရယ်။ အမေက ...''

''မယ်မယ် ...''

''မပြောနဲ့ ... သမီး။ အမေက အမျှပေးဝေမှ သာဓုခေါ်ခွင့်ရတဲ့ ဝေမာနိကပြိတ္တာမျိုးထဲက ဘီလူးမကြီးပါ ... သမီးရယ်။ သမီးဘုရင်မကြီးက အမေ့ကိုရှေ့ထား ကန်တော့ရင် ငါ့သမီးလေး ဘုန်းကံတွေ နိမ့်ပါးကုန်ဖို့မယ် ... သမီးရယ်''

''ကိုင်း ... ထထ၊ အမေ့ကို ဂါရဝမျှပြုရင် ကျေနပ်ပါပြီ၊ တန်ပါပြီ၊ အမေ ဝမ်းသာရပါပြီ ... သမီးရယ် ... နော်''

''ကောင်းပါပြီ ... မယ်မယ်''

''အရှင်နတ်မင်းကြီး ...''

''မုနိ ... ကျေနပ်ဝမ်းသာရဲ့လား ... မုနိ''

''ကျေနပ်ဝမ်းသာရပါပြီ ... အရှင်နတ်မင်းကြီး၊ အရှင့်ကိုလည်း ကျွန်တော်မျိုးမ ဦးခိုက်ပါ၏။ ပြန်ခွင့်ပြုပါ ... နတ်မင်းကြီး''

''သာဓု ... သာဓု ... သာဓု ... ဘုန်းရှင်ကံရှင်သမီးတော်ကို မွေးဖွားပေးရခြင်းအကျိုးကြောင့် အောက်နတ်ဘီလူးတို့ရဲ့ စည်းစိမ်ချမ်းသာကို လူတမျှ ခံစားရပါစေသတည်း''

✿ ✿ ✿

www.burmeseclassic.com

## [ ၁၅ ]

❑

ပန်ထွာဘုရင်မကြီး ဘဝဟာ ပြီးပြည့်စုံတဲ့ဘဝကို ရောက်ခဲ့ပြီ
ဖြစ်ပါတယ်။

သို့သော် ပန်ထွာဘုရင်မမှာ အိမ်ဦးနတ်၊ ခင်ပွန်း မရှိသေးဘူး

ဗိသနိုးပြည်ကြီးလည်း ဘုရားကျောင်းကန်၊ လယ်ယာချောင်း မြောင်း၊ သားငါးရိက္ခာ ပေါကြွယ်ဝပြီး စည်ကားသိုက်မြိုက်နေပြီ။

ဘုရင်မတို့မည်သည် ဒီအတိုင်း တစ်ပါးတည်း တိုင်းပြည်ကိုအုပ် ချုပ်သွားလို့ မသင့်လျော်သေးဘူး။

အမွေခံ မင်းမျိုးဆက်ကို ထားခဲ့ရမယ်။

သားတော်၊ သမီးတော်တို့ ကျန်ရစ် ရှိရစ်ရမယ်။

ဘုရင်မကြီးပန်ထွာမှာ ကြင်ယာတော်သခင်မရှိဘူး။

ဒါကြောင့် မွေးစားဖခင် ရသေ့ကြီးက နန်းဦးဆောင်ကို ကြွလာ ရင်း ချစ်သမီးဘုရင်မကို မေးရတယ်။

"ဘုရင်မကြီး . . ."





"ဘုရား . . ."

"တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရတာ သဟာဓာတရှိပါရဲ့လား . . . ဘုရင်မကြီး"

"မှန်ပါ . . . ဘုရား၊ တိုင်းပြည်အုပ်ချုပ်သူ မင်းတို့ကျင့်ရမည့် အပရိဟာနိယတရား (၇)ပါးဖြစ်တဲ့ . . .

သတ္ထုဂါရဝတာ – ဘုရား၌ ရိုသေခြင်း၊
ဓမ္မဂါရဝတာ – တရားတော်၌ ရိုသေခြင်း၊
သံဃဂါရဝတာ – သံဃာတော်၌ ရိုသေခြင်း၊
သိက္ခာဂါရဝတာ – ကိုယ်ကျင့်သိက္ခာ၌ ကျင့်သုံးခြင်း၊ ရိုသေခြင်း၊
သမာဓိဂါရဝတာ – တည်ကြည်ခြင်း၊ သမာဓိကိုရိုသေခြင်း၊
ကလျာဏမိတ္တတာ – ကောင်းသောမိတ်ဆွေရှိခြင်း၊
သောဝစဿတာ – ပညာရှိသူတော်ကောင်းတို့၏ ဆုံးမစကားကို နာယူခြင်းဖြင့်လည်းကောင်း . . .

မဟာပရိနိဗ္ဗာနသုတ်တော်လာ အပရိဟာနိယတရား (၇)ပါးဖြစ်တဲ့ (၁) ညီညွတ်စွာ မပြတ်စည်းဝေးခြင်း၊ (၂) အစည်းအဝေးသို့ တစ်စုတစ်ရုံးတည်း မင်းတို့ပြုဖွယ်ကိစ္စကို အတူအညီပြုပြီး ညီညွတ်စွာထပြန်ခြင်း၊ (၃) ရှေးရှေးဝဇ္ဇီမင်းတို့ ပညတ်ချက်ဓမ္မကို လိုက်နာခြင်း, မပြင်ခြင်း, မဖျက်ဆီးခြင်း, အသစ်မပညတ်ခြင်း၊ (၄) အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို ရိုသေလေးမြတ်စွာ ပူဇော်ခြင်း၊ (၅) ဝဇ္ဇီအမျိုးသမီး ကြီးငယ်တို့ကို နှိုင်ထက်ကလူပြု၍ အိမ်ထောင်မပြုခြင်း၊ (၆) မြို့တွင်းမြို့ပြင်ရှိ ဝဇ္ဇီတို့ အရိုအသေပြုကြကုန်သော နတ်ကွန်း, စေတီတို့ကို ရှေးထုံးနည်းအတိုင်း ဗလိနတ်စာကျွေးခြင်း၊ (၇) မလာကြသေးသော ရဟန္တာတို့ ကြွလာစေခြင်းငှာ ကြွလာပြီးသော ရဟန္တာတို့ ချမ်းသာစွာနေခြင်းငှာ ရဟန္တာတို့အား တရားနှင့်လျော်စွာ စောင့်ရှောက်ပြုစုခြင်းဆိုတဲ့ ဝေသာလီကို ဘုရားရှင်ဂေါတမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြုပြောဟောခဲ့သည့် အပရိဟာနိယတရား (၇)ပါးကို မှီကိုးလက်ကိုင်ထားပြီး အုပ်ချုပ်ရသည့်အတွက် သမီးတော်ကိုလည်း တိုင်းသူပြည်သားမှူးကြီးမတ်ကြီး မင်းမှုထမ်းတို့ပါ ချစ်ခင်လေးစားကြသည်မို့ မင်းနှဲပြည်သူ သဟဇာတ မျှတမှုရှိကြောင်းပါ ဘုရား"

"သာဓု ... သာဓု ... သာဓုပါ ... ဘုရင်မကြီး၊ တိုင်းပြည်တိုးတက်ကြီးပွားချင်လျှင် အပရိဟာနိယတရား (၇) ပါးနှင့် အုပ်ချုပ်ပါ။ တိုင်းပြည်ပျက်မှု ပြည်ရွာပျက်ကြောင်းတရားက (၁၀) ခုရှိတယ် ... ဘုရင်မ မှတ်ထားပါ။ တိုင်းပြည်ပျက်ရာ လက္ခဏာကား –

ဒေဝါပဇ္ဇုန် ရွာဟုန်တိမ်းရှောင်း၊

ကန်ချောင်းခန်းခြောက်၊

မိုးပေါက်မညီ၊

ရာသီနက္ခတ် သမသတ်သွား၊

ဂြိုဟ်ကားထို့တူ၊

လူမှာမုသား၊

ရဟန်းများလည်း တရားမလျှော် ကြမ်းချော်ခက်ထန်၊

မမှန်တောင်းတင်း၊

မင်းနှင့်အမတ်၊ ညီညွတ်ရောယှက်၊ ပေါင်းဖက်ဟော့ရမ်း၊

ထုံးတမ်းအလွန်၊ ရှေးညွန်စကား၊ ဤဆယ်ပါးသည် ...

ဖောက်ပြားအင်္ဂါ ပြည်ရွာပျက်မည့် အကြောင်းတည်းတဲ့။ မမေ့မလျော့ မပေါ့ပါနှင့် ... ဘုရင်မ"

"မှန်ပါ ... အသိ၊ သတိရှိပါမည်၊ ဖရသေ့ကြီးဘုရား"

(ဤပြည်ရွာပျက်ကြောင်းတရား (၁၀)ပါးကို မျက်မှောက်ခေတ် မင်း၊ သမ္မတ အကြီးအကဲတို့လည်း အစဉ်သတိပြုစေချင်ပါတယ် ခင်မျာ နောင်အခါ ရှင်ရသေ့ကြီးပြောခဲ့တဲ့ ပြည်ရွာပျက်ကြောင်းတရား (၁၀)ပါး က အကြောင်းအချက်များကြောင့် ဗိဿနိုးနိုင်ငံတော်ကြီး အလုံးစုံပျက်





သုဉ်းပြီး ပန်ထွာဘုရင်မကြီး ကွယ်လွန်အနိစ္စ ရောက်ရသည့်အဖြစ်သည် ယနေ့ မျက်မှောက်ခေတ်တိုင် ပြောစမှတ်ပြုခဲ့ရပေရဲ့။)

"ဘုရင်မကြီး ..."

"ဘုရား ... အဖ"

"ဒီစကားသည် ဖခင်အုပ်ထိန်းသူလည်းဖြစ်၊ ရသေ့ရဟန်းလည်း ဖြစ်တဲ့ အဖ ပြောရမည့်စကားတော့ မဟုတ်ပေမင့် မေးရပြောရမှာပဲ ... သမီးဘုရင်မ"

"အမိန့်ရှိပါ ... ဖရသေ့"

"သမီးတော် ကြင်ဖက်များ တွေ့ပြီလား"

"ရှင် ..."

"ဗိဿနိုးရာဇပလ္လင်ပေါ်မှာ ချစ်ရည်တူညီမျှစွာ ယှဉ်တွဲအုပ်ချုပ်မည့် ကြင်သူကြင်ဖက်များ တွေ့ပြီလား။ ရည်စူးထားသူရော ရှိပါပြီလား"

"အဖ ... ဘာလို့လဲဘုရား"

"သမီး ထီးမွေနန်းမွေကို သမီးတို့ ထားခဲ့ရမယ်လေ။ ထီးမွေနန်းမွေခံ သားသမီးမရှိရင် ဗိဿနိုးနန်းဆက် ပြတ်သွားပြီး အခြားသူတစ်ပါးကသော်လည်းကောင်း၊ မင်းမျိုးမင်းနွယ် မဟုတ်သူများကသော်လည်းကောင်း နန်းထိုင်သွားရင် ဘယ်လိုလုပ်မှာတုံး ... သမီးတော်။ အမွေခံရှိဖို့ သမီးတော် အိမ်ထောင်ဖက်ကိုရှာပြီး ထီးနန်းအမွေခံ သားသမီးရတနာတို့ကို မွေးဖွားရမည် မဟုတ်ပါလား"

ဟုတ်ပေပဲလေ ...။

အဖရသေ့ကြီးပြောသည့်စကား ဟုတ်ပေသားပဲ။

ရှေးသက်ကြီးတို့ရဲ့ စကားအရ ဗိဿနိုးနိုင်ငံမတိုင်ခင် ရှေ့မင်းဆက်မှာ သတိုးမင်းပြောင် မင်းဆက်ကုန်ဆုံးပြီး ထီးမွေခံ မရှိခဲ့လို့ သာဂရမင်း(မ)ဆက်ပြတ်ခဲ့တယ်လို့ ကြားသိရဖူးတယ်လေ။

"အဖ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ဘုရင်မကြီး၊ ပွင့်ပွင့်လင်းလင်း ပြောပါ"

"သမီးတော်မှာ ကြင်ဖက် လုံးဝ မတွေ့သေးပါဘူးဘုရား။ တိုင်းသူပြည်သားတို့အရေးကို ဦးစားပေးနေရလို့ ဘဝကြင်ဖော်ကို စဉ်းစားလို့မရသေးပါ ... ဖရသေ့"

"အေးလေ ... ခုမတွေ့ပေမဲ့ နောင်တစ်နေ့ တွေ့လာမှာပေါ့။ အမျိုးသန့်သူ၊ ကျန်းမာကြံ့ခိုင်သူ၊ ပညာရှိသူ၊ သီလရှိသူ၊ တရားစောင့်သူ၊ သစ္စာရှိသူ ယောကျ်ားကောင်းကို တွေ့ခဲ့ရင်တော့ နောင် ဗိဿနိုးမျိုးဆက်၊ ပန်ထွာဘုရင်မမျိုးဆက် ကျန်ရှိခဲ့ဖို့ ကြင်ဖက်ကို စဉ်းစားပါ ဘုရင်မကြီး"

ဖခင်ရသေ့ကြီးရဲ့ နန်းဦးဆောင်ကနေ ပြန်ကြွသွားပြီးနောက် ပန်ထွာရဲ့ရင်ထဲမှာ ချစ်သူကြင်ဖက်ဆိုတဲ့စကားက တုန်ခါနေတယ်။

ဘုရင်မဘဝမှာ အချိန်လေးအားရင် မြို့ဦးရွှေရောင်တော်ဘုရားမှာ ပန်း၊ ရေချမ်းကပ်၊ ဘုရားဝတ်ပြုပြီး ပုတီးစိပ်ခဲ့တာပဲရှိတယ်။

အုံ့ဩစရာကောင်းတာက မြို့ဦးစေတီကို တည်ပြီး ရောင်ခြည်တော်ခြောက်သွယ် အုံ့ဖွယ်ဘနန်း လွှတ်တော်မူလို့ ဗိဿနိုးတစ်နယ်လုံး အုန်းအုန်းကျွက်ကျွက် ပူးမြော်ကြလို့ ...

ရွှေရောင်တော်ဘုရားလို့ ခေါ်ကုန်ကြပြီလေ။

ထူးခြားလွန်းလို့ ...

"ပန်ထွာဘုရင်မကြီး ... ဘုန်းကျက်သရေ တိုးပါစေ"

"ဘုရင်မကြီး ... သက်တော်ရာကျော် ရှည်ပါစေ"

"ဘုန်းကံကြီးမားသည့် မင်းမျိုးဆက်တို့ အဓွန့်ရှည်ပါစေ"

ဆိုပြီး ဆုတောင်းတဲ့အသံတွေကို ပဲ့တင်ထပ်မျှ ကြားလိုက်ပြီး ကြည်နူးဝမ်းသာလိုက်ရတာ။

ချစ်သူ ...

ကြင်ဖက်တဲ့။ ရွှေလက်တွဲဖက်တဲ့။ လုလိုက်၊ ယဉ်လိုက်တဲ့ စကား အမှန်က ထီးမွေနန်းမွေ ရရှိရေးအတွက် လက်ထပ်ရမှာ။

စိတ်ကူးသစ်စာပေ



ငါ့ချစ်သူကရော ဗိဿနိုးနဲ့ ပန်ထွာနိုင်ငံမှာ ဘယ်သူဖြစ်နိုင်သလဲ။

တောင်ပြင်သူဌေး စိတ္တသူကြွယ်လား ...

မြောက်ပြင်သူဌေး ဘောဂလား ...

အရှေ့ပြင်သူကြွယ်ကြီးသား ပုလ္လလား ...

ဆင်စီး၊ မြင်းစီး ကောင်းတယ်လို့ ကျော်နေတဲ့ အနောက်ပြင်သူဌေးကြီးသား ဥလ္လဟလား ...

အို ... သူတို့ ငါစိတ်မဝင်စားပါဘူး။

သူတို့က နေ့စဉ် ငွေနောက်လိုက်နေတဲ့ လောဘသားတွေ။ ငွေနဲ့အာဏာကို ပေါင်းစပ်ရင် အနာဂတ်မျိုးဆက် ထီးနန်းမွေခံ သားကောင်းရနိုင်ပုံ မမြင်၊ မထင်ပါဘူး။

ပန်ထွာဘုရင်မရဲ့ ရင်သွေးတော်ဆိုတာ ...

ထွားထွားကျိုင်းကျိုင်း၊ သန်မာဖုထစ်၊ မြင့်မြင့်မောင်းမောင်းနဲ့ ကျားဆိုမှကျား ဖြစ်ရမယ်။

ဓားရေး၊ လှံရေး၊ မြားရေး မိခင်ပန်ထွာထက် သာရမယ်။

မြင်းစီး၊ ဆင်စီး၊ စစ်ရထားစီး အဋ္ဌာရသ (၁၈)ရပ်ကို အရွယ်နှင့်အမျှ တတ်ပွန်ရဲရင့်ရမယ်။

တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာရှိရမယ်။

ပျူလူမျိုးတို့ကို ကာကွယ်စောင့်ရှောက်သူ ဖြစ်ရမယ်။

သီလ၊ သမာဓိ၊ ပညာ၊ သုတ၊ စာဂနှင့် ပြည့်စုံကုံလုံကြွယ်ဝ အမျိုးမြတ်သူ လူရည်ချွန်လည်း ဖြစ်ရမယ်။

ဟဲ့ ... ပန်ထွာ၊ ညည်း အဲဒီလိုအရည်အချင်းနဲ့ ပြည့်စုံတဲ့ သားကောင်းသမီးကောင်းကို လိုချင်ရင် ညည်း လင်၊ ကြင်ဖက် စံနှုန်းကောင်းတို့ ရှာပေါ့။

ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညည်းအမေ စန္ဒမုခီဘီလူးမလို ချောချောဖြောင့်ဖြောင့် မင်းညီမင်းသားလက်ကို ထိကိုင်မိပြီး အရသာခံ ကလေးမွေးနဲ့။

အဲဒါ ညည်းအမေ စန္ဒမုခီ ကံကောင်းလို့ သန္ဓေရတာ။

ညည်း အဲဒီလို လက်ကိုင်ရုံနဲ့ သန္ဓေရမယ်လို့များ ထင်နေလား။

ဟား ... ဟား ... ဟား ... ဟား ... ညည်းနဲ့ ညည်းအမေ ဘဝချင်းက မတူဘူးလေ ... မိပန်ထွာ။

ကြည့်လုပ်ပါ ... ပန်ထွာရယ်။

တော်ကြာ ... လက်ဆွဲမှုနဲ့ ညည်းကို တရားခွင်မှာ ယောကျ်ားလေးဘက်က စွဲချက်တင် အမှုဖွင့်ရင် ...

ညည်းအေ ...

ပန်ထွာဘုရင်မဆိုတဲ့သိက္ခာ ခြေဖဝါးအောက် ကျရောမဟုတ်လားဟဲ့ ... မိပန်ထွာရဲ့ ... ဟင်။

အင်း ... စဉ်းစားရပြီပေါ့။

အဖေရသေ့ကြီး သတိပေးမှ အချစ်က ရင်ထဲမှာ ထိခတ်အသံမြည်လာတယ်။

အို ... ယောကျ်ား အမျိုးသားတစ်ယောက်ရဲ့ အနမ်း။

အမယ်လေးလေး ... ပါးယားလိုက်တာ။

ဟယ် ... စဉ်းစားရင် ကြက်သီးထရပါဘီ။

ဒီမှာပဲ ဘုရင်မပန်ထွာရဲ့ မျက်စိထဲမှာ သူမရဲ့ ကိုယ်ရံတော်တပ်မှူးသျှိဝ တည်ကြည်ရဲရင့်တဲ့ မျက်နှာရုပ်သွင် ပေါ်လာတယ်။

ကြွက်သားအဖုအထစ် ...

ရင်အုပ်ကားကား၊ မို့မို့မောက်မောက် ...

လက်ရုံး လက်ဖျံ သံချောင်းမှာ မြွေရစ်ပတ်နေသလို သွေးကြောအပြိုင်းပြိုင်းနဲ့။





အရပ်မြင့်မြင့်၊ မေးရိုးကားကား စူးရဲတောက်ပ မျက်လုံးအစုံနဲ့ လူချောလူခန့် တပ်မှူး။

သျှိဝ ...

ဓားရေး၊ လှံရေး၊ မြင်းရေး ပြိုင်ဘက်မရှိ ကျွမ်းကျင်သူ၊ သားရိုင်းသားရဲတွေနဲ့လည်း တိုက်ခိုက်ရဲသူ၊ ပြိုင်ဘက်ကို အရှုံးမပေးသူ၊ နှစ်စဉ်ဓားရေး၊ မြားရေးမှာလည်း အောင်ပွဲခံပြီး ဘုရင်မရဲ့ ပဝါတစ်ပိုင် ဆုရရှိခဲ့သူ။

စဉ်းစားရင်း အမှတ်တရလေးတစ်ခုကို ပြေးသတိရလိုက်လေရဲ့။ အဲဒီတုန်းက ရင်ကို သိမ့်သိမ့်လှိုက်သွားတာပဲ။

ဖြစ်ပုံက ... ဒီလို။

ပန်ထွာက ဓားရေးလေ့ကျင့်ချင်လို့ သျှိဝကို ဓားကစားဖို့ ပြောတာရယ်။ ခါတိုင်းလည်း နှစ်ဦးသား အင်းကြီးရှေ့က ကုန်းလွင်ပေါ်မှာ ဓားရေးလေ့ကျင့် ကစားနေကျပါ။

သို့သော် ကိုယ်ရံတော်တပ်မှူး သျှိဝက ဘုရင်မဖြစ်နေတော့ ဓားရေးကို ဖော့၊ လျှော့ ကစားတယ်။ အများအားဖြင့် ပန်ထွာရဲ့ ဓားခုတ်ချက်တွေကို ခံဓားနဲ့ခံပြီး ကစားနေတာ။

''သျှိဝ ...''

''အမိန့်ရှိပါ ... သခင်မ''

''မောင်မင်း ... ဓားမခုတ်တတ်ဘူးလား''

''ဗျာ ...''

''တပ်မှူး ... ယောကျ်ားကောင်းတစ်ယောက်ရဲ့ဓားချက် မဟုတ်ပေဘူးပဲ။ မောင်မင်းဓားခုတ်ချက်က ထင်းခုတ်တဲ့ ဓားချက်ပဲ''

ဘုရင်မက သျှိဝရဲ့ ဓားရေးအမှန်ကို ပေါ်လာစေချင်လို့ ဖိနှိပ်ပြောလိုက်တာလေ။ ကြည့်ပါလား ... ဓားရေးကို လျှော့ကစားနေတာ။

မုန်းစရာကောင်းလိုက်တာ ... ဟွန်း။



www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ဖိနှိမ်ပြီး တမင်ပြောလိုက်တော့ သျှိုဝရဲ့ နုပျိုရဲရင့်မျက်နှာဟာ ရဲခနဲဖြစ်သွားတယ်။

ယောက်ျားတစ်ယောက်ရဲ့ မာနက ဖြိုးခနဲ လက်ခနဲ ပေါ်သွားတာ။

အမှန်ကလည်း ကိုယ့်အရှင်သခင်မမို့ ညှာနေရတာပါ။ ခုနေမှာ သူ့စိမ်းတစ်ပါး ဓားသမားဖြစ်ကြည့်ပါလား ...

သျှိုဝရဲ့လက်ထဲက ဓားက လျှပ်စီးလက်သလို၊ မိုးကြိုးထစ်သလို ဖျိုးခနဲလက်ခနဲ ဓားသွားတွေဖွေးပြီး တစ်ဖက်ဓားသမား ဓားဝင့်ချိန်၊ ဓားပင့်ချိန်တောင် ရလိုက်မှာမဟုတ်ဘူး။

ဒါက ဗိဿနိုးဘုရင်မကြီး။

ပန်ထွာဘုရင်မကြီး။

အတိုင်းတိုင်း အပြည်ပြည်က ရှိရှိသမျှသော အလှတို့ စုပေါင်းစုရုံးပြီး အနှိုင်းမဲ့ အလှသစ်တစ်ခုကို ထုဆစ်ထားသလို ရှားပါးနုမျစ် ချောမွတ်သန့်စင်၊ ပြစ်မျိုးမဲ့မထင်တဲ့ အလှသခင်မ။

ဘုရင်မရဲ့ နုမွတ်သန့်စင်မျက်နှာကို ဓားရှလို့ဖြစ်မှာလား။

သခင်မရဲ့ ဂွမ်းနှစ်အသားအရည်ပေါ်က သွေးတစ်စက်ကျသွားစီးသွားရင် ဗိဿနိုးနတ်မင်းကြီးက မိမိကို ခွင့်လွှတ်ပါ့မလား။

သခင်မရဲ့မယ်တော် စန္ဒမုခိဘီလူးမကြီးကရော သူ့သမီးဘုရင်မကို ပွန်းပဲ့ထိရှ သွေးစိုချွေးစိုလုပ်တဲ့ မိမိလိုကျွန်တစ်ယောက်ကို ခွင့်လွှတ်ပါ့မလား။

"သျှိုဝ ..."

"ဘုရား သခင်မ"

"မောင်မင်း ဘာတွေဝေနေတာလဲ။ ဘာတွေစဉ်းစားနေတာလဲ။ ဓားသမားဆိုတာ တိုက်ပွဲမှာ၊ ဓားရေးမှာ အစဉ်းစားလွန်ရင် အသက်ကို ပေးရတတ်တာ မောင်မင်း မသိဘူးလား"





"မှန်ပါ ... သိပါတယ် သခင်မ"

"ငါ မောင်မင်းရဲ့ ယောက်ျားဓားရေး၊ စစ်သည်ကောင်းတစ်ဦးရဲ့ ဓားရေးစစ်စစ်ကို မြင်ချင်တယ်။ ငါ့ကို ဓားရေးမှာ မညှာပါနဲ့"

"ကောင်းပါပြီ ... သခင်မ၊ ကျွန်တော်မျိုး ယောက်ျားကောင်း ဓားရေးနဲ့ ဓားကစားပါမည်။ သခင်မ ခံနိုင်ရင် ခံပါတော့"

"ဒါမှပေါ့။ ဒါမှ ငါ့ကိုယ်ရံတော်သျှိုဝ ပီသမှာပေါ့။ ကိုင်း ..."

"ချွင် ..."

"ထန် ..."

"ဝီး ... ဝီး ..."

"ထန် ... ချွင် ..."

"ရှိုး ... ရှိုး ..."

"ဝီး ... ဝီး ... ဝီး ..."

ဓားနှစ်လက်တို့ရဲ့ ထိခတ်သံဟာ အင်းမကြီးရဲ့နံဘေး လွင်ပြင်ထဲမှာ ပဲ့တင်သံထပ်နေတယ်။

"ကျွား ..."

"ဖျော ..."

"ဗိုး ..."

"ထန် ..."

သျှိုဝက မိုးဓားကိုဟန်ပြပြီး စလွယ်ပိုင်းဓားကို သွင်းလိုက်ရော သခင်မက သူ့ ကျောက်စီဓားနှင့် ကာမလိုလုပ်ပြီးမှ ကိုယ်လုံးကို နောက်ပြန်ကျောပေးလှည့်ပြီး ပင့်ဓားနဲ့ ပင့်ထည့်လိုက်တာ ...

သျှိုဝ ဓားရော၊ လူရော လည်ထွက်သွားပါရော။

ဟိုက် ...

သူ ဘုရင်မကို လျှော့တွက်မိတာ မှားပြီပဲ။

မျှော်လင့်မထားတဲ့ လှည့်တိုက်ကွက်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လည်သွားတဲ့သျှိဝက ညာတွတ်ဓားနဲ့ ဘုရင်မရဲ့ခါးကို လှမ်းတွတ်လိုက်တာ။

မြန်လိုက်တာ။

ဘုရင်မက တွတ်လိုက်တဲ့ ဓားချက်ကို အတွင်းကနေအပြင်ကို လက်ပြန်ပက်တဲ့ဓားနဲ့ ပက်ထည့်လိုက်တာ . . .

"ချွမ် . . ."

"ထန် . . ."

အင်း . . . ဘုရင်မကို တစ်ချက်ချင်း ယှဉ်ခုတ်လို့ မရဘူး။ မြင်းစိုင်းသလို၊ ကျွဲရိုင်းခတ်သလိုဝင်မှ ရမယ်မှန်း သိသွားပြီး . . .

"ကျား . . ."

ဓားဖြောင့်နဲ့ ခုန်ဝင်လိုက်တယ်။ ဘုရင်မကလည်း ဆန့်ဓားနဲ့ တားလိုက်တယ်။ ဘုရင်မ မျက်နှာပြင်ပေါ်မှာ ချွေးသီးတွေ ဉနေသလို၊ သျှိဝရဲ့လက်မောင်း ကြွက်သားတွေလည်း ချွေးစို့ရွဲပြီး ပြောင်လက်နေပြီ။

သျှိဝက မွှေ့ဓားကနေ စကြာလည်ဓားကိုလည်း သုံးတယ်။ စကြာလည်ဓားကနေ တုတ်သိုင်းမှာ အောက်ပင့်အရှည်ယမ်းတုတ်လို ဓားကို ဘယ်ညာ ပင့်လိုက်၊ မွှေလိုက်၊ စကြာလည်လိုက်၊ ခုတ်ဓားနှင့် ခုတ်လိုက် ဘုရင်မအောက်ခြေကို လှမ်းပိုင်းလိုက်၊ လက်ပြန်အပေါ် ပက်ခုတ်၊ ဓားချက်တွေကို ဖယ်ဆက်သလို ခုတ်၊

ကျွဲခတ်သလိုခုတ်၊ ဝက်ခေါင်းထိုးလို ခုတ်၊

မီးဝိုင်းသလို ပတ်ဝိုင်းခုတ် အဆက်မပြတ်လုပ်လိုက်ရော ဘုရင်မ မောစပြုလာတယ်။

ဒီမှာပဲ ဘုရင်မ မြေခဲတစ်ခုကို ဖနောင့်နှင့်နင်းမိပြီး ဓားရော လူရော နောက်ပြန်လဲအကျ . . .

"အား . . ."

"ဘုရင်မ . . . သခင်မ . . ."





သျှိဝ လက်ထဲကဓားကို လွှတ်ချလိုက်ပြီး ကျားသစ်တစ်ကောင်ရဲ့ လျင်မြန်ခြင်းမျိုးနဲ့ လွှားခနဲခုန်ဝင်လိုက်ပြီး ဘုရင်မလက်ကို ညာလက်နှင့်လှမ်းဆွဲပြီး ဘယ်လက်နှင့် ဘုရင်မ ဖင်ထိုင်မကျရအောင် ခါးကို ပွေ့ဆွဲလိုက်တာ။

"အင့် . . ."

စေတနာဓားပါ။

ဘုရင်မ လဲကျ ဒဏ်ရာရသွားမှာ စိုးရိမ်လို့ပါ။

ရင်ခုန်ဓားနဲ့ လှစ်ခနဲ ပြေးဖမ်းလိုက်တာပါ . . . သခင်မ။

ပန်ထွာရဲ့ နူးညက်အိစက်ကိုယ်လုံးဟာ ချွေးရွှဲနေတဲ့ သျှိဝရဲ့ ရင်ဘတ်ထဲကို ရောက်သွားတယ်။

ဒါနှင့်အတူ ပန်ထွာကလည်း လန့်သလိုဖြစ်သွားပြီး သျှိဝရဲ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ဖက်ထားမိလျက်သား ဖြစ်သွားခဲ့တယ်။

ကွမ်းတစ်ယာညက် မကြာပါဘူး။

လက်ဖျစ်တစ်တွက်မျှသာပါ။

မျက်တောင်နှစ်ခတ်မျှသာပါ။

ဘုရင်မရဲ့ သွေးကြောတွေ ဆူဝေနိုးထပြီး မိန်းမောသွားခဲ့ရသလို သျှိဝရင်ထဲမှာလည်း လှိုင်းတွေထနေတယ်။

ဒီလှိုင်းပုတ်သံကို ဘုရင်မရင်ကလည်း ကြားသိနေရတယ်။ သန်မာခြင်းနှင့် ပူနွေးခြင်းကို အကြင်နာနှင့် မထိတထိလေး ပေါင်းမိလိုက်တော့ အေသချာသော သမုဒယနွယ်တစ်မျှင်ဟာ သိင်္ဂါရမြေပြင်မှာ အညှောင့်တလေး ထွက်ပြူခဲ့ပြီပေါ့။

သျှိဝ ဖက်ထားသည့်လက်အစုံကို ကပျာကယာလွှတ်လိုက်ပြီး ရှိုးနွဲ့သောမျက်နှာနှင့် မျက်လွှာကိုချလို့ ဘုရင်မရှေ့မှာ ဒူးထောက်ခစားရင်း–

"ခွင့်လွှတ်ပါ . . . သခင်မ၊ ယုတ်ရိုင်းသောအမှုကို ဘုရားရှင်တော်မျိုး ပြုသည်မဟုတ်ပါ . . . သခင်မ။ သခင်မ လဲကျသွားမှာစိုး . . ."



www.burmeseclassic.com

www.burmeseclassic.com



“သျှိုဝ …”

“ဘုရား”

“ထ …ထပါကွယ်။ သခင်မ နားလည်ပါတယ်။ မောင်မင်း လျှင်မြန်ပေလို့သာပေါ့ကွယ်။ အနို …သခင်မ ထိုင်သော်လည်းကောင်း နောက်ပြန်သော်လည်းကောင်း အရှိန်နဲ့ လဲကျသွားရင် မလွယ်ဘူးကွယ်။ ဒါကြောင့် သခင်မ မောင်မင်းကို ခွင့်လွှတ်ပါတယ်။ ကျေးဇူးလည်းတင်ပါ တယ်။ ထပါ …သျှိုဝ”

အဲဒီနေ့က ရင်တလှပ်လှပ် ဖြစ်ခဲ့ရတဲ့အကြောင်းကို ပြန်စဉ်းစား မိတိုင်း ပန်ထွာရဲ့ရင်ဟာ တနွေးနွေးတသိမ့်သိမ့် ဖြစ်ခဲ့ရတယ်။

ညညစက်ရာဆောင် ဖဲမွေ့ရာသလွန်ပေါ်မှာ အိပ်ရင်း သျှိုဝရဲ့ ကြွက်သားဖုထစ် ရဲရဲရင့် မျက်နှာကိုလည်း ပြန်မြင်မိတယ်။

ခက်တာက အိပ်မက်ပဲ။

လှန့်နေတဲ့ အိပ်မက်ပဲလား၊

သတိတရ စွဲလမ်းနေတဲ့ အိပ်မက်လား မသိဘူး။

ကိုယ်ရံတော်တပ်မှူး သျှိုဝက သူမကို ခပ်ကျစ်ကျစ် တင်းတင်း ပွေ့ဖက်ထားတဲ့ အိပ်မက်ကို မကြာခဏ မြင်မက်နေမိတယ်။

သျှိုဝရဲ့ ရင်ခုန်သံကိုလည်း ကြားနေရတယ်။

သူမရဲ့ရင်ခုန်သံကို တပ်မှူးသျှိုဝ ကြားမှကြားပါ့မလား။

ဒါ သမုဒယလား၊

ဒါ အချစ်ရဲ့ နိဒါန်းလား၊

အို …ရင်ထဲမှာတော့ တသိမ့်သိမ့် တနွေးနွေး တလှိုက်လှိုက် ခုန်။

ဒီလိုပါပဲလေ …ကိုယ်ရံတော်တပ်မှူး သျှိုဝလည်း သန်းခေါ် ကြက်တွန်သံ၊ နာရီမောင်းခေါက်သံ ကြားရသည့်တိုင် အိပ်လို့မပျော် နိုင် ပါပဲ။





ပန်ထွာဘုရင်မရဲ့ ပါးပြင်ပေါ်က မွှေးနံ့သာ ထုံသင်းရနံ့က ယခု တိုင် သျှိုဝနှာဝမှာ စွဲနေတုန်းပါ။

ပန်ထွာသခင်မရဲ့ နူးညံ့ကိုယ်ငွေ့ကလည်း သျှိုဝရဲ့ရင်ဘတ်ပေါ်မှာ ကျောက်ထက်အက္ခရာတင်ပြီး ဖြစ်နေလျက်ပါ။

ပန်ထွာသခင်မကို မိမိ စွဲလမ်းမိသွားပြီလား။

ဟိုနေ့က အဖြစ်အပျက်ကလည်း မတော်တဆ အဖြစ်ပါလေ။

ဒါ အချစ်မဟုတ်ပါဘူး။

ငါလို အညတရ ကျေးကျွန်တပ်မှူးမျှက ဗိဿနိုးနိုင်ငံကြီးရဲ့ ဘုရင်မကို ချစ်လို့ သင့်မှာလား။ တန်မှာလား။

ဘုရင်မများ ငါ့အတွေးကိုကြားရင် ဟက်ဟက်ပက်ပက် ရယ် မောပြီး ခွင့်လွှတ်လိုက်မှာလား။

ပန်ထွာဘုရင်မရဲ့ ဂုဏ်သရေသိက္ခာကို စော်ကားတဲ့ ကျွန်သား ဆိုပြီး အကျဉ်းတိုက်ထဲကို သွင်းမှာလား။

ဒါမှမဟုတ် …

နောင်ကြဉ်သွားအောင်

အဆိပ်ပြင်းမြွေဆိုးကြီးတွေရှိတဲ့ ကျုံးချောက်ထဲကို ပစ်ထည့်ပြီး မြွေစာကင်းစာ ကျွေးပစ်မှာလား။

အို …ငါသိတဲ့ ပန်ထွာဘုရင်မကြီးဟာ ဓားကိုင်၊ လှံကိုင်၊ မြား ကိုင် ဘုရင်မကြီးဖြစ်ပေမင့် …

သူမရဲ့ရင်ထဲမှာ အချစ်တော့ သန္တေတည်နေမှာပါ။

ဘုရင်မရဲ့မျက်ဝန်းထဲမှာ အချစ်ရည်ဝေ့နေတဲ့ မေတ္တာရဲ့အစလေး အသစ်စကို မြင်ခဲ့ရဖူးတယ်။

အို …သခင်မရယ်၊

အင်းလေ …ငါက ကျွန်ပါ။ ဘုရင်မရဲ့ကျေးကျွန်ပါ …ဘုရင်မ ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မ သခင်မကို မတန်မရာ ကျေးစွပ်ပြီး မေတ္တာသက်ဝင်နေတာကို ဘုရင်မ ရိပ်စားမိခဲ့ရင် ဟောဒီက ကျေးတော်မျိုး ကျွန်ုပ်မိုက်သားကိုယ်ရံတော်တပ်မှူး သျှိဝ လက်အုပ်ချီမိုး ရှိခိုးကန်တော့တောင်းပန်ပါတယ် ဘုရင်မကြီးရယ်။

အမိုက်သား တိတ်တခိုးချစ်မိသည့်အချစ်ကို သေရွာတိုင်အောင် သယ်ယူသွားပါ့မယ်။ ဘုရင်မရဲ့ ပါးပြင်နူးညံ့ပေါ်မှာ ဘုရားကျွန်တော်မျိုး အမိုက်သားရဲ့ မေတ္တာငတ်ပန်းတစ်ပွင့် မငုံ၊ မပွင့်စေရပါဘူး ‥ အရှင်မ"

✿ ✿ ✿

| ၁၆ |

❑

ဘုရင်မ၏ ဘုန်းတန်ခိုးကြီးခြင်းတို့ ကြွေကျချိန်ဟာ တစ်နေ့ ဗိသနိုးရှိရာကို ကဆုန်စိုင်းပြီး လာခဲ့ပါရောလားလေ။

ပန်ထွာဘုရင်မရဲ့ မဟာနန်းတော်ရှိရာကို အခြားဒေသက သံတမန်နှစ်ဦး ရောက်ရှိလို့လာခဲ့တယ်။

တခြားဒေသက သံတမန်ဆိုတော့ လိုအပ်သည်များကို မေးမြန်းပြီး ပန်ထွာဘုရင်မထံ မှူးကြီးမတ်ကြီးများက တင်လျှောက်ကြတယ်။

ဒါကြောင့် ပန်ထွာဘုရင်မက သံတမန်ဆောင်မှာ အခြားက သံတမန်ဆိုသူနှစ်ဦးကို လက်ခံတွေ့ဆုံပြီး အကဲခတ်လိုက်တယ်။

ပုံပန်းသဏ္ဌာန်က ပျူပုံပန်းသဏ္ဌာန်ပါပဲ။

သံတမန်တို့ရဲ့ အဆောင်အယောင်ကို ဝတ်ဆင်ပြီး ဘုရင်မရဲ့ ရှေ့တော်မှောက်မှာ ရှိသေစွာ ခစားနေကြတယ်။

အနီးဝန်းကျင်မှာတော့ ...

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရံတော်တပ်မှူး သျှိဝ၊ အမတ်ကြီးများ၊ ဝန်ကြီးများနှင့် စစ်သူကြီးတို့လည်း ခစားလျက်ရှိကြတယ်။

"သံတမန်ကြီးတို့ . . ."

"ဘုရား"

"ငါသည် ဗိသနိုးနိုင်ငံတော်ကြီးကို အုပ်စိုးနေတဲ့ ပန်ထွာဘုရင်မ ဖြစ်ပေတယ် . . . တမန်ကြီးတို့"

"မှန်ပါ . . . ဘုန်းတော်သတင်း ပျံ့နှံ့ကြောင်းပါဘုရား"

"သံတမန်ကြီးတို့နှစ်ဦးရဲ့ အမည်ကို ပြောပြစမ်းပါဦး"

"မှန်ပါ . . . ဘုရားကျွန်တော်မျိုးအမည်နာမက သံတမန်'ပဥ္စင်းဖြူ' တု အမည်ခေါ်သည် . . . ဘုရင်မကြီး"

"ပဥ္စင်းဖြူ . . . ဟုတ်ပေပေါ့။ လက်ဝဲဘက်က တမန်ကြီးရဲ့ အမည် နာမက . . ."

"မှန်လှပါ . . . ဘုရားကျွန်တော်မျိုး၏ အမည်မှာ 'ပဥ္စင်းညို' ဖြစ် ကြောင်းပါ . . . ဘုရင်မကြီးဘုရား"

"ပဥ္စင်းဖြူနဲ့ ပဥ္စင်းညို . . . သင်တို့ ဘယ်တိုင်းပြည်က လာသည် လဲ"

"မှန်ပါဘုရား . . . ဘုရားကျွန်တော်မျိုးတို့သည် သီရိခေတ္တရာ တိုင်းပြည်မှ သီရိခေတ္တရာပြည့်ရှင် မဟာဒွတ္တဘောင်မင်းကြီး စေလိုက် သည့် သံတမန်များဖြစ်ကြောင်းပါ . . . ဘုရင်မကြီးဘုရား"

"သီရိခေတ္တရာတိုင်းပြည် . . ."

"မှန်ပါဘုရား"

"ဘုရင်က ဒွတ္တဘောင်မင်း"

"မှန်ပါ . . . ဘုရင်မကြီး ဘုရား"

"အင်း . . . ဧရာဝတီမြစ်အနီးက တိုင်းပြည်ပေပဲ"

"မှန်ပါ . . . ဘုရင်မကြီး"





"ဒါနဲ့ မင်းတို့ သီရိခေတ္တရာပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့ ဂုဏ် သတင်းကလည်း ကျော်စောပါပေတယ် . . . သံတမန်ကြီးတို့။ ဒွတ္တဘောင် ဘုရင်မင်းမြတ်ကြီးရော ကျန်းခံ့သာပါ၏လော . . . သံတမန်ကြီးတို့"

"ကျန်းခန့်သာကြောင်းပါ ဘုရား။ သီရိခေတ္တရာပြည့်ရှင် ဘုရင် ဒွတ္တဘောင်မင်းကြီးကလည်း ဗိသနိုးဘုရင်မကြီး ပန်ထွာဘုရင်မအား ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာများ ပို့သပါသည်ဟု မိန့်မှာစကား ပါးလိုက်ကြောင်းပါ ဘုရား"

"သာဓု . . . သာဓု . . . သာဓု . . . ဒါနဲ့ မောင်မင်းတို့ သီရိခေတ္တရာ မှ ပညာရှိအမတ်ကြီးများ ဗိသနိုးဘုရင်မကြီးထံ လာရောက်ခစားရခြင်း အကြောင်းကို တင်လျှောက်ကြပါဦး . . . မောင်မင်းတို့"

ဒီမှာ ပဥ္စင်းဖြူအမည်ရှိ သီရိခေတ္တရာ တမန်အမတ်ကြီးက . . .

"မှန်လှပါ ဘုရား။ ဘုန်းကြီးတော်မူသော သီရိခေတ္တရာပြည့်ရှင် မဟာဒွတ္တပေါင်မင်းကြီးသည် မိမိအုပ်ချုပ်ရာ တိုင်းပြည်နယ်အရပ်ရပ် မြို့ ကျေးရွာများမှာ ဒသသဘာဂဖြစ်သည့် (၁၀) မျိုးသော အရောင်းအဝယ်ပစ္စည်း တို့အနက် (၁၀)ဖို့ (၁)ဖို့ အခွန်တော်များ တောင်းခံစေလွှတ်လေ့ရှိပါသည် ဘုရင်မကြီး။ ယခုလည်း ဒွတ္တဘောင်မင်းတရားကြီးက ဗိသနိုးတိုင်းပြည်မှ အခွန်တော် (၁၀) ဖို့ (၁)ဖို့ သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းတရားကြီး ထံသို့ အချိန်တော်နှင့်အညီဆက်သစေရန် ရာဇသံပေလွှာ လာရောက်တင်ပြ လျှောက်ထားရကြောင်းပါ . . . ဘုရင်မကြီးဘုရား"

ပန်ထွာဘုရင်မကြီးလည်း အသံတော်တိတ်ပြီး လွန်စွာ အံ့အား သင့်သွားသလို ရှေ့တော်မှောက်မှာ ရိုသေလေးမြတ်စွာခစားနေတဲ့ မှူးကြီး၊ မတ်ကြီး၊ စစ်သူကြီးအပါအဝင် တပ်မှူးသျှိဝတို့ပါ မမျှော်လင့်ဘဲ ကြားရ သည့်စကားများကြောင့် အံ့သြသွားကြပြီး . . .

ထောင်းခနဲဒေါသတွေ ရင်ထဲမှာ လှိုက်ကြွလာတယ်။ အားလုံး သောမျက်လုံးများဟာ ပန်ထွာဘုရင်မကြီးကို မော့ကြည့်ပြီး ဘုရင်မကြီး ဘယ်လို အမိန့်တော်ချမှတ်မှာလဲဆိုတာကို ငံ့လင့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးရဲ့ ဝင်းပါစိုပြည်သော မျက်နှာတော်ပေါ်မှာ ပန်းသွေး ရောင်လျှပ်စီးလက်လက် ဖြတ်သန်းသွားတာကိုလည်း သူတို့မြင်လိုက် ရတယ်။

"သံတမန်ကြီး ... ပဋ္ဌင်းဖြူ"

"အမိန့်တော်ရှိပါ ... ဘုရင်မကြီး"

"သံတမန်ကြီး ... ပဋ္ဌင်းညို"

"အမိန့်တော်နာခံလျှက်ပါ ... ပန်ထွာဘုရင်မကြီးဘုရား"

"အမတ်ကြီးတို့ ... ကျွန်ုပ် ပန်ထွာဘုရင်မကြီးသည် သံတမန် ကြီးတို့ရဲ့ သီရိခေတ္တရာ မင်းနေပြည်တော်ကို ရောက်ဖူးပါသည်လား"

"ဘုရင်မကြီး ကျွန်ုပ်တို့ရဲ့ သီရိခေတ္တရာ မင်းနေပြည်တော်သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါ ... ဘုရင်မကြီးဘုရား"

"ထိုနည်းတူပါပဲ သီရိခေတ္တရာ ပြည့်ရှင်မင်း မဟာဒွတ္တဘောင် မင်းရော ဘုရင်မတို့ရဲ့ ပန်ထွာနိုင်ငံတော်ကြီးရဲ့ မြေကြီးပေါ်ကို ရွှေခြေနင်း၍ ခြေချဖူးပါသလား"

"မဟာဒွတ္တဘောင်မင်းကြီးလည်း ပန်ထွာနိုင်ငံတော်သို့ တစ်ကြိမ် တစ်ခါမျှ ခြေမချဖူးပါဘုရား"

"ပန်ထွာဘုရင်မနှင့် ဒွတ္တဘောင်တို့ရော တစ်ကြိမ်တစ်ခါ ပဋိ သန္ထာရစကားများ ပြောဆို ချစ်ကြည်ဖူးပါသလား"

"မပြောဖူးကြပါ ... ဘုရင်မကြီးဘုရား"

"ဒါနှင့်အတူ နှစ်နိုင်ငံသော မင်းကေရာဇ်တို့သည် ရန်ငြိုးရန်စရော ရှိခဲ့ဖူးကြပါသလား"

ဒီမေးခွန်းကို သီရိခေတ္တရာရဲ့ တမန်အမတ်ကြီးနှစ်ဦး ချက်ချင်း ပြန်မဖြေနိုင်ဘဲ တစ်ဦးကိုတစ်ဦး ပြန်ကြည့်လိုက်ကြတယ်။

"ပညာရှိတမန်အမတ်ကြီးတို့ ..."

"ဘုရား"





"အမှန်အတိုင်း ရဲဝံ့စွာဖြေကြပါ ... တမန်အမတ်ကြီးတို့"

"မှန်ပါ ... နှစ်နိုင်ငံ ရန်ငြိုးရန်စ မရှိခဲ့ဖူးပါဘုရား"

"ကောင်းပြီ ... နှစ်နိုင်ငံ ရန်ငြိုးရန်စမရှိပါဘဲ နှစ်နိုင်ငံချစ်ကြည် ရေး မဟာမိတ်ဖွဲ့စကားကို မင်္ဂလာရှိစွာ မဆိုဘဲ ဘာကြောင့် ငါဘုရင်မကြီး အုပ်စိုးနေတဲ့ ပန်ထွာတိုင်းနိုင်ငံမှ ထွက်ရှိသမျှ ဘောဂပစ္စယတို့အနက်က (၁၀)ဖို့ (၁)ဖို့ အခွန်တော်ဆက်သရမယ်လို့ အမတ်ကြီးတို့ရဲ့ဘုရင် ဒွတ္တ ဘောင်က မောက်မာသော၊ အာဏာရှင်ဆန်သော ရာဇသံစကားကို မိန့်ရ ပါသည်လဲ ... အမတ်ကြီး"

ပန်ထွာဘုရင်မရဲ့ ယဉ်ကျေးလိမ္မာပြီး စေးသွားလို စူးရှထက်မြက် တဲ့ မေးခွန်းစကားလုံးများကို ကြားရတော့ လွန်စွာ အားတက်မိပါသော်လည်း တခြားတစ်နိုင်ငံက ကိုယ့်နိုင်ငံထဲဝင်လာပြီး မခန့်လေးစား မောက် မောက်မာမာစကား ပြောနေလို့ အားလုံး မှူးကြီးမတ်ကြီးတွေ အံတကြိတ် ကြိတ်၊ မျက်စောင်းတခဲခဲ ဖြစ်နေကြတယ်။

"ဖြေပါ ... တမန်အမတ်ကြီးတို့"

"မှန်လှပါ ... ဘုရင်မကြီးဘုရား၊ သီရိခေတ္တရာပြည့်ရှင် မဟာ ဒွတ္တဘောင်မင်းကြီးသည် သာမန်မျှသော မင်း မဟုတ်ကြောင်းပါဘုရား။ ကြီးမားကျယ်ပြန့်လှသော သီရိခေတ္တရာ ပျူနိုင်ငံတော်ကြီးကို ဟန်လင်း ထိသာမက ဟိုးအထက်ပိုင်း ပျူရွာ၊ ပျူမြို့များစွာအထိ ဘုန်းတန်ခိုးသြဇာ သက်ရောက်သည့် မင်းကြီးတစ်ပါးဖြစ်ပါသည် ... ဘုရင်မကြီး။ ဒါ့အပြင် ဒွတ္တဘောင်မင်းကြီးသည် ဂဠုန်မင်းက ကိုယ်တိုင်ချီးမြှင့်သည့် သံလေး၊ သံမြား၊ သိကြားမင်းကပေးတဲ့ အရိန္ဒမာလှံပျံ၊ သီလဝန်ဓားအပြင်၊ နတ် စီသည်ကဲ့သို့သော စစ်ရေးကျွမ်းကျင်သည့် စစ်သည်ပေါင်းများစွာကို ပိုင် ဆိုင်ရရှိထားသည့် ဘုန်းကြီးသော ဘုရင်တစ်ပါးဖြစ်ပါသည်။ အခြားအခြား သော လက်အောက်ခံ ပျူမြို့ရွာများမှ မြို့စား၊ နယ်စား၊ ကျေးသူကြီး၊ မြို့သူကြီးတို့ကိုယ်တိုင် သူတို့ဒေသထွက်များမှ (၁၀)ဖို့ (၁)ဖို့ကို နှစ်စဉ် အခွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ဆက်သရဲလေ့ ရှိပါသည်။ နည်းတူ ဗိသနိုးပန်ထွာ ပျူနိုင်ငံသည် လည်း ပျူဖြစ်သည်နှင့် နည်းတူ ဒွတ္တဘောင်မင်းကြီးထံသို့ အခြားသော ပျူတို့နည်းတူ အခွန်တော် (၁၀)ဖို့ (၁) ဖို့ကို ....''

''တိတ် ...''

ပန်ထွာဘုရင်မရဲ့ မိုးကြိုးထစ်ချုန်းလိုက်သည့်အလား ဟိန်းထွက် လာသည့်အသံကြောင့် သီရိခေတ္တရာက သံတမန်အမတ်နှစ်ဦး တုန်ခါပြီး လန့်ဖျပ်သွားကြတယ်။

''သင်တို့ဘုရင် ဒွတ္တဘောင်ကို သိကြားမင်းက ဝရဇိန်လက်နက် ပေးခဲ့ဦး၊ ပန်ထွာက ကြက်သီးမထဘူး။ ငါဟာ ငါ့နိုင်ငံသူ နိုင်ငံသားများ ကို မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပြီး တိုင်းပြည် သာယာဝပြောရေး အတွက် ဘာသာ၊ သာသနာကိုပါ သာယာဝပြောစည်ပင်အောင် ဆောင် ရွက်နေတဲ့ ဘုရင်မကြီးတစ်ပါးသာ ဖြစ်တယ်။ ငါနဲ့ပြိုင်ဘက် ဘယ်ရှင်ဘုရင် ဘယ်မင်းရဲ့သြဇာကိုမှ နာခံစရာအကြောင်းမရှိဘူး။ ဟဲ့ ... ဗိသနိုးနန်း တွင်းက ပညာရှိအမတ်ကြီးတို့ ...''

''ဘုရား ...''

''သီရိခေတ္တရာကလာတဲ့ ရာဇသံအရေး သင်တို့ရော ဘယ်လို များ ထင်မြင်ကြသနည်း''

ဒီမှာ သက်တော်ရှည်အမတ်ကြီး ပညာဒီပက,က ...

''မှန်ပါ ...ဘုရင်မကြီးဘုရား၊ သီရိခေတ္တရာစကားက ချစ် ကြည်ရေးစကား၊ မဟာမိတ်စကား လာရောက်ချေင်ပြောဆိုခြင်း မဟုတ်ပါ ဘုရား။ ပန်ထွာနိုင်ငံကို သူ့လက်အောက်ငယ်နိုင်ငံလို့ သဘောထားပြီး စော်ကားတဲ့သဘောပါ ဘုရား''

''အမတ်ကြီး မဟာဝန်ကရော ...''

''မှန်ပါ ...ပညာဒီပက အမတ်ကြီးပြောသလို စော်ကားတဲ့ စကားပါဘုရား။ ပန်ထွာနိုင်ငံဆိုတာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်း





နဲ့ အေးချမ်းစွာနေတဲ့ တိုင်းပြည်ပါဘုရား။ ဘယ်နိုင်ငံက ဘုရင်တို့ရဲ့ လက် အောက်ခံမှ မဟုတ်သည့်အတွက် (၁၀)ဖို့ (၁)ဖို့ ပေးစရာမလိုပါကြောင်း အမိန့်တော် ပြန်သင့်ကြောင်းပါဘုရား''

''စစ်သူကြီးယောဘ ...''

''မှန်ပါ ...ဘုရင်မကြီးဘုရား။ ဘုရားကျွန်တော်မျိုးတို့က သီရိ ခေတ္တရာကို အစုအခွန် ပုစွန်တစ်လက်မ ပေးရန်မသင့်ပါ ဘုရား။ ဗိသနိုး နန်းတော်ထဲပါ ဝင်ရောက်စော်ကား ခြိမ်းခြောက်ပြောဆိုတဲ့ အမတ်ယုတ် တို့ကိုပါ ထောင်သွင်းအကျဉ်းချသင့်ကြောင်းပါ ဘုရား''

''အမိန့်တော်မှတ်မယ် ...နာခံ''

''ကျွန်ုပ် ဘုရင်မပန်ထွာ အုပ်ချုပ်နေတဲ့ ပန်ထွာနိုင်ငံတော်ကြီး ကို ပမာမခန့် ခြိမ်းခြောက်စကားပြောပြီး အတင့်ရဲလွန်းလှတဲ့ သီရိခေတ္တရာ ဒွတ္တဘောင်မင်းရဲ့ ကျွန်တမန် အမတ်နှစ်ဦးကို ဖမ်းဆီးအရေးယူစေ''

''အို ...အရှင် ...မ ...မကြီး ဘုရား''

''သည့်နောက် ဒွတ္တဘောင်မင်းထံကိုလည်း ရာဇသံဆင့်ရမည် အမတ်ကြီးတို့ ...''

''အမိန့်တော်မြတ်အတိုင်းပါ ဘုရား''

ဘုရင်မပန်ထွာဟာ နီရဲသောမျက်နှာတော်နှင့် နန်းတော်သံတမန် ခန်းမကနေ ထွက်ခွာတော်မူတယ်။

ဘယ်တုန်းကမှ ဒေါသရိပ်မထင်ဘဲ ကြည်လင်ရွှင်ပျတဲ့ ဘုရင်မ ရဲ့မျက်နှာတော်မှာ ဒေါသအချို့ လူးကြွစပြုနေတယ်။

ငါ့ကို မိန်းမသားဘုရင်မဆိုပြီး ဒွတ္တဘောင်က ပမာမခန့်ပြုချင် တာကိုး။

သင်းအမိန့်ပေးရင်၊ ရာဇသံဆင့်ရင် ငါလိုဘုရင်မက လက်အုပ် ချီမိုးပြီး ရှိခိုးကန်တော့ရမယ်ပေါ့။

ဟား ...ဟား ...ဘာတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သံလေး၊ သံမြား၊ သီလဝံ့ဓားနဲ့ အရိန္ဒမာလုံ့ပျံ ရှိသတဲ့။ တ
ယောက်ချင်း စီးချင်းထိုးချင်လိုက်တာ။

ပန်ထွာဘုရင်မဆိုတာ ပန်းဝတ်မှုန်ပေါင်းများစွာတို့နှင့် ထုဆ
ထားတဲ့ နူးညံ့ပျော့ပျောင်း အလှသရုပ်ဆောင်းတဲ့ မိန်းမလို့ စာဖွဲ့ခံရပေ
ငါ့တိုင်းပြည် ပန်ထွာနဲ့ ဗိဿနိုးရွှေနန်း၊ ငါတို့ ပျူလူမျိုးတွေကို ထိပါးေ
ကားလာရင်တော့ ...

ပန်းဝတ်မှုန် ပန်းပွင့်ချပ်တွေနဲ့ ထုဆစ်ထားတဲ့ ငါ့ရဲ့လက်နှစ်ဖ
ဟာ သံတွေ၊ သံချောင်းတွေ ထပ်ဆင့်သွန်းနယ်ထုဆစ်ထားသလို မာကျေ
ပြီး သွေးကြောတွေ၊ မြွေဟောက်လို၊ ငန်းဝါလို ထောင်ထစေရမယ်။

ငါ့မျက်လုံးထဲက တံ့ပြန်နဂါးငွေ့တန်းကို သင် ရှူရှိုက်မူးမေ့လော
ကျွမ်း ပြာကျသွားစေရမှာပေါ့ ... ဒွတ္တဘောင်ရယ်။

"ဟော့ ... သီရိခေတ္တရာက အမတ်စုတ်နှစ်ယောက် ထစမ်း"

"ဟို ... ဟို ... စစ်သူကြီး ... ခ ... ခဏလေး"

"အုန်း ..."

"အား ..."

"ဘုန်း ..."

"အင့်"

"မင်းတို့ရော၊ မင်းတို့ဘုရင် ဒွတ္တဘောင်ကရော ငါတို့ဘုရင်မ
စော်စော်ကားကား ရာဇသံဆင့်တော့ ..."

"ရှင်း ... ရှင်း ... ပြပါရ ..."

"ဖောင်း"

"အား"

"စစ် ... သူကြီး ... ကျွန်ုပ် ... က ... သံ ... တမန်"

"ဖြန်း"

"အား"





"ဟော့ ... အမှုတော်ထမ်းတွေ ဆွဲခေါ်ခဲ့။ ဘုရင်မရဲ့ သတ်စေ
အမိန့်ရရင် ဒင်းတို့ကို သတ်ရမှာ။ မသေခင်လည်း ဗိဿနိုးရဲ့အရသာလေး
ခံစားစေရမှာပေါ့လေ ... ဟား ... ဟား ... ဟား ... ဟား"

အမှုထမ်းတွေက ပဋ္ဋင်းဖြူနဲ့ပဋ္ဋင်းညို အမတ်နှစ်ဦးကို ထုထောင်း
ကန်ကျောက်ပြီး သစ်လုံးအချုပ်ထဲကို သွင်းလို့ မင်းတုံးသော့ချလိုက်တယ်။

"မင်းတို့ ညင်ညင်သာသာ သေရမှာပါကွာ။ ငမြွေစာကျွေးမှာပါ
ကွ ... ဟား ... ဟား ... ဟား"

"စစ်သူကြီး ... မ ... မလုပ်ပါနဲ့ ... စစ်သူကြီးရယ် ...
ကျွန်ုပ်တို့ ဒွတ္တဘောင်မင်းကြီးကို ပြန်လျှောက်တင်ပါ့မယ်ဗျ"

"အမတ်စုတ်တို့ရဲ့ ... မပြောခင် စဉ်းစား၊ စဉ်းစားပြီးမှ ပြောရ
တယ်။ ပြောပြီးရင်လည်း ပြန်စဉ်းစားရတယ်ကွ။ ဘုရားသာ တပေတော့။
နံနက်မိုးမသောက်ခင် မြွေစာ၊ မိကျောင်းစာဖြစ်ဖို့ ကျိန်းသေပဲဟေ့"

"ဟား ... ဟား ... ဟား ... ဟား ..."

"အဟတ် ... အဟတ် ... အဟတ် ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၁၇]

❑

သီရိခေတ္တရာမင်း ဒွတ္တဘောင်က ဗိဿနိုးဘုရင်မထံ အခွန်တော် ဆက်သဖို့ ရာဇသံနှင့်အတူ ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုအမည်ရှိ သံတမန်အမတ်နှစ်ဦး ရောက်လာသည့်အကြောင်းမှသည် ...

စော်ကားမော်ကား စကားဆိုလာသည့် အမတ်နှစ်ဦးကို ညှဉ်းပန်းနှိပ်စက်လို့ သေဒဏ်ချမှတ်ရန်ဆိုသည့်စကားကို မြို့ဦးကျောင်းနေ ဖခင်ရှင်ရသေ့ကြီး ကြားလည်းကြားရရော ...

ကြီးစွာသောပြဿနာတွေ တက်တော့မှာပဲလို့ တွေးသိပြီး ပန်ထွာဘုရင်မထံကို အမြန်ကြွရောက်လာခဲ့လိုက်တယ်။

"အဘရှင်ရသေ့ကြီးဘုရား ... မည်သို့သော အကြောင်းကြောင်းကြောင့် မလာစဖူး ကြွရောက်လာရပါသည်လဲ ဘုရား"

"ဘုရင်မ ..."

"ဘုရား ... အဘ"





"ဘုရင်မ ... သီရိခေတ္တရာက သံတမန်အမတ် နှစ်ဦးတို့ကို ရာဇဒဏ်သင့်ဖို့ အမိန့်ပေးတယ်ဆိုတာ ဟုတ်မှန်ပါသလား ... ဘုရင်မ"

"မှန်ပါတယ် ... အဖရသေ့၊ သူတို့က ဒွတ္တဘောင်ဘုရင်စေတဲ့ အမတ်ဆိုးတွေပါ ဘုရား။ ရာဇဝတ်သင့်စေမည့်ကြောင်းကတော့ ...."

ဘုရင်မက ဖခင်ရသေ့ကို သူတို့ဘဝဇာတ်ကြောင်း ရှင်းပြလိုက်တယ်။

"ဘုရင်မ ... သူတို့ကို ရာဇဝတ် မသင့်စေသင့်ဘူး"

"အဖ ... သူတို့က ဗိဿနိုးကိုရော၊ ပန်ထွာဘုရင်မကိုရော ဂုဏ်သရေသိက္ခာကျဆင်းစေမည့် စော်ကားထိပါးတဲ့ ရာဇသံစကားကို ရှေ့တော်မှောက်မှာ အငုံ့ရဲစွာ ပြောလို့ပါဘုရား"

"သူတို့နှစ်ဦးက သံတမန်တွေပါ ဘုရင်မ"

"သံတမန်က ဘုရင်မကို စော်ကားထိပါးစေမည့် စကားကို ပြောရပါသလား ... အဖ"

"ဘုရင်မ ... ဒီပဋ္ဌင်းဖြူနဲ့ ပဋ္ဌင်းညိုအမည်ရှိတဲ့ သံတမန်တော် နှစ်ဦးတို့ဟာ သီရိခေတ္တရာရဲ့ ရှင်ဘုရင်မဟုတ်ဘူး။ သူတို့က သီရိခေတ္တရာ ပြည့်ရှင်ဘုရင် ဒွတ္တဘောင်မင်းရဲ့ ကျေးကျွန်တော်မျိုး၊ လက်အောက်ငယ်သား အမတ်တွေပါ ကျေးကျွန်လက်အောက်ငယ်သား မင်းမှုထမ်းဆိုတာ ရှင်ဘုရင်က အမိန့်ပေးရင် ငြင်းဆန်ခွင့် မရှိဘူးလေ။ ငြင်းဆန်ခဲ့ရင် သူတို့လည်း ဗိဿနိုးမြေကို ခြေချခွင့်မရှိပါဘူး။ သီရိခေတ္တရာမြေကြီးပေါ်မှာ အသက်ဆုံးရှုံးရမှာပါ"

"တာဝန်ရှိတာက ဒွတ္တဘောင်ဘုရင်ပဲ။ သူတို့က ဘုရင်ကိုယ်စားလာခဲ့ရတဲ့ သံတမန်ပါ။ သံတမန်မှာတောင် (၃) မျိုး (၃)စားရှိတယ် ... ဘုရင်မ။ မင်းခမ်းမင်းနားမှာ စေပါးသော အမတ်ချည်း (၁၄) ပါးရှိတယ်။ အထူးသဖြင့် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ဆက်ဆံရာမှာ နန်းရေးဝန်



www.burmeseclassic.com

www.burmeseclassic.com



ချင်း ဆက်ဆံရာမှာ အမတ်သုံးမျိုးသုံးစားက ...(၁) တမန်ကြီး၊ (၂) တမန်တော်၊ (၃) တမ်န်ငယ်ရယ်လို့ ရှိတယ်။

အဆင့်အတန်းကိုလိုက်ပြီး မင်းကြီးတို့ထံကို ဂုဏ်သိန်ပညာကြီးရင့်သူ တမန်များကို စေရသလို တိုင်းငယ် ပြည်ငယ်လေးမှာကျတော့ တမန်အတတ် ပညာဂုဏ်နုသေးသည့် တမန်ငယ်များကို စေကြရတယ်။ တမန်မှာလည်း တမန်တို့ရဲ့ အင်္ဂါ (၈) ပါး ရှိသေးတယ်။ နောက်ဆုံးအချက်မှာ တမန်တို့သည် ငြင်းခုံခိုက်ရန် ဆန့်ကျင်မှု မပြုဘူးတဲ့။ ပါဠိလို (န ကလဟကာရက) လို့ ခေါ်တယ်။

ဒါမျှ မကသေးဘူး။ သံတမန်အမျိုးငါးပါးဆိုတာ ရှိသေးသကွယ်။ အရေးပေါ်စေလွှတ်ရသည့် သံတမန်လို့ အဓိပ္ပာယ်ရတယ်။ အဲဒါတွေက (၁) စေတမန် ဘုရင်မင်းတို့ မှာတိုင်းဆိုရသူ၊ (၂) တန်ဆေး မင်းနှစ်ပါးကို သင့်အောင်ဆိုရသူ၊ (၃) သုံ့သေး ...စကားအသွားအလာကို ထောက်၍ မယုတ်မလွန်ဆိုရသူ၊ (၄) သံ ...လိုသောအချက်ကို တောင်းလာသူ၊ (၅) မင်းစေမှာတိုင်းဆို၍ စေဖက်ရမှာသွားသောသူရယ်လို့ (၅) မျိုးရှိတယ်။

ပဠင်းဖြူ၊ ပဠင်းညိုအမည်ရှိ အမတ်နှစ်ဦးကတော့ စေတမန်လို့ခေါ်တယ်၊ ဘုရင် မှာတိုင်းကို ဆိုရသူပါ။ ဒါကြောင့် စေခိုင်းသူ အမျိုးအစားသံတမန်ပဲ။

နောက်တစ်ချက် ဘယ်လိုအကြောင်းအရာနှင့်စေတဲ့ သံတမန်ဖြစ်စေ၊ ရောက်လာသည့် သံတမန်တို့ကို ကောင်းစွာ ကြိုဆိုနေရာချပြီး သံတို့ပြောသမျှကို နားထောင်ရတယ်။ ပြီးမှ ..သင့်လျော်သလို ပြန်ကြားရတယ်။

အရေးကြီးဆုံးက ရောက်လာသည့် သံတမန်အမတ်တို့ကို ရန့်ရင်းကြမ်းတမ်းစွာ ဆဲရေးခြင်း၊ ရိုက်ပုတ်ခြင်း၊ အကျဉ်းချ၍ အပြစ်ဒဏ်စီရင်ခြင်း လုံးဝမလုပ်ရတာသည် တိုင်းပြည်အုပ်ချုပ်သည့် မင်းနှင့် မင်းမှုထမ်းများ တသဝေမတိမ်း လိုက်နာရသည့် ကျင့်ဝတ်ပဲ။





"ဒါဆို သံတွေဟာ သံအင်္ဂါရပ်နှင့် မလျော်ညီရင်ရော အဖ"

"သံတွေဟာ သံတမန်တို့ရဲ့ ကျင့်ဝတ်အင်္ဂါနှင့် မလျော်ညီဘဲ ...ယစ်သောက်စားခြင်း၊ မဖွယ်မရာအမှုကို ပြုခြင်း၊ ဘုရင်နှင့် မင်းမှုထမ်းများကို မချေမငံပြုခြင်း၊ တားမြစ်ကန့်သတ်နေရာများကို ဘုရင်ခွင့်ပြုချက်...ရဘဲ သွားလာပြုမှုရင် အဲဒီလို သံတမန်မျိုးကို ချက်ချင်း သူ့နေရင်းနေ...င်ငံကို ပြန်ပို့ပြီး အကျိုးအကြောင်း ပြန်ကြားပေးရတယ်"

"အခု ဘုရင်မနဲ့ မင်းမှုထမ်းများ ပြုမှုသည့် အပြုအမူသည် ...သဂတိဖြစ်နေတယ်။ တိုင်းတစ်ပါးက အကြောင်းကြောင်းကြောင့် လာ...ည့်သံကို ရိုက်ပုတ်ညှဉ်းဆဲ ပြစ်ဒဏ်စီရင်ခွင့် ဘယ်ဘုရင်မှ လုပ်ခွင့်မရှိ... လုပ်ခဲ့ရင် နှစ်တိုင်းနှစ်ပြည် အမုန်းပွားပြီး စစ်မက်ဖြစ်ပွားတတ်တယ်။

ဒါကြောင့် ဘုရင်မ သီရိခေတ္တရာရဲ့ သံတမန်နှစ်ဦးကို ကောင်း...စွာ ပြုစုပြီး နေရင်းတိုင်းပြည်ကို ပြန်သွားခွင့်ပြုလိုက်ပါ ...ဘုရင်မ။ ... မေတ္တာရပ်ခံပါရစေ"

"ဟင်း ..."

ဘုရင်မ အံတစ်ချက်ကြိတ်ရင်း စဉ်းစားလိုက်တယ်။ ဒီပြဿနာ... ကိုယ်ကမဖိတ်ခေါ်ဘဲ သူ့ခြေထောက်နဲ့သူ ကိုယ့်ထံတည့်တည့် ဦးတည်...ာက်လာတဲ့ ပြဿနာ။

ချစ်ကြည်ရေးမဟုတ်ဘူး။

မဟာမိတ်ဖွဲ့ဖို့မဟုတ်ဘူး။

ယဉ်ကျေးမှု အနုပညာချင်း ဖလှယ်ဖို့ မဟုတ်ဘူး။

မိမိတို့ရဲ့ ဂုဏ်သိက္ခာကို အသားလွတ် လာစော်ကားတာ။

"သမီးတော်တို့ဘက်က အဦးအလျှင်မှားလို့လား အဖ"

"ဘုရင်မကြီးတို့ဘက် အဦးအလျှင်မှားတာ မဟုတ်ပါဘူးလေ။ ...ာက သီရိခေတ္တရာက မှားတဲ့သဘောပဲ။ ငါဆိုတဲ့အတ္တမာန်နဲ့ ...တဲ့သဘောပေကော။ သို့သော် မင်းစေသံတမန်သဘောနဲ့ လာကြ



www.burmeseclassic.com

www.burmeseclassic.com



တာကိုး။ ကိုယ်ကလည်း သည်းခံစိတ်မွေးပြီး အကျိုးနဲ့အကြောင်း ကောင်း စွာပြောပြီး ပြန်ကြားသင့်တာပေါ့ . . . သမီးတော်။ ဒွတ္တဘောင်မင်းက မင်းကောင်းတို့ ကြန်အင်လက္ခဏာ မရှိခဲ့သော်လည်း ဗိသနိုးပျူဘုရင် ကြီးဘက်က ပျူမင်းကောင်းပီသတာကို ပြရမယ်။ ဘုရင်မ ဖမ်းဆီးချုပ် နှောင်ထားတဲ့ သီရိခေတ္တရာရဲ့ သံတမန်အမတ်နှစ်ဦးကို ပြန်လွှတ်ပေးလိုက် ပါ။ တိုင်းရေးပြည်ရေးပြဿနာ မကြီးထွားပါစေနဲ့ . . . ဘုရင်မ''

''ကောင်းပါပြီ . . . အဖ၊ ကျွန်တော်မျိုးမ သူတို့ကို ပြစ်ဒဏ် ရင်ဇော့ပါဘူး။ သင်းတို့နေရပ်ကို ပြန်လွှတ်လိုက်ပါ့မယ် ဘုရား''

''သာဓု . . . သာဓု . . . သာဓု . . . ဘုရင်မ . . . ဘုရင်မကြီး ကျွန်ုပ်တို့က တိုင်းသက်ပြည်သက် နုပါသေးတယ်။ သင့်တင့်လျောက်ပတ် စွာ ပြောဆိုပြီး အရှည်ကို တွေးကြတာပေါ့''

အဖ ရှင်ရသေ့အိုကြီး ပြန်ကြွသွားပြီးနောက် ရင်ထဲမှာ လှိုင်း နေသလို ခံစားရတယ်။ ဒေါသကို အရှိန်သတ်လို့မရ ဖြစ်နေသေးတယ်။

ငါ့လိုဘုရင်မကို မိန်းမသားဆိုပြီး အထင်သေးလို့ထင်ပါရဲ့။ မ ဖူးပါလျက်နှင့် လာထိပါးလိုက်တာ။

''သျှိဝ . . .''

''အမိန့်ရှိပါ''

''အမတ်ကြီး ပညာဒီပကနဲ့ နန်းရင်းဝန်တို့ကို သွားခေါ်ချေ''

''မှန်ပါ''

ဘုရင်မရဲ့အမိန့်ကြောင့် သွားခေါ်လို့ သက်တော်ရှည်အမတ်ကြီး နှင့် နန်းရင်းဝန်တို့ အခစားဝင်လာကြတယ်။

''အဘိုးသက်တော်ရှည် . . .''

''အမိန့်ရှိပါ . . . ဘုရင်မကြီးဘုရား''

''အဖရှင်ရသေ့ကတော့ ခုလေးတင်ပဲ ယခုလို . . . . . . . တရား ချသွားတယ်။ အဘိုးတို့၊ နန်းရင်းဝန်တို့ သဘောထားကို လျှောက်တင်ကြ စမ်းပါဦး . . . အဘိုး''

စိတ်ကူးသစ်စာပေ



''မှန်ပါ . . . ဘုရင်မ၊ ထီးမလေ့၊ နန်းမလေ့နှင့် ပြည်ထောင်ချင်း ချင်းတို့ရဲ့ သဘောမှာ အရှင်ရသေ့ကြီး မိန့်သွားသလိုပါပဲ။ တိုင်းခြားက ရောက်လာတဲ့ သံတို့ကို နှိပ်စက်ကလူပြုရရိုးတော့ မရှိရိုးအမှန်ပါဘုရား။ သို့သော် ဘုရားကျွန်တော်မျိုးတို့၊ အရှင်မကြီးတို့အနေဖြင့် ဒီအရေးသည် ထထမဦးဆုံးအရေးဆိုတော့ အတွေ့အကြုံမရှိပါ၍ စိတ်ခံစားချက် အရှက် ဒေါသအရ၊ ကိုယ်ထိလက်ရောက် ပြုမူမိကြခြင်းဖြစ်ပါတယ် . . ဘုရင်မ။

သို့သော် ဖခင်ရှင်ရသေ့ကြီး မိန့်သွားသလို နှစ်ပြည်ထောင်ရေး ရေးကို ကြည့်ပြီး သီရိခေတ္တရာရဲ့ သံအမတ်များကို ပြန်လွှတ်ပေးခြင်းဟာ သင့်မြတ်ကြောင်းပါဘုရား''

''နန်းရင်းဝန်ကြီးရဲ့ သဘောကရော''

''မှန်ပါ . . . သက်တော်ရှည်အမတ်ကြီး တင်လျှောက်တာ လျော် ကန်သင့်မြတ်ကြောင်းပါ ဘုရား''

''ဘုရင်မကတော့ ဒီအတိုင်း မလွှတ်နိုင်ဘူး''

''ဘုရား . . . မည်သို့သော ဆန္ဒများ ရှိသေးလို့ပါလဲဘုရင်မ''

''အဘိုးတို့၊ နန်းရင်းဝန်တို့က ပြောပြလိုက်ပါ''

''မှန်ပါ . . . အမိန့်ရှိပါဘုရား''

''ဒုတိယအကြိမ် ယခုလိုမျိုး ဘုရင်မရဲ့ နိုင်ငံတော်ကိုရော၊ ဘုရင်မ ကိုရော စော်စော်ကားကား မောက်မောက်မာမာမျိုး အမိန့်ပေးလာရင် ပန်ထွာ ဘုရင်မ လုံးဝသည်းမခံဘူးလို့ ဒွတ္တဘောင်ဘုရင်ကို ရာဇသံပါးလိုက်ကြ''

''အမိန့်တော်မြတ်အတိုင်းပါ . . . ဘုရင်မကြီး''

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

❑

သည့်နောက် သီရိခေတ္တရာရဲ့ သံတမန်အမတ်နှစ်ဦးကို အကျ
တိုက်က ထုတ်ခဲ့လိုက်ကြတယ်။

ပဥ္စင်းဖြူနဲ့ ပဥ္စင်းညို အမတ်နှစ်ဦးတို့ကတော့ သူတို့ကို ဘုရ
ပန်ထွာရဲ့အမိန့်နဲ့ အဆုံးစီရင်ဖို့ လာထုတ်ကြတာလို့ တွေးပြီး စိုးရိမ်တ
လှုပ် ဖြစ်နေကြတယ်။

သူတို့ရှေ့မှာ စားလွတ်ကိုင် ပါးကွက်သားတွေရော၊ သက်ေ
ရှည်အမတ် နန်းရင်းဝန်နဲ့ စစ်သူကြီးတို့ကလည်း ပိုင်းထားကြတာကိုး။

''ပဥ္စင်းဖြူ . . .''

''ဘုရား . . . ဘိုးဘိုး''

''ပဥ္စင်းညို . . .''

''ဘုရား''

''မောင်မင်းတို့ သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းရဲ့ (၁၀)
(၁)ဖို့ အခွန်တော်ဆက်ရမည်ဆိုတဲ့ ရာဇသံကြောင့် ငါတို့ရဲ့ ပန်ထွာဘုရ
ကြီး ရွှေစိတ်တော် စိတ်နှလုံး မချမ်းမြေ့ရှာဘူး''





''မှန်ပါ ဘိုးဘိုး''

''သို့သော် ငါတို့ဘုရင်မကြီးသည် ခန္တီစ သည်းခံစိတ်ကိုမွေးပြီး
သင်တို့အမတ်နှစ်ဦးရဲ့အသက်ကို ချမ်းသာပေးလိုက်တယ်''

''အို . . . ဝမ်းသာလိုက်တာ . . . ဘိုးဘိုးတို့ရယ်။ ဘုရားကျွန်
တော်မျိုးတို့မှာလည်း ခိုင်းသည့်ကျွန်၊ ထွန်သည့်နွားပမာ စေရာသွားရတာ
ပါ . . . ဘုရား။ ဘုရင်မကြီး ကျေးဇူးကြီးမြတ်လှပါ၍ ဦးခိုက်ပါ၏ ဘုရား''

ပဥ္စင်းဖြူတို့ အသက်ချမ်းသာရလို့ ဝမ်းသာနေကြတယ်။

''နားခံစေ''

''အမိန့် . . .''

''သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီး သိစေရန်ငှာ ငါတို့
ပြည်ထောင်မင်းအချင်းချင်းသည် တစ်ဦးကိုတစ်ဦး နှိမ့်ချစော်ကား ရာဇသံ
ပေးရန် အကြောင်းမရှိ။ သို့သော် သီရိခေတ္တရာမင်းသည် ပန်ထွာဘုရင်မ
ကို ချစ်ကြည်ရေးစကားမဆိုဘဲ ရာဇသံစကားဖြင့် ဂုဏ်သရေကို ထိပါးခဲ့
သည်။ နောင်တစ်ချိန် ယခုကဲ့သို့သော အပြုအမူမျိုးကို မင်းတို့ရဲ့ ရာဇ
ဂုဏ်သရေနှင့်မလျော်ညီဘဲ ထပ်မံ၍ ဗိဿနိုးနိုင်ငံတော်နှင့် ပန်ထွာဘုရင်မ
ကို ပြုမူထိပါးခဲ့လျှင် ထိုက်တန်စွာ တုံ့ပြန်ရလိမ့်မယ် . . .

ပန်ထွာပြည့်ရှင် ပန်ထွာဘုရင်မ၏ အမိန့်တော်ကို နားလည်ကြ
ရဲ့လား''

''နားလည်ကြောင်းပါ ဘုရား''

''စစ်သူကြီး ယောဘာ . . .''

''အမိန့်ရှိပါ . . . သက်တော်ရှည် ဘိုးဘိုးကြီးဘုရား''

''သီရိခေတ္တရာရဲ့ သံတမန်အမတ်နှစ်ဦးကို ဗိဿနိုးမြို့ပြင်အရောက်
အစောင့်အကြပ်နဲ့ လိုက်ပို့ကြ''

''အမိန့်တော်အတိုင်းပါ . . . ဘိုးဘိုး''



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ပဋ္ဌင်းဖြူနဲ့ ပဋ္ဌင်းညို သီရိခေတ္တရာအမတ်နှစ်ဦးကို ကိုယ်လက်သန့်စင်ခြင်းမပြု၊ အစားအစာကျွေးမွေးခြင်းမပြုဘဲ လက်နက်ကိုင် အစောင့်အကြပ်များနဲ့ ဗိဿနိုးမြို့တော်ကြီးရဲ့ မြို့ရိုးအပြင်ကို ခေါ်ခဲ့ကြတယ်။

မြို့ပြင်ရောက်သည်နှင့် စစ်သူကြီးယောဘက ...

"ဟဲ့ ... အမတ်နှစ်ယောက် ..."

"ဗျာ ... ဗျာ ... အဲ ... အဲ ..."

"ဒီကနေ လှည်းလမ်းအတိုင်း သီရိခေတ္တရာရှိရာကို ပြေးတော့။ နောက်ပြန်လှည့်မကြည့်နဲ့။ လှည့်ကြည့်ရင် မင်းတို့အသေပဲ။ ကိုင်း ... ပြေးတော့"

ပဋ္ဌင်းဖြူနဲ့ ပဋ္ဌင်းညို အမတ်နှစ်ဦးတို့က စိုးရိမ်ကြောက်ရွံ့ကြီးစွာနှင့် ခြေဖဝါးနဲ့မြေကြီး တစ်သားတည်းကျအောင် ပြေးလိုက်ကြတာ နောက်ကနေ ဗိဿနိုးရဲ့ မြင်းသည်တော်များကလည်း လိုက်လံ ကြည့်ရှုကြတယ်။

ချွေးသံရွှဲရွှဲနှင့် မောဟိုက်ပြီး နောက်ဆုံး လဲကျသွားကြတယ်။

သူတို့ခြေဖဝါးတွေဟာ ခလုတ်ကန်သင်းများကို တိုက်ထိမိလို့ သွေးသံရဲရဲ ဖြစ်နေကြရဲ့။

နောက်က နောက်ယောင်ခံလိုက်ကြည့်တဲ့ မြင်းသည်တော်များ ရန်ပယ်ချောင်းနားရောက်သည့်တိုင် ရပ်ကြည့်ကြတုန်းပဲ။

သူတို့နှစ်ဦး အားယူကုန်းထပြီး ရန်ပယ်ချောင်းကရေကို ဝေါဝေါနှင့်သောက်ကြပြီး ဒယီးဒယိုင်နှင့် ရန်ပယ်ချောင်းကို ဖြတ်ဖို့ကူးဖို့ လှေတစ်စင်းကို မေတ္တာရပ်ကြတယ်။

ကူးတို့လှေသမားကလည်း သဘောကောင်းလို့ တော်သေးရဲ့။ ရန်ပယ်ချောင်းရဲ့ တစ်ဖက်ကမ်းကိုရောက်မှ သူတို့ ဟင်းချကြပြီး ...





"ကူးတို့သမားကြီးရယ် ... ကျုပ်တို့မှာလည်း လှေကူးခပေးစရာမရှိလို့ တောင်းပန်ပါတယ်ဗျာ"

"ကိစ္စမရှိပါဘူး ... ညီတို့ရယ်၊ ကျုပ်ကလည်း ညီတို့ဒုက္ခရောက်မှန်းသိလို့ စေတနာနဲ့ ကူညီတာပါ"

"ကျေးဇူးကြီးလှပါရဲ့ ... ကူးတို့နောင်ကြီးရယ်။ ဒါနဲ့ ကူးတို့နောင်ကြီးရဲ့အမည်က ဘယ်လိုခေါ်လဲဗျာ ... ဟင်"

"ငခွင်လို့ ခေါ်ပဗျာ"

"အင်း ... နောင်ငခွင်၊ ကျုပ်တို့နောင်ငခွင်ရဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ"

"နောင်ငခွင် ..."

"ပြောပါ ... ညီတို့၊ ဘာလဲ ... ပြော"

"ဗိဿနိုးနေပြည်တော်က မင်းမှုထမ်းတွေက အလွန်ကိုကြောက်စရာကောင်းပါကလားဗျာ"

"ညီတို့ ပန်ထွာရဲ့ နန်းတော်အမှုထမ်းများနဲ့ ကြုံရထင်ပါ့ဗျ"

"ဟုတ်ပဗျာ ... လူသားစားမည့် ဘီလူးသဘက်တွေ အတိုင်းပါပဲဗျာ"

"ညီတို့ ..."

"ဘာလဲ ... နောင်ငခွင်"

ညီတို့ ... ကံကောင်းတာပဗျာ"

"ဘာလို့တုံး ... နောင်ငခွင်"

"ပျူဘုရင်မကြီးဟာ ခိုးသား၊ မုဒိမ်း၊ လူဆိုးလူသွမ်းတွေ အလွန်မုန်းတီးတာပ ... နော။ အချို့လူသွမ်းများ၊ လူဆိုးကြီးများဆို ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးတာဗျာ။ နောင်ကို ဗိဿနိုးကို မသွားကြနဲ့ဗျ။ သွားရင်လည်း ဘုရင်မကို စိတ်ငြိုငြင်တာမျိုး မလုပ်လေနဲ့ဗျ။ အဲဒါဆို ဘေးကင်းရောဗျာ။ ကိုင်း ... သွားတော့"



www.burmeseclassic.com

www.burmeseclassic.com



ပဠင်းဖြူနဲ့ ပဠင်းညို ရန်ပယ်ချောင်းရဲ့ သည်မှာဘက်ကမ်းကို ရောက်မှ ဟင်းချနိုင်တော့တယ်။

ဟုတ်တယ်လေ ...

ရန်ပယ်ချောင်းရဲ့ ဒီဘက်နယ်မြေက သီရိခေတ္တရာ(ပြည်) နယ်စွန်နယ်စပဲဥစ္စာ။ ကြောက်ရွံ့စိုးရိမ်စရာ မရှိတော့ဘူး။

သည့်နောက် ရွာတစ်ရွာကိုဝင် အကျိုးအကြောင်းပြောပြီး သီရိခေတ္တရာနေပြည်တော်ရှိရာကို လာခဲ့လိုက်ကြတယ်။

ပဠင်းဖြူနဲ့ပဠင်းညိုတို့က လှေသမားခွေင်ကို တကယ့်လှေသမားလို့ ထင်ပြီး သီရိခေတ္တရာဘက်ကမ်းရောက်အောင် ပို့ပေးတာကို အလွန်ကျေးဇူးတင်နေကြတယ်။ သူတို့မသိလို့သာ။ အမှန်က လှေသမားခွေင်ဟာ အခြားမဟုတ်ဘူး။ ဘုရင်မပန်ထွာရဲ့ ရေကင်းစောင့်ပဲ။ ခေတ်စကားနဲ့ ပြောရရင် ဆိပ်ကမ်းလုံခြုံရေးနှင့် ထောက်လှမ်းရေးကို တာဝန်ယူထားရတဲ့ လူပဲဗျ။

✿ ✿ ✿

[ ၁၉ ]

❑

ပဠင်းဖြူနဲ့ ပဠင်းညိုတို့ အမတ်နှစ်ဦးဟာ ဒွတ္တဘောင်မင်းကြီးရှိရာ နန်းတော်ထဲကို ညစ်ပတ်စုတ်ပြတ် အဝတ်အစားနဲ့ မြင်သာထင်ရှားအောင် ဝင်ရောက်ခစားလိုက်ကြတယ်။

ဒွတ္တဘောင်မင်းကြီးဟာ သူစေလိုက်သည့် သံတမန်နှစ်ဦးရဲ့ စုတ်ပြတ်ညစ်ပေ ပုံပန်းသဏ္ဍာန်ကို မြင်လိုက်ရရော လွန်စွာ အံ့အားသင့်သွားခဲ့တယ်။

"ပဠင်းဖြူ၊ ပဠင်းညို ..."

"ဘုရား ..."

"အမတ်တို့နှစ်ဦး ဘယ်လိုအနေအထားမျိုးနဲ့ ငါ့နန်းတော်ထဲကို ဝင်ရောက်ခစားကြရတာလဲ။ အမြန်လျှောက်တင်ကြစမ်း"

"မှန်လှပါ ... ဘုရား။ အရှင်မင်းကြီး စေခိုင်းမှာကြားသည့်အတိုင်း ဗိဿနိုးဘုရင်မ ပန်ထွာထံ ဝင်ရောက်ခစားပြီး အရှင့်ထံကို ဗိဿနိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာကုန်များမှ (၁၀)ဖို့ (၁)ဖို့ အခွန်တော်ဆက်သဖို့ သံတမန်အဆင့်နဲ့ ဝင်ရောက်လျှောက်ထားရာကနေ . . . .

ပဋ္ဋင်းဖြူ၊ ပဋ္ဋင်းညိုတို့ အမတ်နှစ်ဦးက သူတို့နှစ်ဦးကို အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ပြီး အစာရေစာ အငတ်ထား၍ နောက်တစ်နေ့ သေဒဏ် ပေးရန် ဗိဿနိုးဘုရင်မနှင့် မင်းမှူထမ်းတို့ ပြုမူသည့်အကြောင်း သာသာ ထိုးထိုး ပိုပိုကဲကဲ လျှောက်တင်ကြပြီး ဗိဿနိုးဘုရင်မရဲ့ ရာဇသံပေလွှာ ကို ဆက်သကြတယ်။

ဒွတ္တဘောင်မင်းကြီးသာမက ရှေ့တော်မှောက်မှာ ခစားနေကြတဲ့ မှူးကြီး၊ မတ်ကြီး၊ နန်းရင်းဝန်၊ စစ်သူကြီး၊ သေနာပတိနှင့် မင်းမှူထမ်းကြီး များ လွန်စွာ အံ့အားသင့်သွားကြပြီး သူတို့နှစ်ဦး စုတ်စုတ်ပြတ်ပြတ် သွေးသံ ရဲရဲအဖြစ်ကို နားလည်သဘောပေါက်သွားကြတယ်။

''တောက် . . . ပန်ထွာက ငါ့စကားကိုပယ်ရှားပြီး ငါ့ရဲ့တမန်နှစ် ဦးကို ညှဉ်းပန်းနှိပ်စက် ရိုင်းပျစော်ကားလိုက်တာပေါ့လေ။ မင်းကြီးတို့ . . ဒီအရေးကိစ္စ မင်းကြီးတို့သဘောထားကို အမြန်လျှောက်တင်ကြစမ်း''

ဒီမှာ အမတ်ချုပ်ကြီး ဘိုးရာဇသင်္ကြက . . .

''အရှင်မင်းကြီး . . . သီရိခေတ္တရာဝန်းကျင်သာမက အရှင့်ရဲ့ ရွှေဘုန်းတော်သည် ဟန်လင်းရှိ ပျူဒေသများတိုင်အောင်လည်း ပျံ့နှံ့ တော်မူ၍ လက်အောက်ခံဝင်ပြီး နှစ်စဉ် အခွန်တော်များ ဆက်သမြဲဖြစ်ပါ သည်။

ရောဝတီမြစ်နံဘေးရှိ ဒေသများ (ပုသိမ်ဟုဆို၏) ကလည်း အခွန် တော်များ မပျက်မကွက် ဆက်သမြဲ ဆက်သကြပါ၏။ အရှင့် ရွှေဘုန်း တော်သည် လူ့ပြည်မှာသာမက နဂါးပြည်သို့တိုင် ရောက်ရှိပြီး နဂါးမင်းတို့ ကိုယ်တိုင် သမီးကညာ ဆက်သရသည်အထိ ဘုန်းကြီးသည်ကို ဗိဿနိုး ဘုရင်မ မကြားဖူးရှိဖွယ် ရှိပါသည်ဘုရား။





ဘာမဟုတ်သည့် . . . ပန်ထွာဗိဿနိုးကဲ့သို့သော နိုင်ငံငယ်မျိုးက သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးကို မလေးမစားလုပ်ခြင်းသည် အာဏာဖီဆန်ခြင်းဖြစ်ပါသည်။ အခုတစ်ကြိမ်မျှနှင့် သည်းခံခွင့်လွှတ်လိုက် လျှင် နောင်အရှည်မှာ မလေးမခန့် ပြက်ရယ်ပြုကြပါလိမ့်မည်ဘုရား။ သို့ ဖြစ်ပါသောကြောင့် ပန်ထွာနိုင်ငံနှင့်ဗိဿနိုးမြို့တော်ကို အလျင်အမြန် စစ်ချီသိမ်းပိုက်၍ ဗိဿနိုးဘုရင်မကိုလည်း ပြင်းထန်စွာ ဒဏ်ခတ်သင့် ကြောင်းပါ . . . ဘုရား''

''စစ်သူကြီး . . . ဝီရ''

''ဘုရား''

''စစ်သူကြီးရဲ့သဘောထား လျှောက်တင်စမ်း''

''မှန်ပါ။ ပျူလူမျိုးတို့ အရှင်သခင် အစစ်အမှန်သည် ဘုန်းကြီး တော်မူသော အရှင်ဒွတ္တဘောင် မင်းတရားကြီးသာ ကေန်ဖြစ်ကြောင်းပါ ဘုရား။ အခြားအခြားသော မြို့စား၊ ရွာစား၊ မြို့အုပ်သူကြီးတို့ကအစ ဦးခိုက်ကြပါလျက် ဗိဿနိုးဘုရင်မ မာနထောင်လွှားနေသည်ကို ဦးနှိမ်ချီး ပြီး ဗိဿနိုးတစ်မြို့လုံးကို မှုန့်မှုန့်ညက်ညက်ကျေအောင် ဒဏ်ခတ်သင့်တာ အမှန်ပါပဲ ဘုရား''

''ကောင်းပြီ . . . မင်းကြီးတို့။ လက်နက်စကြာသခင်ကို မလေး ခန့်ပြုခဲ့သည့် ပန်ထွာနိုင်ငံကို အမြန်စစ်ချီပြီး လက်ရသိမ်းပိုက်ရမယ်။ ဗိဿနိုးဘုရင်မ ပန်ထွာကို မသေမပျောက်ဘဲ ငါကိုယ်တော်ထံ ဆက်သရ မယ် . . . အမိန့်တော်''

အဲဒီအချိန်ကစပြီး သီရိခေတ္တရာမှာ စစ်ရေးလှုပ်ရှားမှုများကို စတင် လှုပ်ရှားကြတယ်။

ဆင်ဦးစီးများက ဆင်စွယ်များကို ချွန်ပေးပြီး ကကြိုးများ ဆင် ချောက်များ ဆင်လို့ ဆင်ဆေးကုသမားများနှင့် အသင့်ပြင်ဆင်ကြတယ်။

မြင်းရည်တက်များနှင့် မြင်းစစ်သည်တော်တို့ကလည်း စစ်မြင်း စစ်သည်တော်အုပ်ကြီးနှင့် စစ်တိုက်ဖို့ အသင့်ပြင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မားး လုံ၊ လေး၊ မြား စစ်သည်တော်တို့ကလည်း ဗိသနိုးကို စစ်ချီရတော့မှာမို့ မား၊ လုံ တို့ကို ချွန်မြနေအောင် သွေးပြီး စားအိုးစားခွက်တို့ကို အသင့်ပြင်ကုန်ကြပြီ။

သွေးသောက်စု၊ အကြပ်စု၊ ဗိုလ်စုတို့နှင့် စနစ်တကျ တပ်စုများဖွဲ့ပြီး ဒိုင်း၊ လွှား၊ ကာ ဆေးဝါးရိက္ခာတို့ကို အသင့်စုဆောင်းလို့ ပြီးကြပြီ။

နောက်ပိုင်းမှာ ကျန်ရစ်ခဲ့ကြသည့် သားမယားတို့၊ ညီကိုမောင်ဘွားရည်းစား (ရဲစား) တို့ကိုလည်း စစ်ထွက်မှာမို့ နှုတ်ဆက်နေကြပြီ။

အမိအဘတို့ကိုလည်း ဦးခိုက်ကန်တော့ပြီး အမေ့ရဲ့ ထဘီစကို နားမှာပန်၊ ရင်မှာချည်၊ လက်မှာစည်းပြီး ရဲသွေးရဲမာန်များနှင့် မာန်တွေတက်နေကြပြီ။

လူပျိုလူရွယ် စစ်သည်တွေကလည်း ချစ်သူရည်းစားများကို စစ်ထွက်နှုတ်ဆက်စကားတွေ ပြောပြီး ရဲဝံ့ကြလို့။

''မောင်ကြီး ... သောတ''

''ရှင်ညိုမျှစ် ...''

''စစ်ပွဲမှာ အစစအရာရာ သတိထားပါနော် ... မောင်ကြီးနော်''

''မပူပါနဲ့ ... ရှင်ညိုမျှစ်ရယ်၊ မောင်ကြီးတို့ သီရိခေတ္တရာစစ်သည်တော်တွေက တိုက်ရည်ခိုက်ရည် ပြည့်ဝတဲ့ စစ်သည်တော်လူချွန်တွေပါ။ မောင်ကြီးတို့ရဲ့ တိုက်ပွဲအတွေ့အကြုံဟာ မနည်းလှပါဘူး ... ရှင်ညို၊ မောင်ကြီးတို့ သီရိခေတ္တရာက ကျိန်းသေအောင်ပွဲခံပြီး ပြန်လာမှာပါ ... ရှင်ညိုရယ်။ အောင်ပွဲနဲ့ပြန်လာရင်သာ ရှင်ညိုက မြို့ထိပ်ကနေ အောင်သပြေပန်းနဲ့ လက်ကမ်းလို့ ကြိုပါနော်... ရှင်ညို''

''စိတ်ချပါ ... မောင်ကြီးရယ်၊ စစ်မြေပြင်မှာ မောင်ကြီးတို့ သာစေကြောင်း၊ မာစေကြောင်း ရှင်ညို ဘုရားမှာ နေ့စဉ် ဆုတောင်းမေတ္တာပို့သနေပါမယ်နော် ... မောင်ကြီး''

''မျက်ရည်တွေ သုတ်လိုက်ပါဦး ... ရှင်ညိုရယ်''





''ကိုအဖျာတို့၊ ကိုငလက်နာတို့ရယ် ...''

''ဟဲ့ ... ရှင်ညို၊ မငိုနဲ့လေဟာ''

''ကျွန်မမောင်ကြီးကို စစ်မြေပြင်ရောက်ရင် ... အင့် ...''

''စိတ်ချစမ်းပါ ... ရှင်ညိုရယ်၊ သောတက မားရေး၊ လုံရေးကောင်းတဲ့ စစ်သားပါဟ။ ငါတို့လည်း တိုက်ပွဲဝင်မှာပါ။ မပူစမ်းပါနဲ့ဟာ''

ဒီမှာပဲ မိကျေးတောတစ်ယောက် အပြေးရောက်လာပြန်ပါရောလား။

''ငလက်ျာ ... ငလက်ျာရေ ...''

''ဟ ... မိကျေးတော၊ ဘာဖြစ်နေတာတုံးဟ''

''တော့်ကို မှာစရာရှိလို့တော့။ ဟူး ... မောလိုက်တာတော်''

''မှာ ... မှာ ... ဘာတုံး ... မှာစမ်း''

''တော်လေ ... တော်နော် ... ဟို ... ဟို ...''

''ဘာဟိုတုံးဟ ... ကျေးတောရ ... ငါ့နှယ်နော်''

''တော်လေ ... ဗိသနိုးကိုရောက်ရင် ... ဟိုလေ ... ဗိသနိုးသူတွေနဲ့ ရောရောယှက်ယှက် မလုပ်နဲ့နော်''

''ဟာ ... သောက်ရေးထဲကွာ ... ငါက နင်တစ်ယောက်လုံးရှိနေဥစ္စာ။ ဗိသနိုးသူကို ဘာလုပ်ရမှာတုံး၊ ပြုတ်စားရမှာလား''

''တော်က ပြုတ်စားမှာ မဟုတ်ဘူး၊ ဖုတ်စားမှာစိုးလို့။ ကျုပ်က အဖွဖွ သတိပေးနေရတာ''

''ဟာ ... ဒီကောင်မလေး မိကျေး၊ နင့်စကားကြီးကဟာ''

''သင်းအကြောင်းသိလို့ ပြောနေရတာ ... အစ်ကိုသောတရဲ့၊ သင်းက မီးဖုတ်စားမှာ ဇော်ဂျီဖိုလ်ဝင်သားအမှတ်နဲ့။ ဟွန်း ... ဒါပဲနော်။ တော်ပြန်လာလို့များ ဗိသနိုးမတွေနဲ့ ဟိုဟိုဒီဒီ ကြားရရင်လား ... ဒီမှာကြည့် ...''

''အမလေး ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ..."

"ဟာ ... မိကျေး သိမ်းထားလိုက်စမ်း"

မိကျေးရယ်ဗျာ ဒီမှာကြည့်ပထားဆိုပြီး ခါးနောက်မှာ ထိုးဝှက်လာတဲ့ ဓားမကို ထုတ်ပြလိုက်တာ သင်းရည်စား လေကျာ်သာမကဘူး သောတတို့၊ အဖွဲ့တို့ပါ မျက်လုံးပြူးသွားကြတာပဲဗျို့။

ဒီမှာ ခပ်နောက်နောက် အဖွဲ့က မေးလိုက်တယ်ဗျ။

"မိကျေး ..."

"ဘာတုံး"

"နင့်ဓားမကြီးက ဘာလဲ နင့်ကောင် တိုက်ပွဲမှာ သုံးဖို့လားဟဲ ဟေ"

"မဟုတ်ဘူးဟေ့ ... ဘာဘာညာညာကြားရရင် ဖြတ်ပစ်မလို့ ဟေ့"

"မစောဘုရား ... ကယ်တော်မူကြပါဗျို့"

"ဟား ... ဟား ... ဟား ... ဟား ... ငတုံးကြီးတော့ ဖြစ် တော့မှာပဲ ... လေကျာ်ရေ ... စရန်တော့ သတ်ပြီးပြီဟေ့"

"မိကျေး ..."

"ဘာတုံး ... ဟွန့်"

"နင်ပဲ ကောင်းကောင်းနေခဲ့"

"ဘာလဲ ... ကျုပ်က တော် မပြန်လာမချင်း သီလရှင်ဝတ်နေ ရမှာလား ... ပြော"

"သီလရှင်မဝတ်နဲ့ ဘိုးသူတော်လုပ်ဟ"

"သေနာကျတွေ ... အနာကျတွေ ... အကုန်လုံး အတူတူပဲ"

"ဟား ... ဟား ... ဟား ... ဟား ...."

တောသူတောသားတွေပါ။

အရိုင်းထဲက အယဉ်လေးတွေပေါ့ဗျာ။

---

စိတ်ကူးသစ်စာပေ



ရိုးတယ်၊ အ,တယ်။ သို့သော် အချစ်ကို ယုံကြည်မြတ်နိုးကြ တယ်။ ဒီ အချစ်ရိုင်း၊ အချစ်ရိုးလေးတွေနဲ့ သူတို့ ရိုးပြတ်ရနံ့သင်းတဲ့ လယ်တောမှာ မေတ္တာပန်းကို စိုက်ခဲ့ကြတယ်။

အချစ်ပန်းကို ပိုးကိုက်မှာတော့ စိုးရိမ်ပူပန်ကြတာပေါ့။ ပြီး သွားရမှာက ဟိုးတစ်မြေတစ်နယ်လေ။ ဘုရားဖူးသွားကြတာ မဟုတ်ဘူး။ စစ်မြေပြင်ကို သွားရမှာ။

သူသေကိုယ်သေတိုက်ပြီး အဲဒီနိုင်ငံကို သိမ်းကြမှာ။

စစ်မြေပြင်မှာ သွေးစွန်းပြီး အံကြိတ်နေတာထက် ...

ဗိဿနိုးသူ အချောအလှတို့ရဲ့ ရင်ခွင်မှာ ကိုယ့်ချစ်သူ အိပ်မောကျမှာကို စိုးရိမ်လို့ပါ။

အချစ်ကို ဝေမပေးချင်တာ ပျူကျေးတောသူတို့ရဲ့ ရိုးစင်းတဲ့ အချစ်ပါ။ ဒီလိုနဲ့ အရယ်အပြုံး၊ အသောအထေ့ စိတ်မချမှုတွေနဲ့ စစ်မြေပြင်ကို သူတို့ စားအိုးဖက်နဲ့ ခါးဆွဲလိုက်ကြတာကိုး။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂၀]

❑

ဗိသနိုးက ပန်ထွာဘုရင်မနဲ့ ဗိသနိုးရဲ့ မှူးမတ်သေနာပတိ စစ်သည်တော်များကို အံ့လည်း အံ့ဩပါရဲ့။

သူတို့က သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးကို ဘုန်း မရှိတဲ့မင်းလို့ ထင်နဲ့ တူပါရဲ့။

မှားကုန်ကြမှာပေါ့လေ။

ဒွတ္တဘောင်မင်းကြီးရဲ့ မျက်လုံးတော်နှစ်ခုအကြားမှာ မဲ့ရှင်တော် ရှိတယ်။

လိုအပ်ပြီ၊ အရေးကြီးပြီ၊ ဘုန်းပြိုင်ရပြီ၊ စကားဆိုရပြီဆိုရင် ရာ ပလ္လင်ပေါ်မှာ စံပြီဆိုရင်၊ မဲ့ရှင်တော်က အရောင်တလက်လက်နဲ့ ပေါ်လာ ရော။ အံ့ဖွယ်သရဲ ထူးကဲတာ။

အဲဒီမဲ့ရှင်ပေါ်ရဲ့ အရှိန်ဩဇာဟာ ဘယ်လိုလူမျိုးမှ ဘုန်းပြိုင် ရင်ဆိုင်မကြည့်ရဲဘူး။





ကြည့်မိ၊ မြင်မိတာနဲ့ အလိုလို ဦးညွတ်စိုးကြောက်ရတဲ့ အဖြစ် ကို ရောက်ကရောပဲ။ အဲဒီလောက်အထိ မဲ့ရှင်တော်က ဘုန်းရှိန်ဩဇာသက် ရောက်မှုရှိတယ်။

နောက်တစ်ချက် ...

ဒွတ္တဘောင်မင်းကြီးမှာ ဂဠုန်မင်းက ဆက်သထားတဲ့ သံလေး၊ သံမြားရှိတယ်။ ဒီသံလေးနဲ့ သံမြားကို တော်ရုံလူ ပစ်လို့မရဘူး။ ဆင်ကဲ့ သို့သော သတ္တဝါမျိုးရဲ့ဦးကင်းကို ဒီလေးနဲ့ပစ်လိုက်ရင် သံမြား တစ်ဆုံး ဝင်ပြီး ဦးနှောက်ပေါက်လို့ ဆင် ပွဲချင်းပြီးသေရော။

နောက်တစ်ခု ...

သိကြားမင်းက ပေးထားတဲ့ အရိန္ဒမာလှံပျံ ရှိသေးတယ်။ မည်မျှ မာကျောကျစ်လစ်သည့် ကျောက်စိုင်ကျောက်သားဖြစ်ပစေ အရိန္ဒမာလှံပျံ နှင့် ပစ်လိုက်ရင် ထောင်ကွဲတယ်။

သေးငယ်သောပစ်မှတ်ကို ပစ်ပစေ၊ ဒီအရိန္ဒမာလှံပျံနဲ့ ပစ်လိုက် ရင် အလယ်ဗဟိုချက်ကို လှံပျံက စူးဝင်ဖောက်သွားပြီး မင်းကြီးလက်ထဲ ကို ပြန်လည်ပျံသန်း ရောက်ရှိလာလေ့ရှိတယ်။

ပြီး နတ်စစ်သည်တွေအလား သူ့ရဲသခက်တွေကလည်း သောင်း သိန်းရှိနေတာ။

ကိုင်း ...ဒီလို ဘုန်းသမ္ဘာရှင် မင်းကို ဗိသနိုးက ပန်ထွာ ဘုရင်မက ပမာမခန့် အံတုတယ်ဆိုတော့ ...

ဗိသနိုးရဲ့ မြို့ရိုးတံတိုင်းတွေ မှုန်မှုန်ကြေပြီး ဗိသနိုးမြို့သူမြို့ သားတို့ရဲ့ အသွေးအသားတွေဟာ မြေမှုန့်နဲ့ လူးပြီး သွေးချောင်းစီးရမှာ ကေန်မုချပဲ။

ဒီနေရာမှာ ဘုန်းသမ္ဘာရှင် ဒွတ္တဘောင်မင်းကြီးအကြောင်း အနည်း ငယ် ရှင်းပြချင်ပါတယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၁ ]

❑

တကောင်းမင်း သတိုးမဟာဓမ္မရာဇာရဲ့ ယောက်ဖတော် အိမ်ရှေ့မင်း ခေပဒူတဟာ ဝက်ကြီးနောက်ကို အမဲလိုက်ရင်း ခရီးလွန်လို့ သိရိခေတ္တရာဖြစ်လာမည့် နေရာဝန်းကျင်မှာ ရသေ့ရဟန်း ပြုပြီးနေတယ်။

ဒီမှာ စန္ဒမုခိဘီလူးမရဲ့ ဆေးကုသပေးမှုကြောင့် မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝ မျက်မမြင်ညီနောင်တို့ မျက်စိနှစ်ကွင်း အလင်းရပြီး နောက်ဆုံး ခေပဒူတရသေ့ကြီးရဲ့ ကျောင်းသခ်မ်းကို ရောက်လာခဲ့ကြတယ်။

မင်းသားညီနောင်တို့ ရသေ့ကြီးနှင့် စကားစပ်မိကြရာက နောက်ဆုံး ဒီမင်းသားနှစ်ပါးဟာ မိမိရဲ့ တူတော်မောင်အရင်းများ ဖြစ်မှန်းသိပြီး လွန်စွာ ဝမ်းသာအားရ ဖြစ်ခဲ့ပါရော။

မဟာသမ္ဘဝနဲ့ စူဠာသမ္ဘဝညီနောင်တို့က တကောင်း (ဒုတိယ တကောင်းဟုမှတ်ပါ) မင်းဖခင် သတိုးမဟာဓမ္မရာဇာရှိရာကို မပြန်ဘဲ ရသေ့ကြီးထံပါးမှာ နေကြတော့တယ်။

မအေအရင်းကို စိတ်နာလို့ပဲလား ...





ဖခင်ဘုရင်ကို စိတ်နာလို့ပဲလား ...

ဒါမှမဟုတ် ငါတို့အစွမ်းနဲ့ ငါတို့ တိုင်းပြည်တည်ထောင်မယ်ဆိုတဲ့ ခိုင်မာတဲ့ယုံကြည်မှု ရှိလို့ထင်ပါရဲ့လေ။

ရသေ့ကြီး ခေပဒူတမှာ မွေးစားသမီးတစ်ဦးရှိတယ်။ သမင်မက မွေးတာ။ နာမည်က မပေဒါရီတဲ့။ ချောချောလှလှ တောင့်တောင့်ဖြောင့်ဖြောင့်လေး။

ဖြစ်ပုံက ဒီလို ...။ ရသေ့ကြီးက ညအခါ မြေပြင်မှာ ဆီးသွားတယ်။ ဒီဆီးကို သမင်မက ဆားငံရေ ဆားငံဓာတ်အမှတ်နဲ့ မြေပြင်မှာ လျှာနဲ့လျှက်ပြီး သုံးဆောင်တယ်။

အဲဒီကနေ ကိုယ်ဝန်ရှိလို့ ပေဒါရီကို မွေးတာ။

ထားပါ ...။ အပျိုမ သမီးပေဒါရီလည်း ရှိနေပြီ။

တစ်ခါ ရသေ့ကြီးရဲ့ ကျောင်းသခ်မ်းအနီးမှာ ပျူမိဖုရားတစ်ပါးလည်း အစုအဝေးနဲ့ ရပ်ကြီးရွာကြီးတည်လို့ နေတယ်။

ပျူမင်းသမီးအမည်က မာလာစန္ဒီတဲ့။

ပျူမိဖုရားရဲ့ နောက်ခံသမိုင်းကလည်း ရှိပါသေးတယ်။ နဝဒါသီ မည်တဲ့ 'ပြည်' မြို့မှာ ပျူမင်းပြုတယ်။ (၃၅)နှစ် စိုးစံပြီးနောက်မှာ ရသေ့ရဟန်းပြုသွားတော့ ...

တောင်နန်းမိဖုရားနှင့် မြောက်နန်းမိဖုရား သားမောင်နှမတို့ ထီးနန်းကိစ္စ ညှိနှိုင်းတိုင်ပင်မရလို့ စစ်ထိုးကြပါရော။

မောင်လုပ်သူက နှိုင်လိုက်၊

နှမလုပ်သူက ငိုးလိုက်၊

အဲဒီမှာ ပျူမင်းသမီး 'မာလာစန္ဒီ' "[ကျောင်းသုံးရာဇဝင်မှာ ပျူမင်းသမီး နန်းခမ်းလို့ ဆိုပါတယ်။ ပြည်ရွှေဆံတော်ဘုရားသမိုင်းမှာ ပျူမင်းသမီး မာလာစန္ဒီပါတဲ့ခင်ဗျ]" က ခမည်းတော်ရဲ့မိတ်ဆွေ ဖြစ်ခဲ့ဖူးတဲ့ တကောင်း ဥပရာရသေ့ကြီး ခေပဒူတထံ လာရောက်အကြံဉာဏ်တောင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသမီး ... ဆံထုံးနှင့် သျှောင်ဆိုတာ ဘက်ပြိုင်ပြီး စစ်ထိုးလို့ မရပေဘူး။ မင်းသမီး ဆံထုံးတို့ရဲ့ သဘောသဘာဝဆိုတာ သျှောင်ရဲ့ အလုပ်အကျွေးပဲ ဖြစ်ကြတာပဲ။ မင်းသမီး ဟောဒီ ဇမ္ဗူဒီပါမှာ ယောက်ျား ရှားသလား"

ခေပဒူတရသေ့ကြီးက ပျူမင်းသမီးကို မေးတာ။

ပျူမင်းသမီးက ပြန်ဖြေတယ်။

"ဘုရားကျွန်မနှင့် အဖက်တန်သူ မတွေ့မရှိသေးပါဘူး ဘုရား"

"ဖက်တန်သူရှိရင် မင်းသမီး လက်ခံမှာလား"

"အကဲခတ်ကြည့်ချင်ပါတယ် ဘုရား"

ဒါနှင့် ရသေ့ကြီးက သူ့တူနှစ်ဦးဖြစ်တဲ့ မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ မင်းသားနှစ်ပါးကို ပြလိုက်ရော မင်းသားနှစ်ပါးဟာ နတ်လုလင်ကဲ့သို့ ချော မောလှပ ခန့်ညားတင့်တယ်တာ မြင်ရတော့ အလွန့်ကို အံ့အားသင့်သွား တယ်။

ဒါနှင့်အတူ ပျူမင်းသမီး (မိဖုရား) ရဲ့ ရင်ထဲမှာ ချစ်ခင်နှစ်သက် စွဲလမ်းမှုကွေ ဖြစ်ပေါ်လာခဲ့တော့တယ်။

"မင်းသမီး ..."

"ဘုရား ..."

"သင်နဲ့ ဖက်ပြိုင်နိုင်သူကို တွေ့ပါပြီလား"

"မှန်ပါ ... အရှင်ဘုရား၊ သင့်တော်ကောင်းမွန်အောင်သာ ပြုမူ ဆောင်ရွက်တော်မူပါ ဘုရား"

"ကောင်းပြီ ... မင်းသမီး"

ရသေ့ကြီးကလည်း စဉ်းစားပြီးသားပါ။ ပျူမင်းသမီး မာလာစန္ဒီရဲ့ ခမည်းတော်ကလည်း ပြည့်ရှင်မင်းပဲ။ မယ်တော်ကလည်း တောင်ညာစံ ဒေဝီပဲ။

မင်းမျိုးမင်းရိုး ဖြစ်ပေတယ်ဆိုပြီး ...





တူတော်အကြီး မဟာသမ္ဘဝကို မင်းလုပ်စေပြီး ပျူမင်းသမီး မာလာ စန္ဒီကို တောင်ညာဒေဝီ မဟေသီထား၊ သမီးတော် ဗေဒါရီကို မြောက်နန်း မိဖုရားကြီးအရာပေးပြီး အဘိသိက်သွန်းလွန်း သာသနာသက္ကရာဇ် အနှစ် (၆၀) မှာ နန်းတက်မင်းလုပ်စေတယ်။

မြို့ကိုလည်း ရသေ့မြို့လို့ အမည်ပေးခဲ့တယ်။

ပျူမင်းသမီးရဲ့ မောင်တော် 'ကန္ဒဝေ' ကို စစ်သူကြီးအရာပေး တော်မူတယ်။ မဟာသမ္ဘဝမင်း ရသေ့မြို့မှာ (၆)နှစ်စံခဲ့ပြီး သားတော် ဒွတ္တ ဘောင်မင်းသားလေးကို ဖွားမြင်ခဲ့တယ်။

သို့သော် (၆)နှစ် နန်းစံပြီးမှာ မဟာသမ္ဘဝမင်းကြီး နတ်ရွာစံလို့ ညီတော် စူဠာသမ္ဘဝမင်းသားက သာသနာတော် (၆၆)နှစ်မှာ နောင်တော်ရဲ့ ထီးနန်းကို အမွေခံတယ်။

ပျူမင်းသမီး မိဖုရားနှင့် ဗေဒါရီမိဖုရားတို့ကိုပဲ ဆက်လက်မိဖုရား အရာထားပြီး နန်းစံတော်မူတယ်။

မာလာစန္ဒီမိဖုရားကြီးက သီရိစန္ဒာမင်းသမီးကို ဖွားမြင်တော်မူပြီး ဗေဒါရီမိဖုရားက ဒွတ္တဘောင်မင်းသားကို ဖွားမြင်တယ်။

စူဠာသမ္ဘဝမင်း အိမ်နိမ့် (၂၅) နှစ်။

နန်းစံ (၁၆) နှစ်အရောက်မှာ နတ်ရွာစံ ကံကုန်တော်မူတယ်။

ဒီမှာ မင်းသားဒွတ္တဘောင်မင်းက သာသနာသက္ကရာဇ် (၁၀၁)ခုနှစ် တွင် ဘိုးတော်ရှင်ရသေ့နှင့်တကွ ရသေ့နှစ်သောင်းတို့နှင့် သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ စန္ဒီ၊ ပရမိသွာရ စသော နတ်တို့နှင့်တကွ သီရိခေတ္တရာမ တိုင်းခေါ် ...

သီရိခေတ္တရာပြည်ကြီးကို (၇)ရက်နှင့် အပြီး တည်တော်မူတယ်။

[ဒီနေရာမှာ စာရေးသူ အနည်းငယ်ပြောချင်တာကတော့ ရာဇဝင် အစောင်စောင်မှာ ဒွတ္တဘောင်မင်းသည် မဟာသမ္ဘဝမင်းကြီးရဲ့ သားတော်



www.burmeseclassic.com

www.burmeseclassic.com



လို့ ရေးပေမင့် ပြည်ရွှေဆံတော်ဘုရားသမိုင်းမှာ ရေးသားပုံက ရူဠာသမ္မတမင်းရဲ့သားတော်လိုလို ရေးချင်ပုံရလေရဲ့

ဒွတ္တဘောင် နန်းတက်တော့ …

သူ့မိဖုရားများက …

မာလာစန္ဒီရဲ့သမီးတော် သီရိစန္ဒာမင်းသမီး။

မာလာစန္ဒီမိဖုရားရဲ့မောင်တော် ကန္ဒဒေဝစစ်သူကြီးရဲ့သမီးတော် ဥမ္မာရဒေဝီမင်းသမီးတို့ဖြစ်တယ်။

သီရိစန္ဒာကို တောင်နန်းမိဖုရားကြီး။

ဥမ္မာရဒေဝီကို မြောက်နန်းမိဖုရားအရာ ထားတော်မူတယ် …။ ရောပထနဂါးမင်းရဲ့ သမီးတော် 'ဘေစန္ဒီ' ကိုတော့ အနောက်နန်းမိဖုရားအရာထားပြီး သိကြားလက်ျာ၊ ဖြဟ္မာလက်ဝဲ တွဲပြီး သီရိခေတ္တရာရွှေနန်းကို သိမ်းပိုက်စံမြန်း - နန်းတက်တော်မူသတဲ့။

နောင်အခါမှာတော့ …

ပျူရဲ့သမိုင်း …

သီရိခေတ္တရာရဲ့သမိုင်း …

ဗိဿနိုးရဲ့သမိုင်းမှာ အမုန်းစာတမ်း ထိုးခဲ့မည့်သူက ဗိဿနိုးမိဖုရား။

ဗိဿနိုးမိဖုရားက ဘာကြောင့် ဒွတ္တဘောင်မင်းကို အမုန်းကြီးမုန်းခဲ့ရတာလဲ။

ဒွတ္တဘောင်မင်းကလည်း ကနဦးကတော့ ရန်သူအဖြစ် ဗိဿနိုးဘုရင်မကို တူးတူးခါးခါး သဘောထားပြီးကာမှ …

ဘုရင်မရဲ့အလှကို မြင်လိုက်ရရော …

အမုန်းတွေ ကြွေကျသွားခဲ့တယ်။

အမုန်းလက်ကျန်တွေကို ရောဝတီမြစ်ထဲ မျှောပစ်လိုက်တယ်။

ကျွန်တော်ရေးချင်နေတာ ပန်ထွာဘုရင်မ ရာဇဝင်ပါ။





သို့သော် …

ပန်ထွာရော၊ ဒွတ္တဘောင်မင်းရော မှုကွဲအမျိုးမျိုးနဲ့ အတိတ်ရာဇဝင်နဲ့ သမိုင်းမှာ ဖြစ်ပျက်ခဲ့ကြတာကို ချန်ပြီး ဝတ္ထုကိုရေးလို့ မဖြစ်ပါဘူး။

ကြည့်လေ …

တောင်တွင်းကြီးသမိုင်းမှာ ရေးထားတာ ပန်ထွာရဲ့မိခင်က (ရွှေနံ့ကိုင်) ဘီလူးမတဲ့။

ပြည်ရွှေဆံတော်ဘုရားသမိုင်းမှာတော့ စန္ဒမုက္ခီဘီလူးမတဲ့။

အချို့က စန္ဒမုခိဘီလူးမလို့ စာလုံးပေါင်းကြတာ ရှိရဲ့ခင်ဗျ။

ထားလိုက်ပါဦးဗျာ။

တောင်တွင်းကြီးသမိုင်းမှာ ရွှေနံ့ကိုင်ဘီလူးမ မဟာသမ္မဝတို့ ညီနောင်ကို မျက်စိအလင်းရအောင် ဆေးကုသပေးရင်း တဏှာစိတ်နဲ့ သာယာညို့ ကိုယ်ဝန်ရှိခဲ့တယ်။

ကိုယ်ဝန်ရင့်လို့ တောထဲမှာမွေးတော့ ရသေ့ကြီးနဲ့တွေ့ပြီး လူသားအလေး ခိုးလာမှတ်လို့ မန္တန်မန်းမှုတ်နှင်လိုက်တော့ ဘီလူးမကလေးချပြီး ထွက်ပြေးသွားတယ်။

အဲဒီကလေးကို ရသေ့ကြီးက ကောက်ယူမွေးစားပြီး အမိဗြာန်နဲ့ ထက်ညှိုးကကျတဲ့ နို့တိုက်ပြီး အရွယ်ရောက်အောင် မွေးခဲ့တယ်။

နောင်တော့ ပန်ထွာမင်းသမီး (ဗိဿနိုးဘုရင်မ) ဖြစ်လာခဲ့တယ်။

ဒီလိုဆိုတယ်။

သို့သော် …

ပြည်ရွှေဆံတော်ဘုရားသမိုင်းမှာ သမိုင်းပြုစုသူ ဆရာကြီးဦးမောင်ပြထားတာက တစ်မျိုးတစ်ဘာသာခင်ဗျ။

မှုကွဲလေးတော့ ဖတ်သူများ၊ ဗဟုသုတရအောင် ရေးပြရပါလိမ့်မယ်။

စန္ဒမုခိဘီလူးမကို ကာမဝီတက်ပူပန်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လင်ရှာသော ဘီလူးမလို့လည်း ဆိုထားပါတယ်။

မင်းသားတို့ပွဲတော်တည်ရာမှာ အစာခိုးစားလို့ မိသွားပြီး ဘီလူး လက်ကို ကိုင်ဆုပ်လို့ ခါး၊ သန့်လျက်မိုးမေးတော့ ဆရာကြီး ဦးမေဓာဝ ဒီလိုသရုပ်ဖော်ပါတယ်။

''အကျွန်ုပ်အသက်ကို ချမ်းသာပေးပါ။ အရှင့်သားတို့၏ မျက်စိရောဂါကို အကျွန်ုပ် ပျောက်အောင် နတ်ဆေး၊ နတ်ဝါး၊ နတ်မန္တရားတို့ဖြင့် ကုပါအံ့။ ကာမဂုဏ်ဖြင့် လည်း ညီနောင်နှစ်ပါးကိုပင် လုပ်ကျွေးပါအံ့။ နတ်၏ ဘောဇဉ်ခဲဖွယ်ကိုလည်း အကျွန်ုပ် ကျွေးမွေးပါအံ့' လို့ ပြောတယ်။

တိုတိုရေးရရင် ဘီလူးမက ကာမဂုဏ်နှင့်ရော၊ ထမင်းအဖျော် ရော၊ ဆေးဝါးနဲ့ရော လုပ်ကျွေးလိုက်တာ မျက်စိပြန်မြင်သွားခဲ့ကြတယ်။

သို့သော် ...

မျက်စိမြင်တော့ ဘီလူးမမှန်းသိသွားပြီး

အတူနေလို့ မဖြစ်ဘူး။

ဦးရီးတော် ခေပဒ္ဒတရသေ့ကြီးနှင့်လည်း တွေ့ပြီး ...

ဒီမှာ မျက်စိပြန်မြင်တဲ့ မင်းသားနှစ်ပါးက စန္ဒမုခိဘီလူးမကို ပြော လိုက်တယ်။

''စန္ဒမုခိ ... သင့်ရဲ့ကျေးဇူး ငါတို့အပေါ် ရှိပါပေ၏။ သို့သော် ငါ တို့နှင့် သင်သည် မျိုးဇာတ်မတူ၊ သင်တို့နေရာ သင်သွားပေဦးတော့။

သို့ကလိုပြောလိုက်ရော ...

ပြည်ရွှေဆံတော်ဘုရားသမိုင်းမှာ ဖော်ပြထားတာက ...

''ဘီလူးမကလည်း ကာမဂုဏ်ပေးတတ်သော ... ယောက်သော သူတို့နှင့် ကွေကွင်းသော် စိုးရိမ်ပူဆွေး ငိုကြွေး လျက် ကိုယ်ဝန်ကို စောင့်ရှောက်ခြင်းမှာ မိဘတို့နေရာ လက်ဆ





သို့မသွားဘဲ ကုမ္ဘဝတီပြည် တောစိမ်းအရပ်၌ (ယခု တောင်တွင်း ဟု တွင်၏။) ညောင်ကြပ်ပင်ကို မှီ၍ ကိုယ်ဝန်ကို စောင့်လျှောက် ရှိနေ၏။

ဒါဆိုရင် စန္ဒမုခိဘီလူးမရဲ့ ဝမ်းဗိုက်ထဲက ကိုယ်ဝန်ဟာ မဟာ သမ္ဘဝနဲ့ စူဠာသမ္ဘဝတို့ညီနောင်ရဲ့ ကိုယ်ဝန် ကျိန်းသေသလို ရှိနေပြီပေါ့။

မင်းသားနှစ်ပါးက မသိတာလား။

စန္ဒမုက္ခိ (စန္ဒမုခိ) ဘီလူးမက မပြောပြတာလား။

သို့မဟုတ် ...

မင်းသားနှစ်ပါး သိပါလျက်ကယ်နဲ့ ဥပေက္ခာပြုလိုက်တာလား၊ ကျေးဇူးကန်းတာတော့ ဟုတ်မယ်မထင်ဘူး။

ဒီအချိန်မှာ ကုမ္ဘဝတီပြည့်ရှင်မင်းက တောကစားလှည့်လာရာ ညောင်ကြပ်ပင်အနီးကို ရောက်လာပါရော။

စန္ဒမုခိကလည်း အလွန်ချောမောလှပတဲ့ မိန်းမလှအသွင် ဖန် ဆင်းပြီး မင်းကြီးရှေ့မှာ ပြလိုက်တာ။

အချောအလှလေးမြင်တာနဲ့ ကုမ္ဘဝတီမင်းကြီး နှစ်သက်သဘော ကျလို့ တော်ကောက်မိဖုရားအရာမှာ ထားတယ်။

စန္ဒမုခိကလည်း လင်ကောင်းသားကောင်း ရသွားတာပေါ့။

ဟိုဘုရင်ဆိုတဲ့ လူအတန်းအစားကလည်း ချောချောလှလှ မိန်းမ မြင်ရင် ချက်ချင်း တော်ကောက် မိဖုရားမြှောက်တာပဲ။

မျက်မှောက်ခေတ်မှာသာ ဒီလိုဘုရင်မျိုးတွေ ရှိနေရင် မော်ဒယ် တွေမှန်သမျှ သင်းမိဖုရားချည်း ဖြစ်မှာ ကျိန်းသေပဲ။

''ဟဲ့ ... သင့်အမည် ဘယ်လိုခေါ်လဲ ... မိန်းကလေး''

''ပိပ္ပလိဒေဝီပါ ... အရှင်မင်းကြီး''

ပိပ္ပလိဒေဝီက 'ညောင်ကြပ်ပင်' ကို ပြောတာတဲ့။ 'ညောင်ကြပ် ပင်' ကို အစွဲပြုပြီး 'ပိပ္ပလိဒေဝီ' ပြောလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တိုတိုရေးရရင် ကုမ္ဘဝတီမင်းနှင့် ပိပ္ပလိဒေဝီ (စန္ဒမုခီဘီလူးမ)တို့ ညားပြီး အချိန်တန်တော့ သမီးတော်တစ်ဦး ဖွားမြင်တယ်။ မြတ်နိုးလွန်းလို့ အထွတ်အမြတ်သဘောနဲ့ ပိသုတိုးသမီးလို့ အမည်ပေးခဲ့တယ်။

ပိသုတိုးမင်းသမီး (၁၆) နှစ်အရွယ်ရောက်တော့ မိခင်ကွယ်လွန်သွားခဲ့တယ်။ ပိသုတိုးမင်းသမီးကပဲ မင်းလုပ် အုပ်ချုပ်ခဲ့တယ်။ ဘုန်းတန်ခိုးကြီးမားပြီး လက်နက်စကြာပါ ရတယ်လို့ ဆိုတယ်။

သုတေသီပညာရှင်တစ်ဦးက အဲဒီ ပိသုတိုးမင်းသမီးဟာ ဗိသနိုးဘုရင်မပါပဲလို့ ရေးထားပါတယ်။

သည်တော့ ဆွေမျိုးစပ်ကြည့်ကြရအောင်။

ပိသုတိုးမင်းသမီးဟာ စန္ဒမုခီရဲ့ သမီးအရင်းပဲ။

ဒီကိုယ်ဝန်ဟာ မဟာသမ္ဘဝ၊ စူဠာသမ္ဘဝနဲ့ ရတာလို့ ပြည်ရွှေဆံတော်သမိုင်း အဆိုအရ သိထားရတယ်။

ဒါဖြင့် ပိသုတိုး (ဗိသနိုးမင်းသမီး)ရဲ့ အဖေအရင်းဟာ ဟို မျက်မမြင် မင်းသားညီအစ်ကိုပဲပေါ့။

သို့သော် ဘီလူးမက လူယောင်ဖန်ဆင်းပြီး ကုမ္ဘဝတီမင်းနဲ့ ညားပြီးမှ ပိသုတိုးကို မွေးတာဆိုပြန်တော့ ...

မဟာသမ္ဘဝတို့နဲ့ ညားလို့ရတဲ့ကိုယ်ဝန်က မွေးတာလို့ ယူဆရင် ကုမ္ဘဝတီမင်းဟာ အဖေအရင်းမဟုတ်ဘူး။

ကုမ္ဘဝတီမင်းကြီးကို အဖေအရင်းဖြစ်စေချင်လျှင် မဟာသမ္ဘဝတို့နဲ့ ရခဲ့တဲ့ ကိုယ်ဝန်ပျက်စီးခဲ့ပြီး ...

မင်းကြီးနဲ့ နောက်ထပ်ရတဲ့ ကိုယ်ဝန်ကနေ ပိသုတိုးမင်းသမီးကို မွေးတာလို့ ယူဆရင် ဒါ အဖေအသစ်ပဲ။

ဘယ်လိုပဲရှိစေ ...

ပိသုတိုးဟာ မင်းမျိုးမင်းနွယ်ဖြစ်တာတော့ သေချာသွားပြီ။

ဘာကြောင့် ...

စိတ်ကူးသစ်စာပေ



ပိသုတိုးဘုရင်မ (ခေါ်) ဗိသနိုးဘုရင်မက မင်းကြီးဒွတ္တဘောင်ကို နာကြည်းမုန်းတီးရတာလဲ။

အခြေခံက ...

ကျူးကျော်စစ်ပွဲကြောင့်ပဲ။

တစ်နည်းပြောရရင် အာဏာစက်ကို ဖြန့်ကြက်ချင်တဲ့ ပဒေသရာဇ် ဒွတ္တဘောင်ကြောင့် ဖြစ်ရတဲ့ အမုန်းပါ။

ဗိသနိုးနတ်မင်းကြီးကိုယ်တော်တိုင် ဖန်ဆင်းတည်ဆောက်ခဲ့လို့ ကျုံး၊ မြို့ရိုး၊ တံတိုင်း၊ ရွှေနန်းတော် ရာဇပလ္လင်ဥကင်နှင့် စည်ကားဝေစည် ဖွံ့ဖြိုး ငြိမ်းချမ်းခဲ့တဲ့ ဗိသနိုးမြို့တော်ကြီးဟာ ...

ရာဇသံစကားတစ်ခွန်း မချေမငံ ပြောမိရာက ...

ရာဇမာန်တွေ ငယ်ထိပ်တက်ပြီး ဆင်၊ မြင်း၊ စစ်သည်ဗိုလ်ခြေ ခြောက်သောင်းနဲ့ နင်းခြေဖြိုဖျက် သတ်ဖြတ်ခဲ့တဲ့ စစ်ပွဲကြီး။

သွေးချောင်းစီးခဲ့တယ်။

လူသေကောင်တွေ ရန်ပယ်ချောင်းထဲမှာ ပုပ်ပွပြီး ရေစုန်ရေဆန်မှာ မျောပါနေတယ်။

ကမ်းစပ်တစ်လျှောက်ဟာ လူသေကောင်ကို ထိုးဆိတ်စားနေတဲ့ ကျီး၊ လင်းတတို့ရဲ့ အော်သံတွေနှင့်အတူ ယင်းမည်းရိုင်းအုပ်ကြီးရဲ့ တဝီဝီ မြည်သံတွေကို မြင်ရတာ ကြောက်ရွံ့ထိတ်လန့်စရာပဲ။

ဟိုမှာ ကြည့်စမ်း ...

သားသည်အမေတွေ ရင်ဘတ်ဟပြဲနဲ့ သားကိုချီပွေ့ပြီး သေပြေးရှင်ပြေး ပြေးနေကြလို့။

ကြည့်စမ်းပါဦးဗျာ ...

မိခင်ရဲ့အလောင်းကို လက်နှင့်ပုတ် လှုပ်နှိုးနေတဲ့ လမ်းသွားဆတ်စ ကလေးရဲ့ အမေခေါ်သံ။

အမေခေါ်သံတွေ ဗိသနိုးမြေပြင်မှာ ဝက်ဝက်ကွဲလို့။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဖေခေါ်သံ ...

လင်ခေါ်သံ ... သားခေါ်သံ ... မယားခေါ်သံ ...

ရင်ကွဲဆို့နင့် ခေါ်သံတွေနဲ့ မျက်လုံးအိမ်က စီးလို့ကျလာတဲ့ မျက်ရည်တွေ။

ကျွန်တော် အဲဒီအနိဋ္ဌာရုံတွေကို ဗိသနိုးမြို့ဟောင်းရဲ့ အုတ်ရိုးပေါ်မှာ ရပ်နေရင်း ကြားနေ မြင်နေရတယ်။

ရာဇဝင်ထဲမှာ ဖူးပွင့်ဝေဆာခဲ့တဲ့ အင်ကြင်းပန်းတောကြီး။ အခု မြေတလင်းဖြစ်လို့။

ဗိသနိုးမြို့ဟောင်း အုတ်ခုံပေါ် ရပ်ကြည့်နေရင်းမှာပဲ။

ဗိသနိုးသူရဲကောင်း သျှိဝရဲ့ 'တိုက်' လို့အော်လိုက်တဲ့ အသံကြီးကို မိုးခြိမ်းသလို ကြားလိုက်ပါရောလား။

မျက်စိမှိတ်ပြီး နားစွင့်လိုက်တယ်။

ဗိသနိုးမြို့သားတို့ရဲ့ တိုက်ပွဲခေါ်သံများ ...

စစ်မြင်းခွာသံများ ... တိုက်ဆင်ဟီးသံများ ...

'ဗိသနိုး' ကွလို့ ကြုံးဝါးအော်ဟစ်ရင်း ဓားချင်းထိခတ်သံ တချွင်ချွင်ကို ကျွန်တော် ကြားနေရတယ်။

အလို ... ကြားရုံမျှ မဟုတ်ဘူးဘဲ။

ကြည့်စမ်း ...

ဗိသနိုးစစ်သည်တွေ မြို့ရိုးပေါ်ကနေ လေးမြားတွေနဲ့ ပစ်နေတာ။ ကျောက်တုံးတွေနဲ့ သီရိခေတ္တရာ ရန်သူဦးခေါင်းပေါ်ကို ပစ်ချနေတာ။

ဒါ ... စစ်ပွဲကြီးပါလား။

ကျူးကျော်သူကို တုံ့ပြန်တဲ့ တိုက်ပွဲပါလား။

✿ ✿ ✿

|၂၂|

❑

အုန်းခွံရောင်မြင်းတစ်စီးကို ဖျင်လက်တို ချွေးသံရွှဲရွဲနှင့် လူရွယ်တစ်ဦးက အပြင်းဒုန်းစိုင်း စီးနှင်းလာနေတယ်။

မြင်းဟာ မြို့ရိုးအဝင်တံခါးရှေ့မှာ ရပ်ပြီး လှည့်ပတ်နေတယ်။

''ဟော့ ... ရပ်''

မြို့ရိုးရှေ့က လုံရှည်ကိုကိုင် ပျူတံခါးစောင့်က လုံရှည်ကို အသင့်ထိုင်ပြီး ဟစ်အော် အမိန့်ပေးလိုက်တယ်။

''ကျုပ် ... ဘုရင်မကြီးထံ သံတော်ဦးတင်စရာရှိလို့ မြို့တံခါးကို ဖွင့်ပေးပါ ... တံခါးမှူး''

ဒီမှာ တံခါးမှူးလုပ်သူ ထောင်ထောင်မောင်းမောင်း စစ်သားကြီးဟာ မြင်းပေါ်ကဆင်းလာတဲ့ ချွေးသံရွှဲရွဲလူကို အကဲခတ်ရင်း ...

''မောင်မင်းက ဘယ်သူတုံး''

''ဗျဂ္ဂလို့ခေါ်ပါတယ်''

''မင်းတာဝန်ကရော ဘာလဲ''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဝေးရောက် အဆောက်တော်ပါ . . . တံခါးမှူး"

"ဘာကိစ္စနဲ့ ရွှေနန်းတော်ထဲကို ဝင်လိုတာတုံး"

"အရေးတကြီး ကိစ္စရှိလို့ပါ"

"မင်းမှာ ဘာသက်သေခံပါတုံး"

ဒီမှာ မြင်းစီးလူငယ် အဝေးရောက် အဆောက်တော်က သူ့ရင်ဘတ် အတွင်းအင်္ကျီအိတ်ကြားကနေ ပစ္စည်းတစ်ခုကို ထုတ်ပြီး တံခါးမှူးလုပ်သူထံ ပြလိုက်တယ်။

တံခါးမှူးလုပ်သူက အဝေးရောက် အဆောက်တော်ပြသည့် ကျောက်ပြားငယ်ကို ကြည့်လိုက်တော့ . . .

သီရိဝိစ္သသင်္ကေတ ကျောက်ထွင်းအမှတ်အသားကို မြင်လိုက်ရပြီး ဦးခေါင်းကို ညိတ်လိုက်တယ်။

ဒီ သီရိစ္သသင်္ကေတက ပျူ့ဘုရင်မကြီးပန်ထွာရဲ့ အရေးကြီးမင်းမှုထမ်း သက်သေခံတံဆိပ်တော်ပဲ။

"ဗျက္က . . ."

"အမိန့်ရှိပါ . . . တံခါးမှူး"

"ခဏစောင့် . . ."

မကြာခင် မြို့တံခါးအတွင်းဘက်ကနေ စိုင်းနှင်သွားတဲ့ မြင်းခွာသံကို ကြားလိုက်တယ်။ အဆောက်တော်ဗျက္က နဖူးမှချွေးများကို လက်ညှိုးနှင့်သပ်ချပြီး ထနောင်းပင်အရိပ်အောက်က ကျောက်ခုံပေါ်မှာ ထိုင်ချလိုက်တယ်။

မြို့တံခါးတာဝန်ကျ ဗိဿနိုးစစ်သည်များကတော့ လက်နက်ကိုင် အသင့်အနေအထားနဲ့ သူ့ကို ကြည့်နေကြလို့။

မကြာဘူး . . .

ကြီးမားလေးလံလှတဲ့ မြို့တံခါးကြီးဟာ လူနှင့် မြင်းတစ်ဝင်စာ ပွင့်လာပြီး တံခါးမှူးကိုပါ တွေ့လိုက်ရတယ်။





"ဗျက္က . . ."

"ရှိပါ . . . တံခါးမှူး"

"မြင်းကိုဆွဲပြီး ဝင်ခဲ့"

ဗျက္က သူ့စီးတော်မြင်းကောင်းကို ဇက်ကြိုးကကိုင်ပြီး အတွင်း ထမ်းလျှောက်ဝင်လိုက်တယ်။

အထဲရောက်တော့ တံခါးမှူးက သူ့တစ်ကိုယ်လုံးကို ဗိုက်စိပ် တိုက်ရှာဖွေရေးလုပ်တော့တယ်။

ဗျက္က မငြင်းဆန်ပါဘူး။ ဒါက တိုင်းပြည်ရဲ့ လုံခြုံရေးကိစ္စပဲ။ သူ့မှာ လက်နက်နဲ့တူတာ အပ်တိုတစ်ချောင်း မပါဘူး။ ရှာဖွေလို့ ကျေနပ်တော့မှ နောက်တံခါးကြီးတစ်ချပ် ပွင့်သွားပြီး စောင့်ကြိုနေသူတစ်ဦးကို မြင်လိုက်ရတယ်။

တပ်မှူး သျှိဝ . . .

တောင့်တင်းခန့်ညားလှတဲ့ တပ်မှူးသျှိဝက သူ့ကို ကတ္တီပါအနက်ရောင် ကကြိုးဆင် မြင်းကြီးနံဘေးကနေ ရပ်ပြီး ကြိုနေတယ်။

ဗျက္က ဒူးထောက်လို့ အရိုအသေပေးလိုက်တယ်။

"ထ၊ ရပ်လိုက်ပါ . . . ဗျက္က၊ ဒါနဲ့ အရေးကြီးပြီလား"

"မှန်ပါ . . . . တပ်မှူး၊ ရန်သူတွေဟာ သီရိခေတ္တရာကနေ တပ်ပြီးတာပါပြီ"

"ရပ်ထား . . . ငါတို့ ဘုရင်မထံကို ဝင်မယ်။ ဟိုရောက်မှ အသေးစိတ်ကို မင်း တင်လျှောက်"

သူတို့နှစ်ဦး ဗိဿနိုးဘုရင်မရှိရာ နန်းတော်ထဲကို ဝင်လိုက်ကြတယ်။ အထိန်းတော်ကြီး မယ်ဇာရီ သွားရောက်လျှောက်ထားလိုက်လို့ ချက်ချင်းပဲ ပန်ထွာဘုရင်မ ကြွရောက်လာတယ်။

"သျှိဝ . . . ဘာအကြောင်းထူးရှိလို့ ကျွန်ုပ်ကို တွေ့ချင်တာလဲ"

"မှန်ပါ . . . အရေးတော် ပေါ်ပါပြီ . . . ဘုရင်မကြီး"



www.burmeseclassic.com

www.burmeseclassic.com



''အရေးတော် . . . ပဏာအရေးတော်တုံး လျှောက်တင်စမ်း''

''ဟောဒီ မင်းမှုထမ်းကတော့ စုံစမ်းထောက်လှမ်းဖို့ တာဝန်ပေး ထားတဲ့ အဝေးရောက်အထောက်တော် ဗျဂ္ဂပါ . . . ဘုရင်မ။ ဗျဂ္ဂကို သီရိ ခေတ္တရာ မင်းနေပြည်မှာ အိုးပုတ်ချိုးရုပ်၊ မြေထည်ပစ္စည်း ရောင်းသူအဖြစ် ရုပ်ဖျက်စုံစမ်းခိုင်းထားရာ ယခု သီရိခေတ္တရာရဲ့ လှုပ်ရှားမှု စစ်ရေးသတင်း များ သိရှိပြီဖြစ်တဲ့အတွက် ဘုရင်မကို အသေးစိတ် တင်လျှောက်ခွင့်ပြုပါ သခင်မ''

''ဗျဂ္ဂ . . .''

''မှန်ပါ . . . ဘုရင်မကြီးဘုရား''

''သီရိခေတ္တရာရဲ့ စစ်ရေးလှုပ်ရှားမှုကို မောင်မင်း မြင်သိသမျှ တင် လျှောက်စေ''

''မှန်လှပါ . . . ဘုရင်မကြီးဘုရား၊ ဘုရားကျွန်တော်မျိုး ဗျဂ္ဂ သည် မင်းကြီးများနှင့် တပ်မှူးတို့ရဲ့ သီးသန့်တာဝန်ပေးချက်အရ သီရိခေတ္တရာ မင်းနေပြည်တော်မှာ မြေထည်ရောင်းသူအဖြစ်နှင့် မြို့အနှံ့၊ ကုန်ရောင်းရင်း စုံစမ်းထောက်လှမ်းခဲ့ရာမှာ သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီးသည် သူစေလွှတ် အခွန်တောင်းခိုင်းတဲ့ သံတမန်နှစ်ဦးကို ကျွန်တော်မျိုးတို့ ရွှေ နန်းတော် မင်းမှုထမ်းကြီးများက ရိုက်ပုတ်ပြီး ဒဏ်ခတ်ကြ၊ အခွန်ထော် မဆက်နိုင်ကြောင်း ပြောလွှတ်သည့်အတွက် ဒွတ္တဘောင်မင်းကြီး လွန်စွာ စိတ်ဆိုးလို့ ယခု ဗိဿနိုးကို စစ်ရေးနှင့် အရေးယူရန် တပ်တော်ကြီး ချီ တက်လို့လာနေပါပြီ . . . ဘုရင်မကြီးဘုရား''

''အလို . . . ဒွတ္တဘောင်မင်းက အတင့်ရဲ အကြံရဲလွန်းပါကလား ငါတို့ ပန်ထွာနဲ့ ဗိဿနိုးမြို့တော်ကြီးကို စစ်တိုက်ပြီး သိမ်းယူမယ်ဆိုရ သဘောလား''

''မှန်ပါ . . . ဘုရင်ကြီးဘုရား''





''အေးလေ . . . သူက မောက်မောက်မာမာနဲ့။ ငါ့နိုင်ငံနဲ့ ငါ့ကို စော်ကားအထင်သေးစကား လာပါးသေး။ ခုတော့ စစ်တိုက်ဖို့ပါ စစ်ချီလာ ပြီဆိုတော့ ပန်ထွာက အညံ့ခံလို့ မဖြစ်ဘူးလေ။ ငါတို့က ဘယ်နိုင်ငံကိုမှ အျူးကျော်စော်ကားခဲ့တာ မဟုတ်ဘူး။ ဦးစွာ မခန့်လေးစားလုပ်ခဲ့တာ မဟုတ် ဘူး။ ငါတို့နိုင်ငံ၊ ငါတို့မြို့တော်နဲ့ ငါတို့တိုင်းသူပြည်သားတွေကို အသက် နဲ့လဲပြီး ကာကွယ်ရေးဟာ ငါတို့တာဝန်နဲ့ ယုံကြည်ချက်ပဲ။ သင်းတို့ အင်အား ည်မျှရှိသလဲ . . . ဗျဂ္ဂ''

''အင်အား နှစ်သောင်းကျော်မျှ ရှိပါတယ် . . . ဘုရင်မကြီး။ ဆင် သည်၊ မြင်းသည်၊ ခြေလျင်ရဲမတ်များ၊ ရိက္ခာတပ်များ၊ လက်နက်လေးမြား အစုံနှင့် သီရိခေတ္တရာကနေ ထွက်လာပါပြီဘုရား''

''တပ်မှူးသျှိဝ . . .''

''အမိန့်တော်ရှိပဘုရင်မ''

''သက်တော်ရှည်အမတ်ကြီး ပညာဒီပကကို သွားတင်ပြ။ အရေး ပေါ်ညီလာခံ ခုချက်ချင်း စီစဉ်စေ''

''မှန်ပါ . . . ဘုရင်မကြီးဘုရား''

မကြာပါဘူး . . .

ရွှေနန်းတော်စည်းဝေးဆောင်မှာ မှူးကြီးမတ်ကြီး ပညာရှိ ပရော ဟိတ်၊ မြို့ဝန်တပ်မှူး၊ ဗိုလ်မှူးများနှင့် အရေးပေါ်ညီလာခံကို စည်းဝေး ကျင်းပကြတယ်။

''မင်းကြီးတို့ . . . သခင်မတို့ရဲ့ စုံစမ်းထောက်လှမ်းရေးသတင်း အရ သီရိခေတ္တရာမင်း ဒွတ္တဘောင်ဟာ စစ်သည်အင်အား နှစ်သောင်း နှင့် တပ်အခင်းအကျင်း စုံလင်စွာနဲ့ သခင်မတို့ ပန်ထွာနဲ့ ဗိဿနိုးမြို့တော် ကို သိမ်းပိုက်တိုက်ခိုက်ရန် ချီတက်လာနေပြီလို့ ခုပဲ ကြားသိရပါပြီ . . . မင်းကြီးတို့''



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မပန်ထွာရဲ့ စကားကို ကြားရရော စည်းဝေးခန်းမတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် အသံတွေ ထွက်ကုန်ပါရော။

"တင်လျှောက်ပါရစေ ဘုရား"

"တင်လျှောက်ပါ ... သက်တော်ရှည်ဘိုးဘိုး"

"ဤသတင်းသည် ကေန် အမှန်ပါပဲလား ဘုရား"

"ဟောဒီ ဖျက္ကယ်ဆိုတဲ့ အဝေးရောက် အထောက်တော်ရဲ့ ယခု ချက်ချင်း သတင်းပေးပို့ချက်ကြောင့် သိရတာပဲ ... ဘိုးဘိုး"

"အထောက်တော်ကို မေးခွင့်ပြုပါ ... ဘုရင်မကြီးဘုရား"

"မေးစေ ..."

"မောင်မင်း ... ဖျက္က"

"မှန်ပါ ... ဘိုးဘိုးဘုရား"

"မောင်မင်းရဲ့ ထောက်လှမ်းသတင်း သေချာရဲ့လား ... မောင်မင်း။ မဟုတ်မမှန် သတင်း၊ ကောလာဟလသတင်းကို တင်လျှောက်ခဲ့ပါက ကြီးလေးသောပြစ်ဒဏ် ခံစားရမယ်ဆိုတာ မောင်မင်းသိရှိနားလည်ရဲ့လား"

"မှန်ပါ ... ဘိုးဘိုးဘုရား၊ ဘုရားကျွန်တော်မျိုးသည် သေချာစွာ သိရှိမြင်တွေ့ရပါသောကြောင့် အမြန်လာရောက် သတင်းပေးပို့ရကြောင်းပါ ... ဘိုးဘိုး။ မဟုတ်မမှန်သတင်းကို ပေးပို့ခဲ့မိပါက ဘုရားကျွန်တော်မျိုးကို အဆုံးစီရင်၍ ချောက်ကျုံးအောက်မှာ မြေစာကျွေးတော်မူပါ ... ဘိုးဘိုးဘုရား"

ဖျက္ကရဲ့ ရဲဝံ့စွာ တင်လျှောက်တော့ သက်တော်ရှည်ဘိုးဘိုး စဉ်းစားရရော။ ဤမျှထိဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။

ရာဇသံလည်း မဆင့်ဘဲ စစ်ချီလာတာလား။

"အရှင်မဘုရား ..."

"လျှောက်တင်ပါ ... ဘိုးဘိုး"

စိတ်ကူးသစ်စာပေ



"ပိုမိုသေချာအောင် ခြေမြန်တော်စစ်သည်နှင့်အတူ နားလည်ကျွမ်းကျင်သူကို စေလွှတ်၍ ထပ်မံစုံစမ်းစေချင်ပါသည် ... အရှင်မ"

"ကောင်းပြီ ... ဘိုးဘိုး၊ မည်သူ့ကို တာဝန်ပေးချင်ပါသလဲ"

"မှန်ပါ ... တပ်မှူးသျှိဝသာ အသင့်တော်ဆုံးပါဘုရား။ တပ်မှူးသျှိဝသည် ရဲရင့်ဖျတ်လတ်ခြင်း၊ ကြံရည်ဖန်ရည် နှလုံးရည်ပါရှိသူဖြစ်လို့ တပ်မှူးသျှိဝကို လျှို့ဝှက်တာဝန်ပေး၍ ယခုချက်ချင်း အလျင်အမြန် သွားရောက်စုံစမ်းစေချင်ပါသည် ... ဘုရင်မကြီးဘုရား။ ဘုရားကျွန်တော်မျိုးတို့ကလည်း လုံခြုံရေးသတိနှင့် ဗိသုကာတပ်တော်များကိုလည်း ကြိုတင်ပြင်ဆင်ထားရပါမည်ဘုရား"

"ကောင်းပြီ ... တပ်မှူးသျှိဝ"

"အမိန့်ရှိပါ ဘုရင်မကြီးဘုရား"

"မောင်မင်းကြိုက်တဲ့သူကို ရွေးခေါ်ပြီး ခုချက်ချင်း ခြေမြန်မြင်းနှင့် သွားရောက်စုံစမ်း အမြန်သတင်းပို့"

"အမိန့်တော်မြတ်အတိုင်းပါ ဘုရား"

သျှိဝ ဘုရင်မကို အရိုအသေပေးပြီး အထောက်တော်များကိုခေါ်လို့ အစည်းအဝေးခန်းမကနေ ထွက်ခဲ့လိုက်တယ်။

"ဖျက္က ..."

"တပ်မှူး ... အမိန့်ရှိပါ"

"မင်းနဲ့ငါ ရုပ်ဖျက်ပြီး ခြေမြန်မြင်းနဲ့ သွားစို့"

"မှန်ပါ ... တပ်မှူး"

သျှိဝနှင့် ဖျက္ကတို့ တောသား ထင်းခုတ်သမားလို နံ့တို၊ အကျႌအစုတ်နှင့် အကျီရင်ဘတ်ကွဲကိုဝတ်ပြီး ခါးကြားမှာ ထင်းခုတ်ဓားမ တစ်လက်စီ ချိတ်လိုက်ကြတယ်။

ပြီးနောက် ...

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မြင်းစောင်းရှိရာကို အမြန်လာလိုက်ပြီး ပြေးအားအကောင်းဆုံး မြင်းနက်နှစ်ကောင်ကို ဆွဲထုတ်လို့ ကကြိုးမဆင်ဘဲ ဗိသနိုးမြို့နန်းတံခါးကနေ အပြင်ကို လွှတ်ထွက်လိုက်ကြတယ်။

သူတို့ မြင်းကို အပြင်းစိုင်းခဲ့ကြလိုက်တာ နောက်မှာ ဖုန်ထောင်းထောင်းထ ကျန်ရစ်ခဲ့ကြတယ်။

သည့်နောက် ပေတောင်ါးရွာဖြစ်တဲ့ ဝက်ချင်းကန်၊ စမုံ၊ သားတိုးအင်းရွာ၊ တောစိမ်း၊ ဆပ်သွား၊ ဘွေးကုန်းတို့ကိုကျော်ခဲ့ပြီး ရန်ပယ်ချောင်းကို ရောက်လာခဲ့ကြတယ်။ ရန်ပယ်ချောင်းက ရေဖွေးဖွေးနဲ့ စီးမျောနေတယ်။ ရန်ပယ်ချောင်းရဲ့ ဟိုမှာဘက်မှာ သရက်၊ ဆင်ပေါင်ဝဲ၊ အောင်လံတို့ ရှိတယ်။

ဒီမှာ လှေသမားတစ်ဦး ခေါင်းပေါင်းပတ်ကြီးနဲ့ အနီးကိုရောက်လာတယ်။

"ခွင်လားဟေ့ ..."

"မှန်ပါ ... တပ်မှူး၊ ရေကင်းစောင့် ငခွင်ပါ"

"မင်း ငတို့ကို မှတ်မိတယ်လားဟေ့"

"မြင်းနှစ်ကောင် ပြေးပုံ၊ ရပ်ပုံကို ကြည့်ပြီး တပ်မှူးတို့မှန်း သိတာပါခင်ဗျ"

"အိမ်း ... မင်းတော်တယ် ... ငခွင်။ ဒါနဲ့ ရန်ပယ်ချောင်းကို ဖြတ်ပြီး လူစိမ်းအဝင်အထွက် ရှိသေးလား ... ငခွင်"

"ယခုအချိန်ထိ မရှိသေးပါဘူး ... တပ်မှူး"

"မှတ်ထား ... ခုချိန်ကစပြီး ရန်ပယ်ချောင်းကို ကူးလာဝင်လာတဲ့ လှေ၊ သမ္ဗန်၊ လူစိမ်းမှန်သမျှ အကုန်စစ်။ မသင်္ကာရင်ဖမ်း သဘောပေါက်လား"

"ပေါက်ပါတယ် တပ်မှူး"

"ငတို့ ဟိုဘက်ကမ်းကို ကူးမယ်။ လှေပြင်"





ငခွင်က လှေတစ်စီး အမြန်ပြင်ပြီး ရန်ပယ်ချောင်းကျယ်ကြီးကို လှော်ခတ်လာလိုက်ကြတယ်။

ငွေးကုန်းဘက်ရေစပ်မှာ လှေဆိုက်တော့ သျှိဝနဲ့ဗျဂ္ဂတို့ လှေပေါ်ကနေ ခုန်ဆင်းလိုက်တယ်။

"ငခွင် ..."

"တပ်မှူး"

"ငတို့ ရန်ပယ်ချောင်းကျော်ပြီးသွားတာကို မည်သူမျှ မပြောနဲ့၊ မသိစေနဲ့။ အမိန့် ..."

"မှန်ပါ ... တပ်မှူး၊ စိတ်ချပါ"

သည့်နောက် သူတို့ ဘူးခါးရေဘူးလွယ်၊ သစ်ခုတ်ပုဆိန်၊ ရဲတင်းခါးကြားထိုး၊ လွယ်ပလိုင်းနဲ့ တောလမ်းလာခဲ့လိုက်တာ နေမွန်းတည့်တော့ တိုးပင်ချောင်းကို ကျော်လာခဲ့ကြတယ်။

ရှေ့မှာ ဆင်ပေါင်ဝဲပဲ။

ဒီအချိန်မှာ မြင်းခွာသံများ ကြားလိုက်ရလို့ သူတို့နှစ်ဦး သစ်ပင်ကြီးတစ်ပင်ဘေးမှာ ဝင်ကပ်ပုန်းနေတုန်းမှာပဲ ...

စစ်သည်တော် အဝတ်အစားနှင့် မြင်းသည်တော်နှစ်ဦး မြင်းကို စိုင်းပြီး ရှေ့ဆက်သွားတာ မြင်လိုက်ရတော့တယ်။

"တပ်မှူး ..."

"ရှူး ... ငါ့ကို တပ်မှူးလို့ မခေါ်နဲ့၊ လုံလို့ခေါ်"

"အဲ ... အဲ ... ကိုလုံ"

"ဘာတုံး ... ငမြွေ"

သူတို့ လျှို့ဝှက်နာမည်တွေနဲ့ တိုးတိုးပြောကြတာ။

"သူစိမ်းတွေဗျ"

"ဟုတ်တယ် ... ငါတို့ ဗိသနိုးစစ်သည်တွေ မဟုတ်ဘူး။ အသိ ... ဓတ္တရာ ရှေ့ပြေးစစ်သည်တွေ နေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုလုပ်မတုံး''

''ထင်းစည်းတွေထမ်း ... ရှေ့ဆက်သွားမယ်''

ဒါနဲ့ ခုတ်စည်းထားတဲ့ ထင်းစည်းတွေကို ပခုံးပေါ်ထမ်း၊ လက်ကလည်း ဝင်းမှည့်နေတဲ့ ငှက်ပျောခိုင်တစ်ခိုင်စီ ဆွဲပြီး လှည်းလမ်း၊ မြင်းလမ်းအတိုင်း ထွက်ခဲ့ကြတုန်းမှာပဲ ...

''ဟော့ ... ရပ်လိုက်စမ်း၊ ရပ်နေ ... လက်၊ ခြေ လုံးဝမလှုပ်နဲ့''

''ဘယ်လိုလုပ်မတုံး ... ငလုံ''

''မှင် မပျက်စေနဲ့''

ဓားကိုင်မြင်းသည်တော် ငါးဦးက သူတို့ကို မြင်းတွေနဲ့ ဝိုင်းလိုက်ပါရော။ ဗျဂ္ဂကတော့ စိတ်ထင့်နေပြီ။

''ထင်းစည်းတွေ ချလိုက်''

''ဝုန်း ...''

''ဝုန်း ...''

''မင်းတို့ ဘယ်အရပ်သားတွေတုံး''

မြင်းစီးခေါင်းဆောင်ဖြစ်ဟန်တူသူ နှုတ်ခမ်းမွှေးကားကားနှင့် လူကြီးက မြင်းပေါ်ကနေ အသံမာမာနဲ့ မေးတယ်။

''သားပိုးကျေးရွာက ထင်းခုတ်သမားများပ ခင်ဗျ''

''မင်းနာမည်''

''ငလုံခေါ်ပ''

''ဟိုကောင်လေးကရော''

''ငမြွေလို့ ခေါ်ပဗျာ''

''မင်းတို့က ...''

''ထင်းခုတ်သမားများပ''

''မင်းတို့ လာလမ်းမှာ ဘယ်သူတွေ မြင်ခဲ့တုံး''





''ပသူ့မှ မမြင်ပါဗျ''

''တော့ကို ညာသလား''

''မဟုတ်ပါဗျ''

''တော့မေးတာ မှန်မှန်ဖြေ''

''ဟုတ် ... ဟုတ် ...''

''ရှေ့မှာ ဘာရှိတုံး''

''ကိုးပင်ချောင်း ရှိပါဗျ''

''ဆက်သွားရင်ကော''

''ရွာအများကြီး ရှိပဗျ''

''ရန်ပယ်ချောင်းက ဝေးသေးလား''

''အဝေးကြီးပဗျ''

''မင်းတို့ ဗိသနိုးကို သိလား''

''ကြားဖူးပဗျ''

''ရောက်ဖူးလား''

''မရောက်ဖူးပါဗျ''

''မင်းတို့ ငှက်ပျောခိုင်က စားဖို့လား၊ ရောင်းဖို့လားဟေ့''

သူတို့က ဝင်းမှည့်နေတဲ့ငှက်ပျောခိုင် နှစ်ခိုင်ကိုကြည့်ပြီး အလွန်သဘောကျနေတယ်။ သူတို့ခန္ဓာကိုယ်တွေရော၊ မြင်းတွေရော ချွေးရွှဲရွဲ စိုကြလို့။

''မရောင်းပါဗျ၊ စားချင် လှူပဗျ''

''အလကားပေးမှာလား''

''ဟုတ်ပဗျာ''

''ဟား ... ဟား ... ဟား ... ဟား ...''

''လူတော်လေးတွေပဲလေ။ တော့က အလကားမယူပါဘူး၊ ငွေဒင်္ဂါးတစ်ပြား ပေးဝယ်မှာပါ။ ဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ရပါဗျ ..."

"ကိုင်းဟေ့ ... ငှက်ပျောသီးစား၊ ရေသောက်ပြီး ရှေ့ပြေးအဖွဲ့ကို စောင့်ကြတာပေါ့"

"ဗိုလ်မင်း အရင်စားပါ"

မြင်းသည်တစ်ဦး ငှက်ပျောသီးအချို့ကိုခွဲပြီး အရိပ်ပင်အောက်မှာ စားသောက် နားကြတယ်။

"ဟေ့ ... သူငယ်တို့"

"ဟုတ် ... မိန့်ပါ ဗိုလ်မင်း"

"ငတို့မြင်းတွေကို ချွေးသုတ်ပေးစမ်းဟေ့။ ငတို့လူတွေရော၊ မြင်းရော ပန်းနေလို့ကွ"

"ရပါ ... ဗိုလ်မင်း၊ ရပါ့"

ငလုံ (သျှိဝ) နဲ့ ငမြွေ (ဗျဂ္ဃ) တို့က ခေါင်းပေါင်းပုဆိုးနဲ့ မြင်းကိုယ်ပေါ်မှချွေးများကို သုတ်ပေးနေတုန်း စောစောက မိမိတို့မြင်လိုက်ရတဲ့ ရှေ့ပြေးမြင်းသည်တော်နှစ်ဦး မောကြီးပန်းကြီး ရောက်လာကြတယ်။

ဗိုလ်မင်းဆိုသူကို အရိုအသေပြုလိုက်ကြတယ်။

"ဘာထူးခြားလဲ ... ငတက်စုံ"

"ရှေ့မှာ ကိုးပင်ချောင်းရှိပါတယ် ... ဗိုလ်မင်း"

"ဗိဿနိုးကရော ..."

"အလှမ်းဝေးပါသေးတယ် ... ဗိုလ်မင်း။ မြင်းနဲ့တောင် နေ့တစ်ခရီးဆက်မှ ရောက်မှာပါ။ မြို့အဝင်မတိုင်ခင်မှာ ရန်ပယ်ချောင်းရှိတယ်လို့ စုံစမ်းသိရှိခဲ့ရပါတယ်"

"ရန်ပယ်ချောင်း ဘယ်လောက်ကျယ်လဲ"

"ရေတက်ချိန်ဆို မြားတစ်ပစ်ခန့် ကျယ်ပါတယ်တဲ့။ ကျွန်တော်မျိုးတို့ သေချာအောင် ရှေ့ဆက်သွားမှာပါ ... ဗိုလ်မင်း"





"ကောင်းပြီ ... နောက်ကတပ်တော်ကြီးလည်း နောက်တစ်ရက်ကျော်ကျော်မှာ ရောက်လာလိမ့်မယ်။ ငါတို့ နှစ်ရက်ဆိုရင် ဗိဿနိုးကို လက်ရသိမ်းပိုက်နိုင်မှာကွယ့်"

"မှန်ပါ ... ဗိုလ်မင်း"

"ငါတို့ သိရှိခေတ္တရာ စစ်ချီလာတာကို ရှေ့ကရွာတွေ သိကြသလား"

"မသိကြသေးပါဘူး"

"မင်းတို့ ရန်ပယ်ချောင်းကို ရောက်အောင်သွား။ ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုတို့ပြောပုံအရ ရန်ပယ်က ရေစီးသန်တယ်တဲ့။ ရေတက်ရေကျကိုကြည့်၊ ချောင်းကျဉ်းချောင်းကျယ်ကို မှတ်ခဲ့။ ဘယ်လိုကူးရင် ရမယ်ဆိုတာရယ် လှေငယ်တက်ဆင်း ဘယ်လောက်ရှိတယ်ဆိုတာကို မှတ်သားပြီး ပြန်လာ။ ရောက်ရင် ငါတို့ နောက်ချန်တပ်မှူးတွေထံ သတင်းပို့ရမယ်။ နားလည်သလား"

"မှန်ပါ ... ဗိုလ်မင်း"

"ခဏနားပြီးရင် ပြန်သွား။ ကျေးရွာတွေမှာရှိတဲ့ ပျူတွေရဲ့သဘောထားလည်း စုံစမ်းဖို့ မမေ့နဲ့"

"မှန်ပါ ... ဗိုလ်မင်း"

ဒီမှာ ငလုံနဲ့ငမြွေတို့က ချွေးစိုပုဆိုးတွေ ကိုင်ပြီး ...

"ဗိုလ်မင်း ... လိုပါသေးလား၊ ကြည့်ပါဗျ"

"အေး ... ကောင်းတယ်။ ဒါနဲ့ မောင်ရင်တို့ရဲ့ ..."

"ဟုတ်"

"မင်းတို့ ပန်ထွာနိုင်ငံတော်ဆိုတာရော ကြားဖူးကြရဲ့လားကွယ့်ဆော"

"သူများအပြော ကြားဖူးပါ့ ... ဗိုလ်မင်း"

"ဘယ်လိုများကြားတုံး ပြောစမ်းလကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗိသနိုးမြို့မှာ ပန်ထွာဘုရင်မဆိုတာ အုပ်ချုပ်သတဲ့"

"အေး . . . ပြီးတော့ရော"

"ဘုရင်မက ဘုန်းတန်ခိုးကြီးသတဲ့ . . . ဗိုလ်မင်းရဲ့"

"ဒင်းက မြေလျှို၊ မိုးပျံနိုင်လို့ရှားဟဲ့"

"အဲလိုတော့ မဟုတ်ဘူးတဲ့ဗျ"

"ဟား . . . ဟား . . . ဟား . . . ဟား . . . မင်းနာမည် ဘယ်သူ . . . အဲ . . ."

"ငလုံငဲ့ . . ."

"မင်းတို့ရော သီရိခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းဆိုတာများရော ကြားဖူးလား လကွယ့်"

"ကုန်သွယ်ခရီးသွားများ ပြောသံသဲ့သဲ့ ကြားဖူးပါ . . . ဗိုလ်မင်း"

"ဘယ်ကလိုကြားတုံး ပြောစမ်းလကွယ့်"

"ဒွတ္တဘောင်မင်းကလည်း အလွန် ဘုန်းကြီးသဗျ"

"အိမ်း . . . ဆက်ပြောပါဦးကွယ်"

"သိကြားမင်းကတောင် သီလဝန်ဓား ဆက်သရတယ်လို့ ပြောကြသဗျာ"

"ပြီးတော့ရောဟ"

"ဒွတ္တဘောင်မင်းကြီးကို အနယ်နယ် ခစားရသတဲ့ဗျ။ ပြီး သီရိခေတ္တရာ ဆိုသဟာ နတ်ဘုံနတ်နန်းလို သာယာလှပပြီး အလွန်စည်ကားကြွယ်ဝတဲ့ တိုင်းပြည်ကြီးလို့ ကုန်သည်များက ပြောကြသယ်ဗျ"

"ဟုတ်တာပေါ့ . . . ငတို့ ဒွတ္တဘောင်မင်းကို နဂါးမင်းကတောင် သမီးကညာ ဆက်သတာကွယ့်။ အင်း . . . အင်း . . . ပန်ထွာ . . . ပန်ထွာ လက်သီးဆုပ်လောက် နိုင်ငံကလေးကနေ ငတို့မင်းကြီးကို အာခံချင်သေး မကြာခင် မှုန့်မှုန့်ညက်ညက် ကြေရတော့မှာပေါ့ကွာ"





"ဗိုလ်မင်းဘုရား"

"အိမ်း . . . ပြော"

"ကျွန်တော်မျိုးတို့ကို သွားခွင့်ပြုပါ . . . ဗိုလ်မင်းဘုရား"

"အိမ်း . . . အိမ်း . . . သွားတော့"

"အလိုရှိရာ ခိုင်းချင်ပါကလည်း ဟိုးရှေ့က ဆင်ပေါင်ဝဲ၊ သာားပိုး ကျေးရွာမှာ ကျွန်တော်မျိုးတို့ ရှိပါ . . . ဗိုလ်မင်းဘုရား"

"သာဓုဗျာ . . . သာဓု . . . သာဓု . . . ကျန်းမာ ချမ်းသာပါစေဗျာ"

ငလုံ (သျှိဝ) နဲ့ ငမြွေ (ဗျဂ္ဃ)တို့ဟာ မှင်မောင်းကောင်းကောင်းနဲ့ ပြောဆိုပြီး ဗိုလ်မင်းချီးမြှင့်တဲ့ ငှက်ပျောသီးဖိုး ငွေဒင်္ဂါးတစ်ပြားယူပြီး အားလုံးကို အရိုအသေပေးလို့ ထင်းစည်းထမ်း ထွက်ခဲ့ကြတယ်။

သည့်နောက် . . .

လျှို့ဝှက်တောလမ်း ခရီးတိုကနေ အပြင်းခြေလျင်နှင်ခဲ့ကြပြီး နေစောင်းတော့ ရန်ပယ်ချောင်းကို ဖြတ်ပြန်ခဲ့ကြတယ်။ ရန်ပယ်တစ်ဖက်ကမ်း ဗိသနိုးပိုင် မြေထဲရောက်မှ မြင်းနှစ်ကောင်ကို စီးပြီး ဗိသနိုးနန်းတော်ရှိရာကို မြင်းဒုန်းစိုင်းနှင်ပြီး အရောက်လာခဲ့ကြတယ်။

ဗိသနိုးနန်းတော်ရောက်တာနဲ့ ပန်ထွာဘုရင်မကြီးထံ ကြံခဲ့ရသမျှ အကြောင်းကုန်စင်ကို လျှောက်တင်ပြီး . . .

သက်သေခံ သီရိခေတ္တရာသုံး နေဝန်းပုံပါ ငွေဒင်္ဂါးကိုပါ ပေးအပ်ပြသလိုက်တယ်။

"မင်းကြီးတို့ . . ."

"အမိန့်ရှိပါ . . . ဘုရင်မ"

"သီရိခေတ္တရာမင်း ဒွတ္တဘောင်က သခင်မတို့ရဲ့ ဗိသနိုးကို တိုက်ခိုက်ဖို့ လာနေတာ သေချာသွားပါပြီ"

"မှန်ပါတယ် . . . ဘုရင်မ"



www.burmeseclassic.com

www.burmeseclassic.com



"သခင်မတို့က အညှဲ့ခံရိုး ထုံးစံမရှိဘူး"

"မှန်ပါ"

"သခင်မတို့က ကျူးကျော်သူမဟုတ်ဘူး။ သူတို့ သိရှိခဲ့တဲ့ရာကသာ ကျူးကျော်နယ်ချဲ့လိုသူတွေ ကောန်အမှန်ပဲ"

"သေချာကြောင်းပါ . . . ဘုရင်မကြီးဘုရား"

"မင်းကြီးတို့၊ မြို့ဝန်မင်းတို့၊ စစ်သူကြီးတို့၊ တပ်မှူးတို့ ရန်သူကိုတုံ့ပြန်တိုက်ခိုက်ဖို့ စစ်ရေး ချက်ချင်းပြင်ကြ။ ရိက္ခာတွေကို စုဆည်း သိုလှောင်ကြ။ ဗိဿနိုးမြို့တွင်းမြို့ပြင် လုံခြုံရေးနဲ့ စစ်လမ်းကြောင်းမှန်သမျှမှာ တပ်တော်ကြီးတွေ ဖြန့်ခင်းနေရာယူကြ"

✿ ✿ ✿

| ၂၃ |

☐

ဖခင်ရှင်ရသေ့ကြီး (သတိုးဓမ္မရာဇာ)၊ သက်တော်ရှည်ဘိုးဘိုးနှင့် ပုဏ္ဏားတော်ကြီးဦးစိန္တာနှင့် ပန်ထွာဘုရင်မကြီးတို့ဟာ ကျောက်လှေခါးထစ်များကို တစ်ထစ်ချင်းနင်းပြီး ရောမသစ်သားတံခါးကြီးရဲ့ မင်းတုပ်ကို ဖွင့်လို့ မဟာအတုလစည်တော်ကြီးရှိရာ အခန်းထဲကို ဝင်လိုက်ကြတယ်။

ပုဏ္ဏားတော်ပညာရှိ ရှင်စိန္တာက မဟာအတုလစည်တော်ပေါ်မှာ လွှမ်း အုပ်ထားတဲ့ ပိတ်ဖြူစကြီးကို လက်နှင့်ဖယ်ရှားလိုက်တော့ . . .

ဗိဿနိုးနတ်မင်းကြီးမှတစ်ဆင့် သိကြားမင်းပေးအပ်ခဲ့သော မဟာအတုလစည်တော်ကြီးကို ခန့်ညားစွာ မြင်ကြရတယ်။

အတုလစည်တော်ကြီးရဲ့ မျက်နှာစာမှာ တန်ခိုးကြီးအင်းကွက်တွေ (၁၀) ကွက်ရှိနေပြီး ၎င်းအင်းကွက်များကို ပျူစာနှင့်ရော သက္ကတစာနှင့်ပါရေးထားသည့် ဂါထာ၊ မန္တာန်တို့က စက်ဝိုင်းပုံ ဝိုင်းရံထားတယ်။ အသေအချာကြည့်မည်ဆိုပါက စည်သားကိုယ်ထည်ပေါ်မှာလည်း ဖဖြင်ရအလွန်



www.burmeseclassic.com

www.burmeseclassic.com



နက်နဲတဲ့ ဂမ္ဘီရပါဠိသက္ကတစာသားတွေကိုလည်း ရေးထိုးထားတာ မြင်နိုင်တယ်။

မဟာအတုလစည်တော်ကြီးရဲ့ မျက်နှာပြင်အဝန်းဟာ လူယောက်ျားကြီး လက်နှစ်ချောင်း ဝန်းယှက်စက်ဝိုင်းထားသည့်မျှ ကြီးမားပြီး အလုံးတော်ကြီးဟာလည်း ရာဝင်အိုးမျှကို ကြီးမားတယ်။

စည်ကြီးကို နယားခံကျောက်ပလ္လင်ပေါ်မှာ ခိုင်ခံ့တဲ့ သစ်သားတိုင်နှစ်တိုင်နဲ့ စိုက်ထူပြီး တန်းထိုးလို့ သံကောက်နဲ့ ဆွဲချိတ်ထားတာ။

"ဘုရင်မကြီးဘုရား ..."

"ပုဏ္ဏားတော်ကြီး ... ပြောပါ"

"ဟောဒီ အတုလစည်တော်ကြီးမျိုးဟာ ဘယ်နိုင်ငံမှာမှ မရှိပါဘူး ... ဘုရင်မကြီး။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော အရှင်ပန်ထွာဘုရင်မကြီးကိုသာလျှင် သိကြားမင်းက ချစ်ခင်နှစ်သက်စွာဖြင့် ပေးသနားတော်မူခဲ့တာပါ။ ဤအတုလစည်တော်ကြီးကို သုံးကြိမ် သုံးခါ တီးလိုက်ပါက ဟိုးအနောက်တောင်ညိုတောင်တန်း (ယခု ပျဉ်းမနားတောင်ညိုတောင်တန်းများကိုဆိုလိုပါသည်)အရပ်ကနေ လျှပ်စစ်မိုးကြိုးများ ကြောက်ခမန်းလိလိခြိမ်းပြီး ကောင်းကင်ဟာ ညိုမည်းပိန်းမှောင်လို့ ရောမ မိုးကြီးသည်းထန်စွာ ရွာပါလိမ့်မည် ... ဘုရင်မ။ ဒါနှင့်အတူ ရန်ပယ်ချောင်းရှိရာကို တောင်ကျမိုးများ အရှိန်ကြီးစွာ စီးလိမ့်ကျပြီး လှိုင်းတံပိုးကြီးများ လျှောင်တော်လဲသလို ထလို့ ရန်ပယ်ချောင်းကို ကူးလာနေသည့် ရန်သူလှေ၊ ဖောင်၊ ငှက်တို့ကို တိုက်စားဖြိုဖျက်ပြီး ချေမှုန်းပစ်ပါလိမ့်မည် ဘုရား"

"အမှန်သေချာပါရဲ့လား ... ပုဏ္ဏားတော်ကြီး"

"ဟောဒါ ဗိသနိုးနတ်မင်းကြီး နတ်ပြည်မကြွခင် ပေးအပ်ခဲ့တဲ့ ကြေးပုရပိုက်ပါဘုရား။ စီရင်ရမည့် အစီအရင်နဲ့ အကျိုးသက်ရောက်မှုကို ရှေးဟောင်းစာများနဲ့ ရေးထားပါတယ် ... ဘုရင်မ"





"ကောင်းပြီ ... ပုဏ္ဏားတော်ကြီး၊ မည်သို့ စီရင်ပြီး တီးခတ်ရမည်ကို လျှောက်တင်ပါ"

"မှန်ပါ ... အစီအရင်မပါဘဲ ယခုနေ တီးခတ်ပါက မည်သို့မျှ အသံမမြည်ပါဘူး .. ဘုရင်မ။ အတုလစည်တော်ကြီးကို အသံမြည်အောင် တီးခတ်ဖို့က အတုလစည်တော်ကြီးကို စောင့်ကြပ်သည့် အင်းစောင့်တို့အား သစ်သီးဝလံ (၇)မျိုး၊ အမွှေးနံ့သာ (၇)မျိုး၊ ဆီမီးအလင်းတိုင်နှင့် ဘုရင်မကြီးကိုယ်တော်တိုင် ဗလိဒါနပြုပြီး အင်းစောင့်တို့ကို နှိုးရပါမယ်။ ပြီးလျှင် စည်တော်ရဲ့ မျက်နှာပြင်ကို နဖူးဖြင့် (၃) ကြိမ်တို့ထိပြီး မေတ္တာပို့၍ အကူအညီများ တောင်းရပါမယ်။ ပြီးသည်နှင့် သစ္စာဆိုရပါမယ်။ ကျွန်ုပ်သည် မည်သည့်နိုင်ငံ ကြီးငယ်ကိုမျှ ကျူးကျော်ရန်ပြုစော်ကားခြင်း အလျဉ်းမပြုပါ။ ကျွန်ုပ်နိုင်ငံနှင့် မြို့သူမြို့သားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို နေ့ညမပြတ် စောင့်ရှောက်ပါ၏။ အပြစ်ရှိသူမှအပ လူသတ္တဝါတို့အား ညှဉ်းပန်းခြင်းမရှိ နတ်ကောင်းနတ်မြတ်တို့အားလည်း ဗလိနတ်စာ၊ ဒေဝနတ်စာ ကောင်းမှုပြုပါ၏။ ရှင်လူရဟန်း၊ မြင့်မြတ်သူတို့စကားကို နာယူခြင်းပြုပါ၏။ ဤမှန်သော သစ္စာစကားကြောင့် မဟာအတုစည်တော်ကြီးကို စောင့်ရှောက်ကြသည့် အင်းစောင့်များ အသက်ဝင်နိုးထ၍ စည်တော်ကြီးကို အသံမြည်ပါစေသတည်း။ ဤ မဟာအတုလစည်တော်ကြီး၏ တန်ခိုးရှိန်စော်ကြောင့် ရန်သူတို့ ဗိသနိုးမြို့ကို ချဉ်းကပ်၍ မရနိုင်အောင် မိုးကြီး၊ လေကြီး၊ လှိုင်းကြီး၊ လျှပ်စစ်မိုးကြိုးအစွမ်းတို့ ပြုပြီး ကာကွယ်စောင့်ရှောက်တော်မူပါစေသတည်း။ အဲဒီ သစ္စာပြု ပူဇော်သက္ကာရပြုပြီး ဘုရင်မကိုယ်တော်တိုင် ညာလက်နှင့် သုံးကြိမ်သုံးခါ တီးခတ်ရပါမည် ဘုရား"

"ကောင်းပြီလေ ... တီးခတ်ရမည့်အချိန်ကရော ပုဏ္ဏားတော်ကြီး"

"ရန်သူတွေ ရန်ပယ်ချောင်ကို ဖြတ်ချိန်မှာ တီးရပါမည်။ ဗလိနတ်စာကိုမူ မင်္ဂလာချိန်ခါသင့်၍ ကောင်းကင်နက္ခတ် ဂြိုဟ်စီးသာချိန်မှာ ကြွေ၍ ပြုရပါမည် ... ဘုရင်မကြီး"



www.burmeseclassic.com

www.burmeseclassic.com



''ပုဏ္ဏားတော်ကြီး ပြောသည့်အတိုင်း ပြုရမှာပါပဲ။ မင်္ဂလာရက် မြတ်ချိန်ခါကိုသာ အမြန်တွက်ချက်ပြီး ကြိုတင်စီရင်ပေတော့ ... ပုဏ္ဏား တော်ကြီး''

''စိတ်ချတော်မူပါ ... ဘုရင်မကြီး''

''အဖ ရှင်ရသေ့ကြီးဘုရား''

''သမီးတော် ဘုရင်မကြီး ...''

''တပည့်တော်မ စစ်တိုက်ရမည့်အလုပ်၊ စစ်ဖြစ်ရမည့်အလုပ်ကို ရွံ့မုန်းစက်ဆုပ်ပါသည် ... အဖ။ သို့သော် ကိုယ့်ပြည်၊ ကိုယ့်မြေ၊ ကိုယ့်ထီး ကိုယ့်နန်းနဲ့ ကိုယ့်ပြည်သူပြည်သား ပျူလူမျိုးတွေကို အခြားတစ်ပါးက လာ ရောက်ကျူးကျော် စော်ကားမှာကိုတော့ ခေါင်းငုံ့မခံနိုင်ပါဘူး အဖ။ ပန်ထွာ နိုင်ငံ မြို့သားတွေ တစ်ပါးကျွန်အဖြစ်ထက် တိုက်ရင်းသေတာ အသေမြတ် တယ်လို့ ယုံကြည်ထားပါတယ်။ တပည့်တော်မ မကျဆုံးသမျှ ဗိဿနိုး မြို့သူမြို့သားတွေ မျက်ရည်မကျစေရပါဘူး အဖ''

''အေးပေါ့ ... ဘုရင်မကြီးရယ်၊ စစ်ကို မဖြစ်ချင်ဘူးဆိုတာ အဖ ရသေ့ ယုံကြည်ပါတယ်။ သို့သော် အကြောင်းတရားကို အခြေခံပြီး အကျိုး တရားက ဖြစ်ခဲ့ရတော့မှာပေါ့။ တစ်ဖက်က စစ်ချီလာပြီဆိုတော့ ... အင်းလေ ...

✿ ✿ ✿

[၂၄]

❑

ဗိဿနိုးတစ်မြို့လုံး၊ ပန်ထွာတစ်နယ်လုံး လှုပ်လှုပ်ရှားရှား ကြိုးစား ပမ်းစား ရှိနေကြတယ်။ မြို့ရိုးပေါ်မှာ ကျောက်တုံး၊ ကျောက်မောင်းတွေကို အင်အားနဲ့ ဆင် ထား၊ တင်ထားကြတယ်။

လက်နက်တိုက်ကနေ အဲမောင်း၊ လှံရှည်လှံတို၊ ဓား၊ လေး၊ မြား၊ ဒူးဆိန်၊ ရဲတင်း၊ ကြိုး စသည်တို့ကို အကြပ်အစုလိုက် ထုတ်ထားကြပြီး ပျူ့ပန်းပဲဖိုတွေဟာ နေ့မီးရော၊ ညမီးရော မပြတ်ဘူး။

သံအကောင်းစားနဲ့ ဓားလှံတွေကို နေ့နေ့ညည ထုရိုက်၊ ထုတ် လုပ်နေတယ်။

ဒိုင်းဝန်တွေက သွားရေဒိုင်း၊ သစ်သားဒိုင်းတွေကို အမြန်လုပ်နေ ကြသလို လေးပစ်ဖို့ မြားတံထိပ်တပ်ဖို့ ကြေးမြားစွပ်တွေကိုလည်း အရည် အတွက်များစွာ ပြုလုပ်ကြတယ်။

ဗိဿနိုးမြို့သားများ၊ တိုင်းသူပြည်သား ပျူတို့ကလည်း ဗိန်းဥ၊ မျောက်ဥ၊ ကျွဲဥနှင့် စပါးဆန်တို့ကို စုဆောင်းပြီး လှံခြံရာမှာ သိမ်းဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားကြသလို၊ ဝါးချွန်တွေ၊ ကျည်းသားတုတ်တွေ စုဆောင်းကြပြီး ဓား၊ လှံတို့ကို မြနေအောင် သွေးနေကြတယ်။

အားလုံးရဲ့ရင်ထဲမှာ သီရိခေတ္တရာရဲ့ ကျူးကျော်စစ်ကို မဆုတ်မနစ် တွန်းလှန်ရမယ်၊ ကြောက်ရင် ကျွန်ဖြစ်ရမယ်ဆိုတဲ့ အသိကို နှလုံးသွင်းပြီး အားလုံး စစ်အလာကို စောင့်နေကြတယ်။

စစ်သူကြီးယောဘနဲ့ တပ်မှူးသျှိဝတို့က လေးသည်တော်များကို ရန်ပယ်ချောင်းနံဘေး တောင်ကုန်းတွေပေါ်မှာ နေရာချထားကြတယ်။

ရန်ပယ်ချောင်းရဲ့ ချောင်းကျဉ်းနေရာတွေကနေ ရန်သူ လှေဖောင်တွေနဲ့ ကူးလာနိုင်တာမို့ မီးလောင်စာခြောက်ဖောင်တွေလည်း ချောင်းစပ်မှာ တန်းစီချထားတယ်။

"ဥက္ကါ ..."

"အမိန့်ရှိပါ ... တပ်မှူး"

"မောင်မင်း ... ရေကြောင်းကို ဘယ်လိုစီရင်ထားတုံး"

"ရေစပ်တစ်လျှောက် ရေမြှုပ်၊ ဝါးညှောင့်များ ခပ်စိပ်စိပ်ထောင်ထားပါတယ် ... တပ်မှူး။ အကယ်လို့ ရန်သူ့ဖောင်တွေ ကမ်းခြေကို တက်ခဲ့ရင်လည်း ကမ်းတက်ခွင့်မရအောင် ဗိုင်းခုတ်ဖို့ ရေကင်းတပ်ကိုလည်း အဆင်သင့် ပြင်ထားပြီးပါပြီ ... တပ်မှူး"

"ကောင်းတယ်"

"တပ်မှူး ... သျှိဝ"

"စစ်သူကြီး"

"အကြောင်းကြောင်းကြောင့် ကုန်းလမ်းက ဝင်လာခဲ့ရင် ကျွန်တို့ ညှပ်တိုက်ဖို့ ပြင်ရမယ်"

"မှန်ပါတယ်"

"ပန်းပဲဖိုက ဆင်ခလုတ်၊ မြင်းခလုတ်၊ သံချွန်များ ရပြီတဲ့လား တပ်မှူး"

"ရန်သူစစ်ချီလာမည့်လမ်းမှာ ဆင်ခလုတ်၊ မြင်းခလုတ် ဆင်ထားပြီးပါပြီ ... စစ်သူကြီး"





"ကျုပ်တို့ရဲမက်တွေကို သတိပေးထားမှနော် ... တပ်မှူး"

"အမိန့်ထုတ်ထားပြီးပါပြီ ... စစ်သူကြီး"

"အရေးကြီးတာ နန်းတော်ပဲ ... တပ်မှူး"

"ဟုတ်ပါ့ ... စစ်သူကြီး"

"ကျုပ်တို့ အသေခံစစ်သည် လုံလောက်ရဲ့လား ... တပ်မှူး"

"နန်းတော်ကို အသက်ပေးကာကွယ်ဖို့ နန်းပြင်မှာ စစ်သည်တစ်သောင်း။ မြို့ရိုးပေါ်မှာ လေးသည်တော်များ အပါအဝင် စစ်သည် တစ်သောင်း၊ ရွှေနန်းတော် ပတ်ပတ်လည်မှာ စစ်သည်ငါးထောင် ရှိပါတယ်"

"ကျုပ်တို့ အထောက်တော်တွေရဲ့သတင်း နားထောင်ရအောင် တပ်မှူး"

ဒီ ခုခံတိုက်ပွဲမှာ စစ်သူကြီးယောဘ ဗိုလ်ချုပ်အဖြစ် အုပ်ချုပ်ရသလို၊ သျှိဝလည်း တပ်မှူးအဖြစ် စီမံဆောင်ရွက်ရတယ်။

သူတို့လက်အောက်မှာ အမတ်၊ ဗိုလ်၊ အကြပ်၊ တပ်သားတွေ အစည်းအကြပ်လိုက် စီစဥ်ပြီးပြီ။

တပ်သား၊ အကြပ်၊ အမတ်၊ တပ်မှူး၊ စစ်ကဲ၊ တပ်မင်းနှင့်တကွ ဗိုလ်ချုပ်ယောဘတို့အားလုံး ရင်ဆိုင်တိုက်ပွဲအတွက် အသင့်ပြင်ပြီး ရန်သူကို စောင့်မျှော်နေကြတာ။

ဒီမှာ ရန်ပယ်ချောင်းမှ လှေတစ်စင်း အပြင်းဝင်လာပြီး ရေဆိပ်မှာ ကပ်လိုက်တယ်။

လှေပေါ်က ဆင်းလာသူက ညွတ်ကွင်းတွေနဲ့ အထောက်တော်ဖျက္ကု။ သူ့ပုံစံက မုဆိုးငယ်တစ်ဦးသဏ္ဍာန်။

ဖျက္ကုက ဗိုလ်ချုပ်ယောဘကို အရှိအသေ ပြုလိုက်တယ်။

"ဖျက္ကု ... စုံစမ်းရသမျှ အစီရင်ခံစမ်း"

"သီရိခေတ္တရာ ရှေ့ပြေးမြင်းတပ်အင်အား ငါးထောင်ခန့် ဦးဆောင်လာနေပါတယ် ... ဗိုလ်ချုပ်၊ သူတို့ဟာ နေမွန်းမတည့်မီ ရန်ပယ်ချောင်းရှိရာကို ရောက်နိုင်ဖွယ်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပါအင်အားကရော"

"ခြေလျင်၊ မြင်း၊ ဆင်၊ အင်အား သောင်းချီတပ်ကြီး လိုက်ပါလာလျက် ရှိပါတယ် ... ဗိုလ်ချုပ်"

"အင်အားမနည်းဘူး ... တပ်မှူးသျှိဝ"

"မှန်ပါ ... ဗိုလ်ချုပ်"

"တပ်မှူး ဘုရင်မကြီးထံကို အမြန်သွားပြီး အခြေအနေကို တင်လျှောက်။ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ကင်းတွေနဲ့ တပ်တွေကိုလည်း တိုက်ပွဲဝင်ဖို့ အမိန့်ပေးတော့"

"မှန်ပါ ... ဗိုလ်ချုပ်"

တပ်မှူးသျှိဝ မြင်းနက်ကြီးပေါ် လွှားခနဲ ခုန်တက်လိုက်ပြီး ရန်ပယ်ကနေ ဗိဿနိုးနန်းမြို့ရှိရာကို အမြန် မြင်းဒုန်းစိုင်းပြီး နှင်ချလာလိုက်တယ်။

သျှိဝ မြင်းပေါ်ကနေ မြို့ရိုးပေါ်က တလူလူလွင့်နေတဲ့ အောင်လံတွေကိုမြင်ပြီး ရဲစိတ်တက်လို့ ...

သူ့ကိုမြင်တော့ တံခါးမှူးက မြို့တံခါးကို ဖွင့်ပေးတယ်။ သျှိဝ .. ပေပင်တွေ တန်းစီပေါက်နေတဲ့ နန်းတော်သွားလမ်းအတိုင်း မြင်းကိုအသော့စီးခဲ့ပြီး နန်းတော်နဲ့ မလှမ်းမကမ်းမှာ မြင်းကို အပ်ခဲ့လိုက်တယ်။

နန်းတော်ထဲမှာ ပန်ထွာဘုရင်မ၊ ရှင်ရသေ့ကြီး သတိုးဓမ္မရာဇာနှင့် သက်တော်ရှည်အမတ်ကြီးအပါအဝင် မှူးကြီးများက သူ့ကိုမြင်တော့ ဦးခေါင်းတွေ မော့ကုန်ကြလို့။

"တပ်မှူးသျှိဝ ..."

"အရေးတော် လျှောက်တင်ရန် ပါကြောင်းပါ ... ဘုရင်မကြီး"

"အမြန်လျှောက်တင်ချေ ... တပ်မှူးသျှိဝ"

"သီရိခေတ္တရာရဲ့ ရှေ့ပြေးတပ်အင်အား ငါးထောင်မျှသော မြင်းတပ်ကြီးဟာ ရန်ပယ်ချောင်းရှိရာကို ဦးတည်လာနေသလို၊ နောက်ပါ မြင်း





တပ်၊ ဆင်တပ်တို့လည်း အင်အားအလုံးအရင်းနှင့် ချီတက်လာနေပါပြီ .. ဘုရင်မကြီးဘုရား"

"တို့များ ဗိဿနိုးတပ်တွေကိုရော အသင့်စီမံထားရဲ့လား ... သျှိဝ"

"မှန်ပါ ... ရန်ပယ်ချောင်းကနေ ဗိဿနိုးမြို့ရိုးတိုင်အောင် ခြေလျင်တပ်၊ မြင်းတပ်၊ လုံရှည်လုံတို၊ လေးမြား၊ ဒိုင်းလွှားကာအသင့်၊ ရိက္ခာအသင့်၊ လက်နက်ကျောက်မောင်း၊ မြေကတုတ်၊ ခံကတုတ်၊ ဆင်ခလုတ်၊ မြင်းခလုတ်၊ ရေခြောင်တို့ဖြင့် တောက်လျှောက်တိုက်ပွဲဝင်ရန် အသင့်ရှိနေပါပြီ ဘုရင်မ"

"မြို့သူမြို့သား၊ နယ်သူနယ်သားတွေကိုရော စစ်ဖြစ်မည့်အခြေအနေအတွက် နေရေးထိုင်ရေး ကိစ္စများရော"

"မှန်ပါ ... မြို့သူကြီး၊ ရွာသူကြီး၊ ကလန်များက အစားအစာ၊ ရေ စသည်တို့နှင့် တိုက်ပွဲကြီးဖြစ်ခဲ့ပါက လူကြီးလူအို၊ ကိုယ်ဝန်ဆောင်၊ ကလေးသူငယ်၊ နာမကျန်းသူများကို စစ်လမ်းကြောင်းနဲ့ ဝေးရာအရပ်မှာ ခေတ္တရှောင်တိမ်းကြဖို့ ကြိုသတိပေးခိုင်းပြီးပါပြီ ... ဘုရင်မ"

"ရန်ပယ်ချောင်းထိပ်က တောင်ကုန်းပေါ်မှာ အချက်ပေး အလံတိုင်ကို ဗိဿနိုးမြို့ရိုးပေါ်က လှမ်းမြင်ရ အောင်ရော ပြင်ပြီးပြီလား ... တပ်မှူး"

"ရန်သူတွေ ရန်ပယ်တစ်ဖက်ကမ်းကို ရောက်ရှိပြီး လှေဖောင်များနှင့် ကူးသည်နှင့် ရေဆိပ်တောင်ကုန်းက အချက်ပေးအလံများ ဆွဲတင်ပါမည် ... အရှင်မ။ ဒီအလံတိုင်မှ ရန်သူကူးလာနေကြောင်း အချက်ပေးအလံများကို ဗိဿနိုးမြို့ရိုး ကင်းမျှော်စင်ပေါ်ကနေ ကြည့်ရှုနှင့် မြင်ရပါမည် ... ဘုရင်မကြီးဘုရား"

"ကောင်းပြီ ... သင်တို့ကလည်း သီရိခေတ္တရာသားတွေ၊ ငါတို့ကလည်း ဗိဿနိုးသား၊ ပန်ထွာသားတွေ ... ဟင်း ... ဘယ်သူ့ခွန်အားနိုင်ရည်ရှိမှာလဲ တွေ့ကြသေးတာပေါ့ ... ဒွတ္တဘောင်။ ဒွတ္တဘောင် သင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘုန်းရှင်ကံရှင်ဆိုပြီး မြေကြီးပေါ်နဲ့ မိုးကောင်းကင်အောက်မှာ ရှိသမျှ အကုန်ပိုင်ဆိုင် ရယူချင်တဲ့ ဘုရင်လောဘသား။ ငါတို့ ဘယ်နိုင်ငံကိုမှ မြေတစ်ထွာရောက်အောင် မကျူးကျော်ဘူး၊ မစော်ကားဘူး၊ မထေမဲ့မြင် မလုပ်ဘူး။ ဒါပေမင့် အဲဒီအဖြစ်တွေအားလုံးကို လုပ်ခဲ့တယ်။ အဲဒီ ကျူးကျော်မှုအတွက် သင်တို့အားလုံးရဲ့ သွေး၊ ချွေး၊ အသက်တွေ ပေးဆပ်ရမယ်။ ဒီမယ် ပုရောဟိတ် ပုဏ္ဏားတော်ကြီး''

''အမိန့်ရှိပါ ... ဘုရင်မကြီး''

ပညာရှိ ပုဏ္ဏားတော်ကြီးက လက်အုပ်ချီပြီး ဘုရင်မကို အခစားလိုက်တယ်။

''မဟာအတုလစည်တော်ကြီးကို မုချမသွေတီးခတ် အသုံးချရတော့မယ်။ စည်တော်ကြီးကို စောင့်ရှောက်ကြတဲ့ အင်းစောင့်တွေကို ဗလိနတ်စာ၊ အဖျော်စားဖွယ်၊ အမွှေးနံ့သာတို့နဲ့ ပူဇော်ပြီး အင်းစောင့်တွေထံမှာ အကူအညီတောင်းရမယ်။ အမြန်စီစဉ်ပါ ပုဏ္ဏားတော်ကြီး''

''မှန်ပါဘုရား ... မှန်ပါ ဘုရား ... ယခုချက်ချင်း အမြန်ဆုံး စီစဉ်ပါမည်၊ ခေတ္တမျှ စောင့်ဆိုင်းတော်မူပါဘုရား''

''ပုဏ္ဏားတော်ကြီး''

''ဘုရား ... ဘုရား ...''

''သခင်မ မေ့သွားလို့ပါ။ ဒီနေ့ရော ကောင်းကင်နက္ခတ် နေ့ကောင်းရက်သာ ရှိပါရဲ့လား ပုဏ္ဏားတော်ကြီး''

''မှန်ပါ ... ကောင်းကင်နက္ခတ် ဂြိုလ်စီးဂြိုလ်နင်း အခါကောင်းပါ ဘုရင်မ''

''ဒါဆို အမြန်သာ စီစဉ်တော့''

ပုဏ္ဏားတော်ကြီး ထွက်သွားတော့ ဘုရင်မ ပန်ထွာနှင့် သက်တော်ရှည်အမတ်ကြီး အဘရသေ့ (သတိုးဓမ္မရာဇာ)တို့ စစ်ဖြစ်ရတော့မည် ဖြစ်လို့ စစ်ပွဲရဲ့ အရှုံးအနိုင် အခြေအနေအရပ်ရပ်ကို ဆွေးနွေးကြတယ်။

သူတို့ ဒီလို ရောမစစ်ပွဲကြီး မဖြစ်ဖူးဘူးများ။





မကြုံဖူးဘူး။

မိမိတို့ရဲ့ ဓား၊ လှံ၊ လေးမြားတွေဟာ နိုးသားမုဒိမ်းတို့ကိုသာ စီရင်သွေးသောက်ခဲ့ဖူးတာ။

ဆင်သည်၊ မြင်းသည်၊ ခြေလျင် သူရဲသူခက်တို့ မြောက်မြားစွာနှင့် သွေးချောင်းစီးရမည့်စစ်ပွဲကို မကြုံဖူးကြ။

အေးလေ ....

ဘုရင်ဆိုတာ စစ်တိုက်ဖူးမှ ဘုရင်စစ်တာပဲတဲ့။

ဘုရင်မဆိုတာလည်း စစ်ပွဲမှာ ဓားတစ်ဝင့်၊ မြားတစ်စင်းလွှတ်၊ ရန်သူ့သွေးကို အစိမ်းသောက်ဖူးမှ ဘုရင်မ ဖြစ်တာ။

တိုက်ပွဲမဝင်ဖူးတဲ့ဘုရင်ဟာ အာဇာနည်မင်း ဖြစ်ပါ့မလား။

စစ်ပွဲမှာ ကျဆုံးသွားမှ အာဇာနည်ဘုရင်လား။

ဘုရင် ... ဘုရင်မတို့ရဲ့ သွေးလှူးဓား၊ သန်လျက်တွေက သူတို့ရဲ့ သမိုင်းကို ဂုဏ်တင့်စေတာလား။

စစ်ပွဲတွေ မရှိ။

သွေးချောင်းတွေ မစီး။

ဓားလှံတွေမှာ သွေးမပေဘဲ ကြေးစည်သံတွေ၊ စည်ခြောသံတွေ၊ မှုတ်တေးတွေနဲ့ သာဓုခေါ်သံကြားရအောင်လုပ်တဲ့ ဘုရင်မျိုးရော အာဇာနည်လို့ မခေါ်နိုင်ဘူးလား။

''ဘုရင်မကြီး အသင့်ဖြစ်နေပါပြီ ဘုရား။ မဟာအတုလစည်တော်ကို နန်းမြင့်စည်တော်ခန်းမသို့ ကြွတော်မူပါဘုရင်မကြီး ဘုရား''

ဘုရင်မကြီးတို့ နန်းမြင့်မျှော်စင် စည်တော်ခန်းမရှိရာသို့ လှေကားထစ်များကိုနင်းပြီး တက်ခဲ့ကြတယ်။

သစ်သားတံခါးကြီးကို လှံရှည်ကိုင်၊ တံခါးစောင့်များအနက်မှ အကြီးအမှူးတစ်ဦးက ဖွင့်ပေးလိုက်တယ်။

အမွှေးနံ့သာ (၇)မျိုးတို့ရဲ့ ရနံ့က သင်းပျံ့ကြိုင်လှိုင်လို့။ နံ့သာတွေကိုလည်း အရည်အဖြစ်သွေးပြီး ခွက်ကိုယ်စီမှာ ထည့်ထားတာ။



www.burmeseclassic.com

www.burmeseclassic.com



နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ နလင်ကျော်၊ စမွှါ၊ ကံကော်၊ မာလာကျိုကျူး စန္ဒကူး။

ရနံ့တွေပေါင်းစုံလင်လေတော့ ရှင်ကို အေးမြသွားတာပဲ။

အင်းစောင့်တွေ နှစ်သက်ဖွယ်ရှိမည့် သစ်သီးဝလံအစုံ . . .။

အချို့သော နံ့သာတို့ကို မြေခွက်ထဲမှာ မီးသင်းရှို့ထားတော့ အနံ့အငွေ့တွေက မဟာအတုလစေတီတော်ကြီးရှေ့မှာ ဝေ့ဝဲဦးခိုက်နေသလို။

ပြီး . . . .

အရှေ့ကျွန်းနေ မဟာကပ္ပိန္နနတ်မင်း။

အနောက်ကျွန်းနေ ကပ္ပစိန္တာနတ်မင်း။

တောင်ကျွန်းနေ ကပ္ပနန္ဒာနတ်မင်း။

မြောက်ကျွန်းနေ ရှဖေယျာကပ္ပနတ်မင်းကြီးတို့ကိုလည်း စားဖွယ်များနဲ့ ပူဇော်ဖို့ပြင်ထားတယ်။

တစ်ခါ ကျေးဖူးတော်ရှင် ဗိသနိုးနတ်မင်းကြီးနှင့် ဘိုးတော်သိကြားမင်းကိုလည်း စားတော်ပွဲ ခဲဖွယ်များနှင့် ပူဇော်ဖို့ပြင်ထားတယ်။

ပုဏ္ဏားတော်ကြီး စိန္တာဉာဏက ဦးစွာ နတ်မင်းကြီးလေးပါးကို မန္တာန်များ၊ ဂါထာများရွတ်ပြီး ပင့်လိုက်တယ်။

ပြီး . . . မဟာဗိသနိုးနတ်မင်းကြီးကိုလည်းပင့်လို့ စားဖွယ်များဆက်တယ်။

အတုလစေတီတော်ကြီးမှာရှိတဲ့ အင်းစောင့်တို့ကိုလည်း နံ့သာမျိုးသစ်သီးမျိုးတို့နှင့်ပူဇော်ပြီး နတ်နိုးမန္တာန်တို့ကို အသံဟိန်းဟိန်း ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် . . .

"ဘုရင်မကြီးဘုရား"

"ပုဏ္ဏားတော်ကြီး"

"ဘုရင်မကြီး ကိုယ်တော်တိုင် နံ့သာမျိုးများနှင့် ပူဇော်ပက်ဖျန်း၍ လိုရာကိုဆုတောင်းတော်မူပါ ဘုရင်မကြီး"

---

စိတ်ကူးသစ်စာပေ



ပန်ထွာဘုရင်မကြီးက ဖယောင်းအနှစ်သားကဲ့သို့ ဖြူဥသွယ်လျသည့်လက်အစုံနှင့် နံ့သာတို့ကို နတ်ပန်းညိုခြက်နှင့် တို့စိမ်ပြီး . . .

"ကျေးဖူးတော်ရှင် ဘိုးတော်သိကြားမင်းအား သမီးတော် ပန်ထွာဘုရင်မ ရိုသေစွာ အမွှေးနံ့သာ ခဲဖွယ်များဖြင့် ပူဇော်ပါ၏။ လက်ခံတော်မူပါ"

"မောင်ကြီး ဗိသနိုးနတ်မင်းကြီးအားလည်း အကျော်စံပွါယ် သစ်သီးခဲဖွယ်တို့နှင့် ပူဇော်ပါ၏။ လက်ခံတော်မူပါ"

"အရှေ့ကျွန်း . . . အနောက်ကျွန်း . . . တောင်ကျွန်း . . . မြောက်ကျွန်းတစ်ခွင်ကို ပိုင်စိုးတော်မူသော မဟာကပ္ပ၊ ကပ္ပစိန္တာ၊ ကပ္ပနန္ဒာ၊ ရှဖေယျကပ္ပ နတ်မင်းကြီးတို့အားလည်း အမွှေးနံ့သာ အကျော်ကရမက်၊ သစ်သီးဝလံ စားဖွယ်တို့ဖြင့် ပူဇော်ပါ၏။ လက်ခံတော်မူပါ"

"မဟာအတုလစေတီတော်ကြီးအား စောင့်ရှောက်တော်မူကြကုန်သော အင်းစောင့်နတ်မင်းတို့အားလည်း အမွှေးနံ့သာ၊ အလင်းတိုင်၊ စားဖွယ်၊ ပိတ်ဖြူဝတ်လဲတော်၊ ပန်းရေချမ်းတို့ဖြင့် ပူဇော်ဒါနပြုပါ၏။ နတ်မင်းကြီးတို့ ကျွန်ုပ် ဗိသနိုးဘုရင်မ ပန်ထွာသည် မှန်သောသစ္စာကိုပြုပါ၏။ ကျွန်ုပ်သည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ရန်စခြင်း၊ ရန်ပြုခြင်း၊ စော်ကားခြင်း အလျဉ်းမပြုခဲ့ပါ။

ကျွန်ုပ်အုပ်စိုးသည့် ဗိသနိုးမြို့ ပန်ထွာပြည်တွင်းရှိ ပျူ၊ ကမ်းယံ၊ သက်လူမျိုးတို့အား ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ခဲ့ပါ၏။

ယခုအခါ သီရိခေတ္တရာပြည်သား ဘုရင်ဒွတ္တဘောင်သည် အနွယ်တော်မျိုးမ၏ ပန်ထွာပြည်ကြီးအား ကျူးကျော်ဖျက်ဆီး လာရောက်တိုက်ခိုက်သိမ်းပိုက်ရန် စစ်အင်အား အလုံးအရင်းနှင့် စစ်ချီ၍ ရန်ပယ်ချောင်းရိုးရွာအရပ်သို့ ဦးတည်လာခဲ့ပါပြီ။

ဤမှန်သော သစ္စာစကားကြောင့် သီရိခေတ္တရာ ကျူးကျော်[illegible]တို့အား ကျွန်ုပ် ပန်ထွာဘုရင်မ အနိုင်ရပါစေသား။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရန်ပယ်ချောင်းကိုကျော်၍ ရန်သူတို့ ပန်ထွာပြည် ဗိဿနိုးမြေသို့ ခြေချ၍မရအောင် ဘိုးတော်သိကြားမင်း ချီးမြှင့်ပေးအပ်သည့် မဟာအတုလစည်တော်ကြီးကို ကျွန်ုပ် ပန်ထွာဘုရင်မ တီးခတ်ပါမည်။

စည်တော်ကြီးသည် အုန်းအုန်းခြိမ့်ခြိမ့် စည်တော်သံ မြည်ဟီးပါစေသတည်း။

အတုလစည်တော်ကြီး၏ မြည်သံကြောင့် ရန်ပယ်ချောင်းသည် မိုးကြီးသည်းထန်စွာရွာချ၍ တောင်ညိုတောင်တန်းတို့မှ ရေအလျင်တို့သည်လည်း လှိုင်းတံပိုးကြီးများ အော်မြည်စီးလိမ့် ရန်သူတို့ကို မချဉ်းကပ်နိုင်အောင် ဖယ်ရှားတော် မူပါစေသတည်း။

နတ်မင်းအပေါင်း …

မဟာအတုလစည်တော် အင်းစောင့်အပေါင်းတို့ ကူညီစောင့်ရှောက်တော်မူပါစေသတည်း။

ရန်သူတို့ နောက်ဆုတ်သွားပါက ရန်ပယ်ချောင်းရေသည် နဂိုအတိုင်း ငြိမ့်ညောင်းသာယာ၍ မိုးလေဝသတို့ မှန်ကန်ပြီး စပါးဆန်ရေ ပေါ်ကြွယ်ဝပါစေသတည်း။ နတ်အပေါင်းတို့ ချမ်းသာကြပါစေ။

"သာဓု … သာဓု … သာဓု"

အနီးရှိပုဂ္ဂိုလ်တို့က သာဓုခေါ်ကြတယ်။

ပန်ထွာဘုရင်မသည် အမွှေးနံ့သာ အကျော်၊ စံပယ်၊ ကရမက်တို့ဖြင့် အတုလစည်တော်ကြီးကို ပက်ဖျန်း၍ မန္တာန်လည်းရွတ်၊ မေတ္တာမျှလည်း ပို့သတယ်။

၎င်းနောက် …

ဘုရင်မ ပန်ထွာအမှူးပြုသော အကြီးအမှူးတို့ဟာ နတ်မင်းကြီးတို့အား ရိုသေစွာ ဂါရဝပြုလိုက်ကြတယ်။

✿ ✿ ✿

[၂၅]

❑

"ရန်သူတွေ ရန်ပယ်ချောင်း တစ်ဖက်ကမ်းကို ရောက်လာပါပြီ"

"တူ …. တူ …. တူ … တူ …"

"တူ …. တူ … တူ … တူ …"

"တူ … တူ …. တူ … တူ …."

ကမ်းခြေစောင့် ရေဆိပ်ကင်းမှူး ငခွင်က ရေကင်းမျှော်စင်ပေါ်ကနေ အချက်ပေး ကျွဲချိုကို မှုတ်လိုက်ရော တပ်မှူးသျှိဝဦးဆောင်တဲ့ စစ်သည်အားလုံး ရန်သူကို ရင်ဆိုင်ဖို့ နေရာယူလိုက်ကြတယ်။

ရန်ပယ်ကုန်းမြင့်ပေါ်က လေးသည်တော်တို့ကလည်း အဆိပ်လူးမြှားများနှင့် လေးကို အသင့်ပြင်လိုက်ကြတယ်။

အလို …

သိရိခေတ္တရာ ရန်သူအင်အားက မနည်းပဲကိုး။

နေရောင်အောက်မှာ ရန်သူတို့ရဲ့ မောက်တိုမောက်ရှည်၊ မိန်းညို၊ မိန်းချပ်၊ ဒိုင်း၊ လှွား၊ ကား၊ ဓား၊ လှံတို့ရဲ့ အရောင်တွေဟာ ဖိတ်ဖိတ်လက်နေတယ်။

"အီးဟစ် … ဟစ် … ဟစ် …"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး ... အစ် ... အစ် ... အစ် ..."

"အူး .... အူး ... ဝူး ... ဝူး ..."

"အီး ... အစ် ... အစ် ..."

စစ်မြင်းတွေဟီသံ၊ တိုက်ဆင်တို့ရဲ့ ဟီးသံဟာ ရန်ပယ်ချောင်း ရှေ့မှာ မြေကြီးတုန်ခမန်း ဆူညံနေလေရဲ့။

ဗိုလ်မှူး၊ တပ်မှူးတွေဟာ သူတို့ရဲ့ ရဲမက်တွေကို လက်ညှိုးထိုး အမိန့်ပေး စီမံနေတာကို တပ်မှူးသျှိဝနဲ့ သွေးသောက်ရဲမက်တွေ အထင်းသား မြင်နေရတယ်။

ရန်ပယ်ချောင်းရဲ့ ဒီမှာဘက်ကမ်းနဲ့ ဟိုမှာဘက်ကမ်းဟာ မြားတစ်ပစ်ခန့် ဝေးတယ်။

သူတို့ရဲ့ လှုပ်ရှားမှုကို သျှိဝတို့ မြင်ရကြားရတယ်လေ။

ဗိဿနိုးရဲ့ ရဲမက်တွေကလည်း မီးဖောင်တွေကို မျှောချဖို့ အသင့် နေရာယူထားကြသလို ...

ရန်သူတွေ ရန်ပယ်ချောင်းကို ဖြတ်ကျော်ပြီး ဒီဘက်မြေကြီးကို ခြေချနင်းဖို့ ကြံစည်တာနဲ့ ခုတ်ပိုင်းဝင်တိုက်ဖို့ ဓားလှံတဖွေးဖွေးနဲ့ အသင့် ရှိလို့ ...

"ဟေ့ ... ဗိဿနိုးသား ငဆင်းရဲကောင်တွေ၊ နင်တို့ရဲ့ ဗိဿနိုး မြို့ကို မကြာခင် ငတို့ သီရိခေတ္တရာက အမှုန့်ခြေပစ်တော့မှာ သေမှာ မကြောက်ဘူးလား။ ဗိဿနိုးတောသားတို့ရဲ့ ဟေ ..."

သူတို့ဘက် အော်သံသမားလည်း ပါသကိုး။

အသံသမားတွေက ခြိမ်းခြောက်စကားတွေနဲ့ အသံကုန်ဟစ်ပြီး အော်ပြောကြတယ်။ ရဲလံတွေမြှောက်မြှောက်ပြီး စိန်ခေါ်သံပေးနေလို့ ...

"တပ်မှူး ... ဘယ်လိုလဲ"

"ငြိမ်ခံရင် ကြောက်လို့ထင်သွားမယ်။ ပြန်ဟစ်ချေဟဲ့"

"ဟေ့ ... သီရိခေတ္တရာသား လူဆိုးလူသွမ်းတွေရဲ့၊ ဟောဟိုမှာ ငါတို့ မီးပုံကြီးတွေ ဖိုထားသဟေ့။ သီရိခေတ္တရာသားတွေရဲ့ အသားကို မီးကင်ပြီးစားမယ်။ ရန်ပယ်ချောင်းကို မြန်မြန်ကူးခဲ့ကြဟေ့"





ဟိုဘက်ကလည်း ဗိဿနိုးရှိရာဘက်ကို ပြန်အော်တယ်။

"မင်းတို့ ဉာဏ်နည်းခေါင်းပါးတဲ့ ဗိဿနိုးတွေကြောင့် ဗိဿနိုး သူတွေ လင်မဲ့အဖေမဲ့ ဖြစ်ရတော့မှာ ကျိန်းသေနေကြပြီပေါ့" .

ဒီမှာ သီရိခေတ္တရာရဲမက်တွေက အသင့်လုပ်ယူလာတဲ့ဖောင်တွေ ကိုရော အနီးရှိ ဝါးတောက ဝါးတွေပါခုတ်ပြီး ဖောင်အသစ်တွေပါဖွဲ့ပြီး ရန်ပယ်ချောင်းထဲကို ဖောင်တွေချကြတယ်။

ဦးစွာချတဲ့ ရှေ့ပြေးဖောင်တွေပေါ်မှာ ဓားလှံကိုင် ရဲမက်စစ်သား တွေ များစွာကိုတင်ပြီး ထိုးဝါးတွေ လှော်တက်တွေနဲ့ ထိုးလှော်ကူးခတ် လာကြတယ်။

ရန်ပယ်ချောင်းဟာ ရေကျစပြုချိန်မို့ ရေစီးဆင်းစ ပြုနေပြီ၊ အချို့ရဲမက်တွေက ရေရှူးတိမ်တဲ့နေရာကို စူးထိုးစမ်းပြီး မြင်းသည်တော် တွေကို ကူးဖို့ အချက်ပြလိုက်တယ်။

ရန်သူ့မြင်းစစ်သည်တော်တွေဟာ ရေတိမ်ကနေ သူတို့ရဲ့ ကကြိုး ခုံစစ်မြင်းတွေကို ရှေ့နောက်တန်းစီပြီး ကူးလာချိန် ...

ဒါ့အပြင် ...

သူတို့က ဖောင်ချင်းဆက်ပြီး ဖောင်တံတားထိုးလို့ ဖောင်တံတား ပေါ်ကနေ ရင်ပေါင်တန်း ဓားလှံမြှောက် ကြွေးကြော် ကူးလာပုံဟာ စစ် ဘီလူး၊ သရဲတစ္ဆေတွေ ဟစ်အော်နေသလို မာန်တွေကြွနေကြတယ်။

သီရိခေတ္တရာရဲ့ သေနင်္ဂဗျူဟာကလည်း မညံ့ဘူးပဲကိုး။

ရန်ပယ်ချောင်းကို နေရာအမျိုးမျိုးကနေ ဝါးဖောင်ကြီး၊ ဖောင် ငယ်ယှက်ပြီး တံတားထိုးတက်နေကြတာဆိုတော့ ရန်ပယ်ချောင်းရဲ့ ချောင်း အလယ် ဥဒဟို အနံ့အပြားမှာ ဖောင်နဲ့ရဲမက်တွေ ဖွေးဖွေးလှုပ်နေတယ်။

တပ်မှူးသျှိဝနဲ့ တပ်ဗိုလ်တွေ သွေးသောက်ကြီးတွေ ဗိဿနိုး ရဲမက်တွေဟာ သီရိခေတ္တရာရဲ့ ရေပေါ်က မည်းမည်းလှုပ်လှုပ် အသံကုန် အော်ကြိမ်းနေတဲ့ တပ်ဖွဲ့ကြီးကိုကြည့်ပြီး အံ့အားလည်း သင့်နေကြတယ်။

ဟိုဘက်ကမ်းမှာလည်း ရဲလံတလူလူ စစ်မောင်းတလှုလှုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆင်တပ်မြင်းတပ်၊ ခြေလျင်တပ်တွေ လှုပ်လှုပ်ရွရွ ရှိနေတာကို တပ်မှူး သျှိဝတို့ မြင်နေရတယ်။

သတင်းရထားသည့်အတိုင်း အင်အားနှစ်သောင်းဆိုတာ ဖြစ်နိုင်တယ်။ မိမိတို့ ဗိသနိုးမှာ ပန်ထွာမှာက အဲမျှလောက်အင်အား မရှိဘူး။

ဗိသနိုးတပ်သားတွေဟာ ဓားလှံတွေကို ကိုင်ထားပေမယ့် လက်တွေတုန်နေကြတယ်။

ရန်သူတပ်ကြီးကိုမြင်ပြီး ကြောက်လို့တုန်တာ မဟုတ်ဘူး။ တိုက်ပွဲကြီးမတိုက်ဖူးတော့ ဓားကိုင်လက်တွေ တုန်နေရတာ။

တပ်မှူးသျှိဝလည်း ခန့်မှန်းမိပါတယ်။ ဒီလိုများပြားလှတဲ့ ရန်သူတပ်တော်ကြီး သည်ရန်ပယ်ချောင်းကို ကူးပြီး ဗိသနိုးမြေကို ချဉ်းနင်းဝင်ရောက်လာရင် အနိုင်တိုက်ဖို့ မလွယ်ဘူး။

သို့သော် ....

မိမိတို့က ဗိသနိုးအတွက်၊ ပန်ထွာအတွက် အသက်သေသည့်တိုင် တိုက်ပွဲဝင်ရင်ဆိုင်သွားရမည့် ရဲမက်တပ်သားတွေ။

ပြီး .... ပန်ထွာဘုရင်မအတွက် ...

ငါတို့မြေ၊ ငါတို့အဖေ၊ ငါတို့အမေနှင့် ညီအစ်ကိုမောင်နှမ သွေးသားဆွေရင်းများရဲ့ အသက်အိုးအိမ်အတွက် ငါတို့ ရှေ့တန်းစစ်မြေပြင်ကနေ ခုခံတိုက်ခိုက်ရမှာ။

ငါတို့ ကျဆုံးသွားရင် ...

တပ်ဦးပေါက်ကျိုးသွားရင် ...

ငါတို့ ဗိသနိုးရဲ့ဘဝ၊ ပန်ထွာရဲ့ဘဝ သူများနင်းခြေခံဘဝကို ရောက်ရတော့မှာ။

“တပ်မှူး ... ရန်သူတွေ ဖောင်တွေနဲ့ ကူးလာနေပါပြီ”

“အားလုံး မီးဖောင်တွေ အသင့်ပြင်ထား”

သူတို့ မီးကောက်ရိုး၊ သစ်ခြောက်၊ ဝါးခြောက်၊ မြက်ထုံးများ တင်ထားတဲ့ ဝါးဖောင်၊ မီးဖောင်ကို ရေစီးအထက်ကနေ မျှောချဖို့ အသင့်ပြင်လိုက်တယ်။





ရန်သူ သီရိခေတ္တရာတပ်သားဘွေဟာ ဖောင်တွေဆက်ပြီး ထိုးဝါးနဲ့ ထိုးထောက်လို့ ရန်ပယ်ရဲ့ ရေလယ်လည်း ရောက်လာပြီး ...

“သီရိခေတ္တရာတဲ့ဟေ့”

“သီရိခေတ္တရာကွ နော်”

“ဗိသနိုးကို ဘယ့်နှယ်ဝိုင်းမယ်”

“ဗိသနိုးကို ဓားနဲ့ဝိုင်းမယ်”

“ဗိသနိုးကို ဘယ့်နှယ်သိမ်းမယ်”

“ဗိသနိုးကို မီးတိုက်သိမ်းမယ်”

“ငါတို့ဘယ်သူလဲ”

“သီရိခေတ္တရာ”

“ငါတို့ ဘာလဲ”

“တိုက်ပွဲဝင်ဖို့”

“ဓားတွေထုတ်ကြ”

“ကျား ...”

“ကျား ...”

“ကျား ...”

“ရွှမ်း ... ရွှမ်း ... ရွှမ်း ...”

သီရိခေတ္တရာ ရဲမက်တွေဟာ ကုန်းပေါ်က တီးခတ်တဲ့ စစ်မောင်းသံများနှင့်အညီ ရဲရဲတောက် အားတက်ဖွယ် ကြွေးကြော်သံချပ်တွေထိုးပြီး ဓားအိမ်ထဲကဓားတွေကို ပြိုင်တူထုတ်လိုက်ပြီး ...

ရှေ့ ... မြားတစ်ပစ်ခန့်မှာ မြင်နေရတဲ့ ဗိသနိုးရဲ့ ရဲမက်တွေရှိရာကို ဓားဦးတွေ ဆန့်လိုက်ကြတယ်။

ဒီမှာ သျှိဝ ဟစ်အော်အမိန့်ပေးလိုက်တယ်။

“မီးဖောင်တွေ ရှို့”

“မျှော ...”

“သွားဟ ... သွား”



www.burmeseclassic.com

www.burmeseclassic.com



မီးဖောင်တွေပေါ်က လောင်စာတွေကို မီးတွေစွဲပြီး မီးတောက်တွေ တက်လာတယ်။ ဒါနှင့်အတူ တွန်းမျှောချလိုက်တဲ့ မီးဖောင်များစွာတို့ဟာ ရန်သူ သီရိခေတ္တရာတို့ရဲ့ တန်းစီနေတဲ့ ရဲမက်ဖောင်များရှိရာကို ရေကျနဲ့အတူ မျောပါသွားရော။

''မီးဖောင်တွေ ... မီးဖောင်တွေ ...''

''သတိထားကြ ... သတိထားကြ''

''ရဲမက်တို့ ... ထိုးဝါးနဲ့ တွန်းထား၊ တွန်းထား''

''အား ... မီးဖောင် ဝင်ဆောင့်ပြီဟေ့''

''ဝုန်း ...''

''ဝုန်း ...''

''ဖောင်း ... ဖောင်း ... ဖောင်း ...''

မီးဖောင်အောက်မှာရှိနေတဲ့ ဝါးစိမ်းအဆစ်ပိတ်တွေဟာ မီးအပူဒဏ်ကြောင့် ပေါက်ကွဲကုန်ပြီး မီးညွန့်မီးစတွေဟာ ရန်သူ သီရိခေတ္တရာရဲမက်တို့စီးလာတဲ့ ဖောင်တွေပေါ်ကို လွင့်စင်ထိမှန်ပြီး အချို့ ရေထဲကိုပြုတ်ကျသွားကြတယ်။

အချို့ကတော့ မီးဖောင်ဝင်တိုက်လိုက်တဲ့ ဒဏ်ကြောင့် မီးကူးစွဲလောင်ပြီး ဝရုန်းသုန်းကားနဲ့ ရေထဲပြုတ်ကျ၊ အချို့က ဗိဿနိုးလေးသည်တော်များရဲ့မြား ထိမှန်ပြီး ရေထဲကျသေကြ။

ရေနစ်သေသူကသေ။

ရေစီးမှာ ကူးနေ နစ်နေသူ နစ် ... ကူး။

မီးဖောင်တွေက အစုလိုက်၊ အဝေးလိုက် နေရာအနှံ့က စီးမျောပြီး ရန်သူ့ဖောင်တွေကို ပေါက်ကွဲ ဝင်ဆောင့်လိုက်ကြတာ။

ရန်သူ သီရိခေတ္တရာတပ်သားတွေရဲ့ အော်ဟစ်သံတွေ၊ ဝါးဖောင်ပြိုကွဲသံတွေဟာ ရန်ပယ်ချောင်းထဲမှာ ဆူညံနေတယ်။

ဒီမှာ ဗိဿနိုးတပ်မှူး သျှိုဝက လက်မြှောက်အချက်ပေးလိုက်ရော ...

စိတ်ကူးသစ်စာပေ



''တူ ... တူ ... တူ ...''

''တူ ... တူ ... တူ ...''

''တူ ... တူ ... တူ ...''

''ကျွဲချိုမှုတ်သံနဲ့ အချက်ပေးနေပြီ။ အချက်ပြအလံကို တင်လိုက်ကြဟေ့''

ကျွဲချိုမှုတ်သံအဆုံးမှာ တောင်ကုန်းမြင့်ပေါ်က အကွာအဝေးတစ်ရှင်ဘောင်တန်းနေတဲ့ အနီရောင်အလံသုံးခုဟာ အလံတိုင်အလယ်ကနေ အလံတိုင်အဖျားကို တရွေ့ရွေ့တက်ပြီး လေထဲမှာ ပြိုင်တူ တဖျပ်ဖျပ်လွင့်နေတာကို သျှိုဝတို့ မြင်လိုက်ရတယ်။

ဒါနှင့်အတူ ...

ဒီအချက်ပြအလံရဲ့ လျှို့ဝှက်ချက်ကို သိထားပြီးဖြစ်တဲ့ တပ်မှူးသျှိုဝရဲ့ စိတ်ကလည်း စိုးတထင့်ထင့် ဖြစ်နေတယ်။

ဟုတ်ပါ့မလား။

ပရောဟိတ်ပုဏ္ဏားကြီးနဲ့ နန်းဦးရှင်ရသေ့ (သတိုးဓမ္မရာဇ်) ပြောသလိုရော ရန်ပယ်ချောင်းဟာ လှိုင်းလုံးကြီးတွေ တော်လဲမြည်ဟီးလာပါ့မလား။

သျှိုဝ စိုးရိမ်စိတ်နှင့် နားစွင့်နေလိုက်တယ်။

ဒါနှင့်အတူ ရန်ပယ်ချောင်းနှင့် ရေပြင်ပေါ်က ဝရုန်းသုန်းကားနှင့်သူတို့ရယ် ရှေ့ထွက်ဝင်လာနေတဲ့ ရန်သူ့ဖောင်တွေရယ်ကို ကြည့်ပြီး အံကိုလက်နှင့်တင်းကြပ်နေအောင် ဆုပ်လို့ အံကြိတ်ထားလိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၂၆]

❑

''ဘုရင်မကြီးဘုရား ... ဘုရင်မကြီးဘုရား ...''

''သက်တော်ရှည်အမတ်ကြီး ... ဘာထူးလို့လဲ''

''ကျွန်တော်မျိုးတို့ရဲ့ ရန်ပယ်တောင်ကုန်းပေါ်က အချက်ပေး အလံတွေ တက်လာပါပြီ ဘုရား''

''ဟင် ... ဒါဆို ရန်သူတွေ ရန်ပယ်ချောင်းကို ဖြတ်လာကြပြီပေါ့''

''မှန်ပါဘုရား ... အလံတော်သုံးခုစလုံး လေထဲမှာ ရပ်လွင့်နေပါပြီဘုရား''

သက်တော်ရှည်အမတ်ကြီးရဲ့ အသံဟာ တုန်လှုပ်နေရဲ့။

''ပုဏ္ဏားတော်ကြီး ...''

''ဘုရား ... ဘုရင်မ အမိန့်ရှိပါ ဘုရား''

''ရန်သူတွေ ရန်ပယ်ချောင်းကို ဖြတ်နေပြီ''





''မှန်ပါ ... မဟာအတုလ စည်တော်ကြီးကို အရိုအသေပြု အဓိဋ္ဌာန်ပြီး ဘုရင်မကိုယ်တော်တိုင် စည်တော်ကြီးကို သုံးကြိမ် သုံးခါ တီးခတ်တော်မူပါဘုရား''

ပန်ထွာဘုရင်မရဲ့ရင်လည်း တုန်ခါစပြုနေတယ်။ သည့်နောက် နံ့သာရည်ဆွတ်ထားသည့် နတ်ပန်းညိုတို့ကို ဆုပ်ကိုင်လို့ မဟာအတုလ စည်တော်ကြီးရှေ့မှာ ငါးကြိမ်ဦးတိုက် အရိုအသေပြုပြီး ...

''ကျွန်ုပ်သည် မည်သည့်နိုင်ငံကိုမျှ မကျူးကျော်ပါ။

ရန်မပြုပါ။

ယခု ... သီရိခေတ္တရာရန်သူတို့သည် ကျွန်ုပ် ဘုရင်မပန်ထွာ အုပ်စိုးသည့် ဗိဿနိုးကို တိုက်ခိုက်ရန် ရန်ပယ်ချောင်းဖြတ်ကူး ကျူးကျော်ခဲ့ပါပြီ။ ဤမှန်သော သစ္စာစကားကြောင့် မဟာအတုလစည်တော်ကြီး အသံမြည်၍ အင်းစောင့်တို့ နိုးထပြီး ရန်ပယ်ချောင်းမှ ရန်သူတို့အား တွန်းလှန်နိုင်သော ကံတရားကို စောင့်ရှောက်ကူညီပါစေသတည်း''

''ထီ ... ထီ ... ထီ ...''

''ဟယ် ...''

''အသံမြည်ပါပြီ ... ဘုရင်မကြီးဘုရား ... ဆက်လက်တီးခတ်တော်မူပါ ... ဘုရင်မကြီးဘုရား''

''ထီ ... ထီ ... ထီ ...''

''အမြန်ဆက်တီးခတ်တော်မူပါ ... ဘုရင်မကြီးဘုရား''

''ထီ ... ထီ ... ထီ ...''

''အောင်မြင်ပါပြီ ... ဘုရင်မကြီးဘုရား''

ဘုရင်မကြီးသည် ကိုးကြိမ်တိတိ မဟာအတုလစည်တော်ကြီးကို တီးခတ်လိုက်ရော ...

အတုလစည်တော်ကြီးရဲ့ အောင်မြင်ထည်ဝါ ဟိန်းလွှမ်းလှသည့် မြည်သံဟာ စည်တော်ရှိရာ နန်းမြင့်ဗဟိုစည်အဆောင်ကနေ ဗိဿနိုးမြို့ကို မိုးခြိမ်းတင်မြည်ဟီး မြို့ပါ တုန်ခါသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမှုထမ်းများ၊ နန်းတော်သူ နန်းတော်သားများနှင့် မြို့ရိုးပေါ်က ရဲမက်များဟာ တစ်ကြိမ်တစ်ခါမှ မကြားဖူးတဲ့ စည်တော် တီးသံ၊ မြည်သံကို ကြားလိုက်ကြရရော နားစွင့်ပြီး အသံလာရာကို အံ့အံ့ဩဩ လှမ်းမျှော်ကြည့် လိုက်ကြတယ်။

ဗိဿနိုးမြို့သူမြို့သားများ မြို့ဦးအပြင်က ရွာသူရွာသားများလည်း ကောင်းကင်အလုံးကို ဖြန့်ကျက်လွှမ်းခြုံသွားတဲ့ စည်တော်မြည်သံကြောင့် အံ့အားသင့်နေကြတယ်။

ဒီအချိန်မှာပဲ ...

မိုးကောင်းကင်ကြီးဟာ လင်းထိန်နေရာကနေ ရုတ်တရက် မိုး သားတွေညို့ပြီး လေပြင်းများနှင့် မည်းမှောင်လာတာကို အံ့ဖွယ်မြင်လိုက် ရပြီး ရင်တမမနဲ့ မော့ကြည့်နေချိန် ...

ရန်ပယ်ခံစစ်စခန်းက တပ်မှူးသျှိဝနဲ့ ရဲမက်တို့လည်း လေနှင့် လွင့်ပါလာတဲ့ စည်တော်သံကို သိုးသိုးသဲ့သဲ့ ကြားလိုက်ရတယ်။

တိမ်ဖြူ၊ တိမ်ပြာတို့နှင့် ကြည်လင်နေတဲ့ ကောင်းကင်ကြီးဟာ စည်တော်သံအဆုံးမှာ ညို့မည်းပြီး မှောင်ရိပ်ဆင်သွားတယ်။

ကြည့်နေတုန်းမှာပဲ ...

ရန်ပယ်ချောင်းရဲ့ လက်ဝဲဘက်ရှိ တောင်ညိုတောင်တန်းပေါ် ရောမ တိမ်ညိုတိမ်မည်းတွေဟာ တလိမ့်လိမ့်နဲ့ ရန်ပယ်ရှိရာကို လိမ့် နေတယ်။

ဒါနှင့်အတူ လေပြင်းတွေကလည်း အဟုန်ပြင်းစွာ တိုက်ခတ် ပြီး ကောင်းကင်တိမ်မည်းအုပ်ကြားကနေ လျှပ်စစ်မိုးကြိုးတွေ ထစ် ပစ်လာပါရော။

"ဂျိမ်း ... ဂျိမ်း ... ဂျလိန်း ... ဒလိန်း ..."

"ဂျိမ်း ... ဂျိမ်း ... ဒလိန်း ... ဒလိန်း ... ဒလိန်း ..."

"ဂျိုင်း ..."





"ဂျိုင်း ..."

"ဝေါ ... ဝေါ ... ဝေါ ..."

"ဝုန်း ... ဝုန်း ... ဝေါ ... ဝေါ ... ဝေါ ..."

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံ၊ လေတိုက်သံများနှင့်အတူ သစ်ပင်သစ် ကိုင်းတွေရဲ့ ကျိုးကျသံများ ကြားရပြီး မိုးသီးမိုးပေါက်တွေဟာ ရန်ပယ် ချောင်းရဲ့ တနံတလျားဝန်းကျင်မှာ သည်းထန်စွာ ရွာတော့တာပဲ။

"ဂျိမ်း ..."

"ဂျိမ်း ..."

"ဂျိမ်း ... ဂျိုင်း ..."

"လေရောမိုးရော ကျလာပြီဟေ့"

"တပ်မှူး ... ဘယ်လိုလုပ်ရမလဲ"

"ရန်သူတက်လာရင် တိုက်ရခုတ်ရမယ်။ မပုန်းနဲ့၊ မိုးမခိုနဲ့။ အသင့်စောင့်ကြည့်ကြ"

"ဝေါ ... ဝေါ .. ဝေါ ..."

"ဝေါ ... ဝရော ... ဝရော ..."

အံ့ဩစရာ ကောင်းလိုက်ပါဘိနှယ်။ မိုးကြီး သည်းထန်စွာရွာပုံ ဟာ တစ်ယောက်ကိုတစ်ယောက် မမြင်ရလောက်အောင်ကို ဖြစ်သွား တယ်။

"ဝုန်း ... ဝုန်း ... ဝုန်း ..."

"ဝေါ ...."

သည်မှာပဲ တောင်ကျရေတွေဟာ ရန်ပယ်ချောင်းရဲ့ လက်ဝဲဘက် ကနေ အဟုန်ကြီးစွာ ရန်ပယ်ချောင်းထဲကို တဝေါဝေါ တဝုန်းဝုန်း ကျလာ ပြီး အိမ်ကြီးတစ်လုံးစာမျှ လှိုင်းတံပိုးများနဲ့ ချောင်းရေလျှံပြီး တဝေါဝေါ အသံတွေ ဖြစ်ပေါ်လာပါလေရော။ ကြည့်စမ်း ... ဟာရို့။

ရန်ပယ်ချောင်းဟာ မကြုံစဖူး ပင်လယ်လို ဖြစ်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ရေရှိန်ရေစီး ပြင်းထန်စွာနဲ့ သစ်ပင်ကြီးငယ်တို့ကို ပိုင်းဖြတ်ချိုး စီးမျှောစေပြီး လှိုင်းတံပိုးကြီးများ မမြင်ဖူး၊ မကြုံဖူးအံ့ဖွယ် ကျရောက်လို့ ရန်သူ သီရိခေတ္တရာ တပ်သားတွေရဲ့ဖောင်တွေကို တွန်းတိုက်လှန်ချသွားတယ်။

ပင်လယ်ပြင်ကြီးလို လှိုင်းတံပိုးထန်နေတဲ့ ရန်ပယ်ရေစီးမှာ ရန်သူတို့ရဲ့ ကြောက်လန့်တကြား အော်ဟစ်သံများ၊ စစ်မြင်းတွေရဲ့ ထိတ်လန့်တကြား အော်ဟစ်ရုန်းကန် စီးမျောသံတွေဟာ ကမ္ဘာပျက်သလို ကြောက်ခမန်းလိလိ ကြားနေရတယ်။

သစ်ပင်ဝါးပင်တွေကလည်း မုန်တိုင်းလို လေအရှိန်နဲ့ ကျိုးလွင့်စင်မှန်လို့။ ဟိုမှာဘက်ကမ်းက စစ်သူရဲများ၊ တိုက်ဆင်များ၊ စစ်မြင်းများဟာ ဒဏ်ရာဒဏ်ချက်တွေ ထိမှန်ပြီး မိုးသည်းမှောင်နေတဲ့လမ်းမှာ ဥဒဟို တွန်းတိုက်ပြေးလွှား ဖြစ်ကုန်ပြီး ဖရိုဖရဲ အုပ်ထိန်းမရ ဖြစ်ကုန်တော့တယ်။

ဆင်တွေ၊ မြင်းတွေဟာ ...မိုးကြိုးပစ်သံ၊ လျှပ်စီးလက်သံတွေကြောင့် ကြောက်လန့်တကြား ပြေးပြီး တွေ့ရာမြင်ရာကို နင်းခြေဖျက်စီးလိုက်တာကြောင့် ...

သီရိခေတ္တရာရဲ့ သောင်းချီတပ်ကြီး လုံးဝပျက်စီးလို့ နောက်ကြောင်းပြန် အုပ်စုကွဲ ပြေးကြရပြီ။

သျှို့ဝတို့ရဲ့ ရဲမက်တွေလည်း ဒီရေလှိုင်းပုတ်ချက်နဲ့ဝေးရာ အထက်တောင်ကုန်းများပေါ်ကို ပြေးတက်ပြီး အပေါ်စီး မိုးသည်းကြားက ရန်သူတွေတက်လာမှာကို ငံ့လင့်နေကြလို့။

မိုးကြိုး၊ လျှပ်စစ်၊ မိုးသီးမိုးပေါက်နဲ့ လှိုင်းလုံးကြီး၊ လှိုင်းတံပိုးကြီးတို့ဟာ ထမင်းအိုးကြီး သုံးအိုးချက်ခန့်ကြာအောင် ကြောက်ဖွယ်ထစ်ချုန်းရွာပြီးနောက် ...

တဖြည်းဖြည်း လေပြင်းတွေ ငြိမ်ကျသွားတယ်။

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံတွေ ရပ်ဆိုင်းသွားတယ်။

---

စိတ်ကူးသစ်စာပေ



ကြောက်စဖွယ် လှိုင်းတံပိုးကြီးတွေ ပျောက်ကွယ်သွားပြီး ပင့်လယ်လိုဖြစ်သွားတဲ့ ရန်ပယ်ချောင်းရေပြင်ဟာ ဟိုးရောဝတီမြစ်ရှိရာကို တဝေါဝေါစီးဆင်းသွားတာကို တပ်မှူးသျှို့ဝတို့ အံ့ဖွယ်အထင်အရှား မြင်နေရပြီလေ။

ကောင်းကင် အနားယူသွားပြီကော။

တိမ်မည်း၊ တိမ်ညိုတွေ နေရပ်ကို ပြန်သွားကြပြီ။

ကြည့်စမ်း ...စောစောတုန်းက အရုပ်ဆိုး၊ အကျည်းတန်လှတဲ့ ကောင်းကင်ကြီးရယ် နေသစ်ပြူထွက်ပြီး တိမ်ဖြူ၊ တိမ်ဝါ၊ တိမ်ပြာတွေနဲ့ ပန်းပန်ပြီး လှလို့ သန့်လို့။

လေပြေလေညင်း တသုန်သုန် တိုက်ခတ်ပြီး တောရနံ့၊ တောင်ရနံ့ကို မွှေ့ယူကြဖြန့်လို့။

စောစောတုန်းက ရန်ပယ်ဟာ ရက်စက်ကြမ်းကြုတ်ခြင်း ရှုဖွယ်ရာနဲ့ ခက်ထန်ခဲ့တယ်။

အခု ရန်ပယ်ချောင်းမှာ နဂိုရှိရင်းရေမျှပဲ ကျန်တော့တယ်။

တပ်မှူးသျှို့ဝ ခါးကြားက ကျွဲချိုကို ဖြုတ်လိုက်ပြီး မှုတ်လိုက်တယ်။

"တူ ...တူ ...တူ ..."

"တူ ...တူ ...တူ ..."

"တူ ...တူ ...တူ ..."

သူ့ရဲမက်တွေ ဓား၊ လှံ ဆွဲပြီး မိုးရေစိုရွှဲနှင့် ရန်ပယ်ချောင်း ကမ်းနားမှာ တန်းစီရပ်လိုက်တယ်။

ပြီး အနီရောင်အလံတွေကို အလံတိုင်ကနေ ဖြုတ်ချလို့ ဗိဿနိုးရဲ့ တံဆိပ်တော်ပါ စစ်နိုင်အလံကြီးကို တိုင်ထိပ်မှာ လွှင့်ထူလိုက်တယ်။

ဒီအောင်လံကို ဗိဿနိုးနန်းမြို့မျှော်စင်ကနေ အတုလစည်တော်ကြီးရှိရာ စည်တော်ဆောင်ကနေ ဘုရင်မကြီး မြင်မှာပါ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘျိုဝ သူ့တပ်သားတွေ အပျက်အစီးရှိမရှိ စစ်ဆေးပြီး ရေကျကမ်းစပ်မှာ တင်နေတဲ့ ရန်သူ့အလောင်းများကို စစ်ဆေးနေတုန်းမှာ မြင်းခွာသံများနှင့်အတူ ဗိုလ်ချုပ်ယောဘတို့ ရောက်လာကြတယ်။

"တပ်မှူးဘျိုဝ ... တိုက်ပွဲရဲ့အခြေအနေ ဘယ်လိုလဲဟေ့"

"မှန်ပါ ... ဗိုလ်မင်း ... မြင်တော်မူတဲ့ အတိုင်းပါပဲ။ ဟိုမှာ အလောင်းတွေ"

ကမ်းစပ်မှာ အဝတ်မဲ့ ရန်သူလူသေအလောင်းတွေ အပုံရာထောင်ကို စက်ဆုပ်ဖွယ်၊ အံ့ဖွယ် မြင်လိုက်ရပြီး ဗိုလ်ချုပ် အလွန့်ကို အံ့ဩသွားတယ်။ ရန်သူတွေရဲ့ရင်ဝမှာ ဗိသနိုးရဲ့မက်များပစ်တဲ့မြားတွေ စိုက်လို့။

သစ်ပင်ချုံကြားမှာလည်း ရန်သူ့အလောင်းတွေ မြင်မကောင်းအောင် ငြိတင်လို့။ မြင်းတွေဟာ ကမ်းစပ်မှာ ရေဝ ဖောင်းကားပြီး သေနေကြလေရဲ့။

သူတို့ မြင်းစီးပြီး မြစ်ကမ်းတောက်လျှောက်ကို လိုက် စစ်ဆေးကြည့်တော့လည်း ရန်သူ့အလောင်းတွေနဲ့ မြင်းသေကောင်တွေ တောင်ပုံရာပုံကို မြင်ရပြီး ကြက်သီးဖြန်းဖြန်း ထသွားရပါရော။

"ဘျိုဝ ..."

"ဗိုလ်မင်း"

"ဒါ ... သီရိခေတ္တရာ ရန်သူ့အလောင်းတွေလား"

"မှန်ပါတယ် ... ဗိုလ်မင်း"

"အံ့ဩစရာပဲ ... တပ်မှူး"

"မှန်ပါ ... ဗိုလ်မင်း။ သူတို့တပ်ကြီးသာ ရန်ပယ်ချောင်းကို ကူးပြီးရောက်လာရင် ကျွန်တော်မျိုးတို့ ခုခံဖို့ မလွယ်လှပါဘူး ... ဗိုလ်မင်း"

"အေးပေါ့ ... ဟုတ်ပေပေါ့ ... တပ်မှူး"

ဒါပေမင့် ...





"အလွန်အံ့ဩဖို့ကောင်းတာက မဟာအတုလစည်တော်ကြီး ထိုးသံလည်းကြားပြီးရော မဖြစ်စဖူး လေကြီးမိုးကြီးကျ ကောင်းကင်မည်းမှောင်လို့ မိုးကြိုးတွေပစ်ပြီး မိုးကြီးသည်းထန်စွာ ရွာလာတာပဲ။ ဒါနဲ့အတူ တောင်ကျ ရေတွေ တရကြမ်းကျပြီး အိမ်လုံးမျှ မြစ်ကိုဖြတ်ကူးနေတဲ့ ရန်သူရဲ့ဖောင်နဲ့ မြစ်ကူးစစ်မြင်းတွေကို သယ်ချတွန်းတိုက်ပြီး သူတို့ တပ်ပျက်သေကျေကုန်တာပဲ"

"ငါလည်း အဲဒါကို အလွန့်ကို အံ့ဩနေတယ်။ ဒီမယ်တပ်မှူး"

"အမိန့်ရှိပါ ... ဗိုလ်မင်း"

"ပုဏ္ဏားတော်ကြီး ပြောသလိုပါပဲ။ ဒါဟာ ပန်ထွာဘုရင်မကြီးကို သိကြားမင်းချီးမြှင့်တဲ့ ရန်ပယ်မဟာအတုလစည်တော်ကြီးရဲ့ တန်ခိုးကျေးဇူးအစွမ်းပဲလို့ ယုံကြည်ရမှာပဲ ... တပ်မှူး"

"မှန်ပါ ... ဂမ္ဘီရဆန်လွန်းပ ... ဗိုလ်မင်း"

"တပ်မှူး ... ကျုပ်တို့ ရန်ပယ်ချောင်း ဟိုမှာဘက် ရန်သူ ဆုတ်ခွာထွက်ပြေးတဲ့လမ်းကြောင်းကို လိုက်ထောက်လှမ်းရအောင်ကွယ်"

"မှန်ပါခင်ဗျာ။ ဟော့ ... ရေကောင်းတို့၊ ရေကောင်းတို့ ..."

ရေကောင်းတာဝန်ခံ ငခွင် အပြေးရောက်လာပြီး အရိုအသေပြုလို့ ငံ့လင့်နေတယ်။

"ရေကောင်းမှူး ..."

"အမိန့်ရှိပါ ... တပ်မှူး"

"ငတို့ လှေငယ်တက်စင်းများရော ကျန်ရှိသေးသလားဟဲ့"

"မှန်ပါ ... လေကြီးမိုးကြီး လှိုင်းရိုပ်ကျရိုပ် မြင်ကတည်းက ကုန်းမြင့်ပေါ်မှာ သယ်သိမ်းထားတာမို့ အားလုံးအကောင်းအတိုင်းရှိပါ့ ... တပ်မှူး"

"မင်း ရေကောင်းမှူးလုပ်တာ သိပ်တော်တယ် ... ငခွင်၊ ရှေ့ဆောင်၊ ရေကောင်းမှူးဆိုဘေ မိုးလေဝသရဲ့ အခြေအနေကိုရော၊ ရန်သူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ငါးပါးရဲ့ အခြေအနေကိုရော နားလည်သိရှိထားရတယ်။ မင်းမှာ အဲဒီအရည်အချင်းတွေ ရှိပါပေတယ်ကွယ်။ ကိုင်း ... လှေတွေကို ရေချ''

''မှန်ပါ ... ဟော့ ... ရွှေပြေးတပ် ... ဘယ်မှာတုံးဟ''

''ဒီမှာ အသင့်ရှိပါ ... တပ်မှူး''

''မင်းတို့လည်း ရန်ပယ်ကို လှေနဲ့ကူးခဲ့ကြ။ ငတို့ ရန်သူ့နောက်ကြောင်းကို စုံစမ်းကြမယ်။ လုပ်ကြ''

သည့်နောက် ဗိုလ်ချုပ်ယောဘ၊ တပ်မှူးသျှိဝနဲ့ ရေကင်းမှူး ငခွင် အပါအဝင် တိုက်ရဲခိုက်ရဲ စွန့်စားရဲကြသည့် ရွှေပြေး ဓား၊ လှံ ကိုင် လက်ရွေးစင်တပ်သား အယောက်(၂၀)တို့ ရန်ပယ်ရဲ့ ဟိုမှာဘက်ကမ်းရှိရာကို လှေဖွဲ့နဲ့ ကူးခဲ့ကြတယ်။

ရန်ပယ်ချောင်းရေဟာ ဒူးရစ်နေချိန်မို့ အချိန်ကြာကြာ မလှော်ရပါဘူး။ ရေနက်ပိုင်းလေးကို လှော်ခတ်ပြီး မကြာခင် သဲခင်းသောင်ပြင် ကမ်းစပ်ကို ကပ်မိခဲ့ကြတယ်။

ရွှေပြေးကင်းတပ်က ကမ်းပေါ်ကို လျင်မြန်စွာခုန်ချပြီး လူဖြန့်လို့ ရှေ့ကိုနေရာယူပြီး စူးစမ်းလိုက်တယ်။

ပြီး ... တပ်မှူးသျှိဝတို့ ရန်ပယ်တစ်ဖက်ကမ်း ကမ်းခြေကို လျှောက်ကြည့်လိုက်တော့ ရန်သူ သီရိခေတ္တရာစစ်သည်တို့ရဲ့ အလောင်းတွေ ဓားလုံတွေဟာ ရေစပ်သောင်ပြင်နဲ့ သစ်ပင်၊ ဝါးပင်တွေကြားမှာ မြင်မကောင်းရှုမကောင်း မြင်ခဲ့ရပြီး ကြက်သီးဖြန်းဖြန်း ထခဲ့ရတယ်။

လူသွား၊ ဆင် သွား၊ လှည်းသွား လမ်းကျယ်ပေါ်မှာလည်း သစ်ကျိုး၊ သစ်ကိုင်း၊ သစ်ရွက်၊ သစ်ပင်၊ ဝါးပင်၊ ဓားကျိုး၊ လှံကျိုးများနှင့်အတူ လူသေအလောင်းများ၊ မြင်းသေများ၊ ဒဏ်ရာနှင့် လုံးဝမထနိုင်သည့် မြင်းများ ပြီး ... သွေးသံရဲရဲနှင့် ရန်သူစစ်သည်အချို့ကို တွေ့ရတယ်။

သေလုမြောပါး သီရိခေတ္တရာစစ်သည် (၃)ဦးဟာ နာကျင်အော်ဟစ်ညည်းညူရင်း မိဘ၊ သားမယားတို့ကို တအော်နေကြတယ်။





''ဗိုလ်မင်း ... သူတို့ကို ဘယ်လိုလုပ်ရမလဲ။ ဒီမှာပဲ ကိစ္စတုံးရှင်းပစ်လိုက်ရမလား''

''မလုပ်နဲ့၊ ဒါ ရန်သူသုံ့ပန်း မသတ်သင့်ဘူး။ မေးစရာရှိသေးတယ်။ လိုအပ်ရင် ဆေးဝါးကုသပြုစုပြီး အကျဉ်းချထားရမှာပေါ့''

သူတို့က မျက်နှာတစ်ခုလုံး စုတ်ပြဲပြီး သွေးစေး၊ သွေးခဲများနှင့် ရန်သူတစ်ဦးကို လှုပ်ကြည့်လိုက်တယ်။ တစ်ယောက်က မျက်စိတစ်လုံး တန်းလန်းထွက်လို့။

ရန်သူက မျက်စိနှစ်လုံးပွင့်ပြီး ကြောက်လန့်တကြား အော်ပါရော။

''မ ... မသတ်ပါနဲ့ဗျာ၊ မသတ်ပါနဲ့နော် ... ဗိုလ် ... ဗိုလ်မင်းတို့ ... ကျုပ် ... ကျုပ် ... တောင်း ... တောင်းပန် ... ပါတယ် ... ဗျာ ... ဗျာ ...''

''မင်းကို ငတို့ မသတ်ပါဘူး၊ မကြောက်ပါနဲ့။ ငါတို့ သုံ့ပန်းကို မသတ်ဘူး။ မင်းဒဏ်ရာကို ငတို့ ဗိသုနိုးက ဆေးကုသပေးမယ်။ ငါမေးတာတော့ မှန်မှန်ဖြေ''

''အား ... ကျွတ် ... ကျွတ် ... ကျွတ် ... အား ... အမိ .. အမိ ...''

''ငါပြောတာ ... ကြားလား''

''ကြား ... ကြား ...''

''မင်းတို့ သီရိခေတ္တရာအင်အား ဘယ်လောက်ရှိသလဲ''

''ထွက် ... လာတာ သုံးသောင်း ... တပ် ... တပ်ပါ''

''မင်း ရာထူးက ဘာတုံး''

''သွေး ... သွေးသောက်ကြီးပါ ... ဗိုလ်မင်း ... အား ...''

''ခု သီရိခေတ္တရာတပ် ဘယ်အရပ်ကို ဆုတ်သွားတုံး''

''မိုးကြီးလေကြီး လျှပ်စစ်မိုးကြိုးများ .... ရုတ် ... ဘာ ....''



www.burmeseclassic.com

www.burmeseclassic.com



ရက် . . . ပစ် . . . . ပစ်ပြီး တောင်ကျရေတွေကျရော ဆင် . . . ဆင်တပ် မြင်း . . . တပ် . . . တွေ လန့် . . . . လန့် . . . ပြီး ပြေးရင်းလွှားရင်း တပ်ပျက်သွားပါတယ်။ သူတို့ သီရိခေတ္တ . . . ရာကို ပြန် . . . . ပြန် ဆုတ်ခွာသွားကြပါပြီ မိုလ်မင်း''

''သေချာလား''

''မယုံရင် မသေသေးတဲ့လူတွေကို မေး . . . မေး . . .''

ဒါနဲ့ မသေသေးတဲ့ ရန်သူရဲမက်နှစ်ဦးကိုမေးတော့ သစ်ပင်သစ်ကိုင်း၊ ဝါးပင်ဝါးကိုင်းတွေဟာ မကြုံစဖူး၊ မမြင်စဖူး ဝုန်း . . . ဒိုင်း . . . ဖျောင်း . . . ဖောင်း . . . ကျိုးပျက်ပြီး လေကြမ်းမိုးကြမ်းနဲ့ ဆင်တပ်မြင်းတပ်ခြေလျင်တပ်ရပ်ကို ကျိုးကျလွင့်စင် ထိမှန်ကုန်တယ်။ မိုးကြိုးအစင်းပေါင်းများစွာတို့ဟာ ဦးခေါင်းပေါ်မှာ မီးဝင်းဝင်းနဲ့ ပေါက်ကွဲနေပုံက မျက်စိမဖွင့်ခေါင်းမဖော်ရဲ ဖြစ်နေကြသတဲ့။

ဒီမှာ ဆင်တပ်တွေ လန့်ပြီး ကျိုခနဲ၊ ကျာခနဲ လန့်အော်၊ ကုန်းပေါ်က ဆင်စီးရဲမက်တွေကို ခါချထွက်ပြေး၊ မြင်းတွေလည်း လန့်ပြီးအော်ကြ။ ဝရုန်းသုန်းကား ဖြစ်နေကြတုန်းမှာပဲ . . .

ရဲဆင်၊ တိုက်ဆင်တွေ လန့်ပြီး မည်းမည်းမြင်ရာကို ထိုးဇော့နင်းခြေ ခြေဦးတည့်ရာ ပြေးကြတာ။

နောက်ဆုံး တပ်တော်ကြီးတွေကို အမိန့်ပေးမည့်သူ လုံးဝမရှိတော့ဘူး။ အမိန့်နာခံမည့်သူလည်း မရှိတော့ဘဲ လုံးဝကို တပ်ပျက်ပြီး အချို့က သီရိခေတ္တရာရှိရာကို ပြေးကြ၊ အချို့က စစ်တိုက်ရမှာကိုကြောက်ပြီး လွတ်ရာကျွတ်ရာကို ပြေးကြတာပဲတဲ့။

✿ ✿ ✿

[၂၇]

❑

ဘုရင်မကြီးပန်ထွာရဲ့ မျက်ဝန်းအစုံ၊ နားအစုံဟာ ကြားလိုက်ရသည့် အံ့ဖွယ်သတင်းများကြောင့် ဝိုင်းစက်အံ့သြ၊ မှင်တက်မိ ခေတ္တငြိမ်သွားခဲ့တယ်။

''တပ်မှူးသျှိဝ''

''အမိန့်ရှိပါ ဘုရင်မကြီး''

''ရန်သူတွေ သေကျေပျက်စီးမှုများစွာနဲ့ ဆုတ်ခွာထွက်ပြေးတယ်ဆိုတာ အမှန်ပဲလားဟင်''

''မှန်ပါ ဘုရင်မကြီးဘုရား။ ရန်ပယ်ချောင်းရဲ့ ဟိုမှာဘက်ကမ်း၊ ဒီမှာဘက်ကမ်းမှာ ရန်သူ သီရိခေတ္တရာ စစ်သည်ရဲမက်အလောင်းများ ထောင်သောင်းမျှ ရေကြီး၊ မိုးကြီး၊ လှိုင်းကြီး ရန်ပယ်ချောင်းရေစီးမှာ သေကျေပျက်စီးသွားပါပြီ ဘုရား။ ရန်သူ့အလောင်းများနှင့် စစ်မြင်းသေများကို မြေမြှုပ်ရန်ပင် မစွမ်းနိုင်အောင် ရှိနေပါဘုရား''

''ရန်ပယ်ချောင်း ရေလျှံပြီး လှိုင်းကြီးထတာ အမှန်ပဲလား တပ်မှူး''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ။ ဘုရင်မကြီးရဲ့ ဗဟိုစည်စင်မြင့်က မဟာအတုလစည်တော်ကြီးရဲ့ တီးသံ၊ မြည်သံ၊ ကြားရပြီး ချက်ချင်းလိုပဲ မိုးတွေညို့မည်းလေပြင်းမုန်တိုင်းတွေကျ၊ လျှပ်စစ်မိုးကြိုးများ လောင်မီးကျသလိုပစ်ပြီး ဟို ... တောင်ညိုတောင်တန်းအရပ်ကနေ မိုးသက်လေနှင့် မိုးသီးမိုးပေါက်များ တောင်ကျရေလုံးများဟာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တဝေါဝေါတဝုန်းဝုန်း မြည်ဟီးပြီး ရန်ပယ်ချောင်းထဲကို အရှိန်ပြင်းစွာဝင်ရောက်ခဲ့ပါတယ် ဘုရင်မ။ မျက်စိရှေ့မှာတင် ရန်ပယ်ချောင်းကပင်လယ်လို ဖြစ်သွားပါတယ် ဘုရား။ အိမ်လုံးထက်ကြီးမားသည့် လှိုင်းလုံးကြီးတွေဟာ ဆင့်ကဲဆင့်ကဲ အော်မြည်ပြီး ရန်ပယ်ချောင်းကို ဖောင်များ၊ မြင်းများနှင့် တပ်ဖြန့် လက်ယက်ကူးလာသည့် ရန်သူ့ဖောင်တွေကို တွန်းလှန်ရိုက်ချိုး နစ်မြုပ်စေတာကြောင့်ရန်သူ သီရိခေတ္တရာတပ်ကြီး ကုန်းပေါ်မှာရော ရေပြင်ပေါ်မှာပါ တပ်ပျက်သေကျေ ထွက်ပြေးကုန်ကြပါပြီ ဘုရင်မကြီးဘုရား"

ပန်ထွာ တပ်မှူးသျှိဝရဲ့ လျှောက်တင်ချက်ကို နားဆင်ပြီး လွန်ကြီးစွာ အံ့အားသင့်နေတယ်။ မကြုံစဖူး၊ မယုံစဖူး ထူးတဲ့၊ အံ့ဩစရာကောင်းတဲ့ အဖြစ်ပဲ။

ပန်ထွာဘုရင်မကြီးအဖြစ် ဗိဿနိုးနယ်ပယ်ကို အုပ်ချုပ်နေစဉ် ကာလတစ်လျှောက် ဒီလိုမျိုး ရန်ပယ်ချောင်းရေကြီးပြီး မိုးကြီးလေကြီး လှိုင်းကြီးတာမျိုး တစ်ခါဖူးမျှ မရှိခဲ့၊ မကြားခဲ့ ဖူးခဲ့။ အံ့စရာဖြစ်ပြီ။

"ပညာရှိ ပုဏ္ဏားတော်ကြီး"

"ခစားလျှက်ပါ ဘုရှင်မကြီးဘုရား"

"အံ့ဩစရာပါကလား ပုဏ္ဏားတော်ကြီး"

"မှန်ပါ ... ဒါဟာ အရှင်ဘုရင်မကြီး ပန်ထွာဘုရင်မကို ဗိဿနိုးနတ်မင်းကြီးကတစ်ဆင့် သိကြားမင်းချီးမြင့်တော်မူသည့် မဟာအတုလရန်ပယ်စည်တော်ကြီး၏ ဂုဏ်ရှိအစွမ်းပါ ဘုရင်မ။ စည်တော်ကြီးက အင်းစောင့်များ အသက်ဝင်ပြီး ဘုရင်မကြီးအပါအဝင် ပန်ထွာပြည်သူပြည်သားအားလုံး





ကို တန်ခိုးစွမ်းအင်များနှင့် ရန်သူများကို ပျက်စီးစေပြီး ကျွန်တော်မျိုးတို့ကို ကယ်တင်တော်မူခြင်းပါ ဘုရင်မကြီး"

"မင်းကြီးတို့"

"ဘုရား ..."

"ရန်သူ သီရိခေတ္တရာရဲ့ စစ်တပ်ကြီးနှင့်အတူ ဆင်မြင်း၊ ကျွဲ နွား၊ နိကာ္ခများ ပျက်စီးပြီး ရန်သူ့အလောင်းတွေ ရန်ပယ်ချောင်းမှာ များစွာသေကျေသည့်သတင်းကို ကြားရပေမင့် ကျွန်ုပ် ဘုရင်မပန်ထွာ စိတ်မချမ်းသာဝမ်းမသာလှပါဘူး မင်းကြီးတို့"

"မှန်ပါ ... ဘုရားကျွန်တော်မျိုးတို့ သို့ကလိုမှ မဖြစ်လျှင်လည်း ပန်ထွာတစ်ပြည်လုံး ဗိဿနိုး ရွှေနန်းပါမကျန် သူ့ကျွန်ဘဝရောက်၍ ချက်ရည်နှင့် ပျက်စီးဆုံးရှုံးခြင်းဘဝကို လုံးဝရောက်သွားနိုင်ဖွယ် ရှိပါတယ် ဘုရင်မ"

"ကျွန်ုပ်တို့က သူ့နိုင်ငံကို ကျူးကျော်စစ် ဆင်နွဲပြီး သူ့လူမျိုး တိုင်းပြည်ကို သိမ်းဖို့ လုံးဝအစီအစဉ် မရှိခဲ့ပါဘူး။ အေးလေ ... ကျူးကျော်ခံရတဲ့ဘဝက လွတ်မြောက်ဖို့ကတော့ ကျွန်ုပ်တို့ စစ်သည်ရဲမက် စွမ်းပကားသတ္တိနဲ့ရော မဟာအတုလ ရန်ပယ်စည်တော်ကြီး ဂုဏ်ရှိနည်းနဲ့ရော ကာကွယ်တားဆီးရမှာပဲ။ ကိုင်း ... မဟာအတုလစည်တော်ကြီးရဲ့ တန်ခိုးစွမ်းအင်ကျေးဇူးများ ကြီးလှပါပေတယ် မင်းကြီးတို့။ ကျွန်ုပ်တို့ မဟာအတုလစည်တော်ကြီးရဲ့ အင်းစောင့်များကိုလည်းကောင်း၊ ဗိဿနိုးနတ်မင်းကြီးနှင့်တကွ မြို့စောင့်နတ်များကိုလည်း ပူဇော်သက္ကာရပြု၍ ဗလိနတ်စာ ဒါနပြုကြစို့ ပုဏ္ဏားတော်ကြီး"

"အမိန့်ရှိပါ ဘုရင်မကြီးဘုရား"

"နေ့ကောင်းရက်သာရွေးလို့ တစ်မြို့လုံး စစ်အောင်ပွဲအခမ်းအနား များကျင်းပကာ ဒေဝါဗလိနတ်စာဒါန အလှူကြီးပေးကြပါစို့"

ဗိဿနိုးတစ်နယ်လုံးဟာ ပျော်ပွဲရွှင်ပွဲတွေနဲ့ အုန်းအုန်းကြွက်ကြွက် ညံနေတယ်။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ပျူ ကချေသည်တို့ရဲ့ နုသစ်ဖွေးနုတဲ့ ခြေသလုံးကျင်းဝတ်ပေါ်က ငွေခြူလုံးသံတွေဟာ စည်းချက်နဲ့အညီ ခြေဆောင့်ကလိုက်တိုင်း နာပျော်ဖွယ် ကောင်းတဲ့ အသံလေးတွေကို ကြားနေရတဲ့ . . .

ပျူ ဗျတ်စောင်းပညာရှင်ရဲ့ ကြည်နူးချမ်းမြေ့ဖွယ် တီးခတ်သံနှင့် ပျူတေးသံရှင် မိန်းမချောလေးများရဲ့ သာယာကြည်လင် သီချင်းသံတွေက လည်း

ခြေချီး၊ ခြေခွင်၊ ခြေကျ၊ ခြေဆောင့်၊ ခြေထောက်၊ လက်ကကြိုး၊ လက်အဆစ်ချိုး၊ မေးထိုး၊ မေးလှည့်၊ မေးငဲ့၊ မေးမော့၊ ခေါင်းဆတ်၊ ခေါင်းမော့ ကကွက်အမျိုးမျိုးတွေနဲ့ စည်းကျဝါးကျ လှချင်တိုင်း လှနေ ကြတယ်။ လက်လှုပ်လိုက်တိုင်း ရောင်စုံပျူပုတီးစေ့တွေက လက်ခနဲ လင်းခနဲ။

နန်းတွင်းကို ကြည့်စမ်းပါ။

နန်းတွင်းကချေသည် မိလက်ျာရဲ့ ပျူအက,ကတော့ နန်းတွင်းသူ နန်းတွင်းသားများရော၊ ဘုရင်မကြီးပန်ထွာပါ ငေးမောစီးမျောသွားရတဲ့ အကပါပဲ။

ဗုံသံ စည်းချက်နှင့်အတူ နောက်ပြန်ညွတ်ကျသွားတဲ့ ဦးခေါင်း ဟာ မယ်လက်ျာရဲ့ ဒူးခွက်ခွက်နဲ့ သွားထိနေအောင်ကို ပျော့ပျောင်းလှလွန်း ပါကလား။

နောက်ပြန် ခါးကော့ချလိုက်တော့ . . .

လုံးဝန်းတင်းရင်းလှတဲ့ နန်းတွင်းကချေသည် မယ်လက်ျာရဲ့ ဝင်း ဝင်းမွတ်မွတ် ရင်သားနှစ်မြွာဟာ ရင်စည်းကြားမှာ တင်းကော့ပြီး အပြင်ကို အန်ထွက်လုခမန်းရှိနေတာကို ကြည့်ပြီး . . .

တပ်မှူးသျှိဝသာမက မှူးကြီးသား၊ မတ်ကြီးသား၊ နန်းတွင်းသား လုလင်ပျိုတော်သားများရော၊ လူအိုတော်များရော ပါးစပ်ဟ ရင်ဖိုရင်ထိတ် မယ်လက်ျာရဲ့အလှမှာ နစ်စူးနေကြတယ်။

ကချေသည် မယ်လက်ျာရဲ့ ဗိုက်သားဝင်းဝင်းပေါ်က ချက်နက် နက်ကလေးဟာ ဝမ်းဗိုက်သားကို ရှုံ့ကာတွန့်ကာ ကစားပြလိုက်တိုင်း ဖိုး





သားအောက်မှာ ပျောက်သွားလိုက်၊ ဝင်းမွတ်ဖွေးဥ ကိုယ်သားကြားမှာ ရှုလိုက် ရှုံ့လိုက်။

ရင်ဖိုစရာ။

ဝိုင်းဝိုင်းဝန်းဝန်း တင်ပါးနှစ်ခုရဲ့ ဘယ်ညာလှုပ်ကာ၊ ဝိုင်းကာ ကားကာ၊ ဗိုက်ကာ ခြေချိုးလက်ချိုးနှင့်အပြိုင် လှုပ်ရှားနေပုံကို ကြည့်ပြီး သျှိဝ တံတွေးကို ဂလုခနဲမြည်အောင် မျိုချလိုက်တယ်။

နန်းစင်မြင့် ရွှေသလွန်ပေါ်မှာတော့ ပန်ထွာဘုရင်မကြီးဟာ ကချေ သည် မယ်လက်ျာရဲ့ လှိုင်းလူးသလို ယိမ်းဝေလှုပ်ရှားနေတဲ့ စည်းသွက် သွက် လူးလူးလွန့်လွန့် အကကိုလည်းကောင်း၊ ညိုးညိုးညက်ညက် နွဲ့နွဲ့ လျလျ၊ ပျော့ပျော့ပျောင်းပျောင်း၊ မဆိုတရို့ အပြုံးအလှအကကိုလည်း ကောင်း၊ မိန်းမသားချင်း အသည်းယားချင်ဖွယ် မယ်လက်ျာရဲ့ အလှ၊ အလှုပ်၊ အဟန့်တွေကို ကြည့်ပြီး . . .

ဘုရင်မ မိန်းမောသွားလိုက်၊

ရင်ဖိုလှိုက်အိသွားလိုက်၊

မျက်လုံးလေးဝိုင်းပြီး နှင်းဆီပွင့်ချပ်နွတ်ခမ်းလေး စောင်းကြိုးခါ သလို တုန်ခါသွားလိုက်၊

အလှဆိုတာ ဒီလို အသားစိုင်နုနု အိအိတွေလား။

အနုပညာဆိုတာ ဒီအလှတွေနဲ့ ပေါင်းစပ်ပြီး စွဲမက်တမ်းတမြတ် နိုးရအောင် ဖွဲ့စည်းတာလား။

မယ်လက်ျာရဲ့ ခြေဆောင့်ပြီး ကွလိုက်၊ ဗိုက်လိုက်ပုံက စွန်ဝဲ လိုက်သလို ဝေ့ခနဲ။

ဗုံတိုအမြန်တီးချက်မှာ ရင်ကိုခါပြီး၊ ခါးကိုနွဲ့ပြီး၊ ခေါင်းကိုငုံ့ကာ နို့ကိုကော့ခါ . . .

အို . . . အို . . . ဟယ် . . . လှလိုက်တာ။

ဘုရင်မ ရင်ဖိုသွားရင်းက မင်းပွဲခင်းရဲ့ထောင့်မှာ လုံခြုံရေးစောင့် ရှောက်ထားပြီး မယ်လက်ျာကို ငေးကြည့်နေတဲ့ တပ်မှူးသျှိဝကို မရည်မသာ သုန်မှုန်ကြည့်လိုက်မိတယ်။

www.burmeseclassic.com



ဒီမှာပဲ တပ်မှူးသျှိုဝကလည်း ရင်ဖိုနှလုံးခုန်သံနှင့် စင်မြင့်ထက် သလွန်ပေါ်မှာရှိနေတဲ့ ဘုရင်မပန်ထွာကို လှမ်းမော့လို့အကြည့် . . .

အလင်းတိုင် ဆီမီးရောင်ထိန်ထိန်အောက်မှာ 'မျက်လုံးအကြည့် နှစ်ခု ချိန်ကိုက်၊ အံကိုက် တိုက်ဆိုင်သွားတယ်။

ဘုရင်မပန်ထွာရဲ့ မျက်ဝန်းရိပ်မှာ တောင့်တင်းသန်မာပြီး ပြေပြစ် ခန့်ထည်နုပျိုနေတဲ့ တပ်မှူးသျှိုဝရဲ့ ကြည်လင်တောက်ပ မျက်လုံးအကြည့်တို့ ယှီးလေးခိုနေတယ်။

တပ်မှူးသျှိုဝကလည်း ဘုရင်မရဲ့ နုမွတ်သန့်စင် ရွှေရင်နုမျစ်အလှ စစ်ကို ငေးမောရင်းက ဘုရင်မပန်ထွာရဲ့ မျက်ဝန်းအကြည့်ရှိရာကို မြတ်နိုး သန့်စင်အပ်သော မေတ္တာရောင်စဉ်တစ်ခု ပစ်လွှတ်မိသလို ဖြစ်သွား ခဲ့တယ်။

အကြည့်နှစ်ခုရဲ့ ဆွဲငင်အားက အလှမ်းဝေးနေပေမင့် ပူးကပ် ပေါင်းစည်းသွားသလို နှစ်ဦးစလုံး ခံစားနေရတယ်။

သံယောဇဉ်မျိုးစေ့ ပြိုင်တူစိုက်သည့်အလား။

မေတ္တာကောက်ပင်ပျို လေအနွဲ့မှာ ဘယ်ညာ ယိမ်းသွဲ့နေသလို

ဒီအကြည့်တွေ ပေါင်းစည်းပြီး သမုဒ္ဒယမြစ်တစ်စင်း ဖြစ်သွားမှာ လား။

တပ်မက်မှုတဏှာတွေ လှိုင်းထသွားတာလား။

အချစ်တွေ တစ်ရေးနိုးနေတာလား။

သို့သော် . . .

တပ်မှူးသျှိုဝ အတွေးမျှင်တွေကို ဖြတ်တောက်ပြီး မျက်လွှာအရှ ချလို့ ဖြည်းညင်းစွာ ဦးခေါင်းကို ငုံ့ချလိုက်တယ်။

မဖြစ်နိုင်ပါဘူးလေ။

မိုးနဲ့မြေကြီးလို အလှမ်းဝေးလွန်းလှဉစွာ။

သူမက ပန်ထွာရဲ့ ဘုရင်မကြီး။





ဗိဿနိုးရွှေနန်းရဲ့ ဥသျှောင်။

မိမိက ဘုရင်မရဲ့ ကျေးကျွန်တပ်မှူး။

မိမိက သမုဒ္ဒယမေတ္တာကွန်ကို ဝဲဖြန့်ပစ်လိုက်ရင် ဘုရင်မရဲ့ ဂုဏ်သရေကို ထိပါးစော်ကားရာ ကျသွားမှာပေါ့။

ရာဇပလ္လင်ပေါ်က သရဖူဆောင်း ဘုရင်မဆိုတာ ရွှေသားခံစိန် မကိုင်မှဆောင်းတဲ့ မင်းကြီးကေရာဇ်မျိုးနှင့်မှ သင့်မြတ်လျော်ကန်တော့ပေ မပေါ့။

နေပါဦး . . . သျှိုဝ။

သျှိုဝ ဦးခေါင်းကို ငုံ့နေရင်းကနေ သူ့ကိုယ်သူ ပြန်မေးခွန်းတွေ ထုတ်နေမိတယ်။

မင်းက တပ်မှူးအဆင့်လေ . . . သျှိုဝ။

မင်းအပေါ်မှာ စစ်ကဲ၊ တပ်မင်း၊ ဗိုလ်မင်းတွေ ရှိနေကာလေ။ မင်းလို တပ်မှူးအဆင့်ကို ဘုရင်မ ပန်ထွာက စဉ်းစားမှာလား သျှိုဝ။

မင်းထက် သန်မာချောမောတဲ့ ရာထူးကြီးတဲ့လူတွေ ဗိဿနိုးမှာ ရှိသေးဉစွာ။ သူတို့ကို မင်း ဖြတ်ကျော်ချင်လို့ ရမှာလား။

မင်းလိုတပ်မှူးနဲ့ ပန်ထွာဘုရင်မရော ရွှေနှင့်မြ၊ နေနှင့်လလို ထိုက် ထန်လို့လား။

မင်းကွယ် . . . မင်းပြစ်မင်းဒဏ် ရှနေမှဖြင့် . . . သျှိုဝရယ်။

သျှိုဝ . . . မင်းရဲ့ လှုပ်လှုပ်နေတဲ့ နှလုံးသားကို ချွန်းအုပ်ထား။

မင်းရင်ထဲမှာ လှိုင်းထနေတာ အချစ်လား၊ တဏှာလား။

သျှိုဝ ဦးခေါင်းကို ပြန်မတ်လိုက်တယ်။

မျက်လုံးအစုံကို ပန်ထွာဘုရင်မရှိရာသို့ မလှည့်တော့ဘဲ ကချေ သည် မယ်လက်ျာရဲ့ ရင်သပ်ရှုမောအလှနဲ့ ပြိုင်စံမဲ့အက၊ အနုပညာအ မှာ အာရုံကို ကောက်တင်လိုက်တယ်။

ဒါ . . . ဗိဿနိုးရဲ့ မဟာကချေသည် မယ်လက်ျာပဲလား။



www.burmeseclassic.com

www.burmeseclassic.com



မယ်လက်ျာကလည်း ကနေ၊ လွန်နေရင်းက တပ်မှူးသို့ဝရှေ့ကို ရောက်လာရင်း အလှမာယာနှင့် အကမာယာတို့ကို လှစ်ချွေပြပြီး ညို့ပြုံးလေးနဲ့ ကလူသလို၊ မြူသလို ရှိလို့။

တပ်မှူးသို့ဝ မော့မကြည့်လိုက်လို့ပါ။

သို့ဝရဲ့ရှေ့နားမှာ အလှရွှေသမင်မလေး မယ်လက်ျာ လူးလွန့်လှုပ်ရှ လှုပ်မြူဖမ်းစား ကလူနေချိန်မှာတော့ ...

ဟိုးစင်မြင့်ပေါ်က ရင်ဖိုကြီးစွာနှင့် လှမ်းကြည့်နေတဲ့ ရွှန်းမြမြ ငွေလမင်း အလှပန်းခင်းတို့ရဲ့သရဖူ ပန်ထွာဘုရင်မရင်ထဲမှာ ရင်ခုန်လှိုင်းထနေတာကိုတော့ တပ်မှူးသို့ဝ သိမှာမဟုတ်ဘူး။

ပန်ထွာရဲ့ရင်ထဲမှာ ...

မေတ္တာပန်းတစ်ပင် စိုက်ထားပြီးသားပါ။

ဒီမေတ္တာပန်းပင်လေးကို အရိပ်တကြည့်ကြည့်နဲ့ သူမ ရေလောင်းပေါင်းသင်၊ ပိုးခြင်မသန်း၊ နေမကြမ်းရအောင် ပြုစုပျိုးထောင်နေတာပါ။

ဒီမေတ္တာပန်းပင်ပေါ်မှာ ပွင့်လာမည့် ချစ်ပန်းတစ်ပွင့်ကို သူမ ပန်ဆင်ခြင်လို့ ရင်ခုန်စွာ ငံ့လင့်နေလျှက်ပါ။

ပန်းပွင့်လေးရယ် ...

ဘုရင်မရဲ့ ရင်ညွန့်ထက်မှာ ဖူးပွင့်ပါလှည့်၊ ပန်ပေးပါလှည့်။

ပန်းပွင့်လေးသာ ရွှေလိပ်ပြာလေး ဖြစ်သွားခဲ့ရင်လည်း လိပ်ပြာလေးရယ် ဘုရင်မရဲ့ ရင်ညွန့်၊ ရင်နှစ်မြွာ ပန်းကတ္တီပါ မွေ့ရာထက်မှာ လိပ်ပြာလေး ဖြည်းသာယုယ မွှမွှလေးနမ်း ထာဝရအပန်းဖြေစမ်းပါလှည့်။

မောင်ညိုမိုင်း(သန်လျင်)

www.burmeseclassic.com